www.burmeseclassic.com

# ပေါ်ကျာရစ်

## ပတ္တမြားကြီးငါးလုံး



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်တောင်စာရေးဝိုက်မှ ရေတော်ပြီးသော စာအုပ်များ


၁၇၅။ ဂျာဒေးအနှင့်ရှေ့ပြီးမှာသား [illegible]
၁၇၆။ ကွာသာမျှဆိုမှ ဝိပါကိုကြည့်မှုနှင့် နိုင်ငံရပ်ခြား ဝတ္ထုတိုများ [illegible]
၁၇၇။ အရှည့်ပါတရွေ [illegible]
၁၇၈။ လင်းဆွဲတော်ယာ [illegible]
၁၇၉။ ဂျာဒေးအနှင့် နှစ်သောင်ရာကုန် [illegible]
၁၈၀။ သူရဲ့လက်ခဆောင် (တစ်ဝိယတွဲ) ဆရာဦး[illegible]
(ရင်ကိုး[illegible])
၁၈၁။ ဂျာဒေးအနှင့်ယောကျ်ားမလည်ပြန် [illegible]
၁၈၂။ ညတိရေး [illegible]
၁၈၃။ ဂျာဒေးအနှင့် တောသာရာပတ်ကြီး [illegible]
၁၈၄။ ဂျာဒေးအနှင့် မဟာရာဇသဘင်ကြီး [illegible]
၁၈၅။ ထယန်ကျာ့ပေါက်ကျိုး [illegible]
၁၈၆။ ဝီဒေးအရာဒေး [illegible]
၁၈၇။ မရထာစရွာဆို [illegible]
၁၈၈။ ရှားတော့ဟုမ်းနှင့် ဓိတ္တဝေဒသဘတ်သားများ [illegible]
၁၈၉။ နှစ်ကိုယ်ခွဲ [illegible]
၁၉၀။ နတ်လိုင်စင် [illegible]
၁၉၁။ စိတ်ရွေ [illegible]
၁၉၂။ တောရတောင်ရေး [illegible]
၁၉၃။ မာယာမင်းသမီး [illegible]
၁၉၄။ ကျွှာအချစ် [illegible]
၁၉၅။ ချစ်များနှုတ်ဆုံး [illegible]
၁၉၆။ ကမ္ဘာဝိဇ္ဇိ နှင့် အခြားဝတ္ထုတိုများ [illegible]
၁၉၇။ နင်းတရွေ [illegible]
၁၉၈။ ရာဇဝင်ပြောင်တဲ့ပါးပြောင်တောင်သား [illegible]
၁၉၉။ ရာဇဝင်ထဲက တရွေများ [illegible]
၂၀၀။ ထီးစကား နန်းစကား မောင်သန်း[illegible]


ယခု


၂၀၁။ ပတ္တမြားကြီးပါလုံး [illegible]


ဆက်လက်၍


၂၀၂။ ဂန္ဓီရည်ပြင်ထယ်နှင့် ဂန္ဓီရမဟာဂနိုင် ဖိုးကျော့နှင့် [illegible]

www.burmeseclassic.com

ငွေမြစ်ကြီးခါးလုံး
ခင်ရာစုစ်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၁၀၀၅၇၁၀၅၇၀၉
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၁၀၇၅၄၀၆၀၇
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုမောင်မောင်ဇော်
ဖလင်
ကိုတုဝင်း
စာအုပ်ချုပ်
ပယိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းမြို့သစ်၊ သုဝဏ္ဏ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန့်ထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့
တန်ဖိုး
၈၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အလှပ်လှပ်နေသူအတွက်
ကိုယ့်အနာဂတ်ကို
အနီးစပ်ဆုံး ဖတ်ရှုနိုင်၏။
ဘဝသည် မနက်ဖြန်တွေနှင့်
လှကို ညှိယူသူ ဖမ်းစားထားပေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အဖွင့်

'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုသည့် စာဆိုနှင့်အညီ လူတို့သည် စားဝတ်နေရေးအတွက် ရှေကြည့်ရာ မြက်နုရာ ရှာကြရ၏။ တချို့လည်း မွေးရာဇာတိကို စွန့်ကာ နယ်စွန်နယ်ဖျားတို့သို့ စီးပွားရှာကြ၏။

ထိုသို့ စီးပွားရှာရင်း ဇာတိချက်မြှုပ်ကို မပြန်တော့ဘဲ မေ့လျော့သွားသည်လည်း ရှိ၏။ တချို့ကလည်း စီးပွားရှာရင်း ဒုက္ခတွေနှင့် နပန်းလုံးကာ နောက်ဆုံး ရွာပြန်ပြေးလာရသည်လည်း ရှိ၏။ တချို့ဆိုလျှင်လည်း ဒုက္ခသုက္ခတွေကြား ခေါင်းမဖော်နိုင်အောင် နစ်မြုပ်ကာ ဘဝပါ ပျက်သွားရသည်လည်း ရှိ၏။

ထိုထိုသော အခြေအနေကြားတွင် အညာဒေသမှ နယ်စွန်နယ်ဖျားသို့သွားကာ အလုပ်လုပ်လိုသူ များလာ၏။ သားပစ်မယားပစ် ရှိသမျှသံယောဇဉ်တွေ ပစ်ကာ ဘဝသစ်ကို ထူထောင်လိုကြ၍ သက်စွန့်ဆံဖျားစွန့်စားခဲ့ကြ၏။

အချိန်ကာလမှာ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ခန့်က ဖြစ်၏။

'လုပ်စား မိုးခေါင်၊ ခိုးစား ခွေးပေါင်' ဆိုသလို တစ်နှစ်ထက်တစ်နှစ် တော့လတ်ဒေသ၏ သဘာဝအရင်းအမြစ်များ ပျက်သုဉ်းလာ၏။ ရာသီဥတုကလည်း ပို၍ ပို၍ ပူပြင်းခြောက်သွေ့လာ၏။ ပယ်ကြားအင်းယာမြေကြီးများကလည်း မျက်စိတစ်ဆုံး။

သစ်ပင်ကြီးငယ်တို့ပင် ပူပြင်းလှသော သဘာဝဖြစ်စဉ်ကြောင့်

www.burmeseclassic.com



ညှိုးရော် သွေ့ခြောက်လာခဲ့၏၊ မြေဆီလွှာများ ပြုန်းတီးကုန်သဖြင့် ပပ်ကြားအက် ယာမြေများတွင် အပူရှိန်က တထောင်းထောင်း။

ထိုသို့ ဆင်းရဲကျပ်တည်းလှသော အခြေအနေကြားတွင် အညာကျေးလက်ရွာလေးများသည် လိမ်ဖယ်လိမ်ဖယ်နှင့် ရှင်သန်လာခဲ့ကြရ၏။

ကောင်းကင်ကိုကြည့် တမျှော်မျှော် လုပ်ခဲ့ကြ၏။

သို့သော် သူတို့ မျှော်လင့်သလို ဖြစ်မလာ။

အဆိုးဝါးဆုံးက သဘာဝတရား၏ မျက်နှာသာမပေးမှုပင် ဖြစ်လေ၏။ ထိုအခါ ဆင်းရဲဒဏ်ကို မခံနိုင်ကြသော ကျေးလက်အလုပ်သမားတို့သည် တောင်ပေါ်တက်သွားကြသူလည်း ရှိ၏၊ မြေပြန့် ထွက်သွားကြသူလည်း ရှိ၏။

ထိုအခြေအနေကြားတွင် မကွေးဘက်မှ ရွာသားအချို့ တောင်တန်းဒေသများသို့ သွားရောက်ကာ ကျောက်တူးသည့်အလုပ်ကို လုပ်ကိုင်ကြ၏။ ကျောက်အောင်ပြီး ပြန်လာသူလည်း ရှိသလို ကျောက်ကြောင်ပြီး ပြန်လာသူတွေလည်း ရှိ၏။

တောကြီးမျက်မည်းကြား အန္တရာယ်များစွာနှင့် ဝိုင်းရံနေသော ကျောက်တူးသည့်အလုပ်ကို လုပ်ခဲ့ကြရ၏။ မြေပြို၍ သေဆုံးသွားကြသူလည်း ရှိ၏။ ငှက်ဖျားမိ၍ သေဆုံးသွားကြသူလည်း ရှိ၏။ တချို့လည်း အလိမ်ခံ အညာခံရ၍ ကျောက်ကြောင် ကြောင်သွားကြသူလည်း ရှိလေ၏။ သို့သော် အညာအရပ်က လူတွေကတော့ လက်မလျှော့သေး။ တောင်ပေါ်ဒေသများသို့ အုပ်စုဖွဲ့၍ တစ်သုတ်ပြီးတစ်သုတ် တက်သွားကြလေ၏။

ထိုအချိန်တွင် ဂျာအေးတို့အရပ်ထဲ ကျောက်အောင်ပြီး ပြန်လာသော စိန်မြတို့ ညီအစ်ကို အလှူအတန်းကြီး ပေးနေသည့် အချိန်အခါ ဖြစ်လေ၏။

အရပ်ထဲ လူသွားလမ်းကြီးကို ပိတ်ဆို့ကာ မဏ္ဍပ်ကြီး ဟိုးနေ အောင် ထိုးခဲ့၏။ နာမည်ကျော် အငြိမ့်အဖွဲ့ကို ငှားခဲ့၏။ ရွာမှ မယ်သင်းရဲ့ သား ကလေးငယ်များကိုခေါ်ကာ ရဟန်းခံရှင်ပြုပွဲကြီးကို ကြီးမြိမ့်သဲသဲ ကျင်းပပေးခဲ့လေ၏။

ဖျောက်ဆိပ်တို့လင်မယား ဂျာအေးနှင့်အတူ ရဟန်းခံရှင်ပြုပွဲသို့



www.burmeseclassic.com

www.burmeseclassic.com



အသားချောက်ခဲ့ကြ၏။ ကျွေးလိုက်တာမှ ဝက်သား၊ ကြက်သား၊ ဘဲသား၊ ငါးခြောက်ထောင်း ဟင်းမျိုးစုံနေ၏။ အချိုပွဲကလည်း အီစိမ့်နေ၏။ ထမင်းရည်ချောင်းစီး အလှူပွဲကြီးဖြစ်၍ မကျွေးပ်ထဲ လူတွေ တိုးမပေါက်။ ဆင်းရဲချမ်းသာ အယုတ်အလတ် အမြတ်မရွေး လာရောက်ကြလေ၏။

အပုလေးမှာ စိန်မြ၏မိန်းမ ရွှေကြိုင်ကိုကြည့်ကာ ပါးစပ်ကြီးအဟောင်းသား ဖြစ်နေ၏။ တစ်ချိန်က ရွှေကြိုင်တို့အခြေအနေက ဆင်းရဲလိုက်သမှ ဖွတ်က အဖေခေါ် ရမည့်ကိန်း ဆိုက်ခဲ့ကြ၏။

ယောက်ျားလုပ်သူ စိန်မြခမျာမှာလည်း နေဝင်မိုးချုပ် ထန်းပင်ပေါ်မှ မဆင်းရ။ စိန်မြနှင့် စိန်လှတို့ ညီအစ်ကိုက ထန်းတက်သမားတွေဖြစ်ကြ၏။ စိန်မြမိန်းမ ရွှေကြိုင်မှာလည်း အရက်ဖိုဘေးမှ မခွာရ။ ကျပ်ခိုးမှိုင်းတွေကြား စုတ်ချာ မွဲတေခဲ့သောအခြေအနေ။ ဝတ်စရာတောင်ကောင်းကောင်း မရှိ။ ကလေးသုံးယောက်နှင့် အချို့တဲ့ကြီး ချို့တဲ့နေသောအခြေအနေမှ ညီအစ်ကိုနှစ်ယောက်၏ သက်စွန့်ဆံဖျား စွန့်စွန့်စားစား ကျောက်အလုပ်ကို လုပ်ခဲ့ရာမှ ကျောက်အောင်၍ ယခုတော့ ရွှေနှင့်ငွေနှင့်ဖြစ်နေကြပြီ။

ရွှေကြိုင်၏ ကိုယ်ပေါ်မှာလည်း ဆွဲကြိုးကြီးက လက်မလောက်ရှိ၏။ ရွှေနားကပ်ကြီးတွေကလည်း ပြူးပြဲနေ၏။ စိန်မြနှင့် စိန်လှတို့ ညီအစ်ကို နှစ်ယောက်ကလည်း အပေါ်ဗလာနှင့် ကျပ်ခိုးမှိုင်းစွဲနေသောအရင် စိန်မြတို့ညီအစ်ကို မဟုတ်တော့။

အရပ်ထဲ ကြားရသည့်သတင်းအရ စိန်မြတို့ညီအစ်ကို အောင်သွားသည့်ကျောက်က သိန်းရှစ်ဆယ်နှင့် တစ်ရာကြား ရှိသည့်ကျောက်ဟုသိရ၏။

အပုလေးမှာ ရွှေကြိုင်၏ကိုယ်ပေါ်မှ ရွှေထည်ငွေထည်များ၊ အဝတ်အထည်များကအစ အသေးစိတ် ကြည့်ရင်း သွားရေကိုင်ပြီး ကြိုက်နေသော ဖျောက်ဆိပ်ကို လက်ကုတ်နေ၏။

ဖျောက်ဆိပ်ကတော့ အလှူ့ရှင်၊ အလှူ့အမတွေကို မကြည့်နိုင်။ ပန်းကန်ထဲမှ ဝက်သားတုံး နီနီကြီးများ၊ ကြက်ပေါင်၊ ဘဲပေါင်ကြီးများကိုသာ မျက်လုံးအပြူးသား ဖြစ်နေ၏။ ယခုလို ပွဲမျိုးက လက်မ...

www.burmeseclassic.com



မဖြစ်။ တောင်ငေးမြောက်ငေး လုပ်လိုက်သည်နှင့် ပတ္တအုံထဲ ဝက်ကျသလို အရိုးအသား ရှာမရဘဲ ဖြစ်သွားနိုင်၏။

ထိုအခြေအနေကြောင့်လည်း ဖျောက်ဆိပ်နှင့် ဂျာအေးဆိုသော ဆရာတပည့်နှစ်ယောက် လက်သွက်သွက် ခြေသွက်သွက် လှုပ်ရှားနေကြ ၏။ ဆယ်ထည့်ထားသည့် အသားတုံးတွေကလည်း သူတို့ပန်းကန်ထဲ အဖွေးသား။ ဂျာအေးဆိုလျှင် ပါးစပ်ကို အနားမပေးတော့။ တဒုတ်ဒုတ် တဝွပ်ဝွပ် တဂျွပ်ဂျွပ် မြည်သံတွေက ပါးစပ်ထဲမှာ ဆူညံနေ၏။

ဖျောက်ဆိပ်သည် ဂျာအေးကို လှည့်ကြည့်ရင်း အကျေနပ်ကြီး ကျေနပ်နေ၏။ ယခုလိုပွဲမျိုး လက်သွက်ခြေသွက် ရှိလွန်းလှသော တပည့် ကြီးကို ကြည့်ပြီး သူပါ တက်ညီလက်ညီ လှုပ်ရှားနေ၏။

ဝက်သားသုံးထပ်သားကလည်း မြည့်နေ၏။ ကြက်သွန်ဥကြီးတွေ က အလုံးလိုက်။ ငါးခြောက်ထောင်းကလည်း တောင်းပုံ့။ ကြက်သွန်ကြော် ဖြူးထားသော ငါးရံ့ခြောက်ထောင်းကြော်ကိုလည်း လက်လွှတ်မခံနိုင်။ မဲဇလီဟင်းချိုကလည်း ပုစွန်ခြောက်နိုင်းချင်း။ ဒီလိုအလှူပွဲက ကြုံရခဲ ပါဘိ။ ထိုအခြေအနေကြောင့်လည်း ဆရာတပည့်နှစ်ဦး ဘယ်သူမှ စကား လှည့်မပြောတော့ဘဲ တက်ညီလက်ညီ တွယ်နေကြခြင်း ဖြစ်လေ၏။

ထိုအချိန် ကြက်ပေါင်ကြီးကို ပလုတ်ပလောင်း ထည့်ကာ ဒုတ်ခနဲ ဂွပ်ခနဲ ကိုက်နေသော ဖျောက်ဆိပ်ကိုကြည့်ပြီး အပုလေး ပေါက်ကွဲနေ၏။ လက်ကုတ်လို့ ကုတ်မှန်းပင် မသိ။ ဆရာတပည့် နှစ်ယောက်စလုံး၏ ပါးစပ်တွေမှာလည်း ဆီတွေ ဝေနေ၏။ ထမင်းစေ့တွေကလည်း ပေကျံနေ ၏။ သူတို့နှစ်ယောက်ကို ကြည့်ပြီး အပုလေးတောင် အော့ချင်အန်ချင်စိတ် ဖြစ်လာ၏။

"ကို . . . ကိုရင်ဖျောက်"

"ဟေ့လကွယ် . . . ဘာတုံးဟ၊ ဒီအချိန်မှာ စကားထက် အစားက အရေးကြီးတယ် မိန်းမရ"

"တော်ကြီးတို့ ဆရာတပည့် ဝတ်ကြီးကျနေပါလား"

"ဟာ- ရတုန်း တွယ်ရတာ မိန်းမရ၊ ဟို ဟိုမှာ . . ."

"ဘာတုံးတော့"



www.burmeseclassic.com

www.burmeseclassic.com



အပြင်ရောက်သည်နှင့် ရာဝင်အိုးထဲမှ ရေတွေနှင့် ခေါင်းပေါ်မှ လောင်းချလိုက်၏။ အဝတ်အစား ခပ်ကြော့ကြော့ ဝတ်ထားသော ဖျောက်ဆိပ်ခမျာ တစ်ကိုယ်လုံး ရွဲရွဲစိုကုန်၏။

"ဟာ- ဘာလုပ်တာတုံးကွ"

"မျက်စိစပ်တယ်ဆို၊ ရှော့ရှော့ ဆပ်ပြာ။ မျက်နှာ တိုက်ပစ်လိုက်ဗျ၊ ဒါမှ အဆီတွေ ကုန်သွားမှာ"

"သွားပါပြီကွာ၊ မင်းလုပ်တာ ပိုဆိုးကုန်ပြီကွ"

"စပ်တယ်ဆို"

"ဟာ- မျက်လုံးကို ရေစိမ်ရမှာကွ"

တပည့်ကျော်ကြီး လုပ်ရပ်ကြောင့် ဆရာကြီးဖျောက်ဆိပ် ရွဲရွဲစိုနေသော သူ့အသွင်ကို သူပြန်ကြည့်ရင်း ရှုံ့မဲ့မဲ့ ဖြစ်နေ၏။ ထိုစဉ် အပုလေးပါ အပြေးထွက်လာ၏။ ဖျောက်ဆိပ်အသွင်ကိုမြင်တော့ ပါးစပ်ကြီးအဟောင်းသား ဖြစ်နေ၏။

"ဟယ်- ဘယ်လိုဖြစ်ကုန်ပြီတုံးတော့၊ မျက်စိစပ်တာ ဘယ့်နှယ် ရေတွေ လောင်းချီးပစ်လိုက်တာတုံး"

"ဟာ- ဂျာအေးက ငါ့ကို ခေါင်းပေါ်ကနေ ရေတွေလောင်းချလိုက်တာဟ။ သွားရောလကွာ"

"ဒုက္ခပါပဲ။ ဟဲ့- မှင်စာလေး၊ နင်က ထင်ရာစွတ်လုပ်ရသလားဟဲ့။ စားလို့တောင် မပြီးသေးဘူး"

"တော်ပါပြီဟာ၊ မဏ္ဍပ်ထဲလည်း မဝင်ရဲတော့ဘူး"

ဂျာအေးခမျာ သူ့ဆရာဖြစ်အင်ကို ကြည့်ပြီး ပြုံးစိစိ လုပ်နေ၏။ အပုလေးကတော့ အမိကတရားခံမှာ သူ ခါးထစ်ခွင်ထားသည့် ဂျာဖျောက်ဖြစ်နေ၍ ငြိမ်နေ၏။ ဖျောက်ဆိပ်က သားလုပ်သူကို လက်ညှိုးကြီး တထိုးထိုးနှင့် ပြောနေ၏။

"မင်းလုပ်တာကွ၊ မင်းတရားခံ။ တောက်- ငါ ရိုက်လိုက်ရလို့"

"ဘာ- ကျုပ်သားကို မထိနဲ့နော်၊ ကိုရင်ဖျောက်၊ တော့်ဘာသာ တော် ငတ်ကြီးကျနေလို့ ခုလိုဖြစ်တာပေါ့"

"ဟော- ကောင်းရောလကွာ၊ ကြက်ပေါင်တောင် ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



မကိုက်လိုက်ရဘူး။ ဂျာအေး မင်းကလည်းတစ်မျိုး၊ တော်ပြီကွာ ပြန်တော့မယ်"

နောက်ဆုံးတော့ သူတို့လူစု မဏ္ဍပ်ဘေးမှ ကုပ်ချောင်းချောင်းနှင့် အိမ်သို့ ပြန်ခဲ့ကြ၏။ အပုလေးမှာ ဖျောက်ဆိပ်ပြဿနာကို ခေါင်းထဲ မထည့်နိုင်။ သူ့မျက်စိထဲ စိန်မြတို့မိသားစု ရွှေတွေငွေတွေ သီးနေပုံကို ကြည့်ပြီး လောဘစိတ်တွေ တဖွားဖွား ဖြစ်နေ၏။

ဖျောက်ဆိပ်က အိမ်ရှေ့တန်းလျားတွင် ထိုင်ရင်း ဆေးပေါ့လိပ်တိုကြီး တစ်တိုကို စိတ်ပေါက်ပေါက်နှင့် ဖွာရှိုက်နေ၏။ ညာဘက်မျက်လုံးကြီးကလည်း ဘတ်သီးနီကြီးတစ်လုံးလို ရဲရဲတောက်နေ၏။ ဂျာအေးသည် ဖျောက်ဆိပ်ကို ကြည့်ပြီး ပေါက်ကွဲနေ၏။

"ဆရာဖျောက်ကလည်း ပွဲကောင်းနေခါမှ ပြဿနာလုပ်ရတယ်လို့ဗျာ။ ကျုပ်က ကြက်ပေါင်ကြီးကို ဆွဲကောင်းကောင်းနဲ့ ဆွဲနေတာဗျ"

"ဟာ- ငါလုပ်တာ မဟုတ်ဘူးကွ၊ ဟိုကောင်လေး လုပ်တာ။ သူ့လက်ထဲက ကြက်ပေါင်ကြီးက ငါ့မျက်လုံးထဲ လာမှန်တာကွ။ တောက်-ကံဆိုးပါ့ကွာ၊ ငါလည်း ကြက်ပေါင်ကြီးကို အပီကိုက်နေတာကွ။ ပန်းကန်ထဲမှာ ကြက်ပေါင်ကြီးတွေ သုံးလေးခု ရှိနေသေးတယ်။ ပြီးတော့ ဝက်သားနီချက်ကလည်း ကောင်းပါ့ကွာ ဟီးဟီး. . ."

"ကိုယ့်ကိုယ်ကိုယ်လည်း ဗေဒင်လေး ဘာလေး တွက်ကြည့်ပါဦးဆရာဖျောက်ရ"

"တော်စမ်းကွာ၊ မင်းကလည်း တစ်မျောင့်။ မျက်စိစပ်တာကို ဘယ့်နှယ် ခေါင်းကနေ ရေတွေလောင်းချတာလဲကွ"

"ဩော်- ကျုပ်လည်း အယောင်ယောင်အမှားမှား ဖြစ်သွားတာပေါ့ဗျာ။ ဟဲဟဲ ခုတော့ အခွင့်ကောင်းကြီး လက်လွှတ်သွားတာ နာသဗျာ"

"ဟုတ်ပါ့ကွာ"

ဆရာတပည့်နှစ်ယောက် ကြိတ်မနိုင်ခဲမရ ဖြစ်နေစဉ် သူတို့အနားသို့ အပုလေး ဘောက်ဆတ်ဘောက်ဆတ်နှင့် ကလေးခါးထစ်ခွင်ပြီး ရောက်လာ၏။

"ကိုင်း- ဘာထိုင်လုပ်နေကြသတုံး၊ အဆီရစ်နေကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ၊ ဘယ်က အဆီရစ်ရမှာလဲဟ၊ ကြက်ပေါင်တောင် အောင်းတောင်း မတိုက်လိုက်ရဘူး"

"တော်တော် တော်ကြီးကျပါလား"

"ဖဲဟဲ မစားရတာ ကြာတော့. . ."

"တော်စမ်း၊ ရှင်တို့လုပ်နေတဲ့အလုပ်က ခြောက်ပြားတစ်ပဲဆိုတော့ ဘန်စွန်းရွက်ကြော်နဲ့ ငါးပိရည်ပဲ စားရမှာပေါ့တော့၊ တော်ကြီး စဉ်းစား ကြည့်စမ်း၊ ကြက်ပေါင်ကလေး ကိုက်မိတာတောင် တော်ရော ကျုပ်ပါ အဆွေမျိုးမေ့ ဖြစ်သွားတယ် မဟုတ်လား"

"ဟုတ်ပါ့ကွာ၊ အဲဒါတော့ ငါ ဝန်ခံသကွာ"

"အဲဒါပဲလေ၊ အရေးကြီးတာ ဘာလုပ်လုပ် တော်တို့က အာကလန် ပါကလန် လုပ်နေကြတာကိုး၊ စိန်မြတို့ညီအစ်ကိုတွေလို အချိုကြီး လုပ် ကြပါလား၊ ကျုပ်လည်း မရှေ့ကြိုင်လို ရွှေတွေငွေတွေ ဆွဲချင်ဝတ်ချင်တာ ပဲတော့၊ ရှင်နဲ့ကျုပ် ညားလာကြတာပဲ ဆယ်နှစ်ကျော်ရှိနေပြီ၊ ခုထိ နားမှာ နားကပ်တစ်ရန် မမြဘူးလေ"

"အိမ်း- ဒါတော့ဟုတ်သား မိန်းမရဲ့"

"အဲဒါပြောတာပေါ့၊ တော်တို့ နှစ်ယောက်စလုံးကလည်း ဘာ အလုပ်မှ လက်ကြောတင်းအောင် လုပ်ချင်ကြတာ မဟုတ်ဘူး၊ ဟိုမှင်စာ လေးကလည်း အားအားရှိ သေရည်ပဲသောက်၊ တော်ကြီးကလည်း သေရည် မြင်ရင် အိမ်ကမိန်းမတောင် မေ့တဲ့ဟာကြီး"

"ဟေ- မင်းဥစ္စာက လှည့်ပတ်ရမ်းနေပါလား"

"ဟုတ်ပါ့ မပုလေးရာ၊ ကျုပ်တို့ ဆရာတပည့်နှစ်ယောက် အစွမ်း အစကာ အဲဒီလောက် မညံ့ပါဘူးဗျ"

"တိတ်စမ်း မှင်စာလေး၊ ပြောလိုက်ရင် မိုးလားကဲလားပဲ၊ စကား တွေပြောနေလို့ မရဘူးဟဲ့၊ အားလုံးမှာ ပါးစပ်ပေါက်တွေချည်းပဲ"

"ဟေ"

ဖျောက်ဆိပ်သည် အပုလေး၏ ပြောင်မြောက် ပြင်းထန်လှသော စကားလုံးများကြောင့် ငိုင်ကျသွား၏။ အပုလေး ပြောနေသည့်စကားတွေ ကလည်း သွေးထွက်အောင် မှန်နေ၏။ ဆယ်နှစ် ဆယ့်ငါးနှစ် ရှိလာပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း သူတို့မိသားစုမှာ ဘာတစ်ခုမှ မည်မည်ရရ မရှိသေး။

ထမင်းတောင် မနည်းနပ်မှန်အောင် စားနေရသည့်ဘ၀။ ကြက်ပေါင် မပြောနှင့် ကြက်ခြေထောက်တောင် ကောင်းကောင်း မကိုက်နိုင်ခဲ့ကြသည့်ဘ၀။ တွေးကြည့်တော့ သူ့ကိုယ်သူ ရှုံ့ထီးရှုံ့မဲ့ ဖြစ်လာ၏။

"ဟုတ်သကွာ၊ အပုလေးပြောတာ လွတ်မှန်သဟ။ ဘ၀ကို အဲဒီအခြေအနေလောက်ပဲ အဆုံးသတ်ရမှာတော့ မဟုတ်လှဘူးကွာ၊ ဘုရားသခင်သိအောင် တစ်ခုခုလုပ်မှ ထင်တယ်"

"အလိုတော်၊ ဘယ်က ဘုရားသခင်တွေ ဆွဲထည့်နေသတုံးတော့။ ဒါ တော်တို့ ကိုယ်ရည်ကိုယ်သွေး ညှံ့လို့ပေါ့တော်"

"ဟေ"

အပုလေး၏ စကားတွေကလည်း သူ့ကိုချည်းပဲ ဗဟိုပြုလာသည်မို့ ဖျောက်ဆိပ် နင်နေ၏။ တပည့်လုပ်သူကို အားကိုးတကြီးနှင့် လှမ်းကြည့်လိုက်၏။ ထိုစဉ် တဖည့်ကျော် ဂျာအေးတစ်ယောက် ပြဿနာ၏ အရင်းအမြစ်ကို နားလည်သွားပုံရ၏။

"ဟားဟားဟား. . . ဒီကိစ္စ အဓိက ပြဿနာလုပ်လိုက်တာ ကြက်ပေါင်ပဲဗျ။ ကြက်ပေါင်ကိုက်မိတဲ့ အချိန်ကစပြီး အခုလို ပြဿနာတွေ ဖြစ်လာတာဗျ။ ငှက်ကြီးတောင် မရှိတောင် ဓားမတိုတော့ ကိုင်ဖူးရမယ်ဆိုတဲ့ စကားလည်း ရှိသားပဲ ဆရာဖျောက်ရဲ့"

"ဟေ- ဟုတ်သားကွ၊ အဲဒီတော့. . ."

"ဟာ- ကြက်ပေါင် မကိုက်နိုင်တောင် ငှက်ပေါင်တော့ ကိုက်နိုင်ရမှာပေါ့ဗျာ။ မဟုတ်ဘူးလား"

"ဟေ"

"အလိုတော်"

ဂျာအေး၏ စကားကြောင့် ဖျောက်ဆိပ်တို့လင်မယား ရင်ထိတ်သွားကြ၏။ ထိုစဉ် ဂျာအေးသည် ဖျောက်ဆိပ်ကို အတင်း ဆွဲခေါ်ကာ အရပ်ထဲ ထွက်လာ၏။ ဖျောက်ဆိပ်မှာ ချာလည်ချာလည်နှင့် နောက်သာ လိုက်ခဲ့ရသော်လည်း ဂျာအေး ဘာတွေ ပြဿနာရှာဦးမလဲ တွေးကာ ရင်ထိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင်- ဘယ် ဘယ်သွားမှာလဲ"

"ကျုပ်က ပေါ်ပေါက်လာတဲ့ ပြဿနာကို ချက်ချင်း ရှင်းလိုက်ရမှ တော်နှပ်တဲ့ကောင်ဗျ။ ခုရှုပ်တာ ခုရှင်းပစ်လိုက်မယ်။ လာစမ်းပါဗျ"

"မဟုတ်တာတွေတော့ မလုပ်စမ်းပါနဲ့ကွာ"

"ကိုင်း- ဒါဆိုလည်း မသေးသေးတို့ဆိုင်မှာ ဆရာဖျောက် နေခဲ့ဗျာ။ ကျုပ် ဒီပြဿနာကို ရှင်းမယ်"

"ဟေ- ကြည့် ကြည့်လုပ်ပါကွာ"

"မပူစမ်းပါနဲ့ ဆရာဖျောက်ရာ၊ ဂျာအေးပါဗျ"

"ဟင်"

မသေးသေးတို့ ဆိုင်ရှေ့အရောက် ဖျောက်ဆိပ်ကို ဆိုင်ထဲထား ရစ်ခဲ့ကာ ဂျာအေး တစ်ယောက်တည်း ထွက်သွားလေတော့၏။ ဖျောက် ဆိပ်မှာ ရင်တထိတ်ထိတ် ဖြစ်နေ၏။ အိတ်ထဲမှာလည်း ပိုက်ဆံက မဆိုစ လောက်သာ ရှိတော့၏။ ထိုစဉ် မသေးသေး၏အသံကြီး ထွက်လာ၏။

"ဘယ်လိုတုံး ကိုကြီးဖျောက်၊ ထုံးစံအတိုင်းပဲလား"

"ဟေ- ဘာတုံးဟ"

"ဘာကြောင်စီစီလုပ်နေတာတုံး။ တစ်လုံးလား၊ တစ်စိတ်လား။ အကြွေးတွေ ထပ်နေပြီနော်၊ ပိုက်ဆံလေး ဘာလေး ဆပ်ပါဦး"

"ဆပ်ပါ့မယ်ဟာ၊ ဟဲဟဲ. . . လောလောဆယ်တော့ သည်းခံပါဦး မသေးရာ။ ကိုင်း- ထည့်စမ်းကွာ၊ ဟိုကောင်သွားနေတုန်း တစ်စိတ် လောက်တော့ တွယ်ချင်သဟ"

ဆိုင်ရှင် မသေးသေးက လာဆွနေသဖြင့် ဖျောက်ဆိပ် မရိုးမရွ ဖြစ်လာ၏။ ထို့ကြောင့်လည်း အရက်တစ်စိတ် မှာသောက်ကာ ဂျာအေး အလာကို မျှော်နေ၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် ရပ်ကွက်အနောက်ဘက် တောကျောင်းဆီသို့ အရောက်တွင် တွေ့သမျှ ခိုတွေ၊ ဆက်ရက်တွေကို လောက်လေးခွကြီးနှင့် တဖောင်းဖောင်း ပစ်ခတ်လေတော့၏။

လက်မှန်းကလည်း တည့်လှသဖြင့် ဝါးရုံပင်ပေါ် တအီအီညည်း တွားနေကြသော ခိုတွေ တဖုတ်ဖုတ် ပြုတ်ကျလာ၏။ ခိုအပြင်ဆက်ရက်



www.burmeseclassic.com

www.burmeseclassic.com



ရော စာကလေးပါမကျန် ပစ်ခတ်ခဲ့ရာ သူ့လက်ထဲ ခိုငါးကောင်၊ ဆတ်ရက် နှစ်ကောင်၊ စာကလေး တစ်ကောင် ရလာ၏။ ထိုအချိန် တဖုန်းဖုန်း ပစ်သံ ကြောင့် တောကျောင်းထဲ တရားစာအုပ် ဖတ်ရှုနေသော ဆရာတော်ကြီး သိသွား၏။

"ဟာ- အကုသိုလ်ကောင်၊ မင်း ရက်စက်လှချည်လားကွ။ ဒါ ငါ မွေးထားတဲ့ ခိုတွေဟာ၊ ပေးစမ်း မင်းငှက်တွေ"

"ခွင့်လွှတ်ပါ ဘုရား၊ ကျွန်တော့်ဆရာ ဆရာဖျောက်ဆိပ်ဟာ ကြက်ပေါင် မကိုက်ရလို့ အတော့်ကို ခံစားနေရပါတယ် ဘုရား။ ပြီးတော့ အဲဒီ ကြက်ပေါင်မကိုက်ရတဲ့ကိစ္စကြောင့် လင်မယားနှစ်ယောက် ရန်ဖြစ် ပြီး ကွဲလုမတတ် ဖြစ်နေပါတယ် ဘုရား။ ဒါကြောင့် တပည့်တော် ကြက် ဓမပါင်မရခင် ငှက်ပေါင် ရှာပေးနေတာပါဘုရား၊ တပည့်တော်ကို သွား ခွင့်ပြုပါနော်"

"ဘာ- အကုသိုလ်ငရဲတွင်း ကျွမ်းပစ်ဆင်းမယ့်ဟာလေး"

ဆရာတော်တောင် ဂျာအေးကို လက်လျှော့လိုက်ရ၏။ ထိုအချိန် တွင် ဂျာအေး ပစ်ရသမျှ ငှက်တွေကို ဖောက်ထိုးဆွဲကာ ရပ်ကွက်ထဲ ဝင်လာ၏။ သူ့အသွင်က တကယ့် မုဆိုးကြီးအသွင်။ မသေးသေးတို့ ဆိုင် ရှေ့ရောက်တော့ ဆရာဖြစ်သူကို လှမ်းအသံပြုလိုက်၏။

ဂျာအေး၏အသံကြောင့် ဖျောက်ဆိပ် ကြောင်စီစီနှင့် ဆိုင်ထဲမှ ထွက်လာ၏။ ဂျာအေးလက်ထဲမှာ ခိုတွေ၊ ဆက်ရက်တွေ မြင်ရတော့ အံ့သြသွား၏။

"ဟာ- မင်း ဘာတွေလုပ်လာပြန်ပြီလဲ"

"ဟဲဟဲ ဆရာတို့လင်မယားအတွက်လေ။ ကြက်ပေါင်မကိုက်ရခင် ငှက်ပေါင် ကိုက်ကြတာပေါ့ဗျာ။ ဒါ ကျုပ် တောကျောင်းဘက်က ပစ်ချ လာတာလေ"

"ဟိုက်- လုပ်ပါ့ကွာ"

"လာစမ်းပါ ဆရာဖျောက်ရာ၊ ဒါကြီးဆွဲခဲ့။ အိမ်ပြန် မျက်နှာပန်း လှအောင် လုပ်စမ်းပါဗျာ"

"အေး- ကောင်းသားဟ"



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်လည်း အယောင်ယောင်အမှားမှားနှင့် ဂျာအေး လက်ထဲမှငှက်တွေ လှမ်းယူကာ အိမ်သို့ပြန်ခဲ့ကြ၏။ အရပ်ထဲက ငှက်တွေဆွဲပြီး ပြန်လာသော ဖျောက်ဆိပ်တို့ ဆရာတပည့်နှစ်ဦး၏ အခြေအနေ ကြည့်ကာ ကြောင်စီစီ ဖြစ်နေ၏။

ထိုစဉ် အရပ်လူကြီး ဦးရွှေတောင်နှင့် တပည့်ကျော် သံချောင်းတို့ နှစ်ဦး အိမ်ဝိုင်းထဲရှိ တန်းလျားတွင်ထိုင်ကာ ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည် တွယ်နေကြချိန် ဖြစ်၏။ အိမ်ဝိုင်းရှေ့က ဖြတ်လျှောက်သွားသော ဂျာအေးတို့ ဆရာတပည့်ကို ဦးဆုံး မြင်မိသူက ဦးရွှေတောင်။

"ဟာ- ဟို ဟိုမှာ ကြည့်ဦးဟ၊ ဟိုနှစ်ကောင် ဘယ်ကငှက်တွေ ပစ်လာသလဲ မသိဘူး"

"ဟုတ်ပါ့ဗျာ"

"ဘယ်လိုတုံးဟ၊ ဒီကောင်တွေ စားစရာမရှိလို့ အရပ်ထဲကငှက်တွေ ချမ်းသာမပေးတော့ဘူး ထင်တယ်"

"သိပ်ဖြစ်နိုင်တာပေါ့ အာစရိရာ၊ ဒီကောင်တွေ ငှက်ပြီးရင် ခွေးတွေ ဖြစ်လာနိုင်တယ်ဗျ"

"ဟေ- မဟုတ်သေးဘူး၊ ဒီနှစ်ကောင်ကြည့်ရတာ သိပ်တော့ မဟန်လှဘူး သံချောင်းရေ။ နည်းနည်းတော့ မျက်စိဖွင့်နားစွင့် လုပ်ထားဦးဟ"

"စိတ်ချပါ ဆရာကြီးရ၊ ဒီကိစ္စ သံချောင်းတာဝန်ထားပါ"

"ငါတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲဟေ့"

သူတို့နှစ်ယောက် ပြောဆိုနေကြစဉ် ဂျာအေးတို့ဆရာတပည့် အိမ်ဆီသို့ ရင်ကော့ကော့နှင့် ရောက်လာ၏။

အပုလေးမှာ သူတို့လက်ထဲမှ ငှက်တွေကြည့်ပြီး မျက်လုံးမျက်ဆန် ပြူးသွား၏။

"အလိုတော်၊ တော် တော်တို့ ဘာတွေလုပ်လာကြပြန်ပြီတုံး"

"ဟဲဟဲ ငှက်ပစ်ထွက်လာတာလေ။ မင်းပဲ ကြက်ပေါင်ကိုက်ချင်တယ်ဆို။ လောလောဆယ်တော့ ဟောဒီ ငှက်ပေါင်ပဲ ကိုက်လိုက်ပါဦး မိန်းမရာ"

"ဘုရား ဘုရား၊ တော်. . . တော်တို့ ရူးနေကြပြီလား။ ကြောင်ကြစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါဦး ကိုရင်ဖျောက်ရဲ့"

"ဟေ- ဟို. . . ဟိုဒင်း"

"ဘာဟိုဒင်းတုံး၊ ကြားလို့မှ ကောင်းကြသေးရဲ့လား အရပ်ကတို့ ရေ။ အောင်မလေးတော်၊ ခိုတွေ ဆက်ရက်တွေပစ်ပြီး ကျုပ်ကို ကျွေးသတော့်"

"ဟာ- တိုးတိုးပြောပါဟ၊ ဒီကိစ္စ ဂျာအေးလုပ်လိုက်တာ"

"ဘာ- ဟဲ့ မှင်စာလေး၊ နင် ထင်ရာမြင်ရာတွေ စွတ်စွတ်မလုပ်နဲ့၊ ဟဲ့- ငါ့မျက်နှာကို ကြည့်စမ်း၊ ငှက်ပေါင်ကိုက်ပြီး လူလုပ်မယ့် မိန်းမများ မှတ်နေသလား"

"ဟာ- မပုလေးကလည်းဗျာ၊ ငှက်ပေါင်သေးတယ်ဆိုရင် ဆရာဖျောက်ပေါင်သာ ကြော်စားပေတော့ဗျာ"

"ဟေ"

"ဟဲ့- မှင်စာလေး၊ နင်. . . နင်တော့နော်"

"ဟဲဟဲ မပုလေးကလည်းဗျာ၊ ဒါ သစ်မရခင် ဝါးပေါင်ကွပ်ရတဲ့ ကိစ္စပါဗျာ။ လောလောဆယ် ငှက်ပေါင်လေးပဲ ကိုက်ထားလိုက်စမ်းပါဗျာ။ မကြာခင် ကြက်ပေါင်တို့၊ ဝက်ပေါင်တို့၊ အိုဗျာ ရှိသမျှပေါင်တွေ ကိုက်နိုင်အောင် ကျုပ်တို့ ဆရာတပည့် ဖန်တီးမှာပေါ့ဗျာ"

"ဘာ- နင်. . . နင် ရူးနေသလားဟဲ့ မှင်စာရဲ့"

"မပုလေးကလည်းဗျာ၊ စောစောက ပြောသလို ရွှေတွေငွေတွေ ဝတ်ချင်တယ် မဟုတ်လား။ ဒီကိစ္စ ကျုပ် တွက်ပြီးသားပါဗျာ၊ ဘာမှမပူနဲ့ ကျုပ်တို့ ဆရာတပည့်နှစ်ယောက် မကြာခင် တောင်ပေါ် တက်မယ်။ ကျောက်တူးမယ်။ ကျောက်အောင်ရင် မပုလေး တစ်ကိုယ်လုံး ရွှေချမယ်ဗျာ။ ဟုတ်ပြီလား"

"ဟေ"

"ဟယ်- တကယ်လား၊ အဲဒီအကြံအစည် ကောင်းသားဟဲ့။ ကိုရင်ဖျောက်. . ."

"ဟေလကွယ်"

"တော်တပည့်ကြီးက ဉာဏ်ကောင်းသားပဲ။ ဟုတ်တယ်၊ တော်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ကျောက်တူးသမားဖြစ်ပြီး ကျောက်အောင်ရင် လောပန်းကြီးတွေ ဖြစ်မှာပေါ့။ ကျုပ်လည်း လောပန်းကတော် ဖြစ်မှာပေါ့နော်"

"ဟော- လောပန်း"

"ဟုတ်ပြီ၊ အဲဒီအစီအစဉ် ကောင်းတယ်။ တော်တို့နှစ်ယောက် အဲဒီကိစ္စ အမြန်ဆုံးသာ အကောင်အထည်ဖော်ကြပေတော့"

"ဟော- ပြဿနာပဲ၊ ဂျာအေး မင်းကလည်း စွတ်ပြောနေပြန်ပြီကွာ"

ဖျောက်ဆိပ်တစ်ယောက် သူ့တပည့်ကြီး စကားကြောင့် အကျဦးအကျပ်ကျနေ၏။ ကျောက်တူးသည် ဆိုသည့်ကိစ္စက လွယ်လှသည် မဟုတ်။ တချို့ဆိုလျှင် ငှက်ဖျားတွေမိကာ ရွာပြန်ပြေးလာကြရသည့်လူတွေ အများကြီး။ တချို့လည်း ကျောက်ရှူး ရှူးသွားတတ်ကြ၏။ တောကြီးမျက်မည်းထဲ ပေါက်တူးထမ်းပြီး သွားရမည်မှာ လွယ်လှသည် မဟုတ်။

ယခုတော့ ဇနီးသည်ကိုယ်တိုင်ကပါ စိတ်ပါလက်ပါ တိုက်တွန်းနေပြီမို့ ဖျောက်ဆိပ် ခေါင်းစားနေ၏။ ထို့ကြောင့်လည်း ဇနီးသည်ကို ကြည့်ပြီး လေသံခပ်ဟဟနှင့် ပြောလိုက်၏။

"မိန်းမရ၊ စဉ်းစားပါဦးကွာ။ ဒီအလုပ်က အန္တရာယ်ကြီးတယ်နော်။ တောထဲမှာ မင်းယောကျ်ား ငှက်ဖျားမိပြီး သေသွားမှာကို မင်း ကြည့်ချင်သလားကွာ"

"အောင်မလေးတော်၊ အလုပ်တောင် မလုပ်ရသေးဘူး လက်လျှော့စကားပြောပြီ။ ဒီမှာ ကိုကြီးဖျောက်၊ ယောကျ်ားဆိုတာ အကြောက်စကား မပြောရဘူးရှင့်။ တချို့ဆို လုပ်လိုက်တာမှ သုံးလေးလုပ်၊ သေသေကျေကျေ လုပ်ကြတာတော့။ ရှင်ပြောခဲ့တဲ့စကား မှတ်မိသေးလား။ ငှက်ဆိုရင် ပျံရင်းသေတယ်၊ လူဆို ကြံရင်းသေဆို။ ဘာတုံး၊ တော်က စိတ်ကူးတွေ ယဉ်ပြီး သေချင်တာလား"

"ဟိုက်- တွယ်သဟ။ မိန်းမရာ၊ လောဘဆိုတာ ကပ်စေးနဲ့နဲ့ တူသဟ။ ကိုင်မိလေ ခွာမရလေဘဲ မိန်းမရ။ ခုလည်း လောဘစွတ်ကြီးပြီး ငါက တောထဲ ကျောက်ရှာ၊ ကျောက်ရှာရင်း ရောဂါတွေရ၊ ဒဏ်ရာတွေရ။ အဲ-ကျောက်လည်းအောင်ရော ငါက သေလူမြောပါ။ မင်းကတော့ ရွှေတွေ



www.burmeseclassic.com

www.burmeseclassic.com



စိန်တွေဆင်၊ ငါကတော့ မသာခုတင် ပြင်ရမယ့်ကိန်းဟ"

"အလိုတော်၊ တော် တော်တော်ကြီးကို သေချင်နေပါလား။ ပြော ပါဦး၊ ကျုပ်ကို အသေအချာ မလုပ်မကျွေးရသေးဘူး သေချင်နေပြီလား ဟင်"

"ခက်ပါ့ကွာ၊ ဂျာအေး မင်းကလည်း ထင်ရာတွေ စွတ်ပြောသကွာ"

"ဘာဖြစ်လို့တုံး ဆရာဖျောက်ရဲ့၊ ဆရာဖျောက်ပြောခဲ့တာ မှတ်မိသေးလား"

"ဟေ- ငါ ငါ ဘာပြောခဲ့လို့လဲဟ"

"ဟိုဗျာ၊ ကိုဘတ်ကြီးဟာ အငြိမ်မနေခဲ့လို့ လူတွေမသိတဲ့ ကျွန်း တွေ၊ ဒေသအသစ်တွေကို တွေ့ခဲ့တာဆို"

"ဟင်- ကိုဘတ်ကြီး၊ ဘယ်က ကိုဘတ်ကြီးတုံးဟ။ ရှုပ်ပါ့ကွာ"

"ပြောတတ်ဘူးဗျာ၊ ကျုပ်သိတာတော့ ကိုဘတ်ကြီးပဲ"

"ဟာ- ကိုလံဘတ်ပါကွာ။ ဟဲဟဲ. . . သူက ခြေငြိမ်တဲ့လူ မဟုတ် ဘူးကွ။ လူမငြိမ်သလို စိတ်လည်း မငြိမ်ဘူးကွ။ ပြောရရင် ဣန္ဒြေ မရှိဘူး ပေါ့ကွာ ဟဲဟဲ. . ."

ဂျာအေးနှင့် သူ ပြောရင်းပြောရင်း စကားတွေ လုံးထွေးနေ၏။ ထိုအချိန် အပုလေးက ကလေးထမင်းကျွေးရင်း ကြားက ဝင်ပြောလာ၏။

"ကိုင်း- ရှင်တို့ ကိုဘတ်တို့ ကိုလတ်တို့ ဘေးချိတ်၊ ဂျာအေး ပြောတဲ့အလုပ်ကို တော်ကြီး လုပ်ဖို့စဉ်းစား၊ ကျုပ်လည်း တော်ကြီးပေးတဲ့ နှစ်ပြားတစ်ပဲကို ချွာပြီး မစားချင်တော့ဘူး"

"ဟေ- ပြောလေ ဆိုးလေပါလား မိန်းမရာ"

"အလိုတော်၊ ကျုပ်ပြောတာ တော်တို့ ကျုပ်တို့ အဆင့်မြင့်မြင့် ချမ်းချမ်းသာသာ နေချင်လို့ ပြောတာပေါ့တော့။ ဘယ်သူမဆို သေရမှာ ချည်းပဲ၊ အဲ- မသေခင် ကောင်းကောင်းစားပြီး သေပစ်လိုက်ချင်သတော့။ တော်ကြီးမှ မကြိုးစား၊ ကျုပ်တို့အားလုံး ဖွတ်ကျောပြာစုသလို ဖြစ်တုန်းမှာ ပေါ့တော့"

"အင်း. . . ခက်တော့ ခက်နေပြီ၊ ဒီကိစ္စ လောက. . ."



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ လောဘ၊ လူပဲရှင့် လော်ဘမရှိဘဲ နေပါ့မလား။ တော်ကြီးမှာ လောဘ မရှိဘူးလား"

"ဟော- ရှိသင့်သလောက်တော့ ရှိသပေါ့ဟာ၊ ဒါပေမယ့် မတော် လောဘ ရှိလာရင် တို့ဘဝတွေ ဖရိုဖရဲ ဖြစ်ကုန်မှာပေါ့ မိန်းမရာ"

"တော်စမ်းပါရှင်၊ ဘာမှ ထပ်မပြောနဲ့။ တော်တို့နှစ်ယောက် အဲဒီ သွားဖို့သာ ပြင်ပေတော့။ စရိတ်စက ဘာမှ မပူနဲ့၊ ဒီကိစ္စ ကျုပ်တာဝန်ထား။ တစ်ရာ ငါးကျပ်တိုးနဲ့ ကျုပ် ယူပေးမယ်။ တော်တို့သွားတုန်း ကျုပ် ဈေးရောင်းမယ် ဒါပဲ"

"ကောင်းရောလကွာ"

"ဆရာဖျောက်ကလည်းဗျာ၊ သေတစ်နေ့ မွေးတစ်နေ့ပါ။ ကျော်အောင်ပြီဆို ကျုပ်ရော ဆရာဖျောက်ပါ လောပန်းကြီးတွေ ဖြစ်လာမှာပေါ့ဗျ"

"လောပန်း ဟုတ်လား"

"ဟဲဟဲ ဘယ်လိုတုံး လောပန်းကြီးရဲ့"

"တော်ပါတော့ကွာ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့။ မင်းတို့ ကြိုက်သလိုသာ စီစဉ်ပေတော့ဟေ့"

နောက်ဆုံးတော့ ဇနီးသည် အပုလေး၏ ဖိအားပေးမှုကြောင့် ဖျောက်ဆိပ်သည် ဘာတစ်ခွန်းမှ မပြောသာဘဲ လောပန်းလောင်းကြီး ဖြစ်လာလေမလား အတွေးက သူ့စိတ်ကူးထဲ စိုးမိုးဖမ်းစားလာလေတော့၏။

□□□



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါသည် တုံ့ပြန်မှုမဟုတ်
လောကကြီး၏ ဖိနှိပ်မှုကို
အရယ်အပြုံးမပျက် ခံနိုင်ရည်ရှိစွာ
နေထိုင်ခြင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

တောင်ပေါ်တက်ပြီး ကျောက်တူးတော့မည် ဆိုသည့် သတင်းကြောင့် အရပ်ထဲက ဂျာအေးတို့ ဆရာတပည့်ကို ဝမ်းသာအားရ ဖြစ်နေ၏။ ပို၍ ဝမ်းသာအားရ ဖြစ်နေသူက အရပ်လူကြီး ဦးရွှေတောင်။ တပည့်ကျော် သံချောင်း ပြောလာသည့်စကားကြောင့် မြုံးစိစိနှင့် မေးလိုက်၏။

"မင်းဥစ္စာ ဟုတ်ကောဟုတ်ရဲ့လားကွ"

"သိပ်ဟုတ်တာပေါ့ အာစရိရာ၊ ခု ဖျောက်ဆိပ်မိန်းမ အပုလေးက ရပ်ကွက်ထဲလည်ပြီး ပိုက်ဆံချေးနေပြီဗျ။ ကျုပ်ပြောတာ ကျိန်းသေပါသဗျာ"

"အေး- အဲဒီစကားမှန်ရင်တော့ ဝမ်းသာစရာပဲကွ။ နေပါဦး၊ သွားမယ်ဆိုတာ သေချာရဲ့လား"

"ရော်- ခက်ပ့ါ အာစရိရယ်။ သံချောင်းပါဗျ၊ မပိုင်ရင် မပြောပါဘူး"

"အေး- ဒီကောင်တွေ မရှိရင် ရပ်ကွက်ဟာ ဆိတ်ငြိမ်ရပ်ကွက်ကြီး ဖြစ်သွားနိုင်သကွ။ နေဦး- သူ့မိန်းမ ပိုက်ဆံချေးလို့ ရပြီလား၊ မရရင် ငါကိုယ်တိုင် ချေးပေးချင်စမ်းလှသကွာ"

"ဟာ- အာစရိရ၊ ဒီကိစ္စ ဝင်မပါနဲ့နော်။ ဖျောက်ဆိပ်တို့ကိစ္စဆို လူတိုင်းလက်ရှောင်တာဗျ၊ သူတို့ကြောင့် အာစရိ ခံရပေါင်းလည်း မနည်းတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး- အဲဒါလည်း ဟုတ်သားကွ၊ ငါက မြန်မြန် ကြွစေချင်လို့ပါ ကွာ"

သူတို့ပြောဆိုနေစဉ် အိမ်ဝိုင်းထဲသို့ ဂျာအေးတို့ ဆရာတပည့် ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် အရပ်လူကြီး မျက်လုံးပြူးသွား၏။

"ဟာ- ဟိုမှာ ဂျာအေးတို့"

"ဟင်- လာပြီနော်၊ သတိထားပေတော့ဗျို့"

သံချောင်းက ဂျာအေးနှင့် ဖျောက်ဆိပ်ကို ရဲရဲမကြည့်ဝံ့။ ထိုစဉ် ဂျာအေးတို့ သူတို့အနားသို့ ရောက်လာကာ တန်းလျားပေါ်တွင် ထိုင်လိုက်ကြ၏။ ဖျောက်ဆိပ်မျက်နှာက မရွှင်မပျ။ အီလည်ချာလည် ဖြစ်နေပုံရ၏။ ဂျာအေးကတော့ ထုံးစံအတိုင်း ပြုံးထေ့ထေ့။ အရပ်လူကြီးသည် ဖျောက်ဆိပ်ထက် ဂျာအေးမျက်နှာကို ရဲရဲမကြည့်ဝံ့။ ကြည့်ရင်းကြည့်ရင်း ကြက်သီးမွေးညင်းတွေ ထလာတတ်သဖြင့် ဖျောက်ဆိပ်ကို တစ်ချက် လှမ်းကြည့်၍ မေးလိုက်၏။

"ဘာကိစ္စတုံးကွ၊ ပြောစမ်း- မင်းတို့ တောင်ပေါ်တက်ကြတော့ မလို့ဆို။ တက်တက် မြန်မြန်သာတက်၊ တောင်ပေါ်တက်လို့ဝရင် မိုးပေါ် ဆက်တက်ကွာ"

"ဗျာ- အရပ်လူကြီးက. . ."

"ဟုတ်တယ်လေ၊ မင်းတို့သတင်းတွေ ကြားပါသကွာ။ ဘာတုံး ဖျောက်ဆိပ်ရ၊ မင်းတို့ ဆရာတပည့် လောပန်းကြီးတွေ လုပ်ကြတော့မလို့ လား"

"ဟုတ်တယ် အရပ်လူကြီးရေ၊ ကျုပ်ဆရာက အဲဒါကို အင်တင်တင် လုပ်နေတာဗျ။ ကျုပ်တို့သာ လောပန်းဖြစ်ပြီဆိုရင် အရပ်လူကြီးကို ဝက်သိုးကို အာတာလွှတ်နဲ့ ပေါင်းကျွေးမှာဗျ"

"ဟေ- ဘာတုံး၊ မင်းစကားက"

ဂျာအေးစကားကြောင့် အရပ်လူကြီး မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။ သံချောင်းမှာလည်း ထူးဆန်းလှသည့် အပြောကြောင့် ကြောင်စီစီ ဖြစ်နေ၏။ ထိုစဉ် ဂျာအေးက-

"ခက်ပါ့ အရပ်လူကြီးရယ်၊ ဝက်သိုးဆိုတာ ခွန်အား တအားရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါဗျ။ မင်းတုန်းကိုယ်တော်ကြီးက ဝက်သိုးကို အာတာလွတ်နဲ့ နေ့တိုင်း ပေါင်းစားတာဗျ"

"ဟင်"

ဂျာအေးစကားကြောင့် ဖျောက်ဆိပ် သူ့တပည့်ကို သမင်လည်ပြန် ကြည့်မိ၏။ ဘယ်က စကားတွေမှန်း မသိ။ ဂျာအေးကို သူ မနိုင်တော့။ ဆရာထက် တပည့်လက်စောင်းထက်နေပြီမို့ သူလည်း ဘာမှ ဝင်မပြော သာတော့။ ထိုစဉ် ဂျာအေး၏စကားသံ ပေါ်လာ၏။

"ယုံစမ်းပါ အရပ်လူကြီးရာ၊ မင်းတုန်းကိုယ်တော်ကြီးမှာ ကိုယ်လုပ် တော်၊ မောင်းမတော် ရာချီနေတာ အဲဒီဝက်သိုးနဲ့ အာတာလွတ်တန်ခိုးဗျ"

"ဟော- ဟုတ်ပ့ါမလားဟ၊ ဒါဆို မင်းတို့လာတာ ဝက်သိုးကိစ္စလား"

"ဟင်- ဟုတ် . . . ဟုတ်ဘူးဗျ။ ဟကောင် ဂျာအေး၊ မင်းကလည်း လာရင်းကိစ္စ ပြောမှပေ့ါကွာ။ ဒီလိုပါ အရပ်လူကြီးရယ်၊ ကျုပ်တို့လေ တောင်ပေါ်ကို သွားကြတော့မှာဗျ"

"သွားလေ၊ မြန်မြန်သွားလေ ကောင်းလေပေ့ါကွာ"

"ဗျာ"

"ဩော်- ငါပြောတာ ယောက်ျားဆိုတာ စွန့်စားမှကွ၊ မင်းတို့ ပြန် လာမှ ဝက်သိုးချက်ပြီး လှူစမ်းကွာ"

"အင်- လှူ လှူပ့ါမယ်ဗျာ"

"ကိုင်း- ဒါဆို လာတဲ့ကိစ္စပြော"

"ထောက်ခံစာ လိုပြီဗျ၊ ခုဥစ္စာ ခရီးဝေးသွားရမှာလေ အရပ်လူ ကြီးရဲ့။ ဒါကြောင့် အရပ်လူကြီးရဲ့ ထောက်ခံစာ လိုသဗျ"

"ဩော်- ဒီကိစ္စလား၊ လွယ်ပါတယ်ကွာ။ ထိုင်- ခုချက်ချင်း ထုတ် ပေးလိုက်မယ်။ အေး- မင်းတို့ကို မသွားခင် မှာလိုက်ချင်သကွ။ ဟဲဟဲ အဲဒီမှာ ကြောက်စရာ အကောင်းဆုံးက ငှက်ကွ၊ ငှက် တအားပေါတယ်"

"ဗျာ- ငှက်ပေါတယ်"

"ကောင်းတာပေ့ါ အရပ်လူကြီးရာ၊ ကျုပ်မှာ လေးခွရှိပ့ါဗျာ။ တွေ့ သမျှငှက်တွေ နာပြီသာမှတ်"

"ဟ- ငါပြောတာ ငှက်ဖျား ပြောတာကွ။ အဲဒါ ဆေးလေး ဘာ



www.burmeseclassic.com

www.burmeseclassic.com



လေးတော့ ဆောင်သွားကြပေါ့"

"ဟုတ်ကဲ့ပါ အရပ်လူကြီးရယ်၊ ကျုပ်လည်း သွားသာသွားရတယ် ရင်ထိတ်လှသဗျ။ ဟောဒီကောင် စွတ်ပြောတာဗျ၊ မိန်းမကလည်း ချမ်းသာချင်လိုက်တာမှ ကျုပ် ဘာဖြစ်ဖြစ် သူ ချမ်းသာချင်တာပဲ သိသဗျား၊ မိန်းမများ တယ်ခက်လှသဗျာ"

"ဟဲဟဲ ဖျောက်ဆိပ်ကလည်းကွာ၊ မိန်းမဆိုတာ ချမ်းသာချင်တဲ့ လူချည်းပဲကွ။ လိုက်လျောလိုက်စမ်းပါကွာ၊ ကိုင်း- ခဏစောင့်ပေါ့"

အရပ်လူကြီး ဦးရွှေတောင်တစ်ယောက် တက်တက်ကြွကြွ ဖြစ်နေ၏။ ဂျာအေးတို့ အရပ်ထဲက သွားတော့မယ်ဆိုတော့ သူ့ရင်ထဲ ကုလားဘုရားပွဲလှည့်နေ၏။ ဂျာအေးတို့ ရှိနေသ၍ ပြဿနာ တစ်ခုမဟုတ်တစ်ခု လိုက်ရှင်းနေရမည်မို့ ခေါင်းတွေလည်း နောက်လှပြီ ဖြစ်၏။

ယခုတော့ သူ ကြားချင်လှသည့်စကား ကြားလိုက်ရပြီမို့ ဝမ်းသာအားရ လိုလိုလားလားနှင့် ထောက်ခံစာ ထုတ်ပေးလိုက်လေ၏။ အပုလေးမှာလည်း လောပန်းကတော် ဖြစ်မည့်အရေးကို တွေးကာ တက်တက်ကြွကြွ ဖြစ်နေ၏။ ဖျောက်ဆိပ်ခမျာ သူ့ရှေ့ရေးကိုတွေးပြီး မရှုနိုင်မကယ်နိုင် ဖြစ်နေ၏။ ကျောက်သင်ပုန်းတစ်ချပ်နှင့် ကိုယ့်အနာဂတ်ကို ဖတ်ကြည့်တော့လည်း ပြဿနာပေါင်း သောင်းခြောက်ထောင် ကြုံလာနိုင်မည့် အရိပ်လက္ခဏာ မြင်နေရ၏။

မသွားချင်လို့လည်း မဖြစ်တော့။ ဆေးဝါးကအစ ဝယ်ယူပြင်ဆင်ထားပြီမို့ ဖျောက်ဆိပ် ရှုံ့မဲ့မဲ့ ဖြစ်နေရပေ၏။ သို့နှင့် သူတို့ ဆရာတပည့် နှစ်ဦး ခရီးထွက်ရမည့် အချိန်အခါသို့ ရောက်ရှိလာ၏။

သူတို့နှင့်အတူ တာတီးပါ လိုက်မည်ဆိုသဖြင့် သွားရေးလာရေး အခက်မတွေ့နိုင်ချေ။ တာတီးက မိုင်းရှူးဘက်သို့ နှစ်ကြိမ်ခန့် သွားခဲ့ဖူး၏။ ကျောက်မအောင်သော်လည်း ကျောက်တူးသည့်အလုပ်ကို ဖွဲနပဲနှင့် လုပ်ခဲ့သည်မို့ အတော်အတန် အဆင်ပြေခဲ့၏။ သို့သော် ငှက်ဖျားထိလာသဖြင့် ရွာသို့ ခေတ္တခဏ ပြန်ခဲ့ခြင်းသာ ဖြစ်လေ၏။

ယခုတော့ ကျန်းမာရေး ကောင်းမွန်လာပြီမို့ ဖျောက်ဆိပ်တို့နှင့် အတူ လိုက်ရန် တက်တက်ကြွကြွ ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦး တောင်ကြီးဘက်တက်မည့် အဝေးပြေးကားကြီးပေါ် လိုက်ခဲ့ကြ၏။ ဖျောက်ဆိပ်ခမျာ ရှေ့ဆက် ဘာပြဿနာတွေ ကြုံရမည် မှန်းလည်း မသိ၊ တောင်တောင်ဤဤ တွေးကာ ရင်တမမ ဖြစ်နေ၏။ ဂျာအေးနှင့် တာတီးတို့ နှစ်ဦးကတော့ ခရီးထွက်ရသည်မို့ အပျော်ကြီး ပျော်နေ၏။ လမ်းတစ်လျှောက်သောက်ရန် ပုလင်း သုံးလေးလုံး ပါလာ၏။

ရွှေညောင်ဘက်သို့အရောက်တွင် ရာသီဥတုက ပို၍ အေးအေး စိမ့်စိမ့် ဖြစ်လာ၏။ လမ်းတစ်လျှောက် စိမ်းညို့ညို့ တောင်တန်းကြီးများကို မြင်ခဲ့ရ၏။

ထင်းရှူး၊ ယူကလစ်၊ ချယ်ရီ၊ ဝက်သစ်ချ အစရှိသော တောအုပ် စိမ်းစိမ်းကြီးများကိုလည်း တွေ့ရ၏။ လမ်းတွေကလည်း ကွေ့တိကွေ့ ကောက်။ မြင့်မားမတ်စောက်သော တောင်တန်းကြီးများက မိုးထိလုမတတ် ပင်။ ကွေ့ကွေ့ပတ်ပတ်နှင့် ကားကြီးကားငယ် အစီအရီ တက်သွားကြပုံကို ကြည့်ပြီး တအံ့တသြ ဖြစ်နေ၏။

လမ်းတွေ ဖောက်ထားပုံကလည်း အံ့ဩစရာ။ ကတ်သီးကတ် သတ်ဖောက်ထားသော လမ်းကျဉ်းကျဉ်းကလေးများကိုကြည့်ရင်း အသည်း တယားယား ဖြစ်နေကြ၏။

တောင်ကြီးမြို့ပေါ် ရောက်တော့ ကားပေါ်မှ ဆင်းခဲ့ကြပြီး တည်းခို ခန်းတွင် တည်းခိုလိုက်ကြ၏။ သူတို့တည်းသည့် တည်းခိုခန်းက ဈေးပေါ လှပြီး မြို့အစပ်တွင် ဖွင့်လှစ်ထားသည့် အိမ်ခန်းကလေးများ ဖြစ်ကြ၏။

သူတို့ ရောက်ရှိသွားချိန်တွင် မှောင်စပျိုးနေသည့် အချိန်အခါ ဖြစ်၏။ နှင်းမှုန်နှင်းငွေ့များကို ခပ်ဝါးဝါး မြင်နေရ၏။ ချမ်းလွန်းလှသဖြင့် သူတို့သုံးယောက် ဘုံဆိုင်ကလေးတစ်ဆိုင်ထဲ ဝင်ခဲ့ကာ ရှမ်းအရက်တစ်လုံး နှင့် အချမ်းဖြေလိုက်ကြ၏။

လမ်းတစ်လျှောက်လုံး အာပေါင်အာရင်းသန်သန် ပြောနေသူက တာတီး။ ယခုအထိလည်း စကားတွေ ပြောနေဆဲ။

"ဒီဒေသမှာ မြင်းခေါင်းတို့၊ ရွှေပေါက်ဆိန်တို့ တအား အရသာရှိ တဲ့ အရက်တွေဗျ။ အကောင်းဆုံး အာဟာရကတော့ တိုဟူးပဲဗျို့။ ဆလို ဖျောက် တွယ်လေဗျာ၊ ဒါမှ နွေးနွေးထွေးထွေး ရှိမှာဗျ။ ကျုပ်တို့မနက်



www.burmeseclassic.com

www.burmeseclassic.com



မိုးမလင်းခင် ထရမှာနော်။ မိုင်းရှူးဘက် တက်တဲ့ကားက သုံးလေးစင်းပဲ ရှိတာဗျ။ ကောင်ဘို့င်တွေရှိမှ ထွက်ရဲတာ"

"မင်းဥစ္စာ သေချာရဲ့လား တာတီးရာ"

"ဟာ- ဒီဘက်မှာ ကံဘောင်ရှိတယ်ဗျ၊ '(မ)ကိုးလုံးမှာ ပတ္တမြား ထွက်မယ်' တဲ့ဗျ။ မိုင်းရှူး ဆိုတာ (မ)ကိုးလုံးထဲမှာပါတဲ့ ဒေသဗျ။ ကျုပ် ရောက်ခဲ့တုန်းက လူအတော်ကို စည်ကားနေပြီ။ ရလိုက်တဲ့ကျောက်က လည်း အရည်အသွေးကောင်းပါ့ဗျာ။ အချိန်မရလို့ဗျ၊ အချိန်ရရင် ကျောက်ဈေးတောင် သွားလည်ချင်တာ"

"ဒါလည်း ကံတရားနဲ့ ပတ်သက်တယ်လို့ ပြောရမှာကွ"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ကံကောင်းရင် သိန်းရာချီတဲ့ကျောက် တောင် ရနိုင်တာဗျ"

"ဟုတ်လား"

"တချို့ဆို ကျောက်အောင်တာနဲ့ ဒီမှာပဲ အိမ်ကြီးအိမ်ကောင်းတွေ ဝယ်၊ ဟိုတယ်တွေဆောက်နဲ့ အတော့်ကို အလုပ်ဖြစ်သွားကြတာ။ ကျုပ် တို့သုံးယောက်လည်း ကံကောင်းမယ် ထင်ပါတယ်ဗျာ"

"မင်းက နှစ်ခေါက်သုံးခေါက် ရောက်ဖူးရဲ့သားနဲ့ ဘာဖြစ်လို့ ကျောက်မအောင်တာလဲကွ"

"ရတော့ ရတယ်ဗျ။ ဒါပေမယ့် သုံးလေးသောင်းတန်လောက်ပဲ ရပါတယ်ဗျာ။ ဒီတစ်ခေါက်တော့ သိန်းချီမယ့်ကျောက်တွေ တွေ့ပါစေလို့ ဆုတောင်းသဗျာ"

တာတီးက သူ့အတွေးနှင့်သူ။ ဖျောက်ဆိပ်နှင့် ဂျာအေးကတော့ ထောင်ကျောက်၊ သောင်းကျောက်တွေ ခေါင်းထဲမရှိ။ ရာသီဥတုက အရိုး စိမ့်အောင် အေးလွန်းလှသဖြင့် တစ်ခွက်ပြီးတစ်ခွက် ဖိတွယ်နေရ၏။ အမြည်းက ဝက်သားချဉ်၊ ဆိုင်အပြင်ကို ကြည့်လိုက်တော့လည်း နှင်းဖွဲ နှင်းမှုန်များကို မြင်နေရ၏။

သူတို့လူစု စားသောက်ပြီးသည်နှင့် တည်းခိုဆောင်သို့ ပြန်ခဲ့ကြ၏၊ ချမ်းလွန်းလှသဖြင့် နှစ်ယောက်စလုံး စောင်ကြီးတွေ တခြုံခြုံ ဖြစ်နေကြ၏၊ အေးစိမ့်နိုင်လွန်းလှသဖြင့် ကောင်းကောင်း အိပ်မပျော်။ ညဉ့်နက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ အိပ်နိုင်ခဲ့ကြ၏။

နောက်တစ်နေ့ နံနက်စောစော အိပ်ရာထဲမှ မထချင် ထချင်နှင့် ထလိုက်ရ၏။ မျက်နှာသစ်ရေကို ရဲရဲတောင် မကိုင်ဝံ့။ အနွေးထည် ထူထူကြီးများ ဝတ်ဆင်ထားကြရ၏။ မိုးမလင်းခင် တည်းခိုဆောင်မှ ထွက်ခဲ့ကြပြီး မိုင်းရှူးဘက်သွားမည့် ဟိုင်းလတ်ကားပေါ် တက်ခဲ့ရ၏။ ကားက ထိုင်စရာ မရှိတော့။ ပစ္စည်းပစ္စယများ ရှုပ်ယှက်ခတ်နေ၏။ သူတို့သုံးယောက် ကားခေါင်မိုးပေါ် ထိုင်၍ လိုက်ကြရ၏။

လမ်းက တောင်တက်လမ်းတွေ ဖြစ်၍ လေတဟူးဟူး။ ထင်းရှူး၊ ယူကလစ်ပင်များကြားမှ ဖြတ်သန်းတိုက်ခတ်လာသည်မို့ ထင်းရှူးနံ့၊ ယူကလစ်နံ့တွေ သင်းထုံနေ၏။

တောင်တန်းကြီးတွေပေါ် ကွေ့ပတ်တက်နေရသဖြင့် ဆရာတပည့်နှစ်ယောက် ဘုရားတ,နေရ၏။ တာတီးက သီချင်း တအေးအေး။

သူတို့ စီးနင်းလာသော ဟိုင်းလတ်ကားကလေးသည် တောတွေ၊ တောင်တွေကို ဖြတ်ကျော်လာခဲ့၏။ တောင်ပေါ်လမ်းတစ်လျှောက် ဥဒဟိုသွားလာနေကြသော တောင်ပေါ်သားများကို တွေ့နေရ၏။ တောင်းတွေ၊ ပလုံးတွေ ကျောပိုးကာ တောကြီးမျက်မည်းထဲ သွားလာနေပုံကို ကြည့်ပြီး သူတို့အစား ရင်ထိတ်နေရ၏။

တောင်ပေါ်ရွာကလေးများကိုလည်း ကြိုကြိုကြားကြား တွေ့နေရ၏။ တောင်တန်းအဆင့်ဆင့် တောအုပ်အသွယ်သွယ်ကို ဖြတ်ကျော်ပြီး မိုင်းရှူးမြေထဲသို့ ရောက်ရှိလာကြ၏။

ကားပေါ်မှဆင်းတော့ ခြေသလုံးတွေ တောင့်နေသဖြင့် မနည်းဆင်းယူရ၏။ ရာသီဥတုကလည်း အသည်းခိုက်တမျှ အေးလှ၏။ ပတ်ဝန်းကျင် တစ်ခုလုံး ယူကလစ်ပင်၊ ထင်းရှူးပင် ဖားဖားကြီးများ ဝန်းရံနေ၏။ တောင်ခြေတွင် တဲကလေးတွေ အစီအရီ ဆောက်ထားသည်ကို တွေ့ရ၏။ ဈေးဆိုင်ကလေးများကိုလည်း တွေ့ရ၏။

နှင်းမှုန် တဖွားဖွား ဝေနေသော ပတ္တမြားတောင်တန်းကြီး။

ကားပေါ်မှ ဆင်းသည်နှင့် တာတီးက တဲကလေးတစ်လုံးရှေ့ လျှောက်သွားကာ အခန်းငှားရန် စီစဉ်လိုက်၏။ သူတို့ ငှားလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခန်းလေးက ဆယ်ပေပတ်လည်သာသာရှိသည့် အခန်းလေး ဖြစ်၏။

နံ့ဘေးတဲကလေးများတွင် စားသောက်ဆိုင်များ၊ ဈေးဆိုင်ကလေးများ ဖွင့်လှစ်ထား၏။ နယ်သစ်ပယ်သစ်သို့ ရောက်ရှိလာခဲ့သည်မို့ ဆရာ တပည့် နှစ်ယောက်စလုံး မြင်မြင်သမျှ အထူးအဆန်းတွေ ဖြစ်နေကြ၏။ ဈေးဆိုင်များတွင် အသားဘူး၊ ငါးဘူးများ၊ အသင့်စားနိုင်သည့် ခေါက်ဆွဲဘူးများကို တွေ့ရ၏။

တာတီးသည် ရောက်ရောက်ချင်း တောင်ပတ်လမ်းတွင် ဆောက်လုပ်ထားသော အိမ်ကြီးတစ်လုံးဆီသို့ ဂျာအေးတို့ကို ခေါ်သွား၏။ လောပန်း၏ ကိုယ်စားလှယ်ကြီးက ဂျာအေးနှင့် ဖျောက်ဆိပ်တို့ကို ခြေအဆုံးခေါင်းအဆုံးကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။

လောပန်းကြီး၏ ကိုယ်စားလှယ် အမည်က ကျားဆိုး။ နာမည်နှင့်လိုက်အောင် အသွင်အပြင်ကလည်း ကြမ်းကြမ်းတမ်းတမ်းအသွင် ရှိ၏။ ဖရီးဂျက်ကက် ဖားဖားကြီးကို ဝတ်ဆင်ထားပြီး ပါးစောင်တွင် ဆေးပြင်းလိပ် ခဲထား၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ငုံးစိစိကလည်း မျက်နှာပေါ်တွင် ဖွာရာကြဲနေ၏။ ဂျာအေး၏ ပိန်မျောမျောအသွင်ကို ကြည့်ပြီး ပြုံးထေ့ထေ့နှင့် မေးလိုက်၏။

"မင်းပုံစံက ပေါက်တူးတောင် နိုင်ပါ့မလားကွ"

"ဘာဖြစ်လို့တုံးဗျ"

"မင်းပုံစံက ထမင်းခုနစ်ရက် မစားရတဲ့ရုပ်ကွ"

"အဲဒါတော့ ကိုကျားဆိုး လူကဲခတ် ညံ့သွားတာ ဖြစ်ရမယ်။ မှတ်ထားဗျ၊ လူနံ့ပိန် ကျွဲချိုလိမ် ဆိုတဲ့စကား မကြားဖူးဘူးလား"

"ဟေ- အဲဒါ ဘာစကားတုံးကွ"

"အဲဒါပေါ့ဗျာ၊ ခင်ဗျားလို ပွပွတတပုံက လက်ကြောတင်းမယ့်ပုံ မပေါ်ပါဘူးဗျာ"

"ဘာကွ၊ ဟော့ကောင် ငါ့နာမည် ကျားဆိုးကွ။ ငါ လက်ညှိုးတစ်ချက် ထိုးလိုက်တာနဲ့ ငါ ဖြစ်ချင်တာ ဖြစ်နိုင်တယ်"

"ထားပါတော့ဗျာ၊ အဲဒီလက်ညှိုး ဖြတ်ယူလို့ ရရင်တော့ ကောင်းသားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်၊ မင်း ဘာစကားပြောတာလဲကွ"

"ဩြော်- ခင်ဗျားလိုပဲ လက်ညှိုးညွှန်ရာ ရေဖြစ်ချင်လို့ပေါ့ဗျာ။ ဟဲဟဲ. . . ကဲပါဗျာ- ကျုပ်တို့ ဘာလုပ်ရမလဲသာပြော"

"အေး- မင်းတို့ ဘာလုပ်ကြရမလဲဆိုတာ တာတီး ပြောလိမ့်မယ်။ တာတီး၊ မင်းလူတွေ မင်းထိန်းပေတော့"

"စိတ်ချပါ ကိုကျားဆိုးရာ၊ ဘာပြဿနာမှ မဖြစ်စေရပါဘူး"

"အေး- ငါ ပြောထားတဲ့ နေရာတွေကိုတော့ မကျော်နဲ့နော်၊ ပြဿနာတွေ ရှုပ်လာနိုင်သကွ"

"စိတ်ချပါဗျာ၊ ဒါဆို ပစ္စည်းပစ္စယတွေ ယူသွားမယ်ဗျာ"

"ယူသွားကြလေ၊ လိုတာရှိရင် ပြောပေါ့။ ဂျာအေး၊ မင်းပုံက ပျော့တိပျော့ဖပ်ပေမယ့် အတော့်ကို မာကျောမယ့်ပုံပဲ။ ကောင်းတယ်ကွ၊ ဒီကို လာတဲ့လူတွေက ခေါက်လိုက်ရင် ဒေါင်ဒေါင်မြည်နေမှ ကြိုက်တာကွ"

"စိုန်လိုက်စမ်းပါ ကိုကျားဆိုးရာ"

ကျားဆိုးက ဂျာအေး၏ ထင်ရာမြင်ရာ ပြောတတ်သည့် အမူအရာကို အကျေနပ်ကြီး ကျေနပ်သွား၏။ သူတို့လူစု ကျားဆိုးအိမ်မှအပြန် ဘုံဆိုင်တစ်ဆိုင်ထဲ ဝင်ကာ ညနေစာ စားသောက်လိုက်ကြ၏။

တဲကလေးတွေက မီးအိမ်ကလေးတွေ ကိုယ်စီနှင့် တလက်လက် လင်းနေ၏။ သူတို့လို ဘဝတူတွေကလည်း အများကြီး။ သူတို့၏ အသွင် အပြင်တွေက ပေစုတ်စုတ်။ တောထဲတောင်ထဲ နှစ်ရှည်လများ လုပ်ကိုင် နေကြရသည်မို့ အားလုံး၏ ပုံသဏ္ဌာန်များက မွဲချာချာအသွင်တွေ ပေါက် နေကြ၏။

တောင်ပေါ်တွင် အစားအသောက် ဖွယ်ဖွယ်ရာရာ မရှိလှသော် လည်း အရက်မျိုးစုံ ရှိ၏။ စားသောက်ဆိုင်တွေလည်း ရှိ၏။ ညဉ့်ဦးပိုင်း ရောက်ပြီဆိုလျှင် ဆိုင်ထဲမှာ လူတရုံးရုံး။ အမျိုးသမီး ချောချောကလေး တွေကိုလည်း ပြူတစ်ပြူတစ် တွေ့နေရ၏။

တာတီးက ကောင်မလေးတွေ ကြည့်ပြီး အံတကြိတ်ကြိတ် လုပ်နေ ၏။ ဖျောက်ဆိပ်တို့ ဆရာတပည့်နှစ်ဦးကတော့ အတွေ့အကြုံသစ်များ ကြား တအံ့တသြ ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နောက်တစ်နေ့ နံနက်စောစောတွင် သူတို့လူစု မြင့်မားမတ်စောက်လှသည့် တောင်တန်းကြီးပေါ်သို့ တအိအိ တက်ခဲ့ကြ၏။ တောလမ်းကလေးက သစ်ပင်အုပ်ကြီးအောက် ကတ်သီးကတ်သတ် ဖောက်ထား၏။ အနိမ့်အမြင့် အတက်လမ်းတွေကလည်း ပေါပဲ့။ ချုံနွယ်ပိတ်ပေါင်းများ၊ တောရိုင်းပင်များကလည်း လမ်းတစ်ဖက်တစ်ချက် တောထနေ၏။

တစ်ခါတစ်ရံ တောရိုင်းတိရစ္ဆာန်များ၏ အော်သံဟစ်သံကိုကြားနေရ၏။ လမ်းတစ်လျှောက် အုပ်မိုးယှက်ဖြာနေသော ထင်းရှူးပင် ဖားဖားကြီးများကို တွေ့ရ၏။ ထင်းရှူးပင်ကြီးများပေါ်တွင် ငှက်ရောင်စုံကို တွေ့နေရ၏။ တောင်တက်လမ်းအတိုင်း သူတို့လို သွားနေကြသည့် လူစုလူဝေးများကို တွေ့နေရ၏။

တချို့က သီချင်း တကြော်ကြော်၊ တချို့ကလည်း မြင့်မားမတ်စောက်လှသည့် တောင်တန်းကြီးများကို ကြည့်ရင်း ထိတ်လန့် ချောက်ချားနေကြ၏။

တာတီးက စားသောက်ဖွယ်ရာများကအစ ပါလာ၏။ တူးနိုင်ဆွနိုင်သည့် ကိရိယာ တန်ဆာပလာများလည်း ပါလာ၏။ သူတို့ သုံးဦးစလုံး ကျောပိုးအိတ်ကိုယ်စီနှင့် ဖြစ်နေကြ၏။ ဆင်းလိုက်တက်လိုက်၊ ကွေ့လိုက်ပတ်လိုက်နှင့် တအိအိ တက်ခဲ့ကြရာ မကြာမီ ကြီးမားနက်ရှိုင်းလှသည့် ကျောက်ဂူကြီးတစ်ဂူကို တွေ့လိုက်ရ၏။

ဂူအောက်ခြေမှာ နိမ့်လျှောကြီးဖြစ်ပြီး ကျောက်ငုတ်ကျောက်စွယ်များကို တွေ့ရ၏။ သူတို့သုံးဦး ဂူကြီးထဲသို့ ဝင်ခဲ့ကြ၏။

လမ်းတစ်လျှောက် ချုံနွယ်ပိတ်ပေါင်းတွေကလည်း အောတိုက်၊ နက်ရှိုင်းသော မြေလမ်းအတိုင်း ဆင်းခဲ့ကြရာ မကြာမီ တူးလက်စ ကျင်းအချို့ကို တွေ့ရ၏၊ တဒုတ်ဒုတ်နှင့် တူးဆွနေကြသည့် ကျောက်တွင်းတူးသမားများကိုလည်း တွေ့နေရ၏။

သူတို့လူစု မြင့်မားမို့မတ်သည့် ကုန်းမြင့်ကြီး တစ်ခုပေါ်သို့တက်လာ၏။ ခရီးကြမ်းလှသော်လည်း ရောက်ချင်ဇောက ပြင်းပြနေ၏။ နောက်ဆုံး သူတို့ တူးဖော်ရမည့် ကျင်းဆီသို့ ရောက်ရှိလာကြ၏။ တာတီးသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်မှ ကျောပိုးအိတ်ကို ဖြုတ်ချလိုက်ပြီး တစ်အောင့်တစ်နား နားလိုက်ကြ၏။

"တူးရမှာ ပင်ပန်းတယ်နော်"

"အိုကွာ၊ ရောက်လာမှတော့ နောက်ဆုတ်လို့ မဖြစ်ပါဘူး"

"ဟုတ်တယ်၊ ကိုကြီးဖျောက်ပြောတာ အမှန်ပဲကွ။ ဘာမှ ပြော မနေပါနဲ့ကွာ၊ လုပ်စရာရှိတာလုပ်ဖို့ အဓိကပဲကွ"

သူတို့သုံးယောက်စလုံး တက်တက်ကြွကြွ ဖြစ်နေ၏။ မြေသား အရောင်က ဝါရော်ရော်။ သူတို့သုံးယောက်အပြင် ဘဝတူ လေးငါး ယောက်လည်း ရှိနေ၏။ ထို့ကြောင့်လည်း တစ်ယောက်တစ်လက်နှင့် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင် ရှင်းလင်းလိုက်ကြ၏။

ထိုသို့ ရှင်းလင်းပြီးသည်နှင့် တူးရမည့်အကွက်ကို စနစ်တကျ သတ်မှတ်ကာ အားသွန်ခွန်စိုက် တူးဖော်ကြလေ၏။ ပေါက်တူးတွေ၊ ပေါက်ပြားတွေ၊ ပေါက်ချွန်းတွေ ကိုယ်စီနှင့် မြေသားကို ပေါက်လိုက်ကြ၏။

မြေသားတွေက တဖွားဖွား။ ခိုသူကတ်သူ မပါလာသဖြင့် အချိန် အနည်းငယ်အတွင်း ကျင်းကြီးတစ်ကျင်း ဖြစ်လာ၏။

တာတီးနှင့် ဂျာအေးတို့က ထွက်လာသမျှ မြေသားများကို ဆန် ကောကြမ်းတွေထဲ ထည့်ကာ တိုက်ချနေ၏။ မြေမှုန့်မြေသားများကြား ကျောက်တုံးညိုညိုတာလေးများကို တွေ့နေရ၏။

မြင်ကွင်းက အံ့ဩဖွယ်ပင်။

တာတီးသည် ညိုတိုတို ကျောက်တုံး ကျောက်စကလေးများကို သပ်သပ်ဖယ်ထား၏။ မြေသားမြေမှုန့်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆန်ကောတွေ၊ ဆန်ခါတွေနှင့် ထပ်ဆင့်ထပ်ဆင့် တိုက်ချခဲ့၏။

သူတို့အားလုံး၏ ကိုယ်ပေါ်တွင် ချွေးသီးချွေးပေါက်တွေ စိုနေ၏။ မြေသားမြေမှုန့်များ ကပ်ငြိနေ၏။ မောရမှန်း ပန်းရမှန်းပင် မသိ။ ဖျောက်ဆိပ်သည် ပေါက်တူးကြီး တမြှောက်မြှောက်နှင့် မနားတမ်း ပေါက် နေ၏။ အတွင်းပိုင်းသို့ ရောက်လေလေ မြေအရောင်က လိမ္မော်ရောင် ပေါက်လာလေလေပင်။

သူတို့အားလုံး တက်ညီလက်ညီ လုပ်ကိုင်လိုက်ကြသဖြင့် ညနေ



www.burmeseclassic.com

www.burmeseclassic.com



စောင်းလုလုတွင် နို့ဆီခွက်ဘူးတစ်ဝက်ခန့်ရှိသော ကျောက်စကျောက်န များကို ရရှိခဲ့၏။

ရရှိလာသော ကျောက်စကျောက်နများကို ရေတွေနှင့် ဆေးကြော လိုက်ရာ ညိုတိုတို အရောင်ကလေးများ တလက်လက် ထွက်လာ၏။

"ဟာ- ဒါ ပတ္တမြားတွေလား"

"ဟုတ်တယ်လေ ကိုကြီးဖျောက်ရဲ့၊ ဒါ အရိုင်းတွေလေ။ ဖြူနီးတွေ လည်း ပါတယ်၊ အမှန်အကန်တွေလည်း ပါသဗျ"

"ဟုတ်လား၊ အံ့ဩစရာပဲကွာ။ ဒါဆို ဒီနေရာက ပတ္တမြားထွက်တဲ့ မြေကြီးပေါ့"

"ဟုတ်ပါ့ဗျာ၊ ဒီနယ်မြေက နတ်ကြီးတယ်ဗျ။ စော်ကားမော်ကား တော့ မလုပ်လိုက်လေနဲ့ ကိစ္စများပြီသာမှတ်"

"ဟုတ်လား"

သူတို့လူစု စကားတပြောပြောနှင့် တကုပ်ကုပ် တူးခဲ့ကြရာ ညနေစောင်းလုလုတွင် အလုပ်သိမ်းလိုက်ကြ၏။ ကျင်းတာဝန်ခံတွေ ရောက်လာကာ သူတို့ စုဆောင်းထားသော ကျောက်များကို စစ်ဆေးနေ ၏။ တာတီးသည် တာဝန်ခံများ မလာခင် ကျောက်အစများကို နှိုက်ယူ ထားလိုက်၏။ ဂျာအေးနှင့် ဖျောက်ဆိပ်ကလည်း သုံးလေးလုံး ယူထားလိုက် ကြ၏။

ကျောက်တွေက ရာကျော်၊ ထောင်ကျော်လောက်သာ ပါပြီး တောင်ပေါ်ကဆင်းတော့ လောပန်းတာဝန်ခံက ကျောက်ဖိုးငွေတွေ ရှင်း ပေးလိုက်၏။ တစ်ယောက်ကို လေးငါးခြောက်ထောင်လောက် ရလိုက် သည်မို့ အံ့ဩနေကြ၏။

သို့သော် စရိတ်စခက ကြီးမြင့်လှ၏။ ကြက်သား သုံးလေးဖတ် ပါသည့် ဟင်းတစ်ခွက်ကို လေးငါးရာ ပေးရ၏။ အရက်တစ်လုံးကို ငါးရာ လောက် ပေးရ၏။ ကွမ်းတစ်ယာကို ငါးဆယ်ခန့် ပေးရ၏။ ရလာသည့်ငွေ နှင့် သုံးရသည့်ငွေက ညီမျှနေ၏။

လေးငါးရက်ခန့် အကြာတွင် သူတို့နှစ်ယောက် ပတ်ဝန်းကျင်နှင့် တစ်သားတည်း ဖြစ်လာ၏။ ပင်ပန်းလှသော်လည်း လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်မို့ ဖျောက်ဆိပ်တစ်ယောက် အပျော်ကြီး ပျော်နေ၏။ တစ်နေ့ကို ငါးထောင်ခန့် ရနေသည်မို့ ဆရာတပည့်နှစ်ဦး အလုပ်ဖြစ်နေကြ၏။

ဂျာအေး လုပ်ခကိုသာ ချက်ပြုတ်စားသောက်ခဲ့ပြီး သူ့လုပ်ခကို ခြစ်ကုပ်စုဆောင်းခဲ့၏။ ကျောက်တွေက ဖြုန်းတွေသာ များ၏။ ရာကျော်၊ ထောင်ကျော်ထက် မပိုနိုင်သဖြင့် တာတီး စိတ်အပျက်ကြီး ပျက်နေ၏။ ကျင်းတာဝန်ခံကလည်း သူတို့ကို အလွှတ်မပေး။

တောကြီးမျက်မည်းထဲ သူတို့ဘဝက ချွေးတလုံးလုံး၊ အလုပ်ခွင်က ပြန်လျှင် တောင်အောက်ဘက်ချောင်းတွင် ရေချိုးရ၏။ ရေက ကျောက်တုံးကျောက်ဆောင်များကြားမှ စိမ့်ထွက်နေသည်မို့ ချမ်းအေးလှ၏။

အလုပ် လုပ်ကိုင်ပြီးကြလျှင် ရေမိုးချိုးကာ မြင်းခေါင်းအရက် တစ်လုံးထောင်၍ အပန်းဖြေခဲ့ကြ၏။ ဖျောက်ဆိပ်ခမျာ ဇနီးနှင့် သားဖြစ်သူကို ခွဲခဲ့ရသဖြင့် အချိန်ကြာလာသည်နှင့်အမျှ သတိရလာ၏။ ထို့ကြောင့်လည်း သူ့မျက်နှာက မှုန်ငေးငေး ဖြစ်နေ၏။

"ဆရာဖျောက်"

"ဟေလကွာ"

"ဘာတုံး၊ မပုလေးကို သတိရနေပြီလားဗျ"

"ဒီလိုပေါ့ကွာ၊ အိမ်ထောင်သည်ဘဝက အဲဒီ ခံစားချက်တော့ ရှိမှာပေါ့ ဂျာအေးရာ။ မင်း အိမ်ထောင်ကျလာရင်လည်း သတိရလာမှာပေါ့ကွာ"

"အစွဲအလမ်း မထားပါနဲ့ဗျာ၊ နေရာတကာ လိုက်ပြီး ခံစားနေရင် စိတ်ရှုပ်စရာ ကောင်းတာပေါ့"

"ဟာကွာ၊ ဒီကိစ္စ မင်း မသိပါဘူး။ ဒါက ကိုယ် တကယ် ကြုံလာမှ သိတာကွ"

"ဟင်းဟင်း. . . ဆရာဖျောက်က ပေါင်းလာတာပဲ အနှစ်နှစ်ဆယ် နီးတော့မယ်ဗျာ၊ ရိုးအီနေတဲ့ကိစ္စကို အဆန်းအသစ် လုပ်နေရသလားဗျ"

"ဟကောင်၊ တောက်တီးတောက်တဲ့တွေ မပြောစမ်းနဲ့ကွာ။ မှတ်ထားကွ၊ လင်မယားချစ်ရယ်မို့ နှစ်တွေ ဘယ်လိုပြောင်းပြောင်း ဟောင်းနိုင်ဘူးခင်၊ တစ်ရက်ဝေးရလျှင် တစ်သက်ပင် ခံစား၊ ကြာကြာဝေး မရိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘု၊ တိုးလို့သာ ချစ်မိပါရဲ့ အသစ်အသစ်တွေကြားတဲ့ကွ"

"လုပ်ပြီဗျာ"

"အဲဒါပဲကွ၊ လောကကြီးမှာ မရှိနိုင်တဲ့ အရာဆိုလို့ ထမင်းစားဘာရယ်၊ လင်မယားချစ်တာရယ်ပဲကွ"

"ဆရာဖျောက် စကားတွေကတော့ ပြောင်မြောက်လှသဗျ၊ ဒါဆို ဆရာဖျောက် လွမ်းနေပြီပေါ့"

တာတီးက ဝင်၍ လေပင့်ပေးလိုက်၏။ တာတီး ပြောတော့မှ ဖျောက်ဆိပ်၏ မျက်နှာကြီးက ပြုံတော့မည့်မိုးနှယ် ဖြစ်လာ၏။

"အေးပေါ့ကွာ၊ လွမ်းတာမှ အပုလေး စီးနေတဲ့ ခုံဖိနပ်သံကိုတောင် လွမ်းလှသကွာ။ ပြီးတော့ ဒီအချိန်ဆို အပုလေးတစ်ယောက် ငါတို့နှစ်ယောက်ကို ဖျစ်တောက်ဖျစ်တောက် ပြောနေကျကွ။ အူတွေ၊ အသည်းနှလုံးတွေ၊ ကျောက်ကပ်တွေမှာပါ အလွမ်းတွေ မျောနေပြီဟ"

"လွန်ပါ့ဗျာ၊ အဲဒီလောက် လွမ်းလွန်းရင် ကောင်းပါ့မလားဗျ။ အလွမ်းလွန်တော့ အလွမ်းကျွန် ဖြစ်သွားဦးမယ် ဆရာဖျောက်ရဲ့"

"အေးပါကွာ၊ ဒီကိစ္စ နောက်မှ မင်း ခံစားတတ်လာမှာပေါ့ကွာ"

ဖျောက်ဆိပ်တစ်ယောက် ရှုံ့တီးရှုံ့မဲ့နှင့် စကားဆိုနေ၏။ ဂျာအေးက သူ့ဆရာ၏ စိတ်သဘောကို သိပါသော်လည်း လေးလေးလဲလဲ သိပ်မခံစားချင်။ ထို့ကြောင့်လည်း အရက်တစ်ခွက်ကို ဖျောက်ဆိပ်ထံ လှမ်းပေးလိုက်၏။

"သောက်လိုက်စမ်းပါဗျာ၊ ဆရာဖျောက် ပြောသလို ပြောရရင် အနိစ္စပဲလေ။ အနိစ္စတွေကြားမှာ စိတ်မဖွစမ်းပါနဲ့ဗျာ၊ ရော့-တွယ်ပစ်လိုက်"

"ဟုတ်တယ် ဟုတ်တယ်၊ ဂျာအေးပြောသလိုသာ တွယ်ပေတော့"

နောက်ဆုံးတော့ ဂျာအေးလက်ထဲမှ ခွက်ကိုယူကာ ဂွပ်ခနဲ သောက်ချပစ်လိုက်၏။

လည်ချောင်းတစ်ခုလုံး ပူဆင်းသွား၏။ ထိုအခါ ငါးခြောက်ကြော် တစ်ခုကိုယူပြီး တဂျွပ်ဂျွပ် ဝါးရင်း ပြောလိုက်၏။

"ဂျာအေး၊ ဒီကိစ္စက အနိစ္စသဘော မရှိဘူးကွ။ ဟို. . . လွန်ခဲ့တဲ့ အနှစ်လေးငါးထောင်ကလည်း အချစ်ရှိတယ်ကွ၊ ခုထိလည်း အဲဒီ အချစ်



www.burmeseclassic.com

www.burmeseclassic.com



က ရှိသေးတယ်ကွ။ အချစ်ဆိုတာ ထာဝရ နှလုံးသားထဲ စီးမျောရစ်ပတ် ချုပ်နှောင်ထားတဲ့ စိတ်ဖြစ်စဉ်ကြီးကွ"

"ဗျာ၊ စိတ်ဖြစ်စဉ်ကြီး. . ."

"ဟုတ်ပ၊ ဘယ်သူမှ ဥပေက္ခာပြုလို့ မရဘူးကွ။ အချစ်၊ အမုန်း၊ အလွမ်း၊ ကရုဏာ၊ သံယောဇဉ် ဒါတွေဟာ သံသရာကြီးမှာ မြဲမြံလှတဲ့ ကြိုးကြီးတွေကွ။ ဒီအထဲမှာ မင်းတို့ ငါတို့လည်း လုံးထွေးနေတာပဲ"

"ဒါတော့ဒါပေါ့ ဆရာဖျောက်ရာ၊ ခုချိန်မှာ အဲဒီကိစ္စ မေ့ထားလိုက်စမ်းပါဗျာ။ ကျုပ်တို့က ဒီကို စီးပွားရှာဖို့ လာတာလေ"

"ဟုတ်ပါတယ်ကွာ"

နောက်ဆုံးတော့ ဖျောက်ဆိပ်တစ်ယောက် သူ့ရင်ထဲက အပုလေး၏ ခုံဖိနပ်သံ တခေါက်ခေါက်ကို မေ့ဖျောက်ပစ်လိုက်ရလေ၏။ သုံးဦးစလုံး တက်ညီလက်ညီ သောက်လိုက်၏။

အပြင်ဘက်မှာ အတော်ကလေး အေးနေပြီ ဖြစ်၏။ ဖျောက်ဆိပ်သည် မူးလာသည်နှင့် ခွေခွေကလေး အိပ်ပျော်သွား၏။ ဂျာအေးနှင့် တာတီးတို့နှစ်ယောက် မအိပ်နိုင်ကြသေး။ ခပ်ထွေထွေ ရှိလာသောအခါ စားသောက်ဆိုင်ဘက်သို့ ရောက်လာကြ၏။ သူတို့ ဆိုင်ထဲဝင်လာစဉ် လောပန်းကိုယ်စားလှယ်ကြီး ကျားဆိုးကို တွေ့လိုက်ရ၏။

ကျားဆိုးဘေးတွင် ကောင်မလေးနှစ်ဦး ထိုင်ကာ တွတ်တီးတွတ်တာ ပြောနေ၏။ အမျိုးသမီး ချောချောလေးတစ်ယောက်က သူ့ဇက်ပိုးကို နှိပ်နယ်ပေးနေရ၏။ သူတို့ကိုမြင်တော့ ကျားဆိုးက လေသံကျယ်ကျယ်ကြီး နှင့် လှမ်းခေါ်လိုက်သဖြင့် စားပွဲဘေး ဝင်ထိုင်လိုက်၏။

စားပွဲပေါ်မှာလည်း ကြက်ကြော်ကြီးတွေ၊ ဝက်အူချောင်းတွေ၊ ငုံးကြော်တွေနှင့် အဖွေးသား၊ စတိုင်ကလည်း တကယ့် ဆရာကြီးစတိုင်။

"ဘာလာလုပ်သလဲကွ၊ သောက်ဖို့လား။ သောက်ချင် ကြိုက်တာမှာသောက်ကြကွာ"

"ကျေးဇူးပဲဗျာ"

"ဂျာအေး၊ မင်းက ဘာ့မှုန်ကုပ်ကုပ် လုပ်နေတာလဲကွ၊ တွေ့စရာရှိ တွယ်လေကွာ။ ဘာလဲ၊ မင်းက ငါ့ကို အားကျနေသလား"

www.burmeseclassic.com

www.burmeseclassic.com



"အားကျတယ်တော့ မဟုတ်ဘူး ကိုကျားဆိုးရ၊ ကျုပ်စိတ်ထဲ တစ်မျိုးကြီးပဲဗျာ"

"ဘာတုံးကွာ၊ ရှည်ရှည်ဝေးဝေး လျှောက်ပြောမနေနဲ့။ သောက်စရာရှိသောက်၊ စားစရာရှိစား။ ပြီးရင် ပြန်တော့"

ခပ်ပြတ်ပြတ် ပြောလာသော ကျားဆိုး၏စကားကို ဂျာအေး မကျေမချမ်း ဖြစ်သွား၏။ အမျိုးသမီးငယ်လေးတွေ ကြည့်တော့လည်း ညှိုးခြောက်ခြောက် အမူအရာများကို တွေ့နေရ၏။ ကျားဆိုးက အရာရာကို ပိုက်ဆံနှင့် စိုးမိုးထားပုံရ၏။ ဘာမဆို ပိုက်ဆံနှင့် ဖန်တီးနိုင်ပေသည်ဟု ယူဆထားပုံရ၏။

ဂျာအေး ခံစားချက်များကို မျိုချလိုက်ပြီး ကျားဆိုးရှေ့မှ အနီပုလင်းကို ယူလိုက်၏။

"ဟကောင် ဂျာအေး၊ အဲဒီပုလင်းကို မင်း ကိုင်စရာ မလိုဘူးကွ။ မှတ်ထား၊ အဲဒီပုလင်းက လောပန်းလောင်းတွေမှ ကိုင်တာကွ။ တစ်ပက်ကို သုံးလေးရာလောက် ရှိတယ်ဆိုတာ မှတ်ထားဦးကွ"

"ဟုတ်လား၊ ဒါဆို ကျုပ်တို့က. . ."

"မင်း တခြားအရက် မှာသောက်ပေါ့ကွာ"

"ခင်ဗျားစကားက တစ်မျိုးကြီးပါလားဗျာ။ ထားပါတော့လေ"

ဂျာအေးသည် ကျားဆိုးကို ပေစောင်းစောင်း ကြည့်ရင်း တာတီး မှာလိုက်သော အရက်ခွက်ကို ယူ၍ မော့သောက်ပစ်လိုက်၏။

ကျားဆိုးအသွင်က ဘုရင်ကြီးတစ်ဆူ အလားပင်။ ကောင်မလေးတွေကို ရိသဲ့သဲ့ ပြောလိုက်၊ ခေါင်းကိုင်လိုက်၊ လက်ကိုင်လိုက်နှင့် သဘောခွေ့နေ၏။ မူးလည်း အတော်ကလေး မူးနေပုံရ၏။

"ဟကောင်တွေ မင်းတို့ပြန်ရင် ငါ့ကို လိုက်ပို့စမ်းကွာ။ ငါ အတော်ကလေး မူးနေပြီကွ"

"ဟုတ်. . . ဟုတ်ကဲ့"

တာတီးက ရိုရိုသေသေ ပြောလိုက်သော်လည်း ဂျာအေးက မှုပုံမပေါ်။ သုံးလေးခွက်လောက် အကုန်တွင် ကျားဆိုး စားပွဲပေါ် မှောက်သွား၏။ ကောင်မလေးတွေလည်း အနားက ရှောင်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဂျာအေး ပြန်ကြစို့ကွာ"

"ပြန်မယ်လေ၊ ဒီငတကြီးကို ဘယ်လိုလုပ်မှာတုံးကွ။ သူ့ကိုတော့ ငါတို့နှစ်ယောက် ထမ်းပြီး အိမ်ပြန်ပို့ကြမှ ဖြစ်မယ်ကွ"

"အလုပ်ရှုပ်ပါ့ကွာ"

"ဟာ- မလုပ်နဲ့ကွ၊ ကိုကျားဆိုးက ဒီနယ်မြေမှာ ဆရာကြီးကွ။ လာကွာ၊ မင်းနဲ့ငါ ထမ်းကြရအောင်"

နှစ်ယောက်သား ကျားဆိုးကို ဆိုင်ထဲမှ ထမ်းထုတ်လာ၏။ အပြင်မှာ ရေခဲတုံးလို အေးစက်နေ၏။ လမ်းတွေကလည်း မှောင်တိမှောင်ဝါး။

နှစ်ယောက်သား စကားတပြောပြောနှင့် တောင်ပတ်လမ်းအတိုင်း လျှောက်ခဲ့ကြပြီး အိမ်ဝိုင်းအဝသို့အရောက် ရေတသွင်သွင် စီးနေသော မြောင်းကို မြင်လိုက်ရသဖြင့် ကျားဆိုးကို မြောင်းထဲ ပစ်ချလိုက်၏။

"ဟာ- မင်း ဘာယ်လိုလုပ်လိုက်တာလဲကွ"

"တော်ပြီပေါ့ကွာ၊ အိမ်ဝရောက်နေပြီပဲ"

"ဟေ"

"လာစမ်းပါကွာ"

"ပြဿနာပဲ ဂျာအေးရာ"

တာတီးတစ်ယောက် ချောက်ချားနေသော်လည်း ဂျာအေးက မမှု၊ အေးအေးလူလူပင် ထွက်သွား၏။ ထိုအချိန် မြောင်းထဲရောက်နေသော ကျားဆိုး သတိရလာကာ မြောင်းထဲမှ အားတင်း တွယ်ကုပ်တက်ခဲ့ကာ အိမ်သို့ လေးဖက်ထောက် ပြန်သွားလေပေ့ာ၏။

□□□



www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်ခြင်းသည် ကောင်းကင်ပေါ်မှ
ကျလာသည်မဟုတ်
နှလုံးသည်းပွတ်ထဲမှ
ဖူးပွင့်လာခြင်း ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

ဖွာခနဲ ဖွာခနဲ လွင့်စဉ်သွားသော မြေသားမြေနှစ်များကြားမှ ပတ္တမြားဆန်ကျိုး အပိုင်းအစများကို တာတီး ကောက်ယူလိုက်၏။ ထိုမြင်ကွင်းကို မြင်သွားသူက ကျားဆိုးဓာပည့် ဘလူး။ သူ့အနားသို့ အလျင်အမြန် ရောက်ရှိလာကာ တာတီး၏ ရင်ဘတ်ကို ဆောင့်ဆွဲလိုက်၏။

"ဟေ့ကောင်၊ မင်း ဘာလုပ်တာလဲ"

"ဘာ. . .ဘာလုပ်လို့လဲဗျ"

"အောင်မယ်၊ ကဲကွာ"

"ဝှစ်. . . ခွပ်"

"အောင်မယ်လေးဗျ"

ဘလူး လက်ချက်နှင့် တာတီး အောက်သို့ ပက်လက်လန်ကျသွား၏။ ပါးစောင်တွင်လည်း သွေးစသွေးနတွေ ယိုစီးသွား၏။ ဘလူးသည် လဲကျနေသော တာတီး၏ကိုယ်ပေါ် ခွကာ အိတ်ထောင်ထဲမှ ပတ္တမြားအပိုင်းအစများကို ယူလိုက်၏။

ဂျာအေးစိတ်ထဲ ပေါက်ကွဲသွား၏။ ဘလူး လုပ်ပုံက လူမဆန်လှ။ ထို့ကြောင့်လည်း လက်ထဲက ပေါက်တူးနှင့် လှည့်ရိုက်ချလိုက်၏။ ခွပ်ခနဲ မြည်သံနှင့်အတူ ဘလူး ခွေခနဲ လဲကျသွား၏။ မြန်ဆန်လွန်းလှသဖြင့် ဖျောက်ဆိပ်တောင် မတားနိုင်။

ထိုအဖြစ်အပျက်ကြောင့် ကျားဆိုး၏ တပည့်သုံးဦး သူတို့အနား



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ရှိလာ၏။ ဂျာအေးသည် လက်ထဲက ပေါက်တူးကြီး တမြှောက် မြှောက် ကိုင်ထား၏။ ဝင်လာသမျှကို တွယ်တော့မည့်ပုံ။ သုံးယောက်စလုံး ရဲရဲမဝင်ဝံ့။

"လာကြလေကွာ၊ မိုက်တာများ အဆန်းလုပ်လို့။ လာလေကွာ"

"မင်း မင်း လက်ထဲကပေါက်တူး ချစမ်း"

"ဘာဖြစ်လို့ ချရမှာလဲကွ"

"ဟာ- ဒီကောင်ကွာ"

သုံးယောက်စလုံး မချင့်မရဲ ဖြစ်နေ၏။ ထိုစဉ် ကျားဆိုးတို့လူသိုက် အပြေးရောက်ရှိလာ၏။ ကျားဆိုး၏လက်ထဲတွင် ခြောက်လုံးပြူးတစ်လက် ပါလာ၏။ ဂျာအေးကို သေနတ်ကြီးနှင့် ထိုးချိန်ပြီး အနားသို့ ကပ်လာ၏။

ဖျောက်ဆိပ်ခမျာ တပည့်လုပ်သူ ဒုက္ခရောက်တော့မည့်ကိန်း မြင် သဖြင့် ဘာမှ မမြင်တော့။ ကျားဆိုးကိုယ်ပေါ်သို့ လွှားခနဲ ခုန်အုပ်ကာ အတင်းဝင်၍ နပန်းလုံးလေ၏။ ဂျာအေးကလည်း လက်ထဲမှ ပေါက်တူး ကြီးနှင့် ကျားဆိုး၏ တပည့်များကို လိုက်ရိုက်လေ၏။ အဖြစ်အပျက်က ဝရုန်းသုန်းကား။ ပြေးကြလွှားကြ၊ အော်ကြဟစ်ကြနှင့် ဆူညံနေ၏။

ဖျောက်ဆိပ်သည် ကျားဆိုး၏ ကိုယ်ပေါ် ခွကာ လက်သီးနှင့်ထိုး၊ တံတောင်နှင့်ထောင်းကာ ပယ်ပယ်နယ်နယ် နှာနေ၏။ ထိုစဉ် ကျားဆိုး၏ တပည့်များက ဂျာအေးကို အတင်းဝင်၍ ပူးကာ ဖမ်းချုပ်ဖို့ ကြိုးစားလေ ၏။ ဂျာအေးသည် သူ့ဆီ ခပ်ကြမ်းကြမ်း ဝင်လာသော ပေတရာဆိုသည့် ငတကြီးကို နောက်တစ်လှမ်းဆုတ်ပြီး ဒူးနှင့် တိုက်ပစ်လိုက်၏။

ရုတ်တရက် တိုက်ခိုက်လိုက်သည်မို့ ပေတရာခမျာ အားခနဲ အော် ရင်း ရှေ့သို့ ဒူးညွှတ်၍ ကျလာ၏။ ထိုအခါ ဂျာအေးက ဘယ်ဒူးညာဒူး တွေနှင့် ဆင့်ကဲဆင့်ကဲ တိုက်ပစ်လိုက်၏။ ပေတရာ နောက်သို့ လန်ကျ သွားသဖြင့် ကျန်လူများ ရှိန်သွား၏။

ထိုအချိန်တွင် ကျားဆိုးသည် ဖျောက်ဆိပ်ကိုယ်ပေါ် ရောက်လာ ပြန်၏။ တပည့်နှစ်ယောက်က ဖျောက်ဆိပ်၏ ခြေထောက်ကို ဆွဲထား၏။ ဖျောက်ဆိပ် ဘယ်လိုမှ ရုန်းမရ။ ထိုစဉ် သူ့မျက်နှာနှင့် တစ်ထွာသာသာ ရှိသော ကျားဆိုးကို ကြည့်ကာ အတင်း ခေါင်းကြီးရုန်းထပြီး နားရွက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုက်ထားလိုက်၏။

"အောင်မယ်၊ အောင်မယ်လေးဗျ"

"ဟှာင်းဟင်း ဟီးဟီး"

"နာလိုက်တာ၊ မ. . . မကိုက်ပါနဲ့"

"ဟီးဟီး"

"ဖယ်. . . ဖယ်ပေးလိုက်ကြ"

ဖျောက်ဆိပ်က ကျားဆိုး၏ နားရွက်ကို အသေခဲထား၏။ နည်းနည်းလေး ရုန်းသည်နှင့် နားရွက်ပြတ်သွားမှာ သေချာ၏။ ခေါင်းကြီး တယမ်းယမ်း လုပ်ပြလိုက်သဖြင့် ကျားဆိုးက သူ့တပည့်တွေကို မောင်းထုတ်ပစ်လိုက်၏။

ထိုအချိန်ထိ ဖျောက်ဆိပ်က မလွှတ်သေး။ ဂျာအေး ပေါက်တူးကြီးကိုင်ပြီး ဖျောက်ဆိပ်အနား ရောက်လာ၏။ သူတို့၏ တုံ့ပြန်မှုကြောင့် ကျောင်းသားတွေအားလုံး ဝရုန်းသုန်းကား ဖြစ်ကုန်၏။ ကျားဆိုး၏ လူများမှာလည်း ဂျာအေးနှင့် ဖျောက်ဆိပ်ကို ထိတ်လန့်တကြား ဖြစ်ကုန်၏။

ဂျာအေးသည် ကျားဆိုးလက်ထဲမှ ခြောက်လုံးပြူး သေနတ်ကြီးကို လုယူပြီး ကျားဆိုး၏ နားထင်နား ကပ်ချိန်လိုက်၏။ ထိုအခါကျမှ ဖျောက်ဆိပ်က ကိုက်ထားသော နားရွက်ကို လွှတ်ပေးလိုက်၏။ တစ်ယောက်မှ တုတ်တုတ်မလှုပ်ရဲ။

"မလှုပ်နဲ့နော်၊ လှုပ်တာနဲ့ ပစ်ပြီသာမှတ်"

"မင်း. . . မင်းတို့ ငါ့ကို. . ."

"တိတ်စမ်း၊ မင်းက ဒီမှာ ဘုရင်လား။ မှတ်ထားကွ၊ ဂျာအေးနဲ့ ဖျောက်ဆိပ်ကို မစမ်းနဲ့။ ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲသွားမယ်မှတ်"

"ဟုတ်တယ်၊ ဖျောက်ဆိပ်ကွ။ မင်း နားရွက်မပြတ်တာ ကံကောင်းတယ်မှတ်။ အေး- နားရွက်ပြီးရင် လက်ကို ကိုက်မယ်။ လက်ပြီးရင် ဗိုက်ကို ကိုက်မယ်ကွ"

"ဟင်- ကြောက်စရာ"

"ဟားဟားဟား. . . ဖျောက်ဆိပ်တို့ သွေးနီတယ်ဆိုတာ သိပြီလား ကျားဆိုးရ။ အေး- ဒီတစ်ခါတော့ မင်းကို လွှတ်ပေးလိုက်မယ်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဆိုရင် မင်းတစ်ကိုယ်လုံး ပြတ်အောင် ကိုက်ပစ်လိုက်မှာကွ"

"ဗျာ"

ကျားဆိုး ဖျောက်ဆိပ်ကို ရဲရဲမကြည့်ဝံ့တော့။ နားကြီးတစ်ဖက်လုံးလည်း နီရဲဖောင်းကားနေ၏။ သူ့တပည့်တွေလည်း ဖျောက်ဆိပ်ကို ကြောင်စီစီ ကြည့်နေကြ၏။ ထိုအချိန်တွင် ဂျာအေးသည် လက်ထဲကိုင်ထားသည့် ခြောက်လုံးပြူး သေနတ်ကြီးကို ဘေးက ကျောက်တုံးကြီးနှင့် ရိုက်ချိုးပစ်လိုက်၏။

"ဖြောင်း. . . ဒိုင်း"

"အောင်မယ်လေးဗျ"

ကျည်ဆန်က မြေကြီးထဲ ဝင်သွား၏။ ပြောင်းကြီးလည်း ကျိုးပဲ့သွား၏။ သေနတ်သံကြောင့် ကျားဆိုး လေသံပြပြကြီးနှင့် ထအော်လိုက်၏။

"ရော့- ခင်ဗျားသေနတ်၊ နောက်တစ်ခါ ပြဿနာရှာလို့ကတော့ ခင်ဗျားအသက် ဖက်နဲ့သာ ထုပ်ထားပေတော့"

သူတို့ဆရာတပည့် တာတီးကိုခေါ်ကာ တောင်ပေါ်မှ ဆင်းလာခဲ့၏။ ကျင်းအလုပ်သမားတွေက ဂျာအေးတို့လုပ်ရပ်ကို ဝမ်းသာအားရ ဖြစ်နေ၏။

ကျားဆိုးတို့လူစုမှာ ကျင်းသမားများရှေ့ အလူးအလဲ ခံလိုက်ရသည်မို့ တောက်တခေါက်ခေါက် ကျန်ရစ်ခဲ့ကြ၏။

"ဒီကောင်တွေ တော်တော် မိုက်ကန်းတာပဲ"

"ကျုပ်တို့နယ်မြေထဲ ကြက်ဖ လာလုပ်တာဗျ၊ အမှန်ကြိတ်ပစ်လိုက်ရမလား အာစရိ"

"ဟာကွာ၊ အမှုန့်ကြိတ်ဖို့ နေနေသာသာ ငါ့နားတစ်ဖက် ပါမသွားတာ ကံကောင်း။ ဖျောက်ဆိပ်ဆိုတဲ့ကောင်က ခွေးစိတ်ပေါက်နေတယ် ထင်တယ်၊ ဒီကောင် တကယ် ကိုက်မယ့်ကောင်ကွ။ လွှတ်ပေးလိုက်စမ်းပါကွာ၊ ဒီကောင်တွေ ငါတို့လက်ထဲက ပြေးမလွတ်ပါဘူး"

ကျားဆိုးတစ်ယောက် သူ့တပည့်တွေကြား အရှက်ပြေ ကြိမ်းဝါးပြီး အိမ်ကြီးဘက်သို့ ပြန်သွားလေ၏။ ထိုအချိန်တွင် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦး မြင်းခေါင်း ဝိစကီတစ်လုံးထောင်ကာ အမောပြေနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တာတီးသည် ကျားဆိုးတို့လူစုကို အတော်ကလေး ထိတ်လန့်နေပုံရ၏။

"ဘယ်လိုဖြစ်နေတာလဲကွ"

"ဟုတ်ပါ့ကွာ၊ မင်းကလည်း လွတ်ကြောက်နေတာကိုးကွ၊ သေတစ်နေ့ မွေးတစ်နေ့ပါ တာတီးရ။ ဒီကောင်တွေ ငါတို့ကို ရဲရဲမလှန်ဝံ့ပါဘူး"

"ဟာ- ကျားဆိုးက မလွယ်ဘူးနော်၊ ဆင်ကြံကြံတတ်တယ်ဗျ။ ပြီးတော့၊ ကျင်းသမားတွေကို တစ်ဖက်လှည့်ပြီး ဒုက္ခပေးနေတဲ့လူဗျ"

"ဟေ- ဘယ်လိုများတုံးကွ"

"ဟာ- သူက မိန်းကလေး ချောချောလှလှတွေ လက်သပ်မွေးပြီး ကျင်းအလုပ်သမားတွေရဲ့ လုပ်ခကို တစ်ဖက်လှည့်နည်းနဲ့ မရရအောင် ပြန်ယူတာဗျ"

"တော်တော် ယုတ်မာတဲ့ကောင်ပါလား"

"အဲဒါကြောင့် ပြောတာဗျ၊ ကျုပ်တို့ တခြား လောပန်းဆီမှာ ပြောင်းလုပ်ကြမယ်ဗျာ။ ဒီကောင် ကျုပ်တို့ကို ရန်ငြိုးရန်စထားပြီး ပြဿနာရှာဦးမှာပဲဗျ"

"အေး- အဲဒါလည်း ကောင်းတာပဲဟ"

ဖျောက်ဆိပ်က တာတီး၏စကားကို ခေါင်းညိတ်လိုက်၏။ ဂျာအေးကတော့ ဘာတစ်ခွန်းမှ မပြော။ ထိုအချိန်မှစပြီး သူတို့လူစု တောင်မကြီး၏ အနောက်ဘက်ခြမ်းကို တာဝန်ယူလုပ်ကိုင်နေသော လောပန်းလောင်းဆီသို့ ပြောင်းခဲ့ကြ၏။ လောပန်းလောင်း အမည်က အောင်ကျူး။ မြန်မာစကားကို ပီပီသသ မပြောတတ်။ သို့သော် ပေါင်းသင်းသည့်နေရာတွင် လူတန်းစား မခွဲခြားဘဲ ဆက်ဆံခဲ့၏။

ဂျာအေးနှင့် ဖျောက်ဆိပ်တို့ နှစ်ဦးသည် ကျားဆိုးတို့လူစုနှင့် ပြဿနာ မဖြစ်လိုသဖြင့် ရှောင်ရှားခဲ့ကြ၏။ တစ်ချိန်တွင် ဂျာအေးတို့ တည်းခိုရာ တဲကလေးသို့ အသက်ခြောက်ဆယ် အရွယ်ရှိသည့် လူကြီးတစ်ဦး ရောက်လာ၏။

"ဘာကိစ္စတုံးဗျ"

"ဦးနာမည် ပေါက်စပါကွယ်၊ မောင်ရင်က ဂျာအေး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဘာကိစ္စရှိလို့တုံးဗျ"

"ဒီလိုပါကွယ်"

ဦးပေါက်စက လာရင်းကိစ္စကို ပြောပြလိုက်၏။ ပြောပြသည့် ကိစ္စက တခြားမဟုတ်။ ဦးပေါက်စ မိုင်းရှူးသို့ ရောက်လာခြင်းမှာ သမီး ဖြစ်သူကို လာရောက် ခေါ်ဆောင်ခြင်း ဖြစ်၏။ သမီးဖြစ်သူ၏ အမည်မှာ နှင်းသွယ်ဟု အမည်ရ၏။

နှင်းသွယ်သည် သူငယ်ချင်းဖြစ်သူ၏ စကားကို နားယောင်ကာ မိုင်းရှူးသို့ အလုပ်လုပ်ရန် ထွက်လာခြင်း ဖြစ်၏။ ယခုအခါ နှင်းသွယ်တို့ လူသိုက်ကို ကျားဆိုးက ထိန်းချုပ်ထားပြီး နည်းမျိုးစုံနှင့် စေခိုင်းနေ၏။ ဦးပေါက်စ တောင်းတောင်းပန်ပန် ပြောသော်လည်း ကျားဆိုးက ခေါင်း တခါခါ။ နှင်းသွယ်ယူထားသည့် ပိုက်ဆံတွေရှိကြောင်း၊ နှစ်ဦးနှစ်ဖက် သဘောတူထားသည့် ကိစ္စများ ရှိနေသေးသဖြင့် ပြန်မလွှတ်နိုင်ကြောင်း မာဆတ်ဆတ် ပြောလာ၏။

ထို့အပြင် နှင်းသွယ်တို့လူစုကို ဦးပေါက်စ မြင်တောင် မမြင်ရ။ ကြားရသည့်သတင်းအရ ကျားဆိုးတို့လူသိုက် နှင်းသွယ်တို့ကို ဖမ်းဆီးချုပ် နှောင်ထားကြောင်း သိလိုက်ရလေ၏။ ထိုသတင်းကြောင့်လည်း ဂျာအေး တို့ဆီ လာ၍ အကူအညီတောင်းခြင်း ဖြစ်လေ၏။

"ဦးလေးတော့ သမီးလေးကို စိတ်ပူလှသကွယ်၊ သမီးက ဇွတ် တရွတ်လေး။ စိတ်ပိုင်းဖြတ်ပြီးပြီဆိုလည်း နောက်ပြန်မဆုတ်ချင်တဲ့ ကလေးမ။ ဟို- ကျားဆိုးဆိုတဲ့ လူကလည်း အတော့်ကို ခေါင်းမာတဲ့လူပဲ မောင်ရင်၊ အဲဒါ ဦးလည်း ဘာလုပ်ရမှန်း မသိလို့ မင်းတို့ဆီ အကူအညီ လာတောင်းတာပါကွယ်"

"ဩော်- ဒီလိုကိုး၊ ကျားဆိုးဟာ တော်တော့်ကို မိုက်ရိုင်းတဲ့လူပါ လားဗျ။ ကေနဲ့ ဦးသမီးကို သူ့လူတွေနဲ့ တစ်ဖက်လှည့် စည်းရုံးလိုက်တာ ဖြစ်နိုင်တယ်"

"သိပ်ဖြစ်နိုင်တာပေါ့ကွယ်၊ ဦးလည်း ဘာမှ မတတ်နိုင်တာနဲ့ မင်း တို့ဆီ ရောက်လာတာကွယ့်"

ဦးပေါက်စ၏ သောကစကားကြောင့် ဂျာအေးရော ကျော်ဆိပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တောက်တခေါက်ခေါက် ဖြစ်သွား၏။ တာတီးကတော့ မဝံ့မရဲ။ ဦးပေါက်စီ ပြန်သွားတော့ ဆရာတပည့်နှစ်ယောက် ခေါင်းချင်းဆိုင်ခဲ့ကြ၏။

"ဒါ တော်တော့်ကို မတရားတာဗျ"

"ဟုတ်ပ့ါကွာ၊ ငါတို့ကလည်း မတရားတာဆို လက်ပိုက်ကြည့်မနေနိုင်ဘူးကွ"

"ဟုတ်တယ်ဗျာ၊ ဦးပေါက်စကိစ္စကို ကျုပ်တို့ ကူညီလိုက်ကြရအောင်ဗျာ။ ဧကန္တ နှင်းသွယ်ဆိုတဲ့ ကောင်မလေးကို ကျားဆိုး သူ့အိမ်ကြီးထဲ ဖမ်းချုပ်ထားပုံရတယ်ဗျ။ တာတီး၊ ဒီကိစ္စ ငါတို့ကို မင်း ကူညီမှ ဖြစ်မယ်ကွ"

"ဟင်"

တာတီး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။ ကျားဆိုးနှင့် ထိပ်တိုက်တိုးဖို့ ဆိုသည်မှာ အလွန်မှ အန္တရာယ်များလှသည်ဟု တွေးမိ၏။ သို့သော် ဆရာတပည့် နှစ်ယောက်စလုံး တက်ကြွနေကြသည်မို့ တာတီးလည်း ခေါင်းမညိတ်ချင်ဘဲ ညိတ်လိုက်ရလေ၏။

သို့နှင့် ညနက်ပိုင်းသို့ အရောက်တွင် ဂျာအေးတို့လူစု ကျားဆိုး နေထိုင်ရာ အိမ်ကြီးအနီးသို့ အမှောင်ရိပ်ကိုခိုပြီး ရောက်လာ၏။ အိမ်ကြီး ပတ်ပတ်လည်တွင်လည်း သစ်ပင်ကြီးများနှင့် ဝိုင်းရံနေ၏။

ဂျာအေးသည် အိမ်နှင့် အနီးဆုံးရှိ သစ်ပင်ကြီးပေါ်သို့ မျောက်တစ်ကောင်လို တက်သွား၏။ အပေါ်သို့ရောက်သည်နှင့် အိမ်ဘက် ကိုင်းကျနေသည့် သစ်ကိုင်းကြီးတစ်ကိုင်းကို ခိုကာ အိမ်ကြီး၏ အပြင်ဘက် ထုတ်ထားသော ဝရန်တာဆီသို့ ခုန်ကူးသွားလေ၏။

ဂျာအေး၏ လှုပ်ရှားမှုက မျောက်လွှဲကျော်ကြီးတစ်ကောင် လှုပ်ရှားမှုနှယ်ပင်။ လရောင်ကလည်း တိမ်ညိုတိမ်မည်းတွေကြား မှုန်ပျပျကလေး သာနေ၏။

ဂျာအေးသည် အိမ်ကြီး ဝရန်တာပေါ် ရောက်သည်နှင့် ဖျောက်ဆိပ်တို့ကို ခြေဟန်လက်ဟန်နှင့် အချက်ပြလိုက်၏။ ထိုအခါ ဖျောက်ဆိပ်နှင့် တာတီးတို့က အသင့်ယူလာသော လောက်လေးခွများနှင့် အိမ်ကြီး၏ အောက်ထပ် မှန်တံခါးကို ပစ်ခတ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တခွမ်းခွမ်း တဂွမ်းဂွမ်း မြည်သံများနှင့်အတူ တံခါးမှန်များ ကွဲကုန်၏။ ထိုအသံများကြောင့် ကျားဆိုး၏တပည့်များ အိမ်အပြင်သို့ ထွက်လာကြ၏။ ဖျောက်ဆိပ်နှင့် တာတီးတို့နှစ်ဦး အမှောင်ရိပ်တွင် ကိုယ်ယောင်ဖျောက်လိုက်ကြ၏။

ထိုအချိန် ဂျာအေးသည် ဝရန်တာတံခါးကို ဖွင့်ကာ အိမ်ကြီးထဲသို့ ဝင်ခဲ့၏။ သူ ဝင်မိသည့်နေရာက ကျားဆိုး၏အိပ်ခန်း ဖြစ်နေ၏။ သူ အခန်းထဲ ဝင်လာချိန်တွင် ကျားဆိုးတစ်ယောက် မူးမူးနှင့် အိပ်ပျော်နေချိန် ဖြစ်၏။

ခုတင်ဘေး စားပွဲပေါ်တွင် ယွန်းသေတ္တာဘူးလေး တွေ့လိုက်ရ၏။ သေတ္တာလေးကို ဖွင့်ကြည့်လိုက်တော့ အရည်အသွေး ကောင်းလှသည့် ပတ္တမြားကြီး ငါးလုံးကို တွေ့လိုက်ရသဖြင့် အိတ်ထဲ ကောက်ထည့်လိုက်၏။

ထို့နောက် အိပ်ပျော်နေသော ကျားဆိုးကို ခုတင်ခြေရင်းတွင် ခွေထားသော မနီလာကြိုးများနှင့် ပါးစပ်အတင်းပိတ်ပြီး ချုပ်နှောင်လိုက်၏။ ကျားဆိုးခမျာ ရုတ်တရက်မို့ မလှုပ်သာ မလွန့်သာ။ တအင့်အင့် တအီးအီး အော်ဟစ်နေ၏။

ဂျာအေးသည် ကျားဆိုးကို အခိုင်အမာ တုပ်နှောင်ပြီးသည်နှင့် နှင်းသွယ်တို့ ချုပ်နှောင်ထားသည့် အခန်းကို မေးလိုက်၏။ ကျားဆိုးက သူ့ကို ကြောက်ကြောက်ရွံ့ရွံ့ ကြည့်ပြီး ခြေဟန်လက်ဟန်နှင့် ဖြေလေ၏။

ထိုအခါ ကျားဆိုးကို ခုတင်ပေါ်မှ အတင်းဆွဲချပြီး နှင်းသွယ်တို့ သူစု လှောင်ထားသည့် အခန်းတံခါးကို ဖွင့်ခိုင်းလိုက်၏။ အခန်းထဲ သုံးလေးရက်ခန့် လှောင်ပိတ်ခံထားရသဖြင့် နှင်းသွယ်တို့ သူငယ်ချင်းသုံးဦးခမျာ အကြီးအကျယ် ထိတ်လန့်နေကြ၏။

ဂျာအေးကိုမြင်တော့ လူဆိုးတစ်ဦးဟု ထင်နေ၏။ သို့သော် သူတို့ကို ဒုက္ခအကြီးအကျယ်ပေးခဲ့သော ကျားဆိုးကို ချုပ်နှောင်ထားတာ မြင်လိုက်ရသောအခါ ဝမ်းသာအားရ ဖြစ်သွား၏။

ဂျာအေးသည် သူတို့သုံးဦးကို အပြင်သို့ ခေါ်ထုတ်လိုက်၏။ ထို့နောက် ကျားဆိုး၏ နောက်ကျောကို ဓားမြှောင်နှင့် ချိန်ရွယ်ပြီး အိမ်ကြီး အပေါ်ထပ်မှ ဆင်းခိုင်းခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ကျားဆိုး၏ တပည့်ငါးဦးမှာ ဖျောက်ဆိပ်တို့၏ လက်ချက်နှင့် ယောင်ချာချာ ဖြစ်နေကြ၏။ လက်သည်ကိုလည်း ရှာ၍မရ။ မှန်ပြတင်းတံခါးတွေက တစ်ချပ်ပြီးတစ်ချပ် ကွဲကုန်သဖြင့် သူတို့အားလုံး တောက်တခေါက်ခေါက် ဖြစ်နေ၏။

ထိုအချိန်တွင် အိမ်ကြီးပေါ်မှ ဆင်းလာသော ဂျာအေးနှင့် အမျိုးသမီးတစ်သိုက်ကို ကြည့်ကာ တအံ့တသြ ဖြစ်နေကြ၏။ သူတို့ခေါင်းဆောင်ကြီး ကျားဆိုးကိုလည်း ချုပ်နှောင်ထားသည်မို့ အားလုံး နောက်တဆုတ်ဆုတ် ဖြစ်နေကြ၏။ ထိုအချိန်တွင် ဖျောက်ဆိပ်နှင့် တာတီးတို့ နှစ်ဦး ရောက်ရှိလာ၏။

"မလှုပ်နဲ့နော်၊ လှုပ်တာနဲ့ မင်းတို့ဆရာကြီး အသေပဲကွ"

"ဟာ- ဟို. . . ဟိုဒင်း"

"တိတ်တိတ်နေစမ်း၊ ဆရာဖျောက် ဒီကောင်တွေကို ကြိုးနဲ့တုပ်လိုက်"

"အေး"

ဖျောက်ဆိပ်နှင့် တာတီးတို့က ကျားဆိုး၏ တပည့်များကို ကြိုးတွေနှင့် တုပ်နှောင်လိုက်၏။ ထို့နောက် ကျားဆိုးအိတ်ထဲမှ ကားသော့ကို ဖျောက်ဆိပ်က နှိုက်ယူလိုက်၏။

"ကိုင်း- ငါတို့ လစ်ကြမယ်၊ ဒီမှာ ကားသော့ ရှိတယ်ကွ"

"ဒါဆို မြန်မြန်လုပ်ဗျို့"

သူတို့သုံးဦး အိမ်ရှေ့တွင်ရပ်ထားသော ကားဆီသို့ ကောင်မလေးတွေခေါ်ကာ အလျင်အမြန် ထွက်လာ၏။ နှင်းသွယ်တို့လူစုမှာ ဂျာအေးတို့၏ ကယ်တင်မှုကြောင့် ဝမ်းသာအားရ ဖြစ်နေ၏။

ကားပေါ်ရောက်သည်နှင့် ဖျောက်ဆိပ်က ကားစက်ကို အလျင်အမြန်နှိုးပြီး အိမ်ဝိုင်းထဲမှ မောင်းထွက်လိုက်၏။ ကျားဆိုးတို့လူစုမှာ ကြိုးတွေ တုပ်နှောင်ခံထားရသဖြင့် မလှုပ်မရှားနိုင် ဖြစ်နေကြလေ၏။

ထိုအချိန်တွင် ဖျောက်ဆိပ်တို့လူစု မောင်းနှင်လာသော ဟိုင်းလပ်ကားသည် နှင်းသွယ်၏ဖခင်ကြီးကို ဝင်ခေါ်ကာ မိုင်းရှူးနယ်မြေမှ အလျင်အမြန် ထွက်ခဲ့ကြ၏။ ဖျောက်ဆိပ်မှာ တောင်ပေါ်လမ်းများကို မမောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးသဖြင့် သတိထား မောင်းနှင်နေရ၏။

အကွေ့အကောက် ပေါလှသဖြင့် ခပ်ဖြည်းဖြည်း မောင်းနှင်ရ၏။ နှင်းတွေက လမ်းပေါ် ပျော်ဆင်းနေသဖြင့် စိုစွတ်ချွတ်ချော်နေ၏။ နောက်ဆုံး ကွေ့ကာပတ်ကာနှင့် အသည်းတအေးအေး မောင်းနှင်ခဲ့ကြရာ အချိန်အတော်ကလေး အကြာတွင် တောင်ကြီးမြို့သို့ ရောက်ရှိလာကြ၏။

နှင်းသွယ်တို့လူစုမှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်တလည်လည် ဖြစ်နေကြ၏။ ဦးပေါက်စမှာလည်း သမီးလေးကို ပြန်တွေ့ရပြီမို့ ဂျာအေးတို့လူစုကို ကျေးဇူးအတင်ကြီးတင်နေ၏။ ဂျာအေးသည် မိန်းမချောလေး သုံးဦးကို ကြည့်ပြီး သွားကြီးတဖြဲဖြဲ လုပ်နေ၏။

"ကျုပ်တို့ ဒီမှာ ဆက်နေလို့ မဖြစ်ဘူးနော်၊ ကျားဆိုးတို့လူသိုက်က မလွယ်ဘူးဗျ။ အညာဘက် ဆင်းကြရင် ကောင်းမယ်"

"မင်းကလည်းကွာ. . ."

"ဟာ- ငါပြောတာ ယုံစမ်းပါ ဂျာအေးရာ၊ ဒီလူတွေ မလွယ်ဘူး မနော်။ တောင်ကြီးမှာလည်း သူတို့လူတွေ ရှိနိုင်တယ်ကွ"

"ဟုတ်လား"

တာတီး အတော်ကလေး ထိတ်လန့်နေ၏။ ဖျောက်ဆိပ်ကလည်း တာတီးစကားကို ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ဦးပေါက်စမှာ အိမ်ထဲက အိမ်ပြင်တောင် ရဲရဲမထွက်ဝံ့။ သမီးဖြစ်သူအတွက်လည်း အစိုးရိမ်ကြီး စိုးရိမ်နေ၏။

"ဟုတ်တယ်၊ မောင်တာတီးပြောတာ ဖြစ်နိုင်တယ်ကွ။ ကျုပ်တို့က ရေနံချောင်းမှာ နေတယ်လေ၊ မောင်ရင်တို့ကရော"

"ကျုပ်တို့လည်း မကွေးကဗျ"

"ဒါဆို ဒီညနေပဲ ထွက်ကြရအောင်"

သူတို့အားလုံး အညာပြန်ဖို့ ဆုံးဖြတ်လိုက်၏။ ပြန်သာပြန်ရသော်လည်း လက်ထဲ ပိုက်ဆံက လောက်လောက်လားလား မရှိ။ နောက်ဆုံး ဖျောက်ဆိပ်က စုထားသည့် ပိုက်ဆံကိုထုတ်၍ စရိတ်လုပ်လိုက်ရ၏။

နှင်းသွယ်တို့လူစုမှာ အဝေးပြေးကားပေါ် ရောက်သည်အထိ တောကြည့်တောင်ကြည့် ဖြစ်နေကြဆဲ။ ဂျာအေးကတော့ တကယ့် သူရဲ

www.burmeseclassic.com

www.burmeseclassic.com



တောင်းကြီးအသွင်ပင်။ ရင်ကြီး တကော့ကော့နှင့် ထင်ရာတွေ ပြောဆို နေ၏။

အဝေးပြေးဂိတ်က ကားထွက်မှ သူတို့အားလုံး ဟင်းချနိုင်၏။ ထိုအချိန်တွင် ကျားဆိုးတို့လူသိုက်မှာ တရှုးရှုး ဖြစ်နေကြ၏။

"ပြဿနာပဲဟေ့"

"ဘာဖြစ်လို့လဲ ဆရာ"

"ဟာ- နတ်မျက်စိငါးလုံး ပါသွားပြီကွ"

"ဗျာ- နတ်မျက်စိ၊ ဟုတ်လား"

"ဒုက္ခပဲ၊ ဒီကျောက်ငါးလုံးဟာ သိန်းချီရနိုင်မယ့် ကျောက်ကြီးတွေကွ။ ငါ အသေအချာ ဖယ်ထားတဲ့ ပေမီဒေါက်မိ ကျောက်ကြီးတွေကွ။ နာလိုက်တာကွာ၊ မဖြစ်ဘူး မင်းတို့အားလုံး လိုက်စမ်း။ တွေ့တဲ့နေရာမှာ မေးစမ်းကွာ၊ မေးမရရင် သတ်ပစ်လိုက်။ ငါပြောတာ ကြားကြလား"

"ကြားပါတယ် ဆရာ"

"အေး- ဒါဆို ဒီနေ့ပဲ ဆင်းကြ၊ အရေးထဲ ကားပါယူသွားကြတာကွ။ မီရာကားနဲ့ လိုက်ကြစမ်း"

"ဟုတ်ကဲ့"

ကျားဆိုး၏တပည့် ပေတရာ ခေါင်းဆောင်ပြီး ဂျာအေးတို့နောက်သို့ ညတွင်းချင်း လိုက်ချလာ၏။ တန်ကြေးက သိန်းချီရှိနေသည်မို့ နတ်မျက်စိငါးလုံးကို မရရအောင် ယူရန် ကျားဆိုးက အမိန့်ပေးလိုက်၏။

ပေတရာက ခေါင်းရှိသူမဟုတ်။ တုံးတိုက်တိုက် ကျားကိုက်ကိုက် လုပ်ဆောင်မည့်သူ။ ထောင်ထဲ သုံးလေးခေါက် ရောက်ဖူး၏။ မိုင်းရှူး ရောက်နေသည်မှာ ဆယ်နှစ်ခန့် ရှိပြီဖြစ်ပြီး လူမိုက်အတော်များများကို ထိန်းထားနိုင်၏။

ယခုလည်း ကျားဆိုးဆီမှ အမိန့်ရသည်နှင့် တောင်ကြီးသို့ လိုက်ချလာ၏။ ဂျာအေးတို့ သွားတတ်လာတတ်သည့် နေရာကို ခြေရာကောက်ခဲ့၏။ ဟိုဟိုဒီဒီ မေးမြန်းစုံစမ်းခဲ့၏။ ဂျာအေးတို့လူစုကလည်း မြို့ပြင်ရှိ တည်းခိုဆောင်တွင် ခိုအောင်းခဲ့ပြီး အဝေးပြေးကား ထွက်ချိန်မှ အိမ်မှ ထွက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပေတရာတို့လူစု ဂျာအေးတို့ တည်းခိုဆောင်သို့ ရောက်ရှိလာချိန်တွင် ဂျာအေးတို့လူစု လက်မတင်ကလေး လွတ်သွားခဲ့ပြီ ဖြစ်၏။ ပေတရာတို့လူစုံ ချက်ချင်း အဝေးပြေးဂိတ်သို့ ထွက်ခဲ့ကြ၏။ သို့သော် သူတို့ အဝေးပြေးဂိတ်ထဲ ဝင်ရောက်သွားချိန်တွင် ဂျာအေးတို့ ပါသွားသည့် အဝေးပြေးကားကြီးက စခန်းထဲမှ ထွက်သွားလေပြီ ဖြစ်လေ၏။

အားလုံး အလွဲလွဲအချော်ချော် ဖြစ်နေသည်မို့ ပေတရာမှာ ကြိတ်မနိုင် ခဲမရ ဖြစ်၏။ ဂျာအေးတို့သွားမည့် ခရီး●ဆက်၍ စုံစမ်းခဲ့ကြလေ၏။ ထိုအချိန်တွင် ဂျာအေးတို့လူသိုက်မှာ အဝေးပြေးကားပေါ် တပျော်တပါး ပါသွားလေပြီ ဖြစ်၏။

❐

ဂျာအေးသည် နှင်းသွယ်နှင့် ရင်းရင်းနှီးနှီး နေခဲ့ရာမှ နှင်းသွယ်၏ ဝင်းစိုစို မျက်နှာလေးကို သတိပြုမိလာ၏။ နှင်းသွယ်နှင့်အတူ လှဝိုင်း၊ သင်းထုံတို့မှာ ဂျာအေး၏ အမူအရာကို ကြည့်ပြီး သဘောကျနေ၏။

"ဘာမှ မကြောက်နဲ့၊ ကြောက်စိတ်ရှိရင် ပါးစပ်ကသာ ဂျာအေးလို့ ရွတ်လိုက် အန္တရာယ်တွေ ပြေးပြီသာမှတ်"

"လုပ်ပြီဟာ"

"ဘာတုံး ဆရာဖျောက်ရဲ့၊ ကျုပ်ပြောတာ မဟုတ်လို့လား။ ကျုပ်အသွင်ဟာ ပေစုတ်စုတ်ပေမယ့် တကယ် အရေးကျတော့ ဘီလူးတစ်ကောင်လို သတ္တိရှိပါတယ်ဗျာ"

• "ဟုတ်တယ်၊ ကိုဂျာအေးပုံက ဘီလူးပေါက်နဲ့ တူတယ်"

လှဝိုင်းက ပြုံးစိစိနှင့် ဝင်ပြောလိုက်သဖြင့် ဂျာအေး မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။ သူ့မျက်လုံးထဲ နှင်းသွယ်၏ လက်ဝါးကလေးပိတ်ပြီး ရယ်မောပုံကို ခံတွင်းတွေ့နေ၏။

နှင်းသွယ်တို့ သားအဖကလည်း ကြောက်သွေးတစ်စက်မှ မရှိလေသော ဂျာအေးကို အံ့သြနေ၏။ ဦးပေါက်စမှာ ဂျာအေးကို ကြည့်ပြီး လူမဟုတ်ပါလေစတောင် ထင်မိ၏။

"မောင်ရင့်အသွင်ကတော့ အတော့်ကို အံ့စရာပဲဟ၊ မောင်ရင်တို့ လုပ်ခဲ့တာ ပုရွက်အုံကို တုတ်နဲ့ ထိုးခဲ့တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာ မလိုပါဘူး ဦးရာ၊ ကြောက်တတ်မယ်ဆိုရင် လောကကြီးတစ်ခုလုံးက ကြောက်စရာတွေချည်းပဲပေါ့။ လူတွေဟာ မိုးခြိမ်းတာ၊ လျှပ်လက်တာ၊ ညမှောင်တာကိုတောင် ကြောက်စရာလို့ ထင်ကြတာဗျ။ မှန်တာပြောရရင် အဲဒီ ကြောက်စိတ်ကြောင့် လူတွေဟာ တိရစ္ဆာန်တွေထက် စွမ်းရည်နိမ့်သွားနိုင်တယ်ဗျ"

"ဟော"

"ဟုတ်တယ်နော် ဆရာဖျောက်"

"ဟေလကွာ၊ ဟဲဟဲ မင်းဟုတ်ရင် ပြီးရောပေါ့ကွာ"

ဂျာအေး၏ စကားကို ဖျောက်ဆိပ်ကပါ ပြုံးစိစိနှင့် ထောက်ခံလိုက်၏။ နှင်းသွယ်သည် ဂျာအေးကို မျက်လုံးညိုညိုကြီးများနှင့် ကြည့်ရင်း ပြောလိုက်၏။

"ကိုဂျာအေးကြောင့် နှင်းတို့ လွတ်လာရတာပါ၊ ဒါပေမယ့် ကိုဂျာအေး အန္တရာယ်ဖြစ်မှာကိုတော့ စိုးရိမ်တယ်"

"ဟာ- မစိုးရိမ်စမ်းပါနဲ့ နှင်းရာ၊ ဂျာအေးဆိုတဲ့ကောင်က ပစ်တိုင်းထောင်ပါ။ လူဆိုးလူမိုက်တွေကို လူကောင်းသူကောင်းဖြစ်အောင် ဆုံးမရမယ့်တာဝန် ရှိပါတယ်"

"လုပ်ပြီဟေ့"

ဂျာအေး စကားကို ဖျောက်ဆိပ်က မျက်လုံးအပြူးသား ဖြစ်သွား၏။ အမှန်မတော့ သူကိုယ်တိုင် တောင်ပေါ်မှ မပြန်ချင်သေး။ ထောင်ကျောက်၊ ရာကျောက်ကလေးတွေနှင့် သူ မကျေနပ်နိုင်။ တစ်ချိန်ချိန်တွင် သိန်းကျောက်ကြီးတွေ ရလာနိုင်မည်ဟု ယုံကြည်မိ၏။

သို့သော် အခြေအနေက တောင်ပေါ်က မဆင်းလျှင် မဖြစ်တော့သည့်အခြေ။ ယခုဆိုလျှင် စရိတ်စကဖယ်ပြီး အိတ်ထဲ သုံးသောင်းကျော်ကျော်သာ ရှိတော့၏။

အပုလေးက သူ့ကို လောပန်းကြီး ဖြစ်စေချင်၏။ ယခုတော့ လောပန်းမဖြစ်ဘဲ မောပြန်ရသည့်ဘဝ ရောက်နေရပြီ ဖြစ်လေ၏။ လူ့တစ်လျှောက်လုံး ခေါင်းစားနေ၏။ ထိုအထဲ ဂျာအေးကလည်း ဖိုက်ဆံတွေ တွင်တွင်တောင်းကာ ဒုက္ခတော် ရေမြေရှင် လုပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်ထဲ ဝင်လိုက်သည်နှင့် အသွင်က တကယ့် သူဌေးကြီး ဂိုက်။ မှာလိုက်သည်မှာလည်း ကြက်သား၊ ဘဲသား၊ ဆိတ်သား ကောင်းပေ့ ညွန့်ပေ့တွေမှ မှာစား၏။ နှင်းသွယ်တို့ လူစုကိုလည်း ဂျာအေးက စေတနာတွေ ပိုနေ၏။ နောက်ဆုံး ပိုက်ဆံရှင်းရတော့ သူ။

ရေနံချောင်းဂိတ်ရောက်တော့ အိတ်ထဲ တစ်သောင်းတောင် မပြည့်ချင်တော့။ ဒါတောင် နှင်းသွယ်တို့လူစု ကားပေါ်က ဆင်းသွား၍သာ တော်တော့၏။ မဟုတ်လို့ကတော့ မကွေးရောက်သည်နှင့် ပိုက်ဆံတစ်ပြားမှ ကျန်တော့မည်မဟုတ်။ ဂျာအေးကတော့ နှင်းသွယ်တို့လူစုနှင့် ခွဲရသည်ကို ကြေကွဲလွမ်းဆွတ်နေပုံရ၏။

"ခွဲလိုက်ရတာ နာသဗျာ"

"ဟေ- ဘာခွဲတာတုံးဟ"

"ဩော်- ဆရာဖျောက်ကလည်း၊ နှင်းသွယ်လေးက မေတ္တာရှိစရာဗျ။ ပြုံးတာ ရယ်တာကအစ ကျုပ်အသည်းတွေ ဆတ်ဆတ်ကို ခုန်လို့ဗျာ"

"တော်ပါတော့ကွာ၊ တစ်လမ်းလုံး ကရုဏာတွေ ပိုနေတာ ငါလည်း ရှိသမျှပိုက်ဆံ ကုန်ပြီကွ။ အိမ်ရောက်ရင် အပုလေးကို ဘယ်လို မျက်နှာပြရမှန်းတောင် မသိတော့ဘူး၊ မင်းဥစ္စာ လွန်လွန်းလှသကွာ။ နေရာတကာ မချစ်စမ်းပါနဲ့"

"အင်- ဆရာဖျောက်ကတော့ လုပ်ပြီဗျာ။ ဘာတုံး၊ ဆရာဖျောက်မှာ နှလုံးသား မရှိတော့ဘူးလား။ မေတ္တာတို့၊ ကရုဏာတို့၊ မုဒိတာတို့ ဘယ်သွားထားမလဲဗျ"

"ဟေ- အဲ. . . အဲဒါတွေနဲ့ မဆိုင်ဘူးထင်တယ်ကွ"

"သိပ်ဆိုင်တာပေါ့ဗျာ၊ ပဋ္ဌာန်းဆက်ကြုံလို့ အလွမ်းဘက်ကြုံလည်း လွမ်းလိုက်၊ အချစ်ဘက်ကြုံလည်း ချစ်လိုက်နဲ့ ဘဝဆိုတာ အချစ်ဆိုတဲ့ မြစ်ကြီးထဲ စီးမျောဝေ့ဝဲနေတာဗျ"

"လုပ်ပြီဟ၊ တော်ပါတော့ကွာ။ ငါ အိမ်ပေါ်ကို ဘယ်လို တက်ရမလဲဆိုတာ စဉ်းစားလို့ကို မရတော့ဘူး"

"ဟုတ်ပါ့ဗျာ၊ ကျုပ်လည်း အကျပ်တွေ့နေပြီဗျ။ ကျုပ်က ကျုပ်မိထွေးကို စိန်ခေါ်ခဲ့တာဗျ၊ လောပန်းကြီးဖြစ်မှ ပြန်ခဲ့မယ်လို့ ကြွားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



လောပန်းမဖြစ်ဘဲ ဖောပြန်ခဲ့ရပြီဗျ"
"ဘာကွ၊ ဘာတုံး မင်းစကား"
တာတီးကလည်း သူ့မျက်နှာ တစမ်းစမ်းလုပ်ပြီး ပြောလာ၏။ ဖျောက်ဆိပ်က ကြောင်စီစီမေးတော့ မဲ့မဲ့ရွဲ့ရွဲ့ ပြောလိုက်၏။
"ဟာဗျာ သောက်လိုက်တဲ့အရက်တွေ မျက်နှာတွေလည်း ပွစိစိ၊ ဒါကြောင့် ကျုပ်ကိုယ်ကျုပ် ဖောပြန်လို့ ပြောတာပေါ့ဗျာ"
"ကောင်းရောလကွာ။ ငါကမောပြန်၊ မင်းကဖောပြန်၊ ဟိုကောင်ကတော့ ရှောပြန်ပေါ့"
"ဆရာဖျောက်၊ ကိုယ့်တပည့်ကို ဒီလိုပဲ ပြောရသလားဗျ။ မပူပါနဲ့၊ ဆရာဖျောက် ပြောသလို ဘုရားသခင်နဲ့ ကျုပ်တို့ မျက်လုံးချင်း စကားပြောထားပြီးပါပြီဗျာ"
"ဘာကွ၊ ဘုရားသခင်။ ဟာ- မိုးကြိုးတွေ ပစ်ချကုန်တော့မှာပဲကွာ"
ဂျာအေး၏ အမူအရာကို ကြည့်ပြီး ဖျောက်ဆိပ် မခံချိမခံသာဖြစ်နေ၏။ ဘာကိစ္စကိုမှ အပူအပင်မရှိသလိုပင်။ အပြုံးမပျက်၊အသောက်မပျက်။ မကွေးရောက်တော့ မြင်းလှည်းတောင် ငှားလိုက်သေး၏။
"လုပ်ပဟ၊ ရှိသမျှပိုက်ဆံ ကုန်အေးသပေါ့ကွာ"
ဖျောက်ဆိပ် ဘာမှ မပြောနိုင်တော့။ တပည့်လုပ်သူကို လက်လျှော့လိုက်ရ၏။ အိမ်ပေါ်တက်တော့ ဖျောက်ဆိပ်တစ်ယောက် ကုပ်ချောင်းချောင်း။
"ဟာ- ချစ်. . . ချစ်စိန်၊ ယောက်ဖ"
"ဟော- ကိုကြီးဖျောက်ပါလား၊ အစ်မပု ဈေးဘက်သွားသဗျ"
"ဟို- မင်း. . . မင်း ဘာလာလုပ်ပြန်ပြီလဲကွ"
"ဩော်- ကိုကြီးဖျောက်ရယ်၊ ကိုယ့်အစ်မအိမ် ကိုယ်လာလည်တာပဲဗျာ။ တွယ်ပါဦးလား၊ ကျုပ် တစ်လုံးဝယ်ထားတယ်ဗျ"
"ဟေ- ပြဿနာပါလား"
ယောက်ဖလုပ်သူ ချစ်စိန်ကို တွေ့လိုက်ရတော့ ဖျောက်ဆိပ်ရင်ထဲ ဆို့တို့တို့ကြီး ဖြစ်သွား၏။ အိမ်ကို ချောင်းပေါက်မတတ် ကြာနေသော



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖလုပ်သူကို နားမလည်နိုင်။ ထို့ပြင် အိမ်ဦးခန်းထိုင်ပြီး တစ်ခွက်တစ်ဖလား တွယ်နေသည်မှာတော့ လွန်လှ၏။

ထိုမြင်ကွင်းကို ဂျာအေး မြင်သွား၏။ ချစ်စိန်ကို မြင်လိုက်သည်နှင့် သူ့ဆရာစိတ်ထဲ ဘယ်လိုဖြစ်သွားသည်ကို ဂျာအေးက သိပြီးသား။

"ဘယ်လိုတုံး ကိုချစ်စိန်၊ ဘယ်တုံးက ရောက်သလဲဗျ"

"ဟဲဟဲ ဂျာအေးတောင် ပိန်သွားပါလားကွ၊ အေးကွာ- ရွာမှာ အလုပ်အကိုင် မကောင်းဘူးကွ။ ဒါကြောင့် မြို့ပေါ်တက်လာတာ"

"ဟုတ်လား၊ ဒါဆို အလုပ်မသွားဘဲ အရက်ချည်းပဲ ဖိသောက်နေပုံထောက်ရင် ကိုယ့်သေတွင်း ကိုယ်ရှာနေပြီထင်တယ်"

"ဟကောင် ဂျာအေး၊ မင်း ရိုင်းလှချည်လားကွ။ ဒါ ငါ့အစ်မအိမ်"

"တော်ကြစမ်းကွာ"

ဖျောက်ဆိပ် ကြားထဲက ဝင်ပြောလိုက်၏။ ဂျာအေးသည် ချစ်စိန်ကို ပြုံးထေ့ထေ့ ကြည့်လိုက်ပြီး အဝတ်အစားလဲကာ အိမ်အပြင်သို့ ထွက်သွား၏။ ထိုအချိန် အပုလေးတစ်ယောက် ဈေးခြင်းတောင်းကြီးဆွဲကာ အိမ်ဝိုင်းထဲ ဝင်လာ၏။ အိမ်ရှေ့တန်းလျားတွင် ထိုင်နေသော ဂျာအေးကို မြင်တော့ တွန့်ခနဲ ဖြစ်သွား၏။

"အလိုတော်၊ နင် နင် ဂျာအေးမှ ဟုတ်ရဲ့လား။ ဘုရား ဘုရား နင် လူလား ဝိညာဉ်လား"

"ဗုဒ္ဓေါ၊ မပုလေးကတော့ လုပ်ပြီ"

"ဟင်- နင် စကားပြောတတ်တယ်။ ဘာလဲ၊ နင် ကိုယ်ထင်လာပြတာလား။ ကေနွ နင် တောင်ပေါ်ကနေ မူးရူးပြုတ်ကျပြီး သေလို့ သရဲဖြစ်သွားပြီထင်တယ်"

"လုပ်ပြီဗျို့။ မပုလေး ကျုပ် ဂျာအေးအစစ်ပါဗျ၊ ဒုက္ခပါပဲ"

"ဟင်- ဒါ ဒါဆို နင် နင် လောပန်းဖြစ်ပြီး ပြန်လာတာလား။ ငါ့ယောက်ျားရော၊ ငါ့ယောက်ျား လောပန်းကြီးလေ"

"ဟဲဟဲ အိမ်ထဲမှာ ရှိတယ်ဗျ၊ လောပန်းတော့ မဖြစ်သေးဘူးဗျ၊ လောလောဆယ် ကျုပ်တို့အားလုံး ဖောပြီး ပြန်လာတာဗျ"

"ဘာရယ်။ ကိုရင်ဖျောက်၊ အို. . . ကိုရင်ဖျောက်၊ လာပါဦးတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေလကွယ်"

"ကိုင်း- လာစမ်းပါဦး ကိုဖောပြန်ကြီးရယ်၊ ကျုပ်ကတော့ ငါ့ယောက်ျား လောပန်းကြီး ဖြစ်လာရင် ခရမ်းချဉ်သီးလောက်ရှိတဲ့ စိန်နားကပ်ကြီး ပန်ပစ်လိုက်မယ်လို့ အံခဲထားတာ"

"ကောင်းရောလကွာ"

အိမ်ပေါ်မှ ကုန်းကုန်းကွကွ ဆင်းလာသော ဖျောက်ဆိပ် အပုလေးမျက်နှာကို ရဲရဲမကြည့်ဝံ့။ ဆေးလိပ်တိုကြီး တဖွာဖွာလုပ်ကာ တန်းလျားတွင် ဝင်ထိုင်လိုက်၏။ အပုလေးသည် လက်ထဲက ဈေးတောင်းကို စားပွဲပေါ်တင်လိုက်ပြီး ဆောင့်ကြီးအောင့်ကြီးနှင့် ဝင်ထိုင်လိုက်၏။

"ကဲ- ဘယ်နှပြား ပါလာသလဲ ပြောစမ်း"

"ဟင်၊ ဟို- ဟဲဟဲ ဟိုဒင်းကွာ။ ငါတို့ ကျင်းတွေတူးတော့ တူးတာပဲကွ၊ ပတ္တမြားတွေ ထွက်မလာဘဲ တီကောင်တွေ ထွက်လာခဲ့ကွ"

"ဘာ- အဲဒီ တီကောင်တွေ ဘာလုပ်ရမှာလဲ၊ ရှင့်ပါးစပ်ထဲ ထည့်လိုက်ပါလား"

"ဟဲဟဲ မိန်းမကလည်း ပတ္တမြား မအောင်ပေမယ့် အတွေ့အကြုံသစ်တွေတော့ ရလာပါတယ်ကွာ၊ လူဆိုတာ အသိဉာဏ်ရှိမှကွ။ အရေးကြီးတာ ဦးနှောက်ပေါ့ကွာ"

"ဘာ- ဘာတွေတုံး၊ တော်ကြီး ဘာတွေပြောနေသလဲ။ အဲဒီ ဦးနှောက်ကို ဝက်ကျွေးပစ်လိုက်"

"ဗုဒ္ဓေါ၊ မိန်းမ မင်းကလည်းကွာ"

"ဘာမင်းကလဲလည်း၊ ကျုပ်လိုချင်တာ ပိုက်ဆံလေ။ တစ်ပြားမှ မပါဘဲ ဘာဖြစ်လို့ ပြန်လာသတုံး၊ တော်တို့ ဟိုသွားပြီး ဘာသွားလုပ်ကြတာတုံး ပြောစမ်း။ ကျုပ်က ပျော်ပွဲစား လွှတ်လိုက်တယ်များ အောက်မေ့နေသလား ပြောကြပါဦး"

"ဟာ- မင်းကလည်းကွာ၊ ငါတို့ ကျင်းသွားတူးတာကွ"

"ဘာ ဘာလုပ်ဖို့လဲ၊ ကျုပ်ကို မြှုပ်ဖို့လား"

"ဟိုက်- ကြမ်းလှချည်လား မိန်းမရယ်၊ ပြောရက်လိုက်တာ။ ကိုကိုဖျောက် တောထဲတောင်ထဲ သက်စွန့်ဆံဖျား အလုပ်လုပ်ခဲ့ကြရတာပါ



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရယ်၊ မင်း မယုံရင် ဂျာအေးကို မေးကြည့်ပါကွာ"

"ဟုတ်ပ့ါဗျာ၊ မပုလေးကလည်း စွတ်ကြိမ်းနေတာပဲ။ ကျုပ်တို့ လက်ဖဝါးတွေကိုကြည့် ပေါက်တူးတွေ၊ ပေါက်ပြားတွေ ကိုင်ပြီး တောထဲ တောင်ထဲ အချိန်ပြည့် တူးဆွနေရတာဗျ။ ကိုကြီးဖျောက် တူးလိုက်တာမှ အဝီစိရောက်မတတ်ဗျ"

"ဟေ- ဟကောင်"

"အဲဒါဆို နင်တို့နှစ်ယောက် အဲဒီ အဝီစိထဲ ဆင်းသွားကြပါလား ဟဲ့။ တော်တော် အရှက်နည်းတဲ့ဟာတွေ၊ ပိုက်ဆံတစ်ပြားမှ မပါဘဲ အိမ်ကို ပြန်လာရဲသလား ပြောကြစမ်း။ ခု ကျုပ်မောင်လေး ရောက်နေပြီတော့၊ ကျုပ်မောင်လေးခမျာ အလုပ်မရှိလို့ ဒီကို အားကိုးတကြီးနဲ့ ရောက်လာ တာ။ ကျုပ်က ကြွားလိုက်ရတာ၊ တော် လော်ပန်းကြီးဖြစ်ပြီး ပြန်လာ တော့မယ်လို့ ကြွားလိုက်ရတာ အမောေ။ ခုတော့ ဘာလုပ်ကြမလဲ၊ ကျုပ် ချေးထားငှားထားတွေကလည်း အတိုးမသတ်နိုင်တော့ဘူး။ တော်တို့ ဘာ လုပ်ကြမလဲ"

"ဟေ- ဟို. . . ရှာအလုပ်. . . "

"ဘာ- ဘာရှာအလုပ်လဲ၊ သွား- ခုချက်ချင်း သွားကြ။ ကျုပ်ဆီ ပိုက်ဆံမပါဘဲ မလာနဲ့။ တော်ကြီး ပြန်လာတာနဲ့ ကျုပ်မောင်ခေါ်ပြီး ရွာပြန်ပြီသာမှတ်"

"ဗုဒ္ဓေါ"

အပုလေး၏ ပေါက်ကွဲမှုက ကြောက်ခမန်းလိလိ။ ဖျောက်ဆိပ် ခမျာ လက်ထဲက ပိုက်ဆံငါးထောင်နှင့် အပုလေး ဒေါသကို ဖြေနိုင်လိမ့် မည်ဟု ထင်ခဲ့၏။ ယခုတော့ ပိုက်ဆံငါးထောင်ကို အပုလေးက ဆတ်ခနဲ လုယူပြီး သူ့ကိုပါ အိမ်ပေါ်မှ နှင်ချနေ၏။ သူ ဘယ်လိုမှ တောင်းပန်၍ မရ။ ဂျာအေးကတော့ အပုလေး လုပ်ပုံကို ပြူးထွေထွေ ကြည့်နေ၏။

"ကိုင်း- ဘယ်လိုတုံး၊ ကျုပ်စကားကို ဆန့်ကျင်နေကြတာလား ပြောကြစမ်း။ ဒီအိမ်က ကျုပ်အမေ ဝယ်ပေးထားတဲ့အိမ်လေ၊ ကျုပ် နေကျ နပ်ရင် တော်တို့ကို မောင်းထုတ်ပစ်လိုက်လို့ရတယ် သိလား"

"မိန်းမ၊ ရက်စက်လှချည်လားကွာ။ မင်းမှာ နှလုံးသား မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတဲ့ စကားလည်း ရှိသားကွာ"

"တိတ်- ဘာမှ မကြားချင်ဘူး။ မေတ္တာတွေ၊ သစ္စာတွေ လုပ်မနေနဲ့၊ *ပိုက်ဆံမရှိရင် မေတ္တာမရှိနိုင်ဘူး ဒါပဲ။ ကျုပ်က လက်နဲ့ရေးတာကို* တော်တို့က ခြေနဲ့ဖျက်ကြတယ်။ ဒီတော့ တော်တို့ ခုချက်ချင်း ကျုပ်အိမ်ဝိုင်းထဲက ထွက်ကြစမ်း၊ အပုလေး ပြဿနာရှာရင် တော်ကြီး ဘာဖြစ်သွားမယ်ဆိုတာ မသိဘူးလား"

"ဟော- ဒီလောက်တောင်ပဲလားကွာ"

"လာပါ ဆရာဖျောက်ရာ။ သူကြင်မှကိုယ်ကြင်၊ သူမှ မကြင်တာ ရင်နာစွာနဲ့ သွားကြစို့"

"သွားသွား။ ဟဲ့- မှင်စာ၊ နင်ကများ ဒီစကား ပြောရတယ်ရှိသေး။ ဟုတ်ပြီ၊ နင်ပါသွားလို့ ဟိုမှာ အရက်တွေနင်းသောက်၊ အနိဖတ်တွေဆို့နဲ့ နောက်ဆုံး လောပန်းမဟုတ်ဘဲ ငါ့ယောကျ်ား ဖောပြန်လာတာပဲ ဖြစ်ရမယ်။ သွား- အခါပေး မှင်စာလေး"

"သွားဆိုတော့လည်း သွားရတာပေါ့ဗျာ၊ ဆရာဖျောက် မပုလေးဟာ ပယောဂတွေ ပူးနေတယ်။ သွားမယ်ဗျာ"

"ဟော- ဟို ဟိုဒင်း မိန်းမ"

"ဘာမိန်းမလဲ၊ ရှင်ကြီးပါလိုက်သွား"

"ခက်ပြီကွာ"

အပုလေးကို သူ ဘယ်လိုမှ ဖျောင်းဖျ၍ မရ။ ခါးကြီးထောက်ကာ မျက်လုံးကြီး ပြူးပြူးထွက်လာသော အပုလေးကို ကြည့်ပြီး ဖျောက်ဆိပ် ချောက်ချားလာ၏။ ထို့ကြောင့်လည်း ဂျာနအားခေါ် ရာနောက်သို့ ချာလည်ချာလည်နှင့် လိုက်ခဲ့ရ၏။

လမ်းတစ်လျှောက်လုံး ဖျောက်ဆိပ်တစ်ယောက် ပွစိပွစိနှင့် ဖြစ်နေ၏။ သူတို့၏ ဦးတည်ရာက ရပ်ကွက်အနောက်ဘက် တောကျောင်းဆီသို့ ဖြစ်၏။ တောကျောင်းတွင် ကပ္ပိယတင်ဝင်း ရှိ၏။ တင်ဝင်း ရှိနေသ၍ ထမင်းမငတ်နိုင်ဟု နှစ်ယောက်စလုံး ယူဆထားကြ၏။

တင်ဝင်းသည် ဟင်းလေးအိုးကြီးကို မီးဖိုပေါ် တင်ရင်း မီးခိုးတွေကြား မြင်လိုက်ရသောမြင်ကွင်းကြောင့် တွန့်သွား၏။

www.burmeseclassic.com



"ဟာ- ကိုကြီးဖျောက်တို့ပါလား"

ငိုက်စိုက်ငိုက်စိုက် ဝင်လာသော ဆရာတပည့်နှစ်ဦးကို ကြည့်ပြီး *တင်ဝင်း ဘုရားတ,နေရ၏။ သူတို့လာလျှင် သူပါ ကျောင်းက ခေါင်းနှင့်* ပြေးရမည့်ကိန်း။ သို့သော် သူနှင့် သောက်ဖော်သောက်ဖက်များ ဖြစ်နေ၍ တင်ဝင်း အကြိမ်ကြိမ် ခံရသော်လည်း မမှုနိုင်။ ယခုလည်း သူတို့မြင်သည် နှင့် အူယားဖားယား ကြိုဆိုလိုက်၏။

"ဟာ- ဆရာဖျောက်နဲ့ ဂျာအေးပါလား၊ ပျောက်ချက်သား ကောင်း လှချည်လားဗျ"

"အေးလကွာ၊ ငါတို့ တောင်ပေါ်ရောက်နေတာကွ"

"ဟာ- ဒါဆို လောပန်းကြီးတွေပေါ့"

"တော်ပါကွာ၊ လောပန်းဖြစ်ဖို့ နေနေသာသာ သောက်လိုက်တူး လိုက်၊ တူးလိုက်သောက်လိုက်နဲ့ နောက်ဆုံး ရှောပြန်ရတော့မလို့ကွ။ အိမ်ကမိန်းမကလည်း ငါတို့ကို မောင်းချလိုက်ပြီကွ"

"ဗျာ- မောင်းချလိုက်တယ်၊ ဒါဆို ဒီ ဒီမှာနေ. . ."

"အေးကွာ၊ ငါတို့ သုံးလေးရက်လောက် နေပါရစေကွာ"

"ဟုတ်တယ် ကိုတင်ဝင်းရာ၊ ကျုပ်တို့ ခုချိန်မှာ ဒုက္ခဆိုက်နေပြီဗျ"

"အင်- ငါက အကြောင်းမဟုတ်ပါဘူးကွာ၊ ဆရာတော်ကြီးက မင်းတို့ကို ကြိုက်ပါ့မလား"

"ကြည့်လျှောက်လိုက်ပေါ့ဗျာ၊ လောလောဆယ် ဘာရှိလဲ။ ကျုပ်တို့ ဆာလှပြီဗျ"

"ဟေ- ရှိ. . . ရှိပါတယ်ကွာ"

တင်ဝင်း ဘာမှ မတတ်နိုင်။ ကျက်သရေခန်းထဲဝင်ကာ အုပ်ဆိုင်း ထားသည့် ထမင်းဟင်းများကို ယူလာ၏။ ပွက်ပွက်ဆူနေသော ဟင်းလေး ဟင်းကိုလည်း ပန်းကန်ထဲ ဆယ်ထည့်ပြီး စားပွဲပေါ် ချပေးလိုက်၏။

နှစ်ယောက်သား ခေါင်းတောင် မဖော်နိုင်။ ဟင်းလေးဟင်း ဆို သည့်အတိုင်း အမယ်က စုံပ့ါ။ ဝက်သား၊ ချဉ်ပေါင်၊ မျှစ်၊ ရုံးပတီသီး၊ ပဲ ပြုတ်၊ ငါးခြောက် စသည်ဖြင့် ရောမွှေ ချက်ပြုတ်ထားသောဟင်း။

ငါးပိရည်ကလည်း သူကိုယ်တိုင် ဖော်ထားသည့် ငါးပိရည်။



www.burmeseclassic.com

www.burmeseclassic.com



ထွေးသီးနုနုလေးတွေ ထောင်းကာ ကြက်သွန်ဖြူ ရှောက်သီးစိမ်း၊ ငါးပနော်မီး ဖုတ်နှင့် အရသာရှိအောင် ဖျော်ထားသော ငါးပိရည်။ ဆရာတပည့်နှစ်ယောက် တစ်ပန်းကန်ပြီး တစ်ပန်းကန်။ ဝါရော်ရော် ထမင်းခဲပေါ် ဟင်းလေးဟင်းတွေဆမ်း၊ ရှောက်သီးမှုန့်တွေဖြူး၊ ငါးပိရည်တွေ လောင်းထည့်နှင့် တဗျစ်ဗျစ် နယ်ဖတ်စားနေကြသည်မှာ အံ့ဖွယ်ရာပင်။

"လျှော့လည်း တွယ်ကြပါဗျာ၊ ကျုပ်စားဖို့လည်း ချန်ကြပါဦး"

"ကောင်းလိုက်တာကွာ၊ တောင်ပေါ်မှာ အသားဘူး၊ ငါးဘူးတွေ ချည်းပဲ တွယ်ခဲ့ရတာကွ"

"ဟုတ်ပ့ါ ကိုတင်ဝင်းရာ၊ ခင်ဗျားတော့ ကုသိုလ်တွေ အများကြီး ရဦးမှာဗျ"

သူတို့နှစ်ယောက် ပလုတ်ပလောင်းနှင့် တွယ်နေကြစဉ် ကျောင်းအပေါ်ထပ်မှ ဆရာတော်ကြီး ဆင်းလာ၏။ ဂျာအေးကိုမြင်တော့ မှုန်ကုပ်ကုပ်။ ခိုတွေ၊ ဆက်ရက်တွေ ပစ်သွားကတည်းက ဆရာတော်ကြီး မကျေမချမ်း ဖြစ်နေ၏။

"ဘယ်လိုတုံးဟ၊ မပြောမဆို ငါ့ကျောင်းကို ဒုက္ခသည်စခန်းများ အောက်မေ့နေကြသလား"

"ဟာ- ဆရာတော်ကြီးပါလား"

"ဂျာအေး အကုသိုလ် ဒကာလေး၊ ဘယ်လိုဖြစ်လာပြန်ပြီတုံး။ ပစ်စရာ ငှက်တွေ၊ ကြက်တွေကုန်လို့ ကျုပ်ကျောင်း လာတွယ်နေသလား ဟင် ပြောစမ်း"

"တပည့်တော် အမိုက်အမဲကို နောက်တစ်ကြိမ် ခွင့်လွှတ်ပါဦး ဘုရား"

"ဘာကွ၊ မင်း အမိုက်အမဲကလည်း များလှပြီ။ ရပ်ကွက်ထဲ ပြဿနာဖြစ်လည်း မင်းတို့ပဲ၊ အခုလည်း ဘယ်လိုဖြစ်လာကြသတုံး။ မင်းတို့ ဆရာတပည့် တောင်းစားရတဲ့ကိန်း ဆိုက်နေပြီလားဟ"

"ဗျာ"

"ဟဲဟဲ ဆရာတော်ကလည်း စိတ်ချည်းပဲ၊ လူတစ်ခု ပူမှ တုငွေ့ ကုဋ္ဌာစကား ရှိပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း၊ အေး- ငါ့ကျောင်းမှာနေရင် ငြိမ်ငြိမ်သက်သက် နေနော်။ ပြဿနာလုပ်လို့ကတော့ ငါကိုယ်တိုင် ဆင်းရိုက်ပြီသာမှတ်"

"တင်. . . တင်ပါ့ဘုရား"

ဆရာတော်ကြီးက သူတို့နှစ်ယောက်ကို အပီအပြင် ကြိမ်းမောင်းကာ ကျောင်းပေါ် ပြန်တက်သွား၏။ ဖျောက်ဆိပ်ခမျာ မချိပြုံး ပြုံးနေရ၏။ ထိုစဉ် ဂျာအေး၏စကားသံ ထွက်လာ၏။

"ကိုတင်ဝင်း"

"ဟေ- ဘာတုံးဟ"

"ဟို- အချိုပွဲလေး ဘာလေး မရှိဘူးလားဗျ"

"ဟာကွာ၊ မင်း အတော်လွန်ပါ့။ ငှက်ပျောသီးပဲ ရှိတယ်ကွ"

"ရှိရင်လည်း ကျွေးဗျာ၊ ဒါမှ ကုသိုလ်များများရမှာ"

"တော်ပါတော့ကွာ"

တင်ဝင်းတစ်ယောက် ဂျာအေးတို့ ဆရာတပည့် ရောက်လာသည်ကို ငြိုဟ်ဆိုးဝင်လေပြီဟု တွေးကာ ရှုံ့မဲ့နေ၏။ နှစ်ယောက်စလုံးကလည်း သူ့အပေါ် ငယ်နိုင်လို ဖြစ်နေကြသဖြင့် တင်ဝင်း နင်တင်တင် ဖြစ်နေရ၏။

ဖျောက်ဆိပ်ခမျာ သူ့ဘဝ သူတွေးပြီး မချိမဆံ့ ခံစားနေရ၏။ ဆေးလိပ်ကြီး တဖွာဖွာနှင့် တန်းလျားတွင် ငုတ်တုတ်ကြီး ထိုင်နေ၏။ တောကျောင်းပေါ် ရောက်လာသည်မှာလည်း သုံးလေးရက်ခန့် ရှိပြီဖြစ်၏။ အိမ်ပေါ်ပြန်တက်ချင်သော်လည်း အပုလေးအမိန့်ကို သူ မချိုးဖောက်ရဲ။

တင်ဝင်းကို အိမ်ဘက်လှည့်ပြီး အကဲခတ်ခိုင်းနေရ၏။ ထိုအချိန်တွင် အိမ်ပေါ်ရောက်နေသော ချစ်စိန်တစ်ယောက် အစ်မလုပ်သူကို သွေးထိုးနေ၏။

"ကျုပ်လည်း အခြေအနေမကောင်းဘူး အစ်မရဲ့ အစ်မရဲ့ ယောက်ျားကလည်း သောက်စား အိမ်လည်လုပ်နေတာဆိုတော့ ဘယ်လိုလုပ် စီးပွားဖြစ်မှာလည်းဗျာ။ အမှန်ပြောရရင် ဟောဒီ အိမ်ကလေး ရှိနေလို့ပေါ့"

"ဟုတ်ပါ့ဟယ်၊ ကိုရင်ဖျောက်သာ ငါ အားကိုးရင် ငါပါ ခွက်ဆွဲရမှာပဲ။ ဒုက္ခပါပဲ၊ ငါ့ယောက်ျားက နုံအအ၊ ဟို- မှင်စာဆိုရင်ကောင်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း ထင်ရာမြင်ရာတွေ စွတ်လုပ်။ ခုဆို သူတို့အတွက် ငါ ချေးငွားပေးလိုက်ရတာ အတိုးတောင် မသတ်နိုင်တော့ဘူး ဘယ်လိုလုပ်ကြမလဲ"

"ဟာ- ဒီကိစ္စ လွယ်လွယ်လေးပါဗျာ"

"ဘာတုံး မောင်လေးရဲ့"

"ဒီလိုလေဗျာ၊ ဒီအိမ်ကို ပေါင်ပစ်လိုက်၊ ပြီးရင် ရလာတဲ့ပိုက်ဆံကို အရင်းလုပ်ပြီး အစ်မနဲ့ကျုပ် နှစ်လုံးထီတို့ ချဲတို့ ကိုင်လိုက်ရင် အပွပဲဗျာ။ ဒီကိစ္စ ကျုပ် တောင်တွင်းမှာ လုပ်ဖူးတယ်ဗျ၊ တစ်နေ့တစ်နေ့ လေးငါး ခြောက်ထောင် ဝင်ငွေရှိတာ။ ခုလိုအချိန်ကာလမှာ စွန့်စားမှ အညွန့်စားရတာဗျ။ ပြီးတော့ ပိုင်ရင် ဆွဲစားပစ်လိုက်၊ သပိတ်ဝင် အိတ်ဝင် တစ်နေ့ သောင်းချီဝင်လာနိုင်တာဗျ။ ကျုပ်က အဆင်ပြေရင် ရွာကမိန်းမပါ ခေါ် လိုက်ချင်တာဗျ"

"အိမ်း- နင့်အကြံ ဆိုးတော့မဆိုးဘူးဟဲ့၊ ဒါပေမယ့် ငါက ရောင်းမှ မရောင်းတတ်တာ"

"အို- ကျုပ်ရောင်းမှာပေါ့ အစ်မရာ၊ ကျုပ်မှာ မိတ်ဆွေတွေ အများကြီးဗျ။ ကုလားကြီးတို့ဆိုင်မှာ စတည်းချပြီး ဒိုင်ကိုင်လိုက်ရရင် အပိုင်ပဲ"

"ဟဲ့- နင်က ကုလားကြီးကို ပြောထားလို့လားဟဲ့။ ကြည့်လည်း လုပ်ပါဟယ်"

"အစ်မကလည်းဗျာ၊ ဒီကိစ္စ ကျုပ် အားလုံး စုံစမ်းပြီးပါပြီ။ အစ်မ ကသာ အချက်ပေးလိုက်ရုံပဲ"

"ဟို. . . ကိုရင်ဖျောက် မရှိတော့ ကောင်းပါ့မလား"

"အိုဗျာ- အစ်မယောကျ်ားက ကြောင်စီစီပါပဲ။ ပြီးတော့ ဂျာအေး ဆိုတဲ့ မှင်စာကလည်း ခေါင်းရှိတာ မဟုတ်ဘူး၊ ဒီတော့ ကျုပ်ပြောတာ လုပ်ဗျာ"

မောင်လုပ်သူ၏ စကားကြောင့် အပုလေး နားယောင်ပါးယောင် ဖြစ်လာ၏။ အိမ်မှာနေရင်း တစ်နေ့ လေးငါးထောင်ရသည့်အလုပ်က ဘယ်မှာမှ ရှာ၍မရ။ တစ်ယောက်တည်း တွက်ချက်ပြီး စိတ်ကူးပိတိတွေ ဝေနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အိမ်စာချုပ်ကိုင်ကာ တစ်ရပ်ကွက်ကျော်တွင် နေထိုင်သော မခွေးမတို့ဆီ ပြေးခဲ့၏။ အိမ်ဈေး၊ မြေဈေး ကောင်းနေသည်မို့ မခွေးမက ငွေငါးသောင်း ပက်ခနဲ ထုတ်ပေးလိုက်၏။

ချစ်စိန်သည် အပုလေး ပေးလာသော ပိုက်ဆံငါးသောင်းကို ကိုင်ပြီး ချိန်ဆနေ၏။ ငွေက မဖြစ်စလောက်။ သို့သော် ထို မဖြစ်စလောက် ငွေကလေးကို ကျားကုတ်ကျားခဲ အရင်းပြုရတော့မည်ဟု ဆုံးဖြတ်ကာ ကုလားကြီးတို့ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ ဒိုင်ဖွင့်ခဲ့လေ၏။

ထိုသတင်းကို သယ်လာသူက တင်ဝင်း။ ဖျောက်ဆိပ်ခမျာ မျက်ခုံး တလှုပ်လှုပ်။

"ဟုတ်ရဲ့လားကွာ"

"ဟာ- သိပ်သေချာတာပေါ့ ကိုရင်ဖျောက်ရာ၊ ခင်ဗျားတို့အိမ်ကို ပေါင်ပစ်လိုက်တာဗျ။ ချစ်စိန်က လူလည်နော်၊ တော်ကြာ အိမ်ပါပျောက်သွားမယ်ဗျ"

"ဒုက္ခပါပဲကွာ။ မဖြစ်ဘူး၊ ဒီကိစ္စကို အမြန်ဆုံးတားမှဖြစ်မယ် ဂျာအေး"

"ဘာလဲ ဆရာဖျောက်ရာ"

"ငါတို့ ပြန်ကြစို့ကွာ၊ ငါ့မိန်းမ ထင်ရာမြင်ရာတွေ စွတ်ကြဲနေပြီ။ တော်ကြာ၊ နေစရာအိမ်ပါ ပျောက်သွားရင် ဒုက္ခ"

"ကျုပ် မလိုက်ဘူးဗျာ၊ ဆရာဖျောက် သွားပေတော့။ ကျုပ် ဒီမှာ နေဦးမယ်ဗျ"

"ဟင်"

ဂျာအေး နေဦးမယ်ဆိုတော့ တင်ဝင်း မျက်စိမျက်နှာပျက်နေ၏။ သို့သော် ဘယ်လိုမှ ပြော၍ရမည့်ကိစ္စ မဟုတ်သဖြင့် ရင်ငုံနှုတ်ပိတ်နေလိုက်ရ၏။

ထိုအချိန်တွင် ဆရာကြီးဖျောက်ဆိပ်ခမျာ ရှေ့မျက်နှာ နောက်ထားပြီး အိမ်ဝိုင်းထဲ ကုပ်ချောင်းကုပ်ချောင်း ဝင်လာ၏။ ဂျာဖျောက်တစ်ယောက် ခြံထဲ တောက်တောက် တောက်တောက်နှင့် လမ်းလျှောက်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖအောကိုမြင်တော့ ဂျာဖျောက် အတင်း တွယ်တက်လာ၏။ ထိုစဉ် အပုလေးတစ်ယောက် မီးဖိုချောင်ထဲမှ ထွက်လာ၏။ လက်ထဲတွင်လည်း ယောက်မကြီး ကိုင်ထား၏။

"အလိုတော်၊ ရှင်ကြီး ဘာလာလုပ်သတုံး"

"ဟို. . . ငါ ပြန် ပြန်လာပါရစေတော့ကွာ၊ မင်းတို့နဲ့ မခွဲဘူးတော့ လူကို ရှူးမတတ်ဘဲ မိန်းမရ"

"တော်စမ်း၊ မဟုတ်က ဟုတ်ကတွေ ပြောမနေနဲ့။ ဘာလဲ၊ ကျုပ် အလုပ်ဖြစ်နေတာကြားလို့ အိမ်ပေါ်တက်လာတာလား။ ဒါ ရှင့်အစွမ်း အစ မဟုတ်ဘူးနော်၊ ကျုပ်မောင်လေးရဲ့ အစွမ်းအစကြောင့်"

"ခက်ပါ့ကွာ၊ မင်းတို့မောင်နှမ လမ်းတွေ မှားနေပြီနော်"

"မမှားဘူး၊ ခုဆို တစ်နေ့ တစ်ထောင်နှစ်ထောင် အသာလေးဝင် တယ်။ ဂဏန်းပိုင်ရင် ဆွဲတောင် စားပစ်လိုက်သေးတယ်"

"ဗုဒ္ဓေါ၊ မိန်းမ စဉ်းစားပါဦးကွာ။ ဒီကိစ္စဟာ ဘယ်လိုမှ ကောင်းတဲ့ ကိစ္စ မဟုတ်ဘူး။ မင်းမောင်က ငွေရှာတာ မဟုတ်ဘူး၊ မြွေရှာတာကွ မြွေရှာတာ"

"ဘာပြောတယ်၊ တော် ကျုပ်မောင်ကို အဲဒီလို မပြောနဲ့နော်၊ သူကြံလို့ ကျုပ်တို့ ထမင်းမငတ်တာတော့၊ တော်ကြီး ကျုပ်မောင်လို ရှာ နိုင်သလားပြော"

"ဟော- ဟို. . . ဟိုဒင်း ဟိုဟာ"

"တော်ပါတော့၊ တော့်စကားတွေလည်း ကျုပ် မယုံတော့ဘူး။ ဟို မှင်စာလေး ဘယ်ရောက်သွားပြီလဲ"

"သူ မလာရဲဘူးကွ"

"နေပစေ၊ မှတ်လောက်သားလောက်အောင် ထားလိုက်ဦး။ တော် ကြီးလည်း ကျုပ်အိမ်မှာနေရင် ကောင်းကောင်းနေ၊ ကျုပ်တို့ ရှာတာစား။ စကားမပြောနဲ့၊ တောင်တော်ဤဤ မပြောနဲ့။ ဒါပဲ"

နောက်ဆုံးတော့ ဆရာကြီးဖျောက်ဆိပ်ခမျာ ဇနီးသည် အပုလေး ကို ဘာတစ်ခွန်းမှ မပြောသာဘဲ ဇနီးသည်နှင့် ယောက်ဖလုပ်သမျှကို နှိုသက်ခံစိုနေရလေတော့၏။

□□□



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးကို နားလည်ဖို့ထက်
ကိုယ့်ကိုယ်ကိုယ် နားလည်ဖို့ လိုတယ်။
ကိုယ့်ကိုယ်ကိုယ် နားလည်ခြင်းဟာ
လောကကြီးကို
ကျေနပ်မှုဆောင်ကျဉ်းခြင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ချစ်စိန်တစ်ယောက် ငွေကလေး ငါးသောင်းနှင့် ဒိုင်ကိုင်ရသည်မှာ မျက်ခုံးတလှုပ်လှုပ်။ ဘာမှမဟုတ်သည့် ငွေကလေးနှင့် လုပ်ရသော်လည်း သောကက ရင်ထဲ ထွေးကျပ်နေ၏။

ထိုးသားတွေ များလာသော်လည်း ငွေမလိုက်နိုင်။ သုံးလေးကွက် ဆွဲစားရာမှ ဆွဲစားသည့်အကွက် ပေါက်သွားသဖြင့် မောင်နှမနှစ်ယောက် ဖျောက်ဆိပ် မသိအောင် အိမ်ကြီးပါ ထိုးအပ်လိုက်ရပြီ ဖြစ်၏။ သို့သော် အိမ်မှာ ခြောက်လတိတိ နေခွင့်ပေးထားသည်မို့ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။

ပြဿနာက သူက ဖွလိုက်သည့် ပြဿနာမို့ ကိုယ့်ပြဿနာနှင့် ကိုယ် မထွေးနိုင်မမျိုနိုင် ဖြစ်နေ၏။ အဖမ်းအဆီးတွေကလည်း များပါ့။ ပြေးရလွှားရသည်မှာလည်း အကြိမ်ကြိမ်။ ကုလားကြီးလည်း မျက်ခုံးလှုပ် နေပြီ ဖြစ်၏။

ထိုသို့ အကျပ်အတည်း ဆိုက်နေစဉ် သူ့ဆီကို ပေတရာဆိုသော လူ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။ ပြောတော့လည်း ဖခင်ကြီးဘက် က အမျိုးဟု ပြောလာ၏။

ကိုယ်ပေါ်မှာလည်း ဆွဲကြိုးကြီးက လက်သန်းလုံးလောက် ရှိ၏။ ပိုက်ဆံအိတ်ကြီး တစ်လုံးကို ချိုင်းကြားညှပ်ထား၏။ လက်ကြားမှာလည်း စီးကရက်မီးမပြတ်။ အဟိတ်အဟန့် ကောင်းလှသည်မို့ ချစ်စိန် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး အထင်ကြီးနေ၏။

ဖခင်ကြီးနှင့် ဘယ်လို တော်မှန်းတော့ မသိ။ ထိုစဉ် ပေတရာက သူ့အခြေအနေကို တီးခေါက်လာ၏။ သူကလည်း အမှန်အတိုင်း ပြောပြလိုက်၏။ ထိုအခါ ပေတစ်ရာက ငွေအထပ်လိုက် ထုတ်ပေးလာ၏။

"ဟောဒီမှာ ငွေတစ်သိန်း၊ နောက်ထပ် ငါ မင်းကို ထပ်ပေးဦးမယ်။ အရေးကြီးတာ အရင်း မပျောက်စေနဲ့ကွာ"

"ကျေးဇူးတင်လိုက်တာ ကိုပေတရာရယ်၊ အိမ်ကို လိုက်ခဲ့ပါဦးလား။ အိမ်မှာ စားပြီးသောက်ပြီး နေပါဦးလား"

"မနေတော့ဘူးကွာ၊ ငါ မင်းတို့ရွာကို သွားဦးမယ်၊ ရွာမရောက်တာ ကြာပြီဆိုတော့ ငါ့ကို မှတ်မိတော့မယ် မထင်ဘူး၊ မင်းတောင် ငါ့ကို မမှတ်မိတာကွာ"

"ဪ- ဒီလိုပေါ့ အစ်ကို ပေတရာရယ်၊ ကျုပ် ရွာအထိ လိုက်လို့ရပါတယ်"

"နေပါစေကွာ၊ ငါပြန်မှ ဝင်ခဲ့မယ်။ ပိုက်ဆံလိုလည်း ပြောပေါ့ကွာ"

"ကောင်းပါပြီဗျာ"

ချစ်စိန်တစ်ယောက် ပိုက်ဆံတစ်သိန်းကိုကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။ အစ်မလုပ်သူရှေ့ ပိုက်ဆံထုပ်ကြီး ပစ်ပေးလိုက်ပြီး ဟန်ပါပါနှင့် ပြောလိုက်၏။

"အဲဒါ ကျုပ်တို့ကို နတ်မ,လိုက်တာဗျ"

"ဟယ်- ပိုက်ဆံတွေ၊ နင်. . . နင် ဘယ်ကရသတုံး"

"ခက်ပါ့ အစ်မရာ၊ သူတော်ကောင်း နတ်ကောင်းမ,လိုက်တာဗျ"

"ဟေ- ဘယ်နတ်က မ,လိုက်တာတုံး"

"မေးမနေပါနဲ့ဗျာ၊ အရေးကြီးတာ ကျုပ်တို့အလုပ်က အသက်ဆက်လို့ ရပြီဗျ ဟားဟားဟား. . ."

"ငါ့မောင်က တကယ် တော်တာပဲကွယ်၊ အားကိုးပါတယ် မောင်လေး"

"ယောက်ဖကြီးရော ဘယ်သွားတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်းပဲဟော့၊ ငါ့ဆီက အရက်ဖိုးတောင်းပြီး ထွက်သွားလေရဲ့"

"ခက်ပါ့ဗျာ၊ အိမ်ထောင်ဦးစီး ဖြစ်လာမှတော့ အလုပ်ကို လက်ကြောတင်းအောင် လုပ်မှ ဖြစ်မှာပေါ့ဗျာ"

"ပြောမနေစမ်းပါနဲ့၊ အစ်မ သူ့ဝင်ငွေကြွေးရှိတယ်လို့ပဲ မှတ်ရမှာပေါ့ကွယ်"

ချစ်စိန်တစ်ယောက် သူ့အစ်မရှေ့တွင် အမှတ်တွေ အများကြီး ရနေ၏။ အလုပ်ကိုလည်း ပို၍ တိုးချဲ့လိုက်၏။ ထိုအချိန် ဆရာကြီးဖျောက်ဆိပ်ခမျာ မသေးသေးတို့ဆိုင်တွင် ညောင်နာနာနှင့် ထိုင်နေ၏။

တပည့်ကျော် ဂျာအေးကတော့ ထုံးစံအတိုင်း အမဲကျော်တစ်တုံးကို တဒုတ်ဒုတ် မှိန်းဝါးနေ၏။

"ဟကောင်၊ မင်းကလည်း ခွေးအမဲရွတ် ဝါးသလို မှိန်းနေပါလားကွ"

"ဗျာ၊ ဟာ- နှိုင်းရက်လိုက်တာ ဆရာဖျောက်ရာ၊ ဆရာဖျောက်ဘာတွေဖြစ်နေပြီတုံးဗျ။ ဧကန္တ မပုလေးက ရိုက်ချက်ပြင်းပြင်းနဲ့ ရိုက်နေပြီထင်တယ်"

"ဟုတ်ပါ့ကွာ၊ အပုလေးနဲ့ ချစ်စိန် ပေါင်းပြီး ပြဿနာရှာနေပြီကွ။ ငါတို့နေတဲ့အိမ်ပါ ပေါင်ထားတယ်လို့ ကြားသကွ။ ခက်ပြီ၊ ငါ့မိန်းမ ရေလိုက်လွဲနေပြီ ဂျာအေးရာ"

ဖျောက်ဆိပ်တစ်ယောက် ရှုံ့တီးရှုံ့မဲ့ ပြောဆိုနေစဉ် ဆိုင်ရှင်မသေးသေး လေသံတိုးတိုးနှင့် ကြားဝင်ပြောလာ၏။

"ကိုကြီးဖျောက်"

"ဘာတုံး မသေးသေးရဲ့၊ အကြွေးဆပ်ဖို့ ပြောဦးမလို့လား"

"အို- အဲဒါက အရေးမကြီးပါဘူးတော်၊ အရေးကြီးတာ တော့်ကိစ္စ"

"ဟေ- ဘာဖြစ်လို့တုံးဟ၊ ငါ ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ တော့်ယောက်ဖကြီးလုပ်တာ မကြားလိုက်ဘူးလား"

"ဟေ- ဘာ. . . ဘာတွေလုပ်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကြားတာတော့ xxx. . . xxx"

မသေးသေး၏ တိုးတိုးတိတ်တိတ် ပြောလာသောစကားကြောင့် ဖျောက်ဆိပ် ပါးစပ်ကြီး အဟောင်းသား ဖြစ်သွား၏။ ဂျာအေးသည် သူ့ဆရာကိုကြည့်ပြီး အသက်မှ ရှိသေးရဲ့လား တွေးကာ သတိပေးလိုက်ရ၏။

"ဆရာဖျောက် သတိထားစမ်းပါဗျာ၊ ပစ္စည်းသခင်ရ လူသခင်ရပါဗျာ။ အိမ်တစ်လုံး ပျောက်သွားတော့လည်း နောက်အိမ်တစ်လုံး ရောက်လာမှာပေါ့ဗျ"

"အင်- သွားရောလကွာ၊ တော်တော် မိုက်ကန်းကြတာပဲ။ နတ်နေကိုင်းတောင် ချိုင်ချတဲ့မိန်းမ၊ မပေါင်းဘူးကွာ။ ပေါင်းကို မပေါင်းတော့ဘူး"

"ဟာဗျာ၊ ဒီလိုတော့ မလုပ်နဲ့လေဗျာ"

"မရဘူး၊ ငါ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တော့ဘူး။ ဒါ ငါ့ယောက်ဖလက်ချက် ဖြစ်ရမယ်။ ခွေးမသား ချစ်စိန်၊ ငါတို့မိသားစုကို ချောက်ထဲဆွဲချတဲ့ကောင်။ ဒီမိန်းမ မှတ်လောက်သားလောက်အောင်တော့ ပစ်ထားမှဖြစ်မယ်။ တော်ပြီ၊ ငါ အိမ်မပြန်တော့ဘူးကွ။ ငါ အရမ်း စိတ်နာသကွာ၊ အိမ်ပြန်ရင် အဲဒီဟာမကြီးကို ရိုက်ခွဲမိလိမ့်မယ်"

"ဟင်- သေချာရဲ့လား ဆရာဖျောက်ရယ်၊ အချင်းချင်းတွေ ကြားနေပြန်ပြီ"

"ဟကောင်၊ ဒီတစ်ခါ ငါ အတော့်ကို ပေါက်ကွဲတာကွ။ မိုက်လိုက်တဲ့မိန်းမကွာ၊ အတော့်ကို ချမ်းသာချင်တဲ့ဟာ လမ်းပေါ် ရောက်တော့မယ်ကွ။ မပြန်ဘူးကွာ၊ ဖျောက်ဆိပ်ရဲ့တန်ဖိုးကို မသိတဲ့မိန်းမ နေပစေကွာ"

ဖျောက်ဆိပ် တကယ်တမ်း ပေါက်ကွဲလာပြီ ဆိုတော့လည်း ဂျာအေးမပြောသာတော့။ ဖျောက်ဆိပ်ဘာလုပ်လုပ် ဂျာအေးက ထောက်ခံပြီးသား။ ယခုလည်း ပွစိပွစိ လုပ်နေသော ဖျောက်ဆိပ်၏စကားကို ဂျာအေးက ပင့်ပေးလိုက်၏။

"ကောင်းတယ်ဗျာ၊ မိန်းမနဲ့ခွာ မသနားနဲ့ဆိုတဲ့ စကားလည်း ရှိသားပဲဗျာ"

"ဟေ"

"ဟုတ်တယ်လေ ဆရာဖျောက်၊ ကျုပ်လည်း ထောက်ခံသဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နဲ့ တောကျောင်းကို လိုက်ခဲ့ဗျာ၊ လောကကြီးကို ကျုပ်တို့က နားလည်အောင် ကြိုးစားပေမယ့် လောကကြီးက ကျုပ်တို့ကို နားမလည်ဘူးဗျ"

"ဟုတ်သကွာ၊ နားမလည်တဲ့ လောကကြီး ပစ်ထားတာပဲ ကောင်းလှသကွာ။ တွယ်စမ်းကွာ၊ ဟောဒီ အရက်တစ်ခွက်လောက်တောင် သစ္စာမရှိတဲ့ မိန်းမ"

"ဟုတ်ပ့ါဗျာ၊ အမှန်တော့ ဆရာဖျောက် လိုတာဗျ"

"ဟေ- ဘာဖြစ်လို့တုံးဟ"

"ဟာ- မပုလေးကို ယူကတည်းက အရိုးအသား မကျန်အောင် ကြိတ်ပစ်လိုက်ရမှာဗျ"

"ဟာ- မင်းဥစ္စာကလည်း"

"ဟုတ်တယ်လေ၊ မယားနေမှ ကြောင့်သေစတဲ့ဗျ။ ယူတုန်းက ကြောင်တွေ ရိုက်ပြခဲ့ရတယ်ဗျ"

"ဟာ- မင်းကလည်း ငါ သူများပြောလို့ ကြောင်တွေ တစ်ကောင်ပြီးတစ်ကောင် ရှာရိုက်ခဲ့တာကွ။ အဲဒါ ငါ့မိန်းမက ငါ ရိုက်လာတဲ့ကြောင်တွေ ချက်ပြီး အရသာတွေ့နေလို့ နောက်ထပ် ရိုက်ပါဦးတောင် ပြောလာတာကွ"

"ဗျာ၊ ဒါဆို မပုလေးက မလွယ်ပါလားဗျ"

"အဲဒါပြောတာပေ့ါကွာ၊ ငါ့မိန်းမအကြောင်း ငါ အသိဆုံးကွ။ တော်ပြီကွာ"

ဆရာတပည့်နှစ်ယောက် အသံဗလံတွေ တိတ်ဆိတ်သွား၏။ ထိုအချိန်မှစပြီး ဖျောက်ဆိပ်တစ်ယောက် အိမ်ကို မပြန်တော့။ ဂျာအေးနှင့်အတူ တင်ဝင်းတို့ ဘုန်းကြီးကျောင်းမှာပဲ ကပ်ပြီး လုပ်ခဲ့၏။

တင်ဝင်းခမျာ တထိတ်ထိတ်။ ဆရာတော်ကြီး ငြိုငြင်မှာလည်း တင်ဝင်း ကြောက်နေ၏။ တစ်ချိန်တွင် အရပ်လူကြီး ဦးရွှေတောင်တို့ ဆရာတပည့်နှစ်ဦး ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိလာကြရာ ဂျာအေးတို့ဆရာတပည့်ကို မြင်သွား၏။

"ဟင်- မင်းတို့နှစ်ယောက် ဒီမှာကိုး၊ ဒါကြောင့် တစ်ရပ်ကွက်လုံး ငြိမ်းချမ်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- အရပ်လူကြီးကလည်းဗျာ၊ ကျုပ်တို့က ဘုရားရှိခိုး တရားနာ ခိုနေကြတာပါဗျာ။ ရေထဲက ရွှံ့ကို ရေနဲ့ပဲ ဆေးကြောရမယ်ဆိုတော့"

"တော်စမ်းပါ ဖျောက်ဆိပ်ရာ၊ မင်းတို့ကိုယ်မင်းတို့ ထင်ရာမြင်ရာ စွတ်မပြောစမ်းပါနဲ့ကွာ။ ဒါထက် မင်းကို ပြောရဦးမယ်ကွ"

"ဗျာ၊ ဘာတုံးဗျ"

"မင်းယောက်ဖ ချစ်စိန်က ကုလားကြီးဆိုင်မှာ ထိုင်ပြီး ဒိုင်ဖွင့်နေပါလားကွ။ လူတွေလည်း တရုံးရုံးနဲ့ ကြည့်ပြောပါဦးကွာ"

"အိုဗျာ၊ ဒီကိစ္စ ပြောလို့မရလို့ ကျုပ်လည်း ဒီလာခိုနေရတာ အရပ်လူကြီးရဲ့"

"ဟေ- ကောင်းရောကွာ၊ မင်းမိန်းမကို လွှတ်မထားနဲ့နော်။ ငါသိထားတာတော့ မင်းတို့မိသားစု အိမ်ပေါ်က ဆင်းပေးရတော့မှာကွ"

"မသိဘူးဗျာ၊ ဒါ ကျုပ်စီစဉ်တာ မဟုတ်ဘူး။ သူ့မောင်ပြောတဲ့အတိုင်းလုပ်တာ၊ ကျုပ်လည်း မတတ်နိုင်ဘူး အရပ်လူကြီးရာ။ လောကမှာ ကိုယ့်ကိုယ်ကိုယ်တောင် ပိုင်တာမှ မဟုတ်ဘဲဗျာ ကမ္ဘာသကာပေါ့"

"ဟေ"

အရပ်လူကြီးလည်း ဘာတစ်ခွန်းမှ မပြောသာတော့။ ညောင်နာနာနှင့် ထိုင်နေသော ဖျောက်ဆိပ်ကိုကြည့်ပြီး ကျောင်းပေါ်တက်သွားလေ၏။

ထိုအချိန်တွင် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေသူက အပုလေး။ အိမ်ပေါ်မှ ဆင်းပေးရတော့မည်မို့ အိပ်မရစားမရ ဖြစ်နေ၏။ မောင်ဖြစ်သူကို ပြောတော့လည်း ခပ်ပေါ့ပေါ့ပင်။

"ဒုက္ခပါပဲ မောင်လေးရယ်၊ ဒီလကုန်ဆို ငါတို့ အိမ်ပေါ်က ဆင်းရတော့မှာ ကြည့်လုပ်ပါဦးဟယ်"

"အစ်မကလည်း ပူစရာမရှိ ကြံဖန်ပူနေတယ်ဗျာ၊ နေစရာအိမ်မရှိတော့လည်း ရွာပြန်ရုံပဲပေါ့ဗျာ"

"အလိုတော်၊ ဒုက္ခပါပဲ"

အပုလေးတစ်ယောက် မရှုနိုင်မကယ်နိုင် ဖြစ်နေ၏။ ပယောက်ျားလုပ်သူ ဖျောက်ဆိပ်ကိုလည်း တတ,တ ဖြစ်နေ၏။ ထိုအချိန်တွင် ချစ်စိန်တစ်ယောက် ပေတရာကို အိမ်ခေါ်လာ၏။ ရွှေတွဲလွဲ၊ ငွေတွဲလွဲ ညော့်သည်



www.burmeseclassic.com

www.burmeseclassic.com



မို့ အပုလေး ပျာပျာသလဲ ဖြစ်နေ၏။

"အစ်မ၊ ဒါ ကျုပ်တို့အဘဘက်က အမျိုးဗျ။ နာမည်က ကိုပေတရာလေ၊ တစ်လောက ပိုက်ဆံပေးသွားတာ သူပေါ့"

"ဟုတ်လား၊ ကျေးဇူးတင်လိုက်တာ ကိုပေတရာရယ်။ အစ်မတို့အခြေအနေက ရွှေတစ်နေ့ ငွေတစ်နေ့ကွယ့်"

"မပူပါနဲ့ အစ်မကြီးရာ၊ ကိုင်း- အခု ဘာတွေဖြစ်နေပြီလဲပြော။ ကျွန်တော် ဘာကူညီရမလဲပြော"

ပေတရာ၏စကားကြောင့် မောင်နှမနှစ်ယောက် ဝမ်းပန်းတသာ ဖြစ်နေကြ၏။ အိမ်ကိစ္စကိုလည်း ပွင့်ပွင့်လင်းလင်း ပြောပြလိုက်၏။ သူတို့စကားကြောင့် ပေတရာက ခပ်ထေ့ထေ့ ပြုံးလိုက်၏။ ငါးသုံးလုံးစီးကရက်ဘူးကိုဖောက်ကာ စီးကရက်တစ်လိပ် ထုတ်၍ မီးညှိဖွာရှိုက်လိုက်၏။

"အဲဒီကိစ္စ မပူပါနဲ့ဗျာ၊ ဒီကိစ္စ ကျုပ်တာဝန်ထား။ ဟောဒီအိမ်ကြီးကို အစ်မတို့ ပြန်ရစေရမယ်"

"ဟင်- တကယ် ပြောတာလားကွယ်"

"တကယ်ပြောတာပေါ့ဗျာ၊ တစ်ခုတော့ ရှိတယ်"

"ဘာများတုံးကွယ်"

"လောလောဆယ် ကျုပ်လုပ်နေတဲ့ အလုပ်ကို ပြောပြမယ်။ ကျုပ်က ကျောက်အရောင်းအဝယ် လုပ်နေတာဗျ။ အဲဒါ အစ်မယောက်ျားကိုဖျောက်ဆိပ်နဲ့ ကိုဂျာအေးတို့က တောင်ပေါ်က ဆင်းလာကြတာဆို"

"ဟုတ်ပါ့တော်"

"ဒါဆိုရင် ကျောက်တွေဘာတွေ ပါမလာဘူးလား၊ ပါလာရင် ကျွန်တော် ဝယ်မလို့"

"အလိုတော်၊ ကျောက်မပြောနဲ့ လူတောင် ဖောပြီးပြန်လာကြတာ မောင်လေးရာ။ အလကား ယောက်ျားပါကွယ်၊ ဟို- ဂျာအေးဆိုတဲ့ မှင်စာက ပိုဆိုးသေး"

"ဟုတ်လား၊ သေချာရဲ့လားဗျာ"

"သေချာပါရဲ့တော်၊ ကျောက်မပြောနဲ့ ခဲလုံးတစ်လုံးတောင် ပါမလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ပေတရာတစ်ယောက် အပုလေးစကားကြောင့် တွေခနဲ ဖြစ်သွား၏။ သို့သော် စိတ်ထဲ သိပ်တော့မသက်သာလှ။ ဖျောက်ဆိပ်တို့ ခြေရာဖျောက်နေသည် ဟူ၍သာ ထင်မိ၏။ ယုတ္တိယုတ္တာရှိအောင် လှည့်ဖြားနေသည်ဟု ထင်မိ၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ်တို့ အခြေအနေကို မသိမသာ မေးလိုက်၏။

"နေပါဦး၊ ကိုဖျောက်ဆိပ်တို့လည်း မမြင်ပါလား"

"အိမ်ပေါ်က ဆင်းသွားပြီလေ၊ အစ်မလည်း လိုက်မခေါ်ချင်တော့ဘူး။ သူက စိမ်းကားမှတော့ ကိုယ်လည်း စိမ်းပြရမှာပေါ့"

"မဟုတ်တာဘဲ အစ်မကြီးရယ်၊ လင်မယားပဲဗျာ။ ဒါဆို ခု သူတို့ဘယ်မှာနေကြသတုံးဗျ။ ကိုဖျောက်ဆိပ်ကို ကျွန်တော် သိပါတယ်ဗျာ"

"ကြားတာတော့ တောကျောင်းဘက် ရောက်နေတယ် ကြားတာပဲ"

"ဟုတ်လား၊ ကိုင်း- အိမ်ကိစ္စ ဘာမှမပူနဲ့။ ဟောဒီ အိမ်ကြီးကို ကျွန်တော် ပြန်ရွေးပေးမယ်"

"ဟင်- တကယ်လား"

"တကယ်ပေါ့ဗျာ၊ ကျွန်တော် ရှိလာတော့လည်း ကိုယ့်အမျိုးကိုယ်ပြန်ပြီး စောင့်ရှောက်ရမှာပေါ့ဗျာ"

"ဟင်- ဝမ်းသာလိုက်တာကွယ်"

"အစ်မ၊ ကျုပ်တို့ကို နုတ်မ,လိုက်ပြန်ပြီဗျ"

"ဟုတ်ပါ့တော်၊ အစ်မတော့ ဘယ်လိုဝမ်းသာမှန်းတောင် မသိတော့ပါဘူးကွယ်"

မောင်နှမနှစ်ယောက် အပျော်ကြီး ပျော်နေကြ၏။ ပေတရာသည် ပိုက်ဆံအိတ်ကြီးကို ဖွင့်လိုက်ပိတ်လိုက် လုပ်ပြနေ၏။ ကော့စမိတ်လူးထားသော ဘိုကေဆံပင်ကလေးကိုလည်း တသသ လုပ်နေ၏။

"ကိုင်း- လောလောဆယ် ကျုပ်မှာ ပိုက်ဆံနည်းနေတယ်၊ ဒီတော့ကိုချစ်စိန် ဟိုတယ်လိုက်ခဲ့ဗျာ။ ဟိုတယ်လိုက်ပြီး ယူပေတော့"

"လိုက်မယ်ဗျာ၊ လိုက်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ချစ်စိန်တစ်ယောက် ဖင်တကြွကြွ ဖြစ်နေ၏။ အပုလေးမှာလည်း ပေတရာကို ကြည့်ရင်းကြည့်ရင်း နတ်သိကြားတစ်ပါးလို ထင်ယောင်ထင်မှား ဖြစ်နေ၏။ ကံကြမ္မာကိုလည်း အံ့ဩ၍ မဆုံးတော့။ နောက်ဆုံးတော့ ချစ်စိန်တစ်ယောက် ပေတရာနောက် ကောက်ကောက်ပါအောင် လိုက်သွားလေတော့၏။

အပုလေးတစ်ယောက် အိမ်ထဲ ကောင်းကောင်း မထိုင်နိုင်။ အိမ်ရှေ့တန်းလျားတွင် ထိုင်ကာ မောင်ဖြစ်သူကို မျှော်နေ၏။ မျက်လုံးထဲတွင်လည်း ပိုက်ဆံအထပ်လိုက်ကြီးကို မြင်နေ၏။ ထမင်းတောင် ဖြောင့်ဖြောင့် မစားနိုင်။ မောင်ဖြစ်သူ လာရာလမ်းကို တမျှော်မျှော် လုပ်နေ၏။

ထိုသို့ မျှော်ရင်းမျှော်ရင်း ညဉ့်နက်သထက် နက်လာ၏။ ချစ်စိန်ကို အရိပ်အယောင်တောင် မမြင်ရ။ စိတ်ထဲ စိုးထိတ်လာ၏။ ပိုက်ဆံတွေ ယူလာတုန်း လမ်းမှာ လူမိုက်တွေနှင့် တွေ့နေပြီလား။ တောင်တွေးမြောက်တွေးနှင့် ကလေးကို ချော့သိပ်ရင်း သူပါ အိပ်ပျော်သွားခဲ့လေ၏။

နောက်တစ်နေ့ မိုးစင်စင်လင်းသည်အထိ မောင်ဖြစ်သူ ရောက်မလာ။ အပုလေး စိတ်တွေ အပူကြီးပူနေ၏။ ထိုအချိန်တွင် ချာတိတ်ကလေးတစ်ဦး သူ့အိမ်ပေါ်သို့ ရောက်လာကာ စာတစ်စောင် ပေးသွား၏။

အပုလေးသည် စာကို ဖွင့်၍ ဖတ်ကြည့်လိုက်၏။

*အစ်မရေ-*

*ကျုပ်ကို ကယ်ပါဦး။ ကျုပ်ကို လူဆိုးတွေ ဖမ်းထားတယ်၊ သူတို့က ကိုကြီးဖျောက်ဆီမှာ ကျောက်ငါးလုံး ရှိတယ်တဲ့။ အဲဒီ ကျောက်ငါးလုံးရမှ ကျုပ်ကို လွှတ်ပေးမယ်တဲ့။*

"အောင်မယ်လေးတော်၊ ဘုရား ဘုရား ဒါဆို ငါ့မောင်ကို ပေတရာဆိုတဲ့လူ ဖမ်းထားပြီပေါ့။ ဒုက္ခပါပဲ၊ ကျောက်ငါးလုံး. . . ဘယ်က ကျောက်ငါးလုံးလဲ။ လူတောင် ဖောပြီးပြန်လာတာ။ ပြဿနာပဲ၊ ငါ ဘာလုပ်ရမလဲ"

စာကိုဖတ်ပြီး အပုလေး ပျာယာခတ်နေ၏။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။ ပါးစပ်ကလည်း ဘုရားတ,နေ၏။ နောက်ဆုံး အရပ်လူကြီး ဦးရွှေတောင်ဆီ ကလေးခါးထစ်ခွင်ပြီး ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့- ဘာဖြစ်လာပြန်ပြီတုံးဟ"

"ကယ်ပါ အရပ်လူကြီးရယ်၊ ကျုပ်တို့တော့ ဒုက္ခရောက်ပါပြီရှင်"

"ဟေ- ဘာတွေတုံး၊ ငါ့ကို ရှင်းရှင်းပြောစမ်း။ နင် ဘာတွေ ဖြစ်လာတုန်းဟ"

"ဒီလိုပါရှင်"

"xxx. . . xxx"

အပုလေးသည် မောင်ဖြစ်သူ၏ အခြေအနေကို ရှင်းပြလိုက်၏။ အရပ်လူကြီးသည် ခေါင်းတကုတ်ကုတ် လုပ်နေ၏။ စိတ်ထဲလည်း ဇဝေဇဝါ ဖြစ်နေ၏။ ယုံရခက်ခက် ဖြစ်နေ၏။ ထို့ကြောင့်လည်း အပုလေးကို ခပ်ဝါးဝါး ကြည့်ရင်း မေးလိုက်၏။

"ဟဲ့- နင့်ယောက်ျားဆီမှာ ကျောက်ငါးလုံး တကယ်ရှိသလား"

"အလိုတော်၊ ကြဲကြီးစည်ရာ။ ကျောက်ဆိုလို့ မျက်နှာမှာ ကျောက်နှစ်လုံး၊ လည်ပင်းမှာ နှစ်လုံးပဲ ရှိတယ်"

"ဟေ- အဲဒါ ဘာကျောက်တွေလဲ။ ပတ္တမြားလား၊ စိန်လား"

"အို- အရပ်လူကြီးကလည်း၊ ကျုပ်က ကျောက်ပေါက်ခဲ့တဲ့ အမာရွတ်ကို ပြောတာတော့"

"ဟေ- နင့်စကားကလည်း ရှုပ်ပါ့ဟာ၊ ဒါဆို ဖျောက်ဆိပ်ဆီမှာ မရှိတာ သေချာပြီပေါ့"

"မရှိပါဘူးတော့၊ လူတောင် လောပန်းမဖြစ်ဘဲ ဖောပြန်လာရတာတော့"

"အင်- ကောင်းရောကွာ၊ ဒါဆို အဲဒီ ပလာတာ"

"အို- ပေတရာပါတော်၊ ဂိုက်ဆိုက်ကလည်း ကောင်းပါ့။ ကိုယ်ပေါ်မှာလည်း ရွှေတွေညွတ်လို့၊ ပြီးတော့ တစ်လောက ကျုပ်တို့ကို ငွေတစ်သိန်းတောင် ထုတ်ပေးခဲ့တာတော့။ အခုလည်း အိမ်ရွေးပေးမယ်ဆိုလို့ မောင်လေးက လိုက်သွားတာလေ၊ ခုတော့ မလွယ်ပါလား။ ကယ်ပါဦး အရပ်ကြီးရယ်"

"ဟေ- ဘာစကားတုံးဟ"

"အဲ- မှားသွားလို့ပါတော်၊ လုပ်ပါဦး အရပ်လူကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်တော့ ငါတစ်ယောက်တည်း လုပ်လို့မရဘူးဟ၊ ဒီကိစ္စ စခန်းကိုပါ အကြောင်းကြားမှ ဖြစ်မယ်"

"ဖြစ်ပါ့မလားတော်"

"ဟာ- ဒါ ရာဇဝတ်မှုလေ။ ကိုင်း- ဒီတော့ ငါနဲ့သာ လိုက်ခဲ့ပေတော့"

"ရှင်၊ ဘယ်ကိုလိုက်ရမှာတုံးတော့"

"စခန်းသွားမှာပေါ့ဟဲ့"

နောက်ဆုံးတော့ အပုလေးတစ်ယောက် အရပ်လူကြီးနှင့်အတူ စခန်းသို့ ရောက်ရှိလာ၏။ ထိုအချိန်တွင် ဌာနာအုပ်မောင်ပိန်တစ်ယောက် ထိုင်ခုံပေါ် ဆောင့်ကြောင့်ကြီးထိုင်ကာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး နုတ်နေ၏။

တပည့်ကျော် မောင်ရွှေသည် ထူထဲလှသော စုံထောက်စာအုပ်ကြီးကို ဖတ်နေ၏။ ထိုစဉ် အရပ်လူကြီး ဦးရွှေတောင်နှင့် အပုလေးတို့ ဝင်လာ၏။

"ဟော- အရပ်လူကြီးပါလား"

"ဟုတ်ပါ့ဗျာ၊ ပြဿနာပေါ်လာလို့ဗျို့"

"ဟင်- ပြဿနာ၊ ကောင်းပါ့ဗျာ။ ကျုပ်တို့က ပြဿနာတွေ ထိုင်စောင့်နေတာဗျ။ ပြော- ဘာအမှုလဲ၊ လူသတ်မှုလား၊ ဓားပြမှုလား။ သူက ဘယ်သူလဲဗျ"

"ဟောဒါ ဖျောက်ဆိပ်မိန်းမ အပုလေးလေဗျာ"

"ဟင်- ကိုဖျောက်ဆိပ်မိန်းမ"

ဖျောက်ဆိပ်၏မိန်းမ ဆိုလိုက်သည်နှင့် မောင်ပိန်တစ်ယောက် မျက်ခုံးလှုပ်သွား၏။

တပည့်ကျော် မောင်ရွှေကလည်း ဖျောက်ဆိပ် ဆိုလိုက်သည်နှင့် လက်ထဲကစာအုပ်ကို ဘေးချပြီး ပြူးကြောင်ကြောင်နှင့် ကြည့်လိုက်၏။ အပုလေး၏ ပျာယာခတ်နေသော အသွင်ကို ကြည့်လိုက်သည်နှင့် မောင်ရွှေက ခေါင်းတညိတ်ညိတ်။

"ဟကောင်၊ မင်းက ဘာခေါင်းညိတ်နေတာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်- ဆရာပိန်ကလည်း၊ လူတစ်ယောက်ရဲ့ ရုပ်လက္ခဏာ ကြည့်လိုက်တာနဲ့ ဘာဖြစ်လာတယ်ဆိုတာ ကျုပ်က တန်းသိနေပြီဗျ"

"ဟော- ဒါဆို ပြောစမ်းကွာ"

"ဧကန္တ မပုလေး လည်မျိုကို ကိုဖျောက်ဆိပ် ဖြတ်နင်းလိုက်ပြီ ထင်တယ်"

"ဘုရားရေ"

မောင်ရွှေစကားကြောင့် အရပ်လူကြီး ကြောင်စီစီ ဖြစ်နေ၏။ အပုလေးခမျာမှာလည်း သူ့လည်ပင်း သူစမ်းကာ အသည်းတယားယား ဖြစ်နေ၏။ ထိုစဉ် ဌာနာအုပ် မောင်ပိန်က ကြွားကြွားဝင့်ဝင့် ပြောလိုက်၏။

"ဘယ်လိုတုံး အရပ်လူကြီးရ၊ ကျုပ်တပည့်ပြောတာ ဟုတ်နေပြီ မဟုတ်လား။ အဲဒါပဲလေ၊ ကျုပ်တပည့်က စုံထောက်စာအုပ်တွေ ဖတ်လိုက်တာမှ ဖွတ်ရွတ်ကြေနေပြီဗျ"

"ဟာ- မဟုတ်မဟာတ်တွေဘဲ ဌာနာအုပ်ကြီးရယ်"

"ဟုတ်ပ့ါတော်၊ တော်တို့ ထင်ရာတွေ စွတ်ပြောမနေနဲ့"

"ဟင်- မဟုတ်လို့လား"

"မဟုတ်ဘူးကွ"

"ဒါဆို ဘာတုံးဗျ"

အရပ်လူကြီးကိုကြည့်ပြီး မောင်ရွှေ ပခုံးတွန့်လိုက်၏။ ထိုစဉ် အရပ်လူကြီးက လာရင်းကိစ္စကို ပြောပြလိုက်၏။ ဌာနာအုပ် မောင်ပိန်သည် အရပ်လူကြီး၏ တိုင်ချက်ကို နားထောင်ရင်း မျက်ခုံးတပင့်ပင့် ဖြစ်နေ၏။

"ဒါဆို ကိုဖျောက်ဆိပ်ဆီမှာ ကျောက်ငါးလုံး ရှိနေပြီပေါ့"

"အို- ဘယ်က ရှိရမှာလဲရှင်၊ သူ့မှာ ကျောက်ဆိုလို့ ကျောက်ပေါက်တဲ့ ဒဏ်ရာပဲ ရှိပါသတော်"

"ဟင်- ဒါဆို ပြန်ပေးမှုကြီးပေါ့"

"ဟုတ်ပ့ါတော်၊ ဌာနာအုပ်တို့မှ မကယ်ရင် ကျုပ်မောင်လေးတော့ အပိုင်းပိုင်းအစစဖြစ်မှာ သေချာတယ်။ ကယ်ကြပါဦးရှင်"

"ဟုတ်ပြီ၊ ဒါဆို မပုလေးဆီ ရောက်လာတဲ့လူအကြောင်း ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဂယနဏာ သိချင်သဗျာ။ မောင်ရွှေ မပုလေးပြောတာ လိုက်မှတ်စမ်း ကွာ”

“ဟုတ်ကဲ့ အာစရိ”

မောင်ရွှေတစ်ယောက် အပုလေး ပြောသမျှကို အမှတ္တဲ့ မှတ်တမ်း ကြီးတွင် လိုက်လံမှတ်သားနေ၏။ အပုလေးတို့ ပြန်သွားသည်နှင့် ဌာနာ အုပ် မောင်ပိန်သည် မောင်ရွှေကို တာဝန်ပေးလိုက်၏။

ထိုတာဝန်က တခြားမဟုတ်။ ဖျောက်ဆိပ်တို့ဆီ လိုက်ပြီး အခြေ အနေမှန်ကို မေးရန် ဖြစ်လေ၏။ မောင်ရွှေသည် စုံထောက်စာအုပ်ပေါင်း များစွာကို ဖတ်ထားသဖြင့် မေးခွန်းထုတ်သည်ကအစ ပိုင်နိုင်လှသည်ဟု မောင်ပိန် ထင်မြင်နေ၏။

ထို့ကြောင့်လည်း ဖျောက်ဆိပ်တို့ဆီကို လွှတ်လိုက်ခြင်း ဖြစ်လေ ၏။ မောင်ရွှေ၏ အရပ်အမောင်းမှာ လေးပေ နှစ်လက်မသာ ရှိ၏။ နား ရွက်ကားကား၊ ခေါင်းကြီးကြီး အသွင်ရှိပြီး မျက်လုံးနှစ်လုံးကလည်း တောက်တဲ့ကြီးတစ်ကောင်၏ မျက်လုံးကြီးပမာ ပြူးကျယ်နေ၏။ တပည့် ကျော်၏ ရုပ်လက္ခဏာကို ကြည့်ပြီး မောင်ပိန်က အထင်ကြီးနေ၏။

မောင်ရွှေတစ်ယောက် ဖျောက်ဆိပ်တို့ဆီ ရောက်ရှိသွားစဉ် ဖျောက်ဆိပ်မှာ ကျောက်သင်ပုန်းတစ်ချပ်နှင့် ဗေဒင်တွက်နေချိန် ဖြစ်၏။ သူ့ရှေ့ တန်းလျားတွင် ဂျာအေးနှင့် တင်ဝင်းတို့နှစ်ဦး ခွေအိပ်နေကြ၏။ မောင်ရွှေကိုမြင်တော့ ဖျောက်ဆိပ် ကျောက်သင်ပုန်းကို ချလိုက်၏။

“မောင်ရင်က ဘယ်သူတုံး”

“ဟဲဟဲ ကျုပ်နာမည် ဂျိမ်းစ်မောင်ရွှေလေ”

“ဟေ- ဂျိမ်းစ်မောင်ရွှေ ကြားတောင် မကြားဘူးပါလား။ ဘာလုပ် သတုံး ထဘီရုပ်သလား၊ အလစ်သုတ်လား”

“ဘာဗျ၊ ခင်ဗျား ဘယ်လိုပြောလိုက်သတုံး။ ကျုပ် ရုပ်လက္ခဏာ အသေအချာကြည့်စမ်း။ ကျုပ်ခေါင်းကြီးကို ကြည့်လိုက်၊ ခေါင်းထဲမှာ အိုင် ဒီယာတွေ အများကြီးဗျ”

“ဩော်- ဒါဆို မောင်ရင်ဟာ ဘာတုံးဟ”

“ကျုပ်နာမည် မောင်ရွှေ စခန်းကလာတာဗျ”



www.burmeseclassic.com

www.burmeseclassic.com



"အလို ဘယ်စခန်းတုံး၊ ကင်ပွန်းစခန်းကလား။ ဒါမှမဟုတ်. . ."

"တော်စမ်းပါဗျာ၊ ကျုပ် အလုပ်လုပ်နေတာဗျ။ ခုလည်း မေးစရာ ရှိလို့ လာတာ၊ ကျုပ် မေးတာကို မှန်မှန်ကန်ကန်တော့ ဖြေရမယ်နော်"

"ဟေ- တစ်မျိုးကြီးပါလား"

မောင်ရွှေ၏အမူအရာက သူ့ကိုယ်သူ အတော့်ကို စိတ်ချယုံကြည် နေပုံပေါ်၏။ ခေါင်းကြီး တမော့မော့၊ မျက်လုံးကြီး တစွေစွေနှင့် ဖျောက်ဆိပ်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး လေသံငြိမ်ငြိမ်နှင့် မေးချလိုက်၏။

"ခင်ဗျားလက်ထဲမှာ ကျောက်ကြီးငါးလုံး ရှိတယ်ဆို"

"အလို၊ ကျောက်ကြီးငါးလုံး"

"ဟုတ်တယ်။ ဘယ်ကရတာလဲ၊ ဘယ်သူပေးလိုက်တာလဲ၊ ဘယ်တုံးက ရတာလဲ၊ ဘယ်လို ရလာသလဲ"

"ဟာ- တော်. . . တော်ပါတော့"

"ဒါ ကျုပ်ကိစ္စလေ၊ ဘခြောက်လုံး မပိုင်ရင် အိုင်ဒီယာ ပျောက်တယ်ဗျ။ ကိုင်း- ပြောပေတော့"

မောင်ရွှေကိုကြည့်ပြီး ဖျောက်ဆိပ် ဘာဖြေလို့ ဖြေရမှန်းပင် မသိ။ ကျောက်ငါးလုံး ဆိုသော စကားကိုလည်း ဝါးတားတား ဖြစ်နေ၏။ ထို့ကြောင့်လည်း ခေါင်းကြီးတခါခါနှင့် မေးလိုက်၏။

"မဟုတ်သေးဘူးနော်၊ မောင်ရင်ပြောတာ ကျုပ် နားကိုမလည်ဘူး။ ရှင်းရှင်းသာပြောတော့ မောင်ရင်ရေ၊ မောင်ရင်က ဘာကြောင့် မေးတာလဲ ဘာဖြစ်လို့ မေးရတာလဲ၊ ဘယ်လိုထင်လို့ မေးရသတုံး"

"ဗျာ- ဟို. . . ဟို ကျုပ်ပိုင်တဲ့ ဘခြောက်လုံးဗျာ၊ ကျုပ်မေးရမယ့် နေ့ခွန်းဗျ။ ပြောစမ်းဗျာ၊ ဘယ်မှာတုံး ကျောက်ငါးလုံး"

"ဒုက္ခပါပဲ၊ ဘယ်က ကျောက်ငါးလုံးလဲဟ။ လိုချင်ရင် ဟိုမှာရှိတယ် ကောက်သွားပေတော့"

ဖျောက်ဆိပ်က ကျောက်စရစ်ပုံကို လက်ညှိုးထိုးပြလိုက်၏။ မောင်ရွှေတစ်ယောက် ကျောင်းဝင်းထဲ ပုံထားသော ကျောက်စရစ်ပုံကြီးကို ကြည့်ကာ ခေါင်းတယမ်းယမ်း ဖြစ်နေ၏။

"မဟုတ်သေးဘူးလေ၊ ကျုပ်မေးတာ အဲဒီကျောက်တွေမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ခု ကျုပ် ဒီကိုလာတာ တခြား မဟုတ်ဘူးဗျ"

"ဘာတုံးဟ၊ ရှင်းရှင်းသာမေးကွာ"

"ကိုဖျောက်ဆိပ် ဘာမှ မသိသေးဘူးထင်တယ်၊ ကဲ- နားထောင်ပေတော့"

မောင်ရွှေသည် ဖျောက်ဆိပ်၏ယောက်ဖ ချစ်စိန် ပြန်ပေးဆွဲခံရမှုကို လေသံငြိမ်ငြိမ်နှင့် ပြောပြလိုက်၏။ ဖျောက်ဆိပ်ခမျာ မောင်ရွှေ၏စကားကို နားထောင်ရင်း ကြက်ကြီးလည်လိမ်သလို ဖြစ်နေ၏။

ထိုအချိန် ဂျာအေးနှင့် တင်ဝင်းတို့ နိုးလာ၏။ မောင်ရွှေစကားကို မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် နားထောင်နေကြ၏။

"မင်းစကားတွေက ဟုတ်မှဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့ဗျာ၊ သူတို့က ခင်ဗျားဆီက ကျောက်ငါးလုံးရမှ ချစ်စိန်ကို ပြန်လွှတ်ပေးမှာတဲ့"

"ဘာတွေတုံးကွာ၊ ပြဿနာတွေက ရှုပ်လှချည်လား။ ယောက်ဖဘာတွေ လျှောက်လုပ်ကုန်ပြီလဲ မသိဘူး၊ ပြီးတော့ ငါ့မှာ ဘာကျောက်မှ မရှိဘူးကွ။ သက်သက် ငါ့ကို မရှုပ်ရှုပ်အောင် ဆွဲထည့်တာ ဖြစ်မယ်"

"ခင်ဗျားစကားတွေက သေချာရဲ့လား"

"သေချာပါတယ်ကွာ၊ ငါ မဟုတ်တာ ပြောပါ့မလား။ ကေနှ ဒီကောင် ကျောက်သမားတွေနဲ့ ပတ်ရှုပ်နေပြီထင်တယ်။ ငါ့မိန်းမကလည်း လောဘဇောတိုက်ပါ့။ ဟုတ်ပါပြီ၊ ဒီကောင် ပွဲစားတွေနဲ့ ရှုပ်နေတာ ငါ့ပါ ဆွဲထည့်တာဖြစ်မယ်၊ ငါ့မှာ ဘာကျောက်မှ မရှိဘူးကွ။ အဲဒါတော့ သေချာတယ်"

"ဟင်- ဒါဆို ဘယ်လိုဖြစ်လို့ ဟိုလူတွေက ချစ်စိန်ကို ပြန်ပေးဆွဲတာလဲ"

"အဲဒါတော့ ငါလည်း မသိဘူးလေ၊ သူတို့ မောင်နှမက တအားချမ်းသာချင်တာကွ။ ဒီတော့ လောဘဇောတိုက်ပြီး ထင်ရာတွေလုပ်၊ ပြဿနာတွေတက်၊ ရှင်းလို့မရတော့ ငါ့ကိုဆွဲထည့်တာ ဖြစ်မှာပေါ့ စုံထောက်ကလေးရယ်"

"အင်- ဒါလည်း ဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမစကားတွေ သိပ်မယုံနဲ့ စုံထောက်ကလေးရေ၊ သူတို့က သပွတ်သီး ခံတွင်းငုံပြီး ပြောချင်ဆိုချင်ကြတာဟ။ အဲဒီထဲမှာ ငါ့မိန်းမ အပုလေးလည်း ပါသဟ။ မောင်ရင်က စုံထောက်လုပ်စားမယ်ဆိုရင် မိန်းမ တွေအကြောင်း ကောင်းကောင်းသိထားဖို့တော့ လိုသနော်။ နာနာဝိစိတ္တ လောကကောတဲ့"

"ဗျာ၊ ဘာတုံးဗျ"

"ဩော်- လောကကြီးမှာ ကိုယ်မသိနားမလည်တဲ့ အကြောင်းအ ရာတွေ တစ်ပုံကြီးပဲ စုံထောက်ကလေးရဲ့၊ အဲဒီ စာအုပ်တွေလည်း ဖတ်ဦး မှပေါ့"

"ဟုတ်သားပဲ။ ဆောရီးပဲ ကိုဖျောက်ဆိပ်ရ၊ ကိုဖျောက်ဆိပ်ဆီ ရောက်မှ ကျုပ် အတော့်ကို လိုသေးမှန်း သိလိုက်ရပြီဗျ။ ဟုတ်ပြီ၊ ကိုဖျောက်ဆိပ်ဟာ တကယ့် ပုရောဟိတ်ကြီးပဲဗျ။ မိန်းမတွေအကြောင်း၊ ယောကျ်ားတွေအကြောင်းကို ကျွန်တော် အသေအချာ မသိသေးဘူးဗျ။ ဖတ်ရဦးမှာပါလား"

"ဩော်- တစ်ခု ကျန်သေးတယ်ဗျ"

"ဟေ- ဘာတုံး"

ကြားက ဝင်ပြောလာသူက ဂျာအေး။ မောင်ရွှေ၏ ပုတိုတိုအသွင် ကို ပြုံးစိစိ ကြည့်ပြီး ပြောလိုက်၏။

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ မိန်းမတွေထက် ပိုရှုပ်တဲ့လူက ဘယ်သူလဲ သိလား"

"ဟင်- အဲဒီလိုလူတွေ ရှိလား၊ ဘယ်သူတွေတုံး။ ရှုပ်တယ်ဆိုတော့ ပင့်ကူတွေ၊ ခြတွေလား"

"ဘယ်ကဟုတ်ရမှာလဲ ကိုမောင်ရွှေရယ်၊ ဂန်ဒူးတွေဗျ။ ဂန်ဒူးတွေ ဟာ မိန်းမမာယာနဲ့ ယောကျ်ားမယာပေါင်းပြီး သပွတ်အူ အတောင့်လိုက် မျိုတတ်တဲ့ သတ္တဝါတွေဗျ"

"ဟေ"

မောင်ရွှေ ချာချာလည်နေ၏။ အမှန်မတော့ ဖျောက်ဆိပ်ထံသို့ စုံထောက်ကြီးဂိုက်ဖမ်း၍ မေးခွန်းတွေထုတ်ရန် ရောက်ရှိလာခြင်း ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။ အိုင်ဒီယာ ကောင်းကောင်းတွေ ထုတ်ကာ တစ်လမ်းလုံး အလွတ်ကျက်လာခဲ့၏။

ယခုတော့ ဂျာအေးနှင့် ဖျောက်ဆိပ်ကြားတွင် မောင်ရွှေ ချာချာလည်နေ၏။ သူ မကြားဘူးသည့် စကားတွေကို ကြားလိုက်ရသဖြင့် ပါးစပ်ကြီး အဟောင်းသား ဖြစ်နေ၏။

"ဒါဆို ကိုဖျောက်ဆိပ်တို့ ဆရာတပည့်ဟာ တကယ့်ကို လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲကိုး။ စောစောကသာသိရင် ကျွဲဖျောက်ဆိပ်တို့ဆီကျုပ် တပည့်လာခံတာပေါ့ဗျာ"

"အဲဒါပဲ ကိုမောင်ရွှေရဲ့ ခင်ဗျားတို့က အမှန်တရားကို ဖော်ထုတ်တဲ့လူတွေဆိုတော့ အမှန်တရားဆိုတာ ဘာလဲ၊ ဘယ်လဲ၊ ဘယ်သူလဲ၊ ဘာကြောင့်လဲ၊ ဘယ်လိုလဲ ဆိုတာတွေကို သိထားဖို့ လိုသဗျ"

"ဟုတ်တယ်၊ ငါ့တပည့် ဂျာအေးပြောတာ အမှန်ပဲကွ"

"အင်- ဒါဆို အမှန်တရားဟာ ဘာလဲ ကိုဂျာအေးရဲ့"

မောင်ရွှေတစ်ယောက် မှုန်ဝါးဝါး ဖြစ်နေ၏။ ဂျာအေးတို့ အိုင်ဒီယာကိုလည်း လိုက်မမီတော့။ ကြားသမျှ စကားတွေကို နားထောင်ရင်း ဝေတေဝါးတား ဖြစ်လာ၏။

ထိုစဉ် ဂျာအေးထံမှ စကားသံ ထွက်လာ၏။

"မှတ်ထားဗျ၊ အမှန်တရားဆိုတာ အများကြီးပဲ။ လက်တစ်ဖက်ကို ပဲကြည့်၊ လက်ဝါးနဲ့ လက်ဖမိုး ရှိနေတယ်လေ။ အရေးကြီးတာ ကိုယ်ရပ်နေတဲ့ထောင့်ပဲဗျ"

"ဟုတ်တယ်။ ထောင့်မှန်ရင် အတွေးမှန်မယ်၊ အတွေးမှန်ရင် အမြင်မှန်မယ်၊ အမြင်မှန်ရင် ရှင်သန်မှာ သေချာတယ်"

"ဩော်- ဒီလိုကိုး၊ ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက်ဟာ တကယ့် ပညာရှိတွေပဲဗျာ။ ဒါဆို အမှန်တရားမှာ ထောင့်လိုတယ်ပေါ့"

"ဟုတ်ပါ့။ ပြီးတော့ ဆရာဖျောက်ပြောသလို ထောင့်ရယ်၊ အတွေးရယ်၊ အမြင်ရယ် အဲဒီသုံးခု ပေါင်းလိုက်ရင် လမ်းကြောင်းတစ်ခုကို မြင်လာလိမ့်မယ်။ လမ်းကြောင်းမြင်ရင် ဖောက်ပေတော့ဗျို့။ ဒါပေမယ့် လျှောက်တဲ့နေရာမှာတော့ ခြေထောက်ခိုင်မှ၊ ခြေထောက်ခိုင်မှ လမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ။ ဒါကြောင့် နောက်တစ်ခု အရေးကြီးတာ ကိုယ်သွားချင်တဲ့လမ်းပဲဗျ"

ဂျာအေး၏ ဒိုင်ကြောင်တွေကြား မောင်ရွှေ ဘာကို နားလည်ရမှန်းပင် မသိ။

နောက်ဆုံး သူတို့နှစ်ယောက်ကိုနှုတ်ဆက်ပြီး ကျောင်းထဲမှ ထွက်သွားလေတော့၏။ မောင်ရွှေ၏ မေးခွန်းတွေကို တွေးရင်း ဖျောက်ဆိပ်ရင်တွေထိတ်လာ၏။

"ဂျာအေး၊ အပုလေးတော့ ပြဿနာ လှည်းနဲ့တိုက်နေပြီထင်တယ်ကွ"

"ကောင်းတာပေါ့ ဆရာဖျောက်ရာ၊ လှည်းနဲ့တိုက်တိုက် လှေနဲ့တိုက်တိုက် အရေးကြီးတာ ပြဿနာတွေကြား ညပ်မသွားဖို့ဘဲ ဆရာဖျောက်ရ"

"ငါတော့ စိတ်ပူလှသကွာ၊ အပုလေးက ချမ်းသာချင်တာကလွဲပြီး ဘာမှသိတာ မဟုတ်ဘူး။ ဒီတော့ ချစ်စိန် ထင်တာတွေလုပ်လို့ အိမ်လည်းပြုတ်တော့မယ်၊ ငါ ဘာလုပ်ရင်ကောင်းမလဲ။ ပြီးတော့လည်း လာပြန်ပြီ ကျောက်ကြီးငါးလုံးတဲ့။ ဘာတွေလဲကွာ၊ ငါတော့ နားတောင်ရှုပ်နေပြီ"

ဖျောက်ဆိပ်တစ်ယောက် ခေါင်းထဲ ထူအူလာ၏။ စားပွဲပေါ် ချထားသည့် ဆေးပေါ့လိပ်တိုကြီးကို ယူကာ မီးမညှိဘဲ ဖွာရှိုက်နေ၏။ ထိုမြင်ကွင်းကို သတိထားမိသူက တင်ဝင်း။

"ဆရာဖျောက်၊ ဟို- ဆေးလိပ် မီးမရှိ"

"ဩော်- ဟုတ်ပေသားပဲ၊ မိန်းမများ တယ်လည်း ရှုပ်လှသကွာ"

"အဲဒါပေါ့ဗျာ၊ မိန်းမရှုပ်တော့ အိမ်ပြုတ်တာပေါ့"

"တော်စမ်းပါ တင်ဝင်းရာ"

ဖျောက်ဆိပ် ရှုပ်ရှုပ်ထွေးထွေး ခံစားနေရစဉ် ဂျာအေးတစ်ယောက် ပြုံးဖြီးဖြီး ဖြစ်နေ၏။ ပေါ်ပေါက်လာသော အခြေအနေကို ဂျာအေး တွေးမိသွား၏။ မိုင်းရှူးတောင်ပေါ် သွားရင်း ကျားဆိုးဆီမှ အလစ်ယူလာခဲ့သော ပတ္တမြားကြီးငါးလုံးကို သတိရလာ၏။

ချစ်စိန်ကိုတောင် ပြန်ပေးဆွဲလိုက်သည်ဆိုတော့ သူ ယူလာခဲ့သည့် ကျောက်တွေက အတော့်ကို တန်ဖိုးရှိလိမ့်မည်ဟု တွေးမိလာ၏။ ထို့ကြောင့်လည်း ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံးကွ"

"ကျုပ် အိမ်ပြန်ဦးမယ်ဗျာ"

"ဟော- မင်းပြန်ရင် ငါလည်း လိုက်မှာပေါ့ကွာ၊ ခုချိန်ဆို အပုလေး ဒုက္ခတွေ တွေ့နေပြီကွ"

"ကိုင်း- ဒါဆို သွားကြစို့"

ဂျာအေး လုပ်ပေါက်ကို ဖျောက်ဆိပ် နားမလည်၊ သို့သော် သူ့ရင်ထဲ အပုလေးနှင့် ပတ်သက်ပြီး စိုးရိမ်တကြီး ဖြစ်နေ၏။ ထို့ကြောင့်လည်း ဆရာတပည့်နှစ်ယောက် ရပ်ကွက်ထဲသို့ ဒရောသောပါး ဝင်လာကြလေတော့၏။

အပုလေးသည် ဖျောက်ဆိပ်ကို မြင်သည်နှင့် ငိုကြီးချက်မ ပြောဆိုလေ၏။ ဖျောက်ဆိပ်ကလည်း အပုလေးကို လေသံငုံ့ငုံ့ကြီးနှင့် ချော့မော့နေ၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် သူ့အိပ်ခန်းထဲဝင်ကာ လျှို့ဝှက်စွာ သိမ်းဆည်းထားသည့် ကျောက်ကြီးငါးလုံးထဲမှ ကျောက်ကြီးတစ်လုံးကိုယူကာ အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးတစ်ခုလုံး
ရယ်မောသံတွေနှင့် ဖုံးလွှမ်းနေပါက
ဘဝသည် အလွန်အလွန်မှ
နေချင်စရာ ကောင်းလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

စံကီးက ကျောက်ပွဲစား။ တစ်ချိန်က သူနှင့်အတူ မြင်းလှည်းကို နေ့ည မောင်းခဲ့ရ၏။ ထိုစဉ်က စံကီး၏အသွင်မှာ ပေတူးစုတ်ချာနေ၏။ ကလေးတွေကလည်း တစ်ပြုံကြီး။ စံကီးက ဖဲတအား ဝါသနာကြီးလှ၏။ ရှာတဲ့ငွေ အိမ်ပြန်အပ်ချင်မှ အပ်တတ်၏။ ဖဲဝိုင်းထဲ အရည်ဖျော်ပစ်တတ်၏။ ထိုအမူအကျင့်ကြောင့် သူ့မိန်းမ မကျင် ကလေးတစ်ပြုံကြီး ဆွဲပြီး လိုက်လာတာ ခဏခဏ။

တစ်ခါတစ်ခါ မြင်းလှည်းဂိတ်မှာ လင်မယားနှစ်ယောက် နပန်းလုံးလေ့ ရှိ၏။ ထိုသို့ လင်မယားသတ်ကြပြီဆိုလျှင် ထိပ်ပေါက်သူပေါက်၊ ခေါင်းကွဲသူကွဲ။ လင်မယားနှစ်ယောက်စလုံး အညိုအမည်းစွဲကာ ပတ်တီးတွေ ဖွေးဖွေးလှုပ်နေတတ်၏။

ထိုသို့ နင်လားငါလား သတ်ကြပုတ်ကြ၊ ဆဲကြဆိုကြနှင့် တစ်မြို့လုံး ဝက်ဝက်ကွဲအောင် ပြဿနာတွေ ဖြစ်ခဲ့ကြသော်လည်း သွေးအေးသွားလျှင် ပြန်တည့်သွားတတ်ကြ၏။ စံကီး ဖဲနိုင်ပြီဆိုလျှင် မကျင်တစ်ယောက် ကလေးတွေဆွဲပြီးတောင် လမ်းပေါ်မှာ က,ဖူး၏။

ပြောရလျှင် စံကီးတို့ဘဝက အနာဂတ် မရှိ။ ရောင်နီ မရှိ။ ဖိုးဖရဲနှင့် စမ်းတဝါးဝါး သွားနေခဲ့ရသောဘဝ။ ထိုသို့ ဝါးတားတား သွားရင်း ကျောက်သမားကြီးတစ်ဦးကို ဖဲဝင်ရိုက်ပေးရာမှ ခင်မင်သွားခဲ့၏။

စံကီးကြောင့် အလိမ်ခံထိနေသော ကျောက်သမားကြီး ပြုံးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်နိုင် ဖြစ်လာခဲ့၏။ ထိုအချိန်မှစပြီး ကျောက်သမားကြီးက စံကီးကို ကျောက်ကိုင်ပုံကိုင်နည်း၊ ချေးဖြတ်ပုံဖြတ်နည်း၊ ကျောက်အမျိုးအစား ရွေးချယ်နည်းကအစ သင်ပေးခဲ့၏။ ကျောက်ကြမ်းတစ်လုံးကို ကိုင်လိုက်သည်နှင့် ဘယ်အထိ ဈေးရနိုင်ကြောင်း စံကီး သိလာ၏။

ထိုသို့ ကျောက်သမားပညာ ကျွမ်းကျင်လာသောအခါ စံကီး မြင်းလှည်းဆရာဘဝကို စွန့်လွှတ်ပြီး ကျောက်လိုင်းထဲ ဝင်ခဲ့၏။ အလုပ်က ပွဲစား။ စံကီး ဖြတ်လိုက်ပြီဆိုလျှင် ဘယ်သူမှ မပြင်ရဲသည်အထိ ဖြစ်လာ၏။ တချို့က စံကီးကို ကျောက်ဆရာကြီးပမာ နေရာထားခဲ့၏။

စံကီးတစ်ယောက် အချိုကြီးတွေရလာတော့ အခြေအနေက စိုပြည်လာ၏။ အိမ်ကလေး ပြန်ဆောက်၊ ကလေးတွေလည်း ဝဝလင်လင် ကျွေးလာနိုင်၏။ မိန်းမလုပ်သူကိုလည်း ကောင်းကောင်း ဆင်လာနိုင်ခဲ့၏။ အခြေအနေ တစ်နေ့တခြား ကောင်းလာသောအခါ စံကီး ဖဲလိုင်းကို ဖြတ်ပစ်လိုက်ပြီး စီးပွားရေးကို နှစ်ရှာခဲ့၏။

ယခုတော့ စံကီးတို့မိသားစု တိုက်နှင့်တာနှင့် ဖြစ်နေချေပြီ။ ဂျာအေးတောင် တိုက်ထဲဝင်ရသည်ကို မဝင့်မရဲ။ သူ့ကိုမြင်တော့ စံကီးက အမူအကျင့် ပြောင်းမသွား၊ ဖက်လှဲတကင်းနှင့် ကြိုခဲ့၏။ စားကောင်းသောက်ဖွယ်များကို အလျှံပယ် ကျွေးမွေးခဲ့၏။ ကလေးတွေရော မိန်းမပါ တစ်သွေးတစ်မွေး ဖြစ်နေသည်ကို ကြည့်ပြီး ဂျာအေး ဝမ်းသာအားရ ဖြစ်နေ၏။

"ကိုစံကီး၊ ခင်ဗျားတို့မိသားစု အခြေအနေက အတော့်ကို ပြောင်းသွားတာပဲဗျ။ ဝမ်းသာလိုက်တာဗျာ"

"စေတနာပဲ ဂျာအေးရ မင်းလည်း အသိပါကွာ။ ငါ မြင်းလှည်းဆရာဘဝကတည်းက ကိုယ့်ဘဝတူတွေအပေါ် အမြဲတမ်း ကိုယ်ချင်းစာခဲ့တယ်လေ၊ မရှိအတူ ရှိအတူ ဝေမျှစားခဲ့ကြတဲ့ ဘဝတွေကိုလည်း မမေ့ပါဘူးကွာ။ မှန်တာပြောရရင် ချမ်းသာတာ ဆင်းရဲတာထက် အရေးကြီးတာ ဘာလဲ ဆိုတာ ငါ သိခဲ့ရတယ် ဂျာအေးရ"

"ဘာတုံး ကိုစံကီးရဲ့ ပြောစမ်းပါဦး"

"ဒီလိုကွာ၊ ချမ်းသာချင်ရင် ကိုယ့်အလုပ်ပေါ် ကိုယ်ရှိသေသင့်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဦးစားပေးသင့်တယ်။ ဖြစ်နိုင်ရင် ဘဝမှာ မလိုအပ်တဲ့ကိစ္စတွေ လိုးဖြတ်သင့်တယ်ကွ။ အေး- အဲဒီလို အတွေးမျိုးတွေးပြီး စိတ်စေတနာ ကြည်လင်ရင် လိုချင်တာ ဖြစ်ပါတယ်ကွာ။ အရေးကြီးတာ ကိုယ်ချင်းစာ စိတ်ကလေးတွေ ရှိနေဖို့ပေါ့ကွာ။ ငါ ဖဲသမားကြီး ဖြစ်ခဲ့တုန်းကလည်း နိုင်တာရှုံးတာ အဓိက မဟုတ်ဘူး၊ ဖဲရိုက်ရတာကိုပဲ ပျော်နေခဲ့တာကွ။ ပြောရရင် အဲဒါ မဟုတ်တဲ့စိတ်ပေါ့ကွာ။ အဲဒီစိတ်ကလေးကို ငါ အလုပ်ထဲ ပြောင်းထည့်ကြည့်လိုက်တယ်။ စီးပွား ဖြစ်တာ မဖြစ်တာ အပထား ဘဝကို သောကပါးပါးနဲ့ နေရမယ်ဆိုတာ ငါ သိလာတယ်လေ။ ဒါကြောင့် ဖဲရိုက်တာ ငါ့ဘဝအတွက် မလိုအပ်တဲ့ကိစ္စကွ။ ဒါကြောင့် ငါ စွန့်ပယ်ခဲ့တာပဲ"

"ကောင်းတယ်ဗျာ၊ ခင်ဗျားပြောတာ ကျုပ် သဘောပေါက်တယ်။ အရေးကြီးတာ ဘဝရဲ့ နေနည်းစနစ်ပဲ၊ နည်းစနစ်ကောင်းရင် အင်အား မလိုတော့ဘူးပေါ့"

"ဒါပေါ့ကွာ၊ ဘာတုံး မင်း ငါ့ဆီ ရောက်လာတာ ထူးဆန်းလှချည်လား။ ဘာအကူအညီလိုသလဲပြော"

"ဒီလို ကိုစံကီးရ"

ဂျာအေးသည် အိတ်ထဲထည့်ယူလာသော ကျောက်ကြီးတစ်လုံးကို ပြလိုက်၏။ စံကီးသည် ဂျာအေးလက်ထဲမှ ကျောက်ကြီးကိုယူကာ လက်နှိပ်ဓာတ်မီး သေးသေးကလေးနှင့် ဖင်ပြန်ခေါင်းပြန် ထိုးကြည့်လိုက်၏။ အလင်းရောင်တွင် မြှောက်ကြည့်လိုက်၏။ ထိုသို့ အသေအချာ စစ်ဆေးပြီးသည်နှင့် ဂျာအေးကို တစ်ချက်ကြည့်ပြီး ပြောလိုက်၏။

"မင်းကျောက်က အတော့်ကို အရည်မီတယ်ကွ။ ဘာလဲ၊ မင်း ရောင်းချင်လို့လား"

"ရောင်းရင် ဘယ်လောက်ရမလဲဗျာ"

"အင်း. . . ဈေးက ပြောလို့ မရဘူးကွ၊ တစ်လက်နဲ့တစ်လက် မတူဘူးလေ။ မင်းလက်ထဲမှာ သောင်းဂဏန်း ရှိပေမယ့် ငါ့လက်ထဲရောက်ရင် သိန်းဂဏန်း ဖြစ်သွားနိုင်တယ်ကွ။ ဒါပေမယ့် ယေဘုယျပြောရရင်တော့ ခြောက်၊ ခုနစ်လောက်တော့ ရနိုင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ၊ ခြောက်သောင်းလား"

"ဟာ- ခြောက်သိန်း၊ ခုနစ်သိန်း ပြောတာကွ"

"ဟင်- တကယ်၊ တကယ်ပြောတာလားဗျ"

"ဟာ- တကယ်ပြောတာပေါ့ကွာ၊ မင်းကို ငါက မဟုတ်မဟတ် ပြောပါ့မလားကွ"

"ဟင်- ခြောက်သိန်း၊ ခုနစ်သိန်း ဟုတ်လား"

ကြားလိုက်ရသည့် စကားကြောင့် ဂျာအေး ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့၏။ သူ မထင်မှတ်ဘဲ လုပ်ဆောင်ခဲ့သည့်ကိစ္စက သိန်းချီတန်ဖိုး ရှိနေသည်မို့ အလွန်မှ အံ့ဩနေ၏။ ထိုစဉ် စံကြီးက သူ့ကို ပြုံးစိစိနှင့် ပြောလိုက်၏။

"မင်း ဘယ်ကရလာတာလဲကွ၊ ရောင်းမှာလား။ ရောင်းမယ်ဆို လည်း ငါ ချက်ချင်း ဝယ်လိုက်မယ်လေ"

"ဟာ- နေဦးဗျ၊ ဒီကိစ္စက ကျုပ် ဆရာဖျောက်နဲ့ တိုင်ပင်ဦးမယ်။ ရောင်းချင်ရင် ခင်ဗျားဆီပဲ လာရောင်းမှာပေါ့ဗျာ"

"အေးလေ၊ ငါကတော့ အသင့်ဝယ်မယ်ကွ"

စံကြီး၏ စကားတွေကြောင့် သူ့စိတ်ကူးတွေ တလွင့်လွင့် ဖြစ်သွား၏။ တစ်လုံး ခြောက်သိန်း၊ ငါးလုံးဆိုလျှင် သိန်းသုံးရာ ပက်ခနဲ ရမည့်ကိစ္စ။ သူ့ဘဝမှာ သုံးသိန်းတောင် အသေအချာ မြင်ဖူးသည်မဟုတ်။

စံကြီးကို နှုတ်ဆက်ပြီး ရပ်ကွက်ထဲ ခပ်သွက်သွက် ပြန်လာခဲ့၏။ အိမ်ဝိုင်းထဲ အဝင်တွင် ဖျောက်ဆိပ်တို့လင်မယား တန်းလျားပေါ် ငေါင် စင်းစင်း ထိုင်နေကြသည်ကို တွေ့လိုက်ရ၏။ အပုလေးခမျာ မရှုနိုင် မကယ်နိုင် ဖြစ်နေ၏။

"ဘာလုပ်ကြမလဲ ကိုရင်ဖျောက်ရယ်"

"ဟ- အဲဒီကိစ္စ မင်းနဲ့ မင်းမောင် လုပ်တဲ့ကိစ္စလေ။ ငါ ဘာ ပြောလို့ရမှာလဲဟ"

"ကိုရင်ဖျောက်ရယ်၊ ခုချိန်မှာ တစ်ယောက်နဲ့တစ်ယောက် အပြစ် ညှိုးထိုးရမယ့် အချိန်အခါလည်း မဟုတ်ပါဘူးတော်။ တော်ကြီးပဲ ပြောခဲ့ တာလေ၊ လူဆိုတာ အမှားရှိမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

ဖျောက်ဆိပ်တစ်ယောက် မိန်းမကို မှုန်ဝါးဝါး ကြည့်လိုက်၏။ ကိုယ့်စကားနှင့်ကိုယ် တုပ်မိနေသည်မို့ ပြောစရာ အကြောင်းအရာတွေ ပျောက်ဆုံးသွားခဲ့၏။

"ဘယ်လိုတုံး၊ ကိုယ်ပြောခဲ့တဲ့စကား ကိုယ့်ဘာသာ မေ့နေပြီလား။ ခုဥစ္စာ ကျုပ်မောင်လေးက တစ်အိမ်လုံး ချမ်းသာဖို့အရေးကို လုပ်သွားတာတော့။ ကျုပ်ရင်ဘတ်တွေ ပူလိုက်တာတော်၊ အိမ်ကလည်း မနက်ဖြန် သန်ဘက်ဆို ဆင်းပေးရတော့မယ်။ မောင်လေးကလည်း ဘယ်ရောက်လို့ ရောက်မှန်းမသိ၊ တော့်မှာ ကျောက်တွေရှိလည်း ထုတ်ပေးလိုက်ပါတော်"

"ဘာကွ- ဘာကျောက်လဲ။ မင်း ရူးနေသလား"

"တော်ကြီးနော်၊ နိုင်တုန်း ဖိမထောင်းနဲ့။ ကျုပ်က ခံမယ့်အမျိုး အစားများ အောက်မေ့နေသလား"

"ဟေ- ဒုက္ခပါပဲ မိန်းမရာ၊ မင်း အခုထိ မစဉ်းစားတတ်သေးဘူးလားဟ"

"အောင်မယ်လေးတော်၊ ရန်တွေ့လိုက်တာများ"

"တော်ပါတော့ကွာ"

ဖျောက်ဆိပ်တစ်ယောက် ခေါင်းတွေ ရှုပ်လာ၏။ ပြဿနာက မထွေးနိုင်မမျိုနိုင် ပြဿနာ။ အိမ်ကိစ္စလည်း ဘယ်လိုရှင်း၍ ရှင်းရမှန်းမသိ။ ယောက်ဖပြဿနာကိုလည်း ဘယ်ကစလိုက်ရမှန်း မသိ။ ထို့အပြင် သူ့ဆီမှာ ကျောက်ငါးလုံး ရှိနေသည် ပြောလာသဖြင့် ကိုယ့်ကိုယ်ကိုယ် တောင် ဝါးတားတား ဖြစ်နေမိ၏။

ထိုအချိန် အိမ်ဝိုင်းထဲဝင်လာသော ဂျာအေးတစ်ယောက် သူတို့ နှစ်ယောက်ရှေ့ တန်းလျားတွင် ဝင်၍ ထိုင်လိုက်၏။

"ဟဲ့- မှင်စာလေး၊ လူတွေ စိတ်ရှုပ်နေတုံး နင်က ဘာတစ်စခန်း ထဦးမလို့လဲ"

"မပုလေးကလည်းဗျာ၊ သောကတွေ ကြီးလိုက်တာ။ လူဆိုတာ အကျဉ်းအကျပ် တွေ့လာရင် ထင်ရာမြင်ရာကို ပြဿနာ မလုပ်ရဘူးဗျ။ အရေးကြီးတာ ကိုယ် ဘယ်လို ထွက်ပေါက်ရှာရမလဲဆိုတာ ရှိရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်၊ ငါ့ကိုများ စကားကြီးစကားကျယ်တွေ လာပြောနေတယ်။ နင် ဘာလုပ်နိုင်သလဲ ပြောစမ်း၊ ခုဆို ဒီအိမ်ပေါ်က ငါတို့ ဆင်းရတော့မယ်။ ငါတို့ လမ်းပေါ်ရောက်သွားရင် နင် ဘယ်လိုလုပ်မလဲ၊ နင်ဒါတွေ မတွေးမိဘူးလား"

"ပြောမနေပါနဲ့ မိန်းမရာ၊ ဂျာအေးကြောင့်ဖြစ်တာ မဟုတ်ဘူးလေ။ ပြဿနာလုပ်သွားတာ မင်းမောင်လေ"

"ကိုရင်ဖျောက်၊ စကားပြောတာ ကြည့်ပြောနော်။ ကျုပ်မောင်က ဒီနဲ့ပင် မဟုတ်ဘူး"

"ဒါဆို ဘာပင်တုံးဗျ၊ ဟဲဟဲ. . . မပုလေးက အမျိုးထိ မခံတဲ့လူစားပါလား"

"မှင်စာလေးနော်၊ ဒီမှာ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေရတဲ့ကြား မဟုတ်မဟတ် မပြောနဲ့"

အပုလေးတစ်ယောက် ဂျာအေးကို မျက်စောင်းကြီး တခဲခဲ လုပ်နေ၏။ ဖျောက်ဆိပ်သည် ဖင်ဆီခံအထိ ရောက်နေသော ဆေးပေါ့လိပ်ကြီးကို မဟားတရား ဖွာရှိုက်နေ၏။ ခေါင်းတွေလည်း ထူပူနေပြီ ဖြစ်၏။ မီးခိုးတွေက သူတို့သုံးယောက်ကြား ထောင်းထောင်းထနေ၏။

"အောင်မယ်လေးတော့၊ သောက်လိုက်တဲ့ ဆေးလိပ်။ ကောက်ရိုးပုံမီးလောင်နေသလား အောက်မေ့ရတယ်"

"ဟေ- ဟို. . . ဟိုဒင်းကွာ၊ ဆေးလိပ်လေးဖွာမှ အကြံလေး ဉာဏ်လေး ထွက်မှာကွ"

"တော်စမ်းပါရှင်၊ ဆေးလိပ်သောက်တိုင်းသာ အကြံထွက်မယ်ဆိုရင် တော်ကြီး ထမင်းမစားနဲ့၊ ရေမသောက်နဲ့"

"ဟေ- ပြဿနာပါလား"

အပုလေး၏ ဒေါသက ဂျာအေးဆီ ရောက်လိုက်၊ ဖျောက်ဆိပ်ဆီ ရောက်လိုက် ဖြစ်နေ၏။ ထိုအချိန်တွင် ဂျာအေးသည် ဖျောက်ဆိပ်ကို ပြုံးစိစိ ကြည့်ရင်း မေးလိုက်၏။

"ကိုကြီးဖျောက်"

"ဟေလကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို- ခုချိန်မှာ ပိုက်ဆံ ခြောက်သိန်း၊ ခုနစ်သိန်းလောက် ရရင် ဆရာဖျောက် ဘာလုပ်မှာတုံး"

"အင်- ဘာလဲကွာ၊ လူတွေက ရူးချင်နေရတဲ့ကြား မဟုတ်တာ မပြောနဲ့ကွာ"

"ဆရာဖျောက်၊ ကျုပ်နဲ့လိုက်ခဲ့ဗျာ။ ကျုပ်တို့နှစ်ယောက် ဒီအချိန်မှာ သေွးစည်းမှ ဖြစ်မယ်ဗျ"

"ဟေ- ဘာတုံး"

"လာစမ်းပါဗျာ"

"ဟဲ့- နင် ငါ့ယောက်ျား ဘယ်ခေါ် ထုတ်သွားမှာတုံး၊ ကိုရင်ဖျောက် ကျုပ် လမ်းပေါ်ရောက်သွားအောင် လုပ်နေတာလား ပြောစမ်း"

ဖျောက်ဆိပ်တစ်ယောက် ချာလည်ချာလည် ဖြစ်နေ၏။ မိန်းမ စကားဆို မြေဝယ်မကျ နားထောင်လေ့ရှိသော ဆရာဖြစ်သူ၏ အခြေ အနေကို သိထားသဖြင့် ဂျာအေး အခြေအနေမှန်ကို ပြောပြဖို့ ခက်နေ၏။ အပုလေးကို မယုံရဲ။ သူ့ဆီမှာ ကျောက်တွေရှိတာ သိသွားလျှင် တစ်ရပ် ကွက်လုံး မောင်းလျှောက်ထုမှာ စိုးရိမ်နေ၏။

သို့သော် အကျဉ်းအကျပ် ကျနေသော အခြေအနေကို သူ ဝင်ရှင်း မှ ဖြစ်ချေတော့မည်ဟု ဒုတ်ဒုတ်ထိ တွေးမိလာသဖြင့် မပုလေးကို မှုန် ကုပ်ကုပ် ကြည့်၍ ပြောလိုက်၏။

"မပုလေး၊ ကျုပ်က ခင်ဗျားတို့ ပြဿနာကို ရှင်းထုတ်မလို့ဗျ"

"အောင်မယ်၊ နင်က ဘယ်လိုရှင်းထုတ်မှာလဲ။ နင်က သိကြား မင်းလား"

"မိန်းမကလည်းကွာ၊ ခုချိန်မှာ ရန်လုပ်ရမယ့်အချိန်အခါ မဟုတ် ပါဘူးကွာ။ ဂျာအေး၊ မင်း ဘာပြောချင်သလဲ ပြောကွာ။ ငါတို့နှစ်ယောက် ကတော့ အကြံတုံး ဉာဏ်တုံးတွေ ဖြစ်နေပြီကွ"

"ဆရာဖျောက်၊ ဒီမှာကြည့်စမ်း"

"ဘာတုံးဟ"

"ဒီမှာကြည့်လေ"

"ဟယ်တော်"



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးက လက်ထဲမှ ပတ္တမြားကြီးကို စားပွဲပေါ်တင်ပြလိုက်၏။ လင်မယားနှစ်ယောက်စလုံး မျက်လုံးပြူးပြူးကြီးများနှင့် ကြည့်လိုက်ကြ၏။

"အဲ. . . အဲဒါ ဘာတုံးဟ"

"ဪ- ဆရာဖျောက်ကလည်း ဒါ ခြောက်သိန်း ခုနစ်သိန်းလောက် တန်ကြေးရှိတဲ့ ပတ္တမြားကြီးဗျ"

"အလိုတော်"

"ဟေ"

လင်မယားနှစ်ယောက်စလုံး ပါးစပ်ကြီးတွေ အဟောင်းသား ဖြစ်နေ၏။ ဂျာအေးသည် ပတ္တမြားကြီးကို ယူ၍ ပွတ်သပ်နမ်းရှုပ်လိုက်၏။ အပုရွှေးမှာ အရောင်တဝင်းဝင်း တောက်နေသော ပတ္တမြားကြီးကို ကြည့်ရင်း လက်ညှိုးတထိုးထိုးနှင့် ပြောလိုက်၏။

"ဒါ. . . ဒါ ခြောက်သိန်း၊ ခုနစ်သိန်း. . . "

"ဟုတ်ပါ့"

"ဘယ်သူ့ဟာတုံး၊ နင်. . . နင် ဘယ်က ခိုးလာတာလဲ"

"ဟာ- မပုလေးကလည်း၊ ကျုပ် ခိုးလာတာ မဟုတ်ဘူးဗျ။ တောင်ပေါ်မှာတုန်းက ယူလာတာလေ၊ ဒီပစ္စည်းဟာ ကျုပ်တို့တူးလို့ရထားတဲ့ ပစ္စည်းတွေဗျ။ ဒါကို လောပန်းအဖွဲ့ကကောင်တွေ မတရားယူထားတာ"

"ဟော- ဒါဆို မင်းဆီမှာ ကျောက်တွေ ရှိနေပြီပေါ့"

"ဟုတ်တယ်၊ ဒီစကား အပြင်ကို မပေါက်ကြားဖို့ လိုတယ်ဗျ။ ပေတရာဆိုတဲ့ကောင် လိုက်လာတာဟာ ဒီပစ္စည်း လိုချင်လို့ပဲဗျ"

"ဟာ- မင်းဥစ္စာ အန္တရာယ်ကြီးလိုက်တာကွာ၊ ပြန်ပေးလိုက်စမ်းပါ ဂျာအေးရယ်။ မင်းက ပြဿနာ ဖွလာတာကိုး။ ပြန်ပေးလိုက်စမ်းကွာ၊ အရေးကြီးတာ လူချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့ကွ"

"ကိုရင်ဖျောက်"

"ဟေလကွယ်၊ ဘာတုံး မိန်းမရာ။ ငါပြောတာ မမှန်လို့လားကွ၊ ပြီးတော့ မင်းမောင်တစ်ယောက်လုံး အဖမ်းခံထားရတယ်လေ"

"ခြောက်သိန်း၊ ခုနစ်သိန်း ရမယ်ဆိုတော့ စဉ်းစားစရာပဲတော့"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



အမူအရာ တစ်မျိုးပြောင်းသွားသော အပုလေးကို ကြည့်ပြီး ဖျောက်ဆိပ် လည်နေ၏။ ဂျာအေးကတော့ ပြုံးစိစိ။ အပုလေးခမျာ ဆုံးဖြတ်ရခက်နေပုံရ၏။

"ဆရာဖျောက်၊ ဒီပစ္စည်းဟာ ကျုပ် မတရားယူလာတာ မဟုတ်ဘူးဗျ။ ကျားဆိုးဆိုတဲ့လူဟာ ကျုပ်တို့ ကျင်းသမားတွေကို မတရားခေါင်းပုံဖြတ်ပြီး ချမ်းသာချင်တဲ့ကောင်ဗျ၊ ဒီတော့ ဘာမှ ဂရုစိုက်စရာ မလိုဘူး။ လောလောဆယ် ကျုပ်တို့မှာ နေစရာအိမ် ပျောက်တော့မယ်ဗျ"

"ဟုတ်တယ်၊ မောင်လေး ဂျာအေးပြောတာ အမှန်ပဲ။ အောင်မယ်လေး ငါ့မောင်လေးကို အစ်မ ထင်ရာမြင်ရာ ပြောမိသကွယ်"

ဖျောက်ဆိပ် အပြောင်းအလဲ မြန်ဆန်လွန်းလှသော မိန်းမ[illegible]ပ်သူကို ကြည့်ပြီး ကြောင်စီစီ ဖြစ်နေ၏။ ဂျာအေးကတော့ သူ့အတွေးနှင့်သူ။

"ဆရာဖျောက်၊ ကျုပ်တို့ ဒီကျောက်ကို ရောင်းပစ်လိုက်မယ်ဗျာ။ ဒါဆို ကျုပ်တို့လက်ထဲ ပိုက်ဆံတွေ ရောက်လာမှာပေါ့ဗျ"

"အဲ အဲဒါ ကောင်းတယ်၊ ငါ့မောင်လေး ပြောတာမှန်တယ်။ ဟို-ဒါဆို နင့်ဆီမှာ ကျောက်တွေ ရှိသေးတယ်ပေါ့"

"ရှိတယ်လေ၊ ဒီကိစ္စကို အပြင်တော့ မပေါက်ကြားစေနဲ့နော်။ ကျုပ်တို့ကို ဟိုကောင်တွေက မျက်လုံးဒေါက်ထောက်ကြည့်နေပုံရတယ်"

"ဟဲ့ဟဲ့ မောင်လေး၊ ဟို. . . ဒီမှာ မရောင်းပါနဲ့ဟယ်၊ ဒီမှာ ခြောက်သိန်းလောက်ရရင် ရန်ကုန်မှာဆို ဒါထက် ပိုရမှာပေါ့၊ နင်တို့နှစ်ယောက် ဆင်းရောင်းကြလေ။ နင်တို့ ကျောက်သွားရောင်းတုံး ငါတို့သားအမိလည်း လိုက်မှာပေါ့ဟဲ့၊ ရွှေတိဂုံဘုရားကြီးလည်း ဖူးချင်တယ်။ ပြီးတော့ အဲဒီမှာ အဝတ်အစားတွေ၊ အသုံးအဆောင်တွေ တအား ပေါတာဟဲ့"

"ဟင်"

အပုလေး၏ လောဘဇောတိုက်နေပုံ ကြည့်ပြီး ဖျောက်ဆိပ်တောင် ထိတ်လန့်လာ၏။ လောဘစိတ်ကြောင့် မောင်ဖြစ်သူ၏ ကိစ္စကိုတောင် မေ့သွားပုံရ၏။ ဂျာအေးလက်ထဲက ကျောက်ကြီးကို ကြည့်ပြီး အပုလေး တစ်ယောက် စိတ်ကူးအယဉ်ကြီး ယဉ်နေ၏။

ဖျောက်ဆိပ်မှာ ခေါင်းတကုတ်ကုတ်။ ဘယ်လို ဆုံးဖြတ်ရမှန်းပင်



www.burmeseclassic.com

www.burmeseclassic.com



မသိ။ အပုလေးကလည်း ရန်ကုန်ဆင်းရန် အတင်းအဓမ္မ တိုက်တွန်းနေ၏။

"ဘယ်လိုတုံး ဆရာဖျောက်"

"ဟေ၊ ဟို- ငါ့မိန်းမပြောတာ အကောင်းဆုံးပေါ့ ဂျာအေးရာ ဟဲဟဲ. . ."

"ဟုတ်တယ် မောင်လေးဂျာအေးရဲ့။ တစ်ထွာမကြည့်နဲ့လေ၊ မျက်မွေးတစ်ဆုံး ကြည့်ရတယ်ဟဲ့။ နင့်လက်ထဲကဟာက ဆယ်သိန်းလောက်ဆို ငါးလုံးဆို သိန်းငါးဆယ်။ အောင်မယ်လေးတော့၊ ပိုက်ဆံတွေ နည်းတာ မဟုတ်ဘူး။ အဲဒီရောက်ရင် ကျုပ် စီယ်ချင်တာတွေ ဝယ်ပါရစေတော်"

"ဟေ၊ ဟ- မင်း မင်းမောင်ကီစွ ထည့်မတွက်တော့ဘူးလားဟ"

"အလိုတော်၊ ဒီအကောင်က ကျုပ်တို့ကို မဟုတ်တဲ့လမ်းညွှန်ခဲ့တာလေ။ ကျုပ်တောင် အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာ တော်ကြီး အသိပဲဟာ"

"ဟေ- မိန်းမ မင်းစကားတွေက ဟုတ်မှဟုတ်ရဲ့လားကွာ"

"အိုတော်၊ သွင်းညွှံ့လို့ခံရတာ သင်းထိုက်တဲ့ သင်းကံပေါ့"

"ကောင်းရောလကွာ"

အပုလေး စကားလုံးတွေက ကြောက်ခမန်းလိလိ၊ ပိုက်ဆံမှလွဲ၍ ဘာမှ မမြင်သောမိန်းမ။ မောင်လေး မောင်လေး ခေါ်နေရာမှ သေနာကောင်တွေ၊ မသာကောင်တွေ ဖြစ်လာ၏။ ဂျာအေးကျတော့လည်း မှင်စာတို့၊ သေနာတို့ ဖြစ်နေရာမှ မောင်လေးဂျာအေး ဖြစ်လာသည်မို့ ဖျောက်ဆိပ် သူ့မိန်းမကို ကြည့်ပြီး နားမလည်နိုင်ဆုံး သတ္တဝါပါလားဟု ဝါးတားတား ထင်မြင်မိလေ၏။

နောက်ဆုံးတော့ အပုလေးစကား အောင်သွားသည်ဟု ဆိုရချေမည်။ သူတို့လူစု နောက်တစ်နေ့ နံနက်စောစော တောင်တွင်းဘက်ထွက်မည့်ကားပေါ် တက်ခဲ့ကြ၏။ တောင်တွင်းရောက်သည်နှင့် ရန်ကုန်ဘက်သွားမည့်ကားပေါ် အလျှင်အမြန် တက်ခဲ့ကြ၏။

အပုလေးမှာ ပိုက်ဆံတွေ ရတော့မည်မို့ အလွန်အလွန်မှ ပျော်ရွှင်နေ၏။ ဖျောက်ဆိပ် အနားကပ်ပြီး ဘာဝယ်မယ်၊ ညာဝယ်မယ် လုပ်နေ၏။ ဖျောက်ဆိပ်လည်း ဘာမှ မပြောသာ။ ကိုယ့်ကိုယ်ကိုပဲ အပုလေး



www.burmeseclassic.com

www.burmeseclassic.com



၏ အကျဉ်းသား ဖြစ်မှန်းမသိ ဖြစ်နေသည်ကို တွေးကာ စိတ်ထဲ တနုံ့နုံ့ ခံစားနေရ၏။

ပြည်ရောက်တော့ အတော်ကလေး ညဉ့်နက်နေပြီ ဖြစ်၏။ အပုလေးတို့သားအမိ အိပ်ပျော်နေကြ၏။ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ယောက် စားသောက်ဆိုင်ထဲဝင်ကာ ဘီအီးတစ်လုံးမှာ၍ တွယ်လိုက်ကြ၏။ တစ်ခွက်တစ်ဖလား ဝင်လာတော့ ဖျောက်ဆိပ် ပေါက်ကွဲလာ၏။

"ခက်သကွာ၊ ငါ့မိန်းမဟာ အတော့်ကို ဖောက်ပြန်လွယ်တဲ့ မိန်းမပဲကွ။ ပညာရှိတွေဟာ မိန်းမတွေကြောင့် ကျဆုံးကုန်ကြတယ် ဆိုတဲ့စကားတယ်လည်းမှန်သကိုး ဂျာအေးရ။ ငါတော့ ငါ့မိန်းမကြည့်ပြီး မိန်းမတွေကို ကြောက်သထက် ကြောက်လာသကွာ"

"ဟာ- ဆရာဖျောက်ကလည်း၊ နေရာတကာ မှန်ဘီလူးသုံးတာကိုးဗျ"

"ဘာကွ၊ ငါပြောတာ မမှန်လို့လား"

"ဆရာဖျောက်ကလည်းဗျာ၊ ဒါဆို မိန်းမအားလုံးဟာ လောဘသားကောင်တွေ ဖြစ်ကုန်ပြီပေါ့။ အဲဒီလိုတော့ သိမ်းကျုံး မပြောပါနဲ့ဗျာ။ ဒီနေရာမှာ အချစ်ဆိုတဲ့ကိစ္စက တစ်ခန်းတစ်ကဏ္ဍတော့ ရှိပါတယ်ဗျာ"

"ဘာကွ၊ မင်းက အချစ်ဆိုတဲ့ကိစ္စကို ဘာနားလည်လို့တုံး။ မှတ်ထားကွ၊ ယောကျ်ားတစ်ယောက်ကို မိန်းမတစ်ယောက်က ကြိုက်တယ်ဆိုတာ ကြိုးတစ်ချောင်းနဲ့ ချည်ချင်တုပ်ချင်လို့ကွ။ ငါတို့ ယောကျ်ားတွေကျတော့ ကိုယ်ချစ်တဲ့သူဆီမှာ ရှုပ်နေတဲ့ တုပ်နေတဲ့ ကြိုးတွေကို ဖြေပေးချင်လို့ကွ။ ငါပြောတာကို ယုံစမ်းပါကွာ၊ ခုလည်းကြည့် သူ လောဘဇောတိုက်လို့ ငါတို့နှစ်ယောက် လည်နေပြီလေ။ ဘာလုပ်လုပ် လောဘကိုသတ်နိုင်လေ ကောင်းလေပဲ ဂျာအေးရ နောက်ပြီး ချစ်စိန်ဆိုတဲ့ ကောင်ကလည်း ဘယ်ရောက်လို့ ရောက်မှန်းမသိ။ တော်တော် ဦးနှောက်ခြောက်စရာ ကောင်းလှသကွာ"

"အေးဗျာ၊ အဲဒါတော့ ဟုတ်တယ်။ ဒါပေမယ့် မပုလေးကို ကျုပ်က အစ်မရင်းတစ်ယောက်လို ချစ်တာဗျ။ သူက ကျုပ်ကို ပျစ်ပျစ်နှစ်နှစ် ပြောပေမယ့် ကျုပ်အပေါ် စေတနာတော့ ပိုပါတယ်။ ခုလည်း ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကောင်းဖို့ သူ ပြောတာပဲဗျာ၊ ပြီးတော့ ချစ်စိန်ဆိုတဲ့ကောင်က ခေါင်းရှိတာ မဟုတ်ဘူး။ ဒါကြောင့်လည်း ခံသွားရတာပေါ့"

"ငါ့မိန်းမကို သိပ်မမြှောက်နဲ့ကွ၊ ငါ့မိန်းမက သူ့ကို မြှောက်ပင့်ပေးရင် ငါလည်းမျှတောင် ဖြတ်နင်းမယ့်မိန်းမ"

ဖျောက်ဆိပ်တစ်ယောက် မိန်းမ၏လုပ်ပေါက်ကို အတော် မကျေမချမ်း ဖြစ်နေပုံရ၏။ ယခုလည်း ထွက်သာထွက်လာရသည် ကိုယ့်ကိုယ်ကိုယ် ဘာမှန်းပင် ဝေခွဲမရ။ ပို၍ ရှုပ်ထွေးသွားရသည်က ဂျာအေးလက်ထဲက ကျောက်ပြဿနာပင်။ သူ့စိတ်ထဲ ခုထိ မှုန်မှုန်ဝါးဝါး ဖြစ်မနေဆဲ။

"ဟကောင်၊ မင်းကလည်း ဘယ်လိုလုပ်ပြီး အဲဒီကျောက်တွေ ယူလာရတုံးကွာ"

"ဟဲဟဲ. . . ကျုပ် ကျားဆိုးကို ဒုက္ခပေးခဲ့တုန်းက ယူခဲ့တာပေါ့ဗျာ၊ ဒီကောင်က သက်သက် မတရားလုပ်နေတာဗျ။ ဒါကြောင့် ကျုပ်တို့ ရသင့်တယ်ထင်ပြီး ယူလာတာပေါ့"

"ဟေ- မင်းဥစ္စာ ပြဿနာကြီးကွ"

"ဘာဖြစ်လဲ ဆရာဖျောက်ရာ၊ သူတို့က ကျုပ်တို့ကို ပြဿနာလုပ်လို့ ကျုပ်ကလည်း ပြဿနာပြန်လုပ်လိုက်တာပဲဗျ။ ဒါ တရားပါတယ်၊ ကိုင်း- သွားကြစို့၊ ကားထွက်တော့မယ်ဗျ"

"အေး- ဟုတ်သားပဲကွ"

နှစ်ယောက်သား လက်ကျန်ရှင်းပစ်လိုက်ကြပြီး ကားပေါ် အလျင်အမြန် တက်ခဲ့ကြ၏။ သူတို့နှစ်ယောက် ကားပေါ်တက်လာချိန်တွင် အပုလေးကတော့ အိပ်မက်တွေမက်၍ ကောင်းနေဆဲ။ အိပ်မက်ထဲ စိန်နားကပ်ကြီးတွေပန်၊ ရွှေလက်ကောက်ကြီး တချွင်ချွင်ဝတ်၊ ဆွဲကြိုးကြီး ဘတ်လပ်ဆွဲကာ တိမ်တိုက်တွေပေါ် နတ်သမီးတစ်ပါးလို ခုန်ပေါက်ပျော်မြူးနေရသည်ဟု အိပ်မက်မက်နေ၏။

သူ့ယောကျ်ား ဖျောက်ဆိပ်ကလည်း နတ်သိကြား အကျီကြီးတွေဝတ်ကာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေ၏။ သူတို့နှစ်ယောက် အရွှင်ကြီးပျော်နေကြစဉ် နတ်သမီးလေးတွေကြောင့် လင်မယားနှစ်ယောက် တတောက်ကဆ ဖြစ်ရင်း တိမ်တွေပေါ်မှ ပြုတ်ကျခဲ့ရာမှ အိပ်မက်တ

www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ခနဲ လန့်နိုးလာ၏။ သူ့အိပ်မက်အကြောင်းကို ပြောပြတော့ ဖျောက်ဆိပ် မှုန်ကုပ်ကုပ် ဖြစ်နေ၏။

"ဟာကွာ၊ မင်းကလည်း အိပ်မက်ထဲတောင် ငါ့ကို အကောင်း မမြင်ပါလား မိန်းမရ"

"အလိုတော်၊ တော်တို့ယောကျ်ားတွေက ပြောရတာ မဟုတ်ဘူး။ တော်ကြီးက ပိုက်ဆံ လက်ထဲရောက်လာတာနဲ့ ဖောက်ပြန်ချင်တာလေ၊ ကျုပ်စကား ဟုတ်မဟုတ် တော်ပဲ စဉ်းစားကြည့်"

"ကောင်းရောလကွာ"

ဖျောက်ဆိပ် ဘာမှ မပြောသာတော့။ အပုလေး ပြောသမျှကိုသာ ခေါင်းညိတ်လိုက်ရလေတော့၏။ ထိုအချိန် သူတို့စီးလာသော အဝေးပြေး ကားကြီးသည် ရန်ကုန်မြို့သို့ တအိအိ ဝင်လာ၏။ ရန်ကုန်မြို့ကြီးထဲ ရောက်ပြီဆိုတော့ အပုလေးတစ်ယောက် ဇောင်းကမြင်း လွှတ်လိုက်သည့် ပမာ ဝမ်းသာအူမြူးနေ၏။

ကားကြီးသည် အဝေးပြေးစခန်းသို့ တဝေါဝေါနှင့် ခေါင်းထိုးဝင် လာ၏။ ခရီးသည်တွေကလည်း ရှုပ်ထွေးနေ၏။ နယ်ထွက်မည့် ကားတွေ ကလည်း အော်တိုက်။ ဈေးဆိုင်တွေကလည်း တင်းကြမ်း။

သူတို့လူစု ကားပေါ်မှဆင်းတော့ ချာလည်ချာလည် ဖြစ်နေ၏။ ထိုစဉ် ဖျောက်ဆိပ် တက္ကစီကားတစ်စီးကို ဈေးညှိငှားရမ်းလိုက်ပြီး ကား ပေါ်သို့ အထုပ်အပိုးတွေ တင်လိုက်၏။ အပုလေးတို့သားအမိမှာ တက် တက်ကြွကြွ ဖြစ်နေကြ၏။

အပုလေးတစ်ယောက် ပတ္တမြားကြီးတွေ ရောင်းပြီးလျှင် ဘာဝယ် မည်၊ ညာဝယ်မည်နှင့် ဖျောက်ဆိပ်ကို တတွတ်တွတ် ပြောဆိုနေ၏။ ဖျောက်ဆိပ်ကလည်း ကြားတစ်ချက် မကြားတစ်ချက်။ ခေါင်းတွင်တွင် ညိတ်နေသော်လည်း အံ့သြဖွယ်ကောင်းလှသည့် ရန်ကုန်မြို့ကြီး၏ ကြီး ကျယ်ခမ်းနားမှုများကို တမေ့တမော ဖြစ်နေ၏။

သူ့စကားကို နားမထောင်ဘဲ ထင်ရာမြင်ရာ ငေးမောနေသော ဖျောက်ဆိပ်ကို အပုလေး ပေါက်ကွဲသွား၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ် ၏ ပေါင်တွင်းကြောကို ဆွဲလိမ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဗျ၊ မင်း မင်း ဘာလုပ်တာတုံးကွ"

"တော်ကြီးက ကျုပ်ပြောတာ နားမထောင်ဘဲ ဘာတွေ လျှောက်ကြည့်နေတာလဲ"

"ဟာကွာ၊ မင်းဥစ္စာ စာတ်ပြားဟောင်းကြီးပဲ၊ ကြာကြာ နားထောင်တော့ နားငြီးလှသကွာ"

"ဘာ- တော်ကြီး ဘယ်လိုပြောလိုက်တယ်၊ ကျုပ်ကို ဟောင်းသွားပြီလို့ ပြောတာပေါ့ ဟုတ်လား။ ဘယ်လိုလဲ ကိုရင်ဖျောက်၊ ကျုပ် အိပ်မက်တွေ မှန်နေပြီထင်တယ်။ ရန်ကုန်မြို့ကြီး ရောက်တာနဲ့ တော်က တောင်ကြည့်မြောက်ကြည့်နဲ့၊ ဘာတုံး နတ်သမီးလေးတွေ ရှာနေသလား"

"အေးဟ"

"ဘာ- ကဲဟယ်"

"အောင်မယ်လေးဟာ၊ တော်ပါတော့ကွာ။ မင်း ဘယ်လိုဖြစ်နေတုံး မိန်းမရာ၊ ရန်ကုန်ဆိုတာ ရောက်ခဲပါဘိကွာ။ ကြည့်စမ်း၊ တိုက်ကြီးတာကြီးတွေ မိုးထိုးတော့မယ့် ဟိုတယ်တွေ၊ မိုတယ်တွေကလည်း မှိုလိုပေါက်၊ လူတွေကလည်း ရောင်စုံ။ အိုကွာ- ငါ့မျက်လုံးထဲတော့ တကယ့် မဟာရွှေမြို့တော်ကြီးပါပဲ။ အဲဒါကို မင်း ရောက်တုန်းပေါက်တုန်း ကြည့်ရတယ်ဟ၊ ဒါမှ အတွေ့အကြုံသစ်တွေ ရမှာပေါ့"

"မကြည့်ဘူး၊ ကျုပ်မျက်စိထဲ ပတ္တမြားကြီးတွေကလွဲပြီး ဘာမှကို မမြင်ဘူး"

"ဟေ- ကောင်းရောလဟာ"

"တော်ကြီးနော်၊ မြို့ရောက်တာ ပျော်ပွဲစားထွက်လာတာ မဟုတ်ဘူး။ တော်တောင်ဤဤ မခံစားနေနဲ့၊ ကျုပ် တောင်းဆိုတာတွေ မေ့ပစ်မယ် မကြံနဲ့"

"ခက်ပါ့ မိန်းမရာ၊ မင်းဟာ ငါးစာတော်တော် မက်ပါလားဟ"

"ဘာ- တော်က ကျုပ်ကို တိရစ္ဆာန်နဲ့ နှိုင်းတာလား"

"ဟာ့- ရှုပ်ပါ့ကွာ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် ကားကြီးက ခြံကြီးတစ်ခြံထဲသို့ ခါင်းထိုးဝင်ရောက်သွားခဲ့၏။ ဘယ်ရောက်လို့ ရောက်မှန်းပင် မသိကားထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ဒရောသောပါး ထွက်လိုက်ကြ၏။

"ဟာ- ဒါ သံလုံးတို့ ဘုန်းကြီးကျောင်းလည်း မဟုတ်ပါလားဟ"

"ဟုတ်ပ့ါဗျာ၊ ကျုပ်တို့ တစ်ခါရောက်ဖူးတဲ့ ဘုန်းကြီးကျောင်းလည်း မဟုတ်ဘူးဗျ။ ဟေ့လူ၊ ခင်ဗျား ကျုပ်တို့ကို ဘယ်ခေါ်လာသတုံးဗျ"

ဂျာအေးက ကားဒရိုင်ဘာကို လှမ်းမေးလိုက်၏။ ဒရိုင်ဘာသည် ဂျာအေးကို ပြုံးစိစိ လှမ်းကြည့်ပြီး ပြောလိုက်၏။

"အိမ်ပေါ်ကို တက်သွားပါ၊ ခင်ဗျားတို့ကို သူတို့ စောင့်နေပါတယ်"

"ဟေ"

ဖျောက်ဆိပ် ကြောင်စီစီ ဖြစ်သွား၏။ နောက်ဆုံး သူတို့လူစု နှစ်ထပ်အိမ်ကြီးကို မော့ကြည့်ရင်း အိမ်ဝတွင် ရပ်လိုက်၏။ ထိုအချိန်တွင် သူတို့ ငှားရမ်းလာသည့်ကားက ခြံအပြင်သို့ မောင်းထွက်သွားပြီ ဖြစ်လေ၏။

ဂျာအေးစိတ်ထဲ မသင်္ကာချင်။ ဟိုဟိုဒီဒီ ကြည့်နေစဉ် အိမ်ကြီးထဲမှ လူတစ်ယောက် ထွက်လာ၏။ ဘာဂျာတံခါးကို ဂျိုင်းခနဲမြည်အောင် ဆွဲဖွင့်ရင်း သူတို့လူစုကို အိမ်ထဲသို့ ပြုံးပြုံးရွှင်ရွှင်နှင့် ဖိတ်ခေါ်လိုက်၏။

"လာကြပါ၊ အထဲဝင်ကြလေ"

"ဟုတ်. . . ဟုတ်ကဲ့"

သူတို့လူစု အိမ်ကြီးထဲသို့ ဝင်ခဲ့ကြ၏။ မျက်နှာကြက်တွင် ပန်ကာကြီးက တအီအီ လည်နေဆဲ။ ဧည့်ခန်းထဲရှိ ထိုင်ခုံပေါ်တွင် ထိုင်လိုက်ကြ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း လေသံတိုးတိုးနှင့် ပြောလိုက်၏။

"ဆရာဖျောက်၊ ကျုပ်တို့တော့ မှားနေပြီထင်တယ်"

"ဟုတ်ပ့ါကွာ၊ အိမ်မှားနေတာတော့ သေချာတယ်။ ဒါ ဘယ်နည်းနဲ့မှ သံလုံးတို့ ဘုန်းကြီးကျောင်း မဖြစ်နိုင်ဘူးဟ၊ ပြဿနာပဲကွာ"

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် အိမ်ကြီး၏အပေါ်ထပ်လှေကားမှ လူတစ်ယောက် ဆင်းလာသည်ကို တွေ့လိုက်ရ၏။

"ရောက်လာကြပြီကိုး"

"ဟင်- ခင်ဗျား ဘယ်သူတုံး"

"ဟားဟားဟား. . . မင်းက ငါ့ကို ပြန်ပြီး မေးခွန်းထုတ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လား ဂျာအေးရဲ့"

"ဟင်- ကိုပေတရာ"

"သိပ်ဟုတ်တာပေါ့ကွာ၊ ပေတရာဆိုတဲ့ကောင်က မသေချာရင် ဘာမှ မလုပ်ဘူးကွ ဟားဟားဟား. . ."

"အလိုတော်၊ ဘယ်လိုဟာကြီးတုံး"

အပုလေးက ပေတရာ၏အသွင်ကို ကြည့်ပြီး မှုန်ကုပ်ကုပ်နှင့် ပြောလိုက်၏။ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦးမှာ ပေတရာကို မြင်လိုက်သည်နှင့် သူတို့လူစု ထောင်ချောက်ထဲ ဝင်လာမိပြီကို တန်းသိလိုက်ကြ၏။

အခြေအနေက လက်လွန်နေပြီမို့ သူတို့နှစ်ယောက်စလုံး ကြောင်စီစီ ဖြစ်နေကြ၏။ ထိုစဉ် ပေတရာမှာ သူတို့အနားသို့ ရောက်လာ၏။ ပေတရာ အိမ်ပေါ်မှ ဆင်းလာသည်နှင့် ဧည့်ခန်းထဲသို့ သူတပည့်သုံးဦး ဝင်လာ၏။ သူတို့အားလုံး၏ အသွင်ကလည်း မိုက်တီမိုက်ကန်းအသွင်။ ထိုအချိန် အိမ်ရှေ့ ဘာဂျာတံခါးကြီး ဂျိုင်းခနဲ ပိတ်သွားသဖြင့် အပုလေး လန့်သွား၏။

"အလိုတော်၊ ဘာဖြစ်လို့ တံခါးကြီး ပိတ်လိုက်ကြတာတုံး"

"ဟားဟားဟား. . . ဘာဖြစ်လို့လဲ အစ်မကြီးရဲ့၊ ကြောက်နေပြီလားဗျ ဟားဟားဟား. . ."

"ဟေ့လူ ပေတရာ၊ ဒီကိစ္စမှာ မဆိုင်တဲ့လူကို ဆွဲမထည့်နဲ့"

"ဟေ၊ ဟာ- သိပ်ဟုတ်တာပေါ့ ဂျာအေးရာ၊ အဓိက ပြဿနာက မင်းတို့နှစ်ယောက်ပဲ။ ကဲ- ဘယ်မှာတုံး ပတ္တမြားငါးလုံး၊ အေးအေးလူလူ ပေးရင် ငါတို့ မင်းတို့ကို ပြန်လွှတ်ပေးလိုက်မယ်ကွာ။ ကိုဖျောက်ဆိပ်"

"ခင်ဗျ"

"ကျုပ်ပြောတာ ကြားပါတယ်နော်"

"ဒါ ဟို. . . ဟိုဒင်း ဟိုဟာ. . ."

"ခင်ဗျား ဝေ့လည်ကြောင်ပတ်တော့ မလုပ်နဲ့နော်၊ ဒီမှာ ကြည့်လိုက်ပါဦး"

"ဟယ်- သေနတ်ကြီးတော့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပေတရာလက်ထဲမှ သေနတ်ကြီးကို မြင်လိုက်တော့ အပုလေးရော ဖျောက်ဆိပ်ပါ မျက်လုံးပြူးကုန်၏။ ဂျာအေးကတော့ ပေတရာကို အေးတိအေးစက် အကြည့်နှင့် ကြည့်နေ၏။

ထိုစဉ် ပေတရာသည် သူ့တပည့်များကို အမိန့်ပေးလိုက်၏။ အမိန့်သံကြောင့် တပည့်သုံးဦးက ဂျာအေးတို့ သယ်လာသည့် အိတ်ကြီးသုံးအိတ်ကို ဖွင့်ကာ စားပွဲပေါ် ဖြန့်ချလိုက်၏။

အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေ ဖရိုဖရဲ ထွက်ကျလာ၏။ သူတို့အားလုံး အသေးစိတ် လှန်လှောရှာဖွေလိုက်ကြ၏။ ဘယ်မှာမှ ရှာမတွေ့။ ပေတရာ မကျေမချမ်း ဖြစ်နေ၏။

"ဒါဆို တစ်ယောက်ချင်း ရှာကြစမ်းကွာ၊ စေ့စေ့စပ်စပ် ရှာစမ်း"

"အလိုတော်၊ ကျုပ်. . . ကျုပ် ပါ. . . ပါသလားတော့"

"ပါတယ်ဗျာ"

"အောင်မယ်လေးတော်၊ ကိုရင်ဖျောက် လုပ်. . . လုပ်ပါဦး။ သူတို့ ကျုပ်ကိုရှာမလို့တဲ့ ဒုက္ခပါပဲ"

"ဟော့လူတွေ မဆိုင်တဲ့လူ ဆွဲမထည့်နဲ့ ပြောထားတယ်လေ"

"ဟာ- မင်း ငါ့ကို အမိန့်ပေးစရာ မလိုပါဘူးကွာ၊ ရှာစရာရှိတာ တော့ ရှာရမှာပဲ။ ရှာကြစမ်းကွာ"

ပေတရာက ဂျာအေး၏စကားကို ဂရုမစိုက်။ ဦးဆုံး ဖျောက်ဆိပ်ကိုအတင်းဆွဲခေါ်ကာ အခန်းတစ်ခန်းထဲထည့်၍ တစ်ကိုယ်လုံး မွှေနှောက်ရှာဖွေလေ၏။

"ဘယ်လိုလဲဟေ့"

"ရှာလို့မတွေ့ဘူးဗျ၊ တစ်ကိုယ်လုံးလည်း နံ့နေပြီ"

"ဟင်- ဒါဆို ဂျာအေးကို ရှာစမ်းကွာ၊ ဒီကောင်ကို သွားကြားထဲ ပါမချန်နဲ့ဟေ့။ သေသေချာချာ ပိုက်စိပ်တိုက်ရှာကြစမ်း"

"ဟုတ်. . . ဟုတ်ကဲ့"

ဂျာအေးကို သူတို့ အခန်းထဲအတင်းသွင်း၍ ရှာကြပြန်၏။ ဘယ်လိုမှ ရှာမရ။ နောက်ဆုံး အပုလေးအလှည့် ရောက်လာ၏။ ကလေးကြီး ချီလျက်သားမို့ ပေတရာ တွေဝေသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအစ်မကြီးကိုရော ရှာရမလား"

"အလိုတော်၊ ဘုရား ဘုရား"

"မစိန်ကြည် ရှိတယ်မဟုတ်လား၊ မစိန်ကြည် သွားခေါ်စမ်းကွာ"

"ဟုတ်ကဲ့"

ပေတရာ အမိန့်ကြောင့် အရပ်ပုပုနှင့်လူက အိမ်ကြီးအနောက် ဘက်ဝင်ကာ မျက်နှာပေါက်ဆိုးဆိုးနှင့် မိန်းမကြီးတစ်ဦးကို ခေါ်လာ၏။ မိန်းမကြီးသည် အပုလေးတို့ သားအမိကို အခန်းထဲခေါ်ကာ တစ်ကိုယ် လုံး အနံ့ရှာလေတော့၏။

သို့သော် သုံးယောက်စလုံး ရှာပါသော်လည်း ဘယ်မှာမှ မတွေ့ သဖြင့် ပေတရာတစ်ယောက် ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်နေ၏။ စိတ်ထဲလည်း မကျေ နပ်။ ဂျာအေးနှင့် ဖျောက်ဆိပ်ကိုကြည့်ကာ မျက်နှာကြီး မှုန်ကုပ်ကုပ်နှင့် မေးလိုက်၏။

"ဟေ့ကောင် ဂျာအေး၊ မင်းတို့ ဒီကို ထွက်လာတာ ကျောက်လာ ရောင်းတာ မဟုတ်လားကွ။ မင်း ငါ့ကို လှိမ့်ဖို့တော့ မကြိုးစားနဲ့နော်"

"နေပါဦး ကိုပေတရာရဲ့၊ ကျုပ်တို့ ကျောက်လာရောင်းတယ်ဆိုတာ ခင်ဗျားကို ဘယ်သူ ပြောသတုံးဗျ"

"ဟားဟားဟား. . . ဂျာအေး၊ မင်း အများကြီး ငယ်ပါသေးတယ် ကွာ။ ပေတရာ ဘာကောင်ဆိုတာ မင်း မသိဘူးလား"

"ပေတရာ. . . ပေတရာ ဆိုတာ ဒေသနာထဲမှာတော့ ခြေတစ် ထွာနဲ့ ချေးစားဘီလူးတဲ့ဗျ"

"ဘာကွ၊ မင်း ငါ့ကို သွေးတိုးစမ်းတာလား"

"ဟင်- လုပ်ပြီ၊ ခင်ဗျားမှာ သွေးတိုး ရှိနေလို့လား"

"ဟကောင်- ပေတရာကွ၊ ဝေဒနာမဖွဲ့နဲ့။ သေတာတောင် မချို မဆုံ ခံစားသွားရမယ်ကွ"

ပေတရာတစ်ယောက် ဂျာအေး၏ ထင်ရာမြင်ရာ စွတ်ပြောလာ သောစကားကြောင့် အကြီးအကျယ် မကျေမချမ်း ဖြစ်နေ၏။ သူတို့ သုံးဦးစလုံးကိုလည်း ဒုတိယမွှ ထပ်မံ ရှာခိုင်းလိုက်ပြန်၏။ ဘယ်လိုမှ ရှာ၍မရ။ ပေတရာ အကြီးအကျယ် စိတ်ညစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကြီး တကားကားနှင့် ဂျာအေး နဖူးတည့်တည့်ကို ထိုး ချိန်လိုက်၏။

"ပြောစမ်း၊ ဘယ်မှာတုံး ပတ္တမြားငါးလုံး။ မပြောရင် အပစ်ပဲကွ"

"ရော်- ခက်တော့ ခက်နေပြီဗျ၊ ကျုပ်တို့အားလုံး နေစရာမရှိလို့ ရန်ကုန်ပြောင်းလာကြတာဗျ။ ခင်ဗျား ပြောသလို ပတ္တမြားတွေသာရှိရင် မကွေးမှာ တိုက်ဆောက်၊ ကားစီးနေပြီပေါ့ ကိုပေတရာရယ်။ မသေချာ တာ အာဖြစ်လို့ ပြောသတုံးဗျ။ ပတ္တမြားမပြောနဲ့ ကျုပ်တို့ဆီမှာ လောက် စာလုံးတောင် မပါဘူးဗျ"

"ဟုတ်တယ်ကွ၊ မောင်ရင်တို့ အမြင်မှားနေတာ ဖြစ်ရမယ်"

"တိတ်စမ်း၊ မင်း ငါ့ကိုညာနေတာ။ ငါ စံကီးဆီမှာ တစ်ဖက်လှည့် ပြီး မေးပြီးပြီကွ၊ ပတ္တမြားက မင်းလက်ထဲမှာ ရှိတယ်ဆိုတာ အသေအချာ ပဲ ဂျာအေး"

"ဒါဆိုလည်း ကျုပ်ကို ခေါ်ထားလိုက်၊ သူတို့ကို လွှတ်ပေးလိုက် ပေါ့ဗျာ။ ခင်ဗျားတို့ ကျုပ်ကို ရှာချင်သလောက်ရှာ၊ စစ်ချင်သလောက်စစ် ဗျာ။ နောက်ဆုံး သတ်ချင်လည်း သတ်ပစ်လိုက်၊ သေတော့လည်း အေးသ ပေါ့ဗျာ။ ကျုပ်မှာ ဘာမှမရှိတာတော့ သေချာတယ်"

"ဟေ"

ဂျာအေး၏ မာဆတ်ဆတ် ပြန်ပြောလိုက်သည့် စကားသံကြောင့် ပေတရာ တွေဝေသွား၏။ ဖျောက်ဆိပ်ခမျာ တပည့်ကျော်၏ တင်းတင်း ရင်းရင်း ပြန်ပြောဝံ့သည့်သတ္တိကို အလွန်မှ အံ့ဩနေ၏။

"ဘယ်လိုတုံးဗျ၊ ခင်ဗျား ကျုပ်စကားကို မယုံသေးဘူးလား"

"ကောင်းပြီ၊ ဒါဆို ခင်ဗျားတို့ လင်မယား ပြန်ပေတော့။ တစ်ခု တော့ ပြောလိုက်မယ်နော်၊ ခင်ဗျားတို့ တိုင်လားတောလား လုပ်လာရင် ဂျာအေးရော ချစ်စိန်ပါ ကျုပ်တို့က အပျောက်ရှင်းပစ်လိုက်မှာဗျ။ ကျုပ် ပြောတာ ကြားကြလား"

"ဟာ- ဂျာအေးကို လွှတ်မပေးဘူးဆိုရင် ကျုပ်လည်း မပြန်နိုင်ဘူး ဗျာ။ ဂျာအေးက ကျုပ်တပည့်ဗျ။ ကျုပ်ပါ ဖမ်းဗျာ"

"အလိုတော်- ကိုရင်ဖျောက်၊ တော်တောင် အဖမ်းခံချင်သေးရင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း အဖမ်းခံဝံ့တယ်တော့။ ကိုင်း- ကိုအဝှာတို့ ကျုပ်တို့ကို ဖမ်းပြီ ဆိုရင်လည်း ထမင်းလေးဘာလေးတော့ ကျွေးကြဦး၊ တစ်လမ်းလုံး တားဆောင့်ထားတော့ ဗိုက်လည်း ဆာလှပြီတော့"

"ဟုတ်သကွာ၊ မသေခင် မြိုးမြိုးမြက်မြက်ကလေးတော့ စားသွားချင်သကွာ။ ပြောရရင် ရန်ကုန်ချက်ကလေးပေါ့"

"ဘာ- ခင်. . . ခင်ဗျားတို့၊ ကျုပ်ကို ရူးအောင်လုပ်နေကြတာလား။ သွားကြ၊ ခုချက်ချင်း ထွက်သွား၊ ဟော့ကောင်တွေ သူတို့လင်မယားကို ဆွဲထုတ်သွားစမ်းကွာ။ တော်တော် ကြောင်စီစီနိုင်တဲ့လင်မယားပဲ"

"ဟုတ်ကဲ့ ဆရာ"

တပည့်သုံးဦးက ဖျောက်ဆိပ်တို့လင်မယားကို အိမ်ပြင်သို့ အတင်းဆွဲခေါ်သွားကြ၏။ ပေတရာသည် ဂျာအေးဘေးဝင်ထိုင်ပြီး သေနတ်ပြောင်းကို တရှုပ်ရှုပ် နမ်းပြနေ၏။ မျက်နှာကလည်း ပြုံးထော့ထော့။

"ဘယ်လိုဖြစ်နေသတုံး၊ သေနတ်ချည်းပဲ ကုန်းနမ်းနေပါလား။ ကေ္တ. . ."

"တိတ်စမ်း၊ ဟောဒီ သေနတ်က လူလေးငါးခြောက်ယောက်ရဲ့ အသက်ဇီဝိန်ကို ခြွေခဲ့ပြီးပြီ ဂျာအေးရ။ ဟဲဟဲ. . . မင်းပါနဲ့ဆို ခုနစ်ယောက်ပေါ့ကွာ"

"ကောင်းတာပေါ့ဗျာ"

"ဘာကွ- ငါကွာ. . ."

ဂျာအေး၏ မထီမဲ့မြင်စကားကြောင့် ပေတရာ ပို၍ ပေါက်ကွဲနေ၏။ မောင်းခလုတ်ကို ထောက်ခနဲ တင်လိုက်ပြီး ဂျာအေး၏ နားထင်တည့်တည့်ကို ချိန်ရွယ်လိုက်၏။ ပေတရာအသွင်က ဂျာအေးကို အဆုံးစီရင်တော့မည့်ပုံပင်။

"ကိုင်း- မင်းကို နောက်ဆုံးအခွင့်ရေး·ပေးမယ်ကွာ"

"ဘာတုံး၊ ကျုပ်ကို မိန်းမပေးစားမလို့လား"

"တိတ်စမ်း- မင်းကို ငါ ထပ်မေးမယ်။ ငါတို့ရဲ့ ပတ္တမြားလုံး ဘယ်မှာလဲ၊ အဲဒီအဖြေကို ဖြေပေတော့။ မင်းကို ငါးမိနစ်အချိန်ပေးမယ်"

"ငါးမိနစ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဟာ- ဆယ့်ငါးမိနစ်လောက်တော့ တိုးပေးဗျာ၊ မသေခင် ဆယ့်ငါးမိနစ်လောက် အချိန်ရလည်း နည်းလားလို့"

"ဟော့ကောင်- မင်း ငါ့ကို စပ်ဖြီးဖြီး မလုပ်နဲ့နော်၊ ငါ ပစ်ထည့်လိုက်မယ်။ ကျည်ဆန်က မင်းဦးနှောက်ကြီးတစ်ခုလုံး အစိတ်စိတ်အမွှာမွှာဖြစ်သွားမှာကွ"

"ဒါဆို ဆယ်မိနစ်တော့ လုပ်ဗျာ"

"ကောင်းပြီ၊ ငါ မင်းကို အချိန် ဆယ်မိနစ်ပေးမယ်"

"ဟုတ်ပြီ၊ ဒါဆို ကျုပ်ကို ယမကာတစ်ခွက်တော့ တိုက်ဗျာ။ မသေခင် ရိက္ခာလေးတော့ ယူသွားချင်သဗျာ"

"ဟော့ကောင်၊ မင်း တောင်းတာ များနေပြီနော်"

"ဟာဗျာ၊ ယမကာတစ်ခွက်ဟာ ခင်ဗျားတို့အတွက် အပန်းမကြီးပါဘူး ကိုပေတရာရယ်"

"အေးလေ၊ ဒီလောက် သောက်ချင်ရင်တော့ တိုက်ရမှာပေါ့"

ပေတရာသည် ထိုင်ရာမှထကာ ရမ်ပုလင်းတစ်လုံးကို အဖုံးဖွင့်၍ ခွက်ထဲလောင်းထည့်လိုက်ပြီး ဂျာအေးရှေ့ ချပေးလိုက်၏။

"ရေခဲရောဗျာ၊ အရက်က ပြင်းပုံရတယ်ဗျ"

"ဟ- ဒါ မင်း တောမှာသောက်တဲ့ အရက်ကြမ်း မဟုတ်ဘူးကွ၊ တော်တော် ကြီးကျယ်တဲ့ကောင်"

ပြောပြောဆိုဆိုနှင့် အရက်ခွက်ထဲ ရေခဲတုံးကလေးများ ထည့်ပေးလိုက်၏။ ထို့ပြင် စပျစ်သီးပန်းကန်ကိုပါ ရှေ့တိုးပေးလိုက်၏။ ဂျာအေးသည် ရမ်ခွက်ကို ယူ၍ သောက်လိုက်၏။

"အား. . . ကောင်းလိုက်တာဗျာ"

"ဟော့ကောင်၊ သုံးမိနစ်ကျော်လာပြီနော် ပြောစရာရှိရင် ပြောပေတော့"

"ဖြည်းဖြည်းပေါ့ဗျာ၊ လူ့အသက်ထက် ဘာမှ တန်ဖိုးမရှိပါဘူး"

"စကားရှည်လိုက်တာကွာ"

ပေတရာတစ်ယောက် စိတ်မရှည်နိုင်တော့။ ဂျာအေး နှုတ်ဖျားမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကျလာမည့် စကားသံကို နားစွင့်နေ၏။ သို့သော် ဆယ်မိနစ်ခန့်ကြာ သွားသော်လည်း ဂျာအေးက တုတ်တုတ်မလှုပ်။ ရမ်အရသာကို မိန်းမိန်း နပြေ ခံစားနေ၏။

“ဟေ့ကောင်-ပြည့်သွားပြီကွ”

“ဟုတ်လား”

“ထော်က်”

“ဘာလုပ်တာလဲဗျ”

“မောင်းတင်လိုက်တာလေ၊ ကိုင်း- မင်းက မပြောဘူးဆိုတော့ သေ ဖို့သာ ပြင်မေ့ါကွာ”

ဂျာအေး၏ အမူအရာက တစ်ချက်ကလေး တွန့်မသွား။ ပေတရာ သည် သေနတ်မောင်းခလုတ်ကို တင်ရင်း ပြောင်းဝကို နားထင်နားသို့ ပို၍ တိုးကပ်လိုက်၏။ ဂျာအေး၏ အေးစက်စက် အသွင်အပြင်ကြောင့် ပေတရာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေ၏။

လက်ထဲကို ပတ္တမြားငါးလုံး မရောက်လာသေးသဖြင့် သတ်၍ မဖြစ်သေး။ ဒေါသစိတ်တွေလည်း ပေါက်ကွဲလာ၏။

“ဟကောင်- မင်း သေမှာမကြောက်ဘူးလား”

“အိုဗျာ- ခင်ဗျားတောင် သတ်ရဲသေးတာပဲဗျာ။ ကျုပ် ဘာဖြစ်လို့ မသေရဲရမှာလဲ။ အမှန်တော့ သေတယ်ဆိုတာ ဆန်းလှတဲ့ကိစ္စ မဟုတ်ပါ ဘူး ကိုပေတရာရာ။ ပစ်သာပစ်ချလိုက်စမ်းပါ။ ရောဂါမခံစားရဘဲ ဗုန်းခနဲ လဲသေသွားတာ အေးတာပေ့ါဗျာ ဟဲဟဲ. . .”

“ဘာကွ- မင်း. . . မင်းကွာ”

ပေတရာ သေနတ်မောင်းပေါ် လက်ညှိုးတင်ရင်း ဆုံးဖြတ်ရခက် နေ၏။ ဘယ်လိုမှ ခြိမ်းခြောက်၍ မရတော့ပြီမို့ ပစ်လည်း သူပဲအမှုပတ်ခံ ရှိတော့မည် ဖြစ်၏။ ဂျာအေးကတော့ ရမ်အရသာကို အတော်ကလေး ခံတွင်းတွေ့နေပုံပေါ်၏။

“အရသာက တယ်ယဉ်ပါလားဗျ၊ ရှိရင် ထည့်ဦးလေဗျာ။ ဘာသူ ခင်ဗျားက ပတ္တမြားငါးလုံးကိစ္စပဲ ခေါင်းထဲရောက်နေသလား ကိုပေတရာ”

“တော်စမ်းကွာ၊ မင်း. . . မင်း ငါ့ကို ပြောင်လိမ့်နေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေး၊ အေး- မင်းထိုက်နဲ့ မင်းကံပေါ့ ဂျာအေးရာ။

တဲ- လာစမ်းဟေ့၊ ဒီကောင့်ကို ဂိုဒေါင်ထဲမှာ ဇောက်ထိုးဆွဲပစ်လိုက်စမ်းကွာ။ ရေကလွဲပြီး ဘာမှ မကျွေးနဲ့၊ ငါပြောတာ ကြားကြလား"

"ဟုတ်ကဲ့ အာစရိ"

ဂျာအေးကို ပေတရာ၏ တပည့်သုံးဦးက ကြမ်းကြမ်းတမ်းတမ်းဆွဲခေါ်ကာ ဂိုဒေါင်ထဲတွင် ဇောက်ထိုးဆွဲ၍ ထားလိုက်လေ၏။ ဂိုဒေါင်ကြီးမှာ ကျယ်ဝန်းလှပြီး လော်ရီကားတစ်စင်း ရပ်ထား၏။

ဂိုဒေါင်ထဲတွင် ကားတာယာများ၊ တိုင်ကီပြွတ်များ၊ ကားပစ္စည်းပစ္စယအဟောင်းများနှင့် ရှုပ်ထွေးနေ၏။ ဂျာအေးမှာ လူစင်စစ်က လင်းဆွဲကြီး ဖြစ်နေ၏။ မြင်မြင်သမျှ အရာအားလုံး ဇောက်ထိုးမိုးမျှော် ဖြစ်နေ၏။

"ဟားဟားဟား. . . လောကကြီးကို ဇောက်ထိုးကြည့်တဲ့ သတ္တဝါဆိုလို့ လင်းဆွဲရယ်၊ တောက်တဲ့ရယ်၊ အိမ်မြှောင်ရယ် ပြီးတော့ မောင်ရင်ရယ်ပဲ ရှိတယ်ကွ ဟားဟားဟား. . . "

"ကောင်းတာပေါ့ဗျာ၊ အဲဒီလို အမြင်ဇောက်ထိုးကြည့်မှ လောကကြီးကို အောက်စီးက ကြည့်ရတာပေါ့ဗျာ"

"ဟာ- ဒီကောင် ဘယ်လိုကောင်လဲကွ"

"ဟုတ်ပ့ါဗျာ၊ အတော့်ကို လက်ပေါက်ကတ်တာပဲ"

"ထားလိုက်စမ်းကွာ၊ ဒီကောင် ဘယ်လောက်အထိ ခေါင်းကြောမာမလဲဆိုတာ စောင့်ကြည့်လိုက်မယ်ကွ"

ပေတရာတစ်ယောက် ဂျာအေးကို ကြည့်ရင်း ခေါင်းတခါခါ ဖြစ်နေ၏။ အကြောက်အရွံ့ နည်းလှသော ဂျာအေး။ သူတို့လူစု ဂျာအေးကို တတိယမွှိ ထပ်၍ ရှာခဲ့ကြ၏။ ကိုယ်ကြီးကို လင်းဆွဲလို ဇောက်ထိုးဆွဲပြီး ခါယမ်းပစ်လိုက်၏။

သူတို့စိတ်အထင်တော့ ထိုသို့ ပြုမူလိုက်လျှင် ပတ္တမြားတွေ ထွက်ကျလာလိမ့်မည်ဟု ထင်ခဲ့၏။ သို့သော် ပတ္တမြားမပြောနှင့် လောက်စာလုံးတောင် ကျမလာ။ ပါးစပ်၊ နားရွက်တွေကြား အတင်းဆွဲဖြဲ၍ ရှာကြည့်၏။

ဘယ်နေရာရှာရှာ ရှာလို့မတွေ့။ နောက်ဆုံး သူတို့လူစု ဂိုဒေါင်ထဲမှ ထွက်သွား၏။ ဂျာအေးကတော့ မျက်လုံးကြီး ပြူးချာချာနှင့်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မြောက်ကြည့် လုပ်နေဆဲ။

"ဂျာ. . . ဂျာအေး ငါ့ ငါ့ကို ကယ်ပါကွာ"

"ဟင်- ဘယ်. . . ဘယ်သူလဲ"

ဂိုဒေါင်ထောင့်ခန်းမှ ထွက်လာသောအသံ။ အသံက မွှအက်အက်၊ အကာအရံတွေ ပျက်စီးနေသဖြင့် အသံလာရာသို့ ကြည့်လိုက်၏။ သူလိုပဲ ဇောက်ထိုးဆွဲခံထားရသော လူတစ်ယောက်။

"ခင်ဗျား ဘယ်သူလဲ"

"ငါ. . . ငါ ချစ်စိန်ပါကွာ"

"ဩော်- ချစ်စိန်ကိုး။ ဘယ်လိုလဲကွ၊ လောကကြီးကို ဇောက်ထိုးကြည့်တာ အရသာ မရှိဘူးလား"

"ဟာကွာ- လူဖြင့် သေချင်စော်နံနေပြီကွ"

"သေချင်စော်နံလည်း သေလိုက်ပေါ့ကွာ၊ မြန်မြန်သေလေ အေးလေပေါ့။ သေတာပဲ အဆန်းတကြယ်လုပ်လို့ ချစ်စိန်ရာ၊ မင်းထင်ရာမင်းလုပ်ခဲ့ပြီးပြီ မဟုတ်လားကွ"

"တော်ပါတော့ကွာ"

ချစ်စိန် အတော့်ကို စိတ်ဓာတ်ကျနေပုံရ၏။ စကားတောင် အသေအချာ ပြောချင်ပုံမရ၊ နွမ်းယဲ့ယဲ့လေသံထွက်နေ၏။ ဂျာအေးကတော့ ထုံးစံအတိုင်း ပြုံးဖြီးဖြီးပင်၊ သူ့ကိုယ်ကြီးကိုလည်း တောင်လွှဲမြောက်လွှဲ လုပ်ကြည့်နေ၏။ တကျွီကျွီ မြည်သံကြောင့် ပေတရာ၏တပည့် ငှက်ကျားအပြေးဝင်လာ၏။ ဂျာအေး လုပ်နေပုံကြည့်ပြီး ပါးစပ်ကြီးအဟောင်းသားဖြစ်သွား၏။

"ဟ- ဘယ်လိုဖြစ်နေတာတုံးကွ၊ မင်းကိုယ်မင်း ဘားကွန်းကစားနေတယ်များ အောက်မေ့နေသလား"

"ဟဲဟဲ. . . အာရောဂျံ ပရမ်လာဘ်တဲ့ဗျ၊ သေရင်တောင် ကျွပ်တအလတ်ကြီး သေချင်တာ။ ခင်ဗျားတို့ကြီးက ခိုင်ရဲ့လား"

"ဟေ- ကောင်းရောကွာ၊ ဆရာပေတရာ ခေါ်လာတာ လူမှဟုတ်ရဲ့လား။ မျောက်လွှဲကျော်များလား မသိဘူး။ မျက်စိနောက်လှသကွာ"

ငှက်ကျားတစ်ယောက် ရှုံ့မဲ့ရှုံ့မဲ့ ဆံပင်မွေးတို့ တဂျစ်ဂျစ်ကုတ်ရင်း

www.burmeseclassic.com



ဂိုဒေါင်ထဲမှ ထွက်သွား၏။ ချစ်စိန်မှာလည်း ငှက်ကျားနည်းတူ ကြောင်စီစီ ဖြစ်နေ၏။ လောလောဆယ် ကယောက်ကယက် ခံစားနေရသူ။ နေ့သေမလား၊ ညသေမလား တွေးကာ မျက်ရည်တောင် လည်မိ၏။ ရွာကမိန်းမကိုလည်း သတိရနေမိ၏။ ခြေထောက်နှစ်ဖက်ကို ဇောက်ထိုးဆွဲပြီး ကြိုးတုပ်ထားသဖြင့် အလွန်မှ ခံရခက်လှ၏။ ထမင်းမစား၊ ဟင်းမစားနှင့် နေခဲ့ရသည်မှာလည်း အကြိမ်ကြိမ်။

သူ့ကို ဘာကြောင့် ပြန်ပေးဆွဲခဲ့ကြသည်ကိုလည်း နားမလည်နိုင်။ လှည့်ကြည့်လျှင် ကျောပဲရှိသည့်ဘဝ။ ကျောက်စရစ်ခဲ ညှစ်လျှင် ရေထွက်ချင် ထွက်လာနိုင်၏။ သူ့ဆီမှာတော့ လူဆိုးစားပြတွေ လိုချင်သည့် ငွေကြေးလည်း မရှိ။ ထိုအချက်ကြောင့် သူ ဘယ်လိုမှ စဉ်းစားမရ။

ယခုတော့ ဂျာအေးကို ကြည့်ပြီး သူလည်း အူလည်လည် ခံစားနေရ၏။

"ဂျာအေးရာ၊ သူတို့ ငါ့ကို ဘာဖြစ်လို့ ခုလို လုပ်ထားကြတာလဲကွာ။ ငါတော့ စဉ်းစားလို့ကို မရဘူးကွ"

"စဉ်းစားလို့ မရလည်း မစဉ်းစားနဲ့ပေါ့ဗျာ"

"ဟာကွာ၊ မင်းကလည်း. . ."

ချစ်စိန်ခမျာ ဂျာအေး စကားကို အားမလို အားမရ ဖြစ်နေ၏။ ထိုအချိန်တွင် ဆရာကြီးပေတရာတစ်ယောက် ဂျာအေးကိစ္စနှင့် ပတ်သက်ပြီး ခေါင်းစားနေ၏။ တပည့်ကျော် ငှက်ကျားသည် မှုန်ကုပ်ကုပ် အကြည့်နှင့် ဆရာဖြစ်သူကို ပြောဆိုနေ၏။

"အာစရိရာ၊ ဂျာအေးဆိုတဲ့ကောင်က လူမှ ဟုတ်ရဲ့လားဗျ။ အကြောက်အရွံ့ကလည်း ကင်းပါ့ဗျာ၊ ကြိုးနဲ့တုပ်ထားတာတောင် ကောင်းကောင်းမနေဘူး။ တွမ်းတွေပစ်လိုက်၊ ကွေးလိုက်ကော့လိုက်နဲ့ဗျာ။ ရှုးများရှူးနေသလား မသိဘူး"

"ဟုတ်ပါ့ကွာ၊ ဟိုကောင် ချစ်စိန်ကျတော့လည်း ဝက်ရူး။ အားအားရှိ ဝက်ရူးထထပြန်နေတာ ခက်သကွ၊ ငါတို့ ခေါ်လာတာ အရူးတွေများလား မသိဘူး။ ပြီးတော့ ပတ္တမြားကိစ္စလည်း ဘယ်လိုမှ ဖော်ထုတ်လို့မရနဲ့၊ ဒုက္ခပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ဆီမှာရှိတာ သေချာရဲ့လား ဆရာရယ်၊ ကျွန်တော်တို့ ရှာတာလည်း နှံ့နေပြီဗျ"

"ဟုတ်ပါ့ကွာ၊ ငါက အပိုင်တွက်ထားတာကွ။ ဒီကောင်တွေ ရန်ကုန်ဆင်းလာတာ အဲဒီကိစ္စလို့ ငါ ထင်နေတာ၊ အခုတော့ ဘယ်လိုမှ စဉ်းစားလို့ မရနိုင်ပါလားကွာ"

"ကြည့်လည်းလုပ်ပါဦး ဆရာရယ်၊ နှစ်ယောက်စလုံး ဒုက္ခတွေ့နေပါဦးမယ်"

"ဟုတ်ပါ့ကွာ၊ ငါလည်း ဘာလုပ်လို့ လုပ်ရဦးမလဲ မသိဘူး"

ဆရာတပည့်နှစ်ယောက် မွှေ့ပွေးခါးပိုက်ပိုက်မိသည့် အဖြစ်ကြောင့် ကြောင်စီစီ ခံစားနေရစဉ် ဂိုဒေါင်ထဲမှ တကျွိကျွိ မြည်သံကြီး ပေါ်လာ၏။ ထိုအသံကြောင့်လည်း သူတို့နှစ်ယောက် အိမ်ကြီးပေါ်မှ အလျှင်အမြန် ဆင်းခဲ့ပြီး ဂိုဒေါင်ထဲ ဝင်ခဲ့ကြ၏။

"ဟာ- မင်း မင်း ဘာလုပ်နေတာလဲကွ"

"ဟဲဟဲ ကျန်းမာအောင် လုပ်နေတာလေ"

"ဘာ- မင်း ရူးနေသလားကွ"

ဂျာအေး လုပ်ပုံကို သူတို့ နားမလည်နိုင်။ တောင်လွှဲမြောက်လွှဲနှင့်လုပ်ရင်း တခါခါ တယမ်းယမ်း ဖြစ်နေ၏။ ကော့လိုက်ကွေးလိုက် လုပ်နေ၏။ ပေတရာသည် ခါးကြားမှ သေနတ်ကို ဆွဲထုတ်ကာ ဂျာအေးကို လှမ်းချိန်လိုက်၏။

"ဟကောင်- မင်း ငြိမ်ငြိမ်နေနော်၊ မနေရင် ပစ်ချလိုက်ရမလား"

"ပစ်ချင်လည်း ပစ်ချလိုက်ပေါ့ဗျာ"

"ဘာကွ"

"ကျွိကျွိ. . . ကျွိကျွိ"

"ဟာ- ပြဿနာပဲ"

ဂျာအေး ခြေထောက်ကို ချည်နှောင်ထားသည့် ထုပ်တန်းမှာလည်း ခြကိုက် ပိုးစားထားသော ထုပ်တန်းကြီး ဖြစ်၏။ လွှဲရင်းလွှဲရင်း အသံတွေ မြည်လာ၏။ ပေတရာမှာ ဂျာအေးကို မနိုင်တော့။ ထိုစဉ် လွှဲနေသော အရှိန်ကြောင့် ထုပ်တန်းကြီး ဖြုန်းခနဲ ကျိုးကျသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း . . . ဒုန်း"

"အောင်မယ်လေးဗျာ"

"ဝေါ. . . ဝုန်း"

"ဟာ- လုပ်ကြပါဦး"

ခေါင်မိုးကြီးတစ်ခုလုံး ပြိုကျလာသည်မို့ ပေတရာတို့ ဆရာတပည့်မှာ ထုပ်တန်းတွေ၊ အမိုးတွေအောက် နစ်မြုပ်သွားခဲ့၏။ ဂျာအေးနှင့် ချစ်စိန်တို့ နှစ်ဦးလည်း သွပ်ပြားတွေ၊ တန်းတွေကြား ဖရိုဖရဲ ဖြစ်နေ၏။ ထိုအချိန် ဂျာအေးသည် သွပ်ပြားတွေ၊ တန်းတွေကို အတင်း ဖယ်ရှားကာ ခြေထောက်ကကြိုးကို ဖြုတ်လိုက်၏။

"အောင်မယ်လေး၊ ဆွဲကြပါဦးဗျ"

ချစ်စိန်တစ်ယောက် ခေါင်းမှာလည်း သွေးသံရဲရဲ၊ ထုပ်တန်းတွေကြားမှ အော်ဟစ်နေ၏။ ဂျာအေးသည် ခြေထောက်ကကြိုး ပြတ်သွားသည်နှင့် ချစ်စိန်ကို ဆွဲထုတ်လိုက်၏။ ထိုအချိန်တွင် ပေတရာတို့ ဆရာတပည့်နှစ်ဦးမှာ သွပ်ပြားတွေကြားက မထွက်နိုင်၊ ထိမိခိုက်မိဒဏ်ကြောင့် နှစ်ယောက်စလုံး မျက်လုံးပြူး မျက်ဆန်ပြူး အော်ဟစ်နေ၏။

ဂျာအေးသည် ပေတရာနှင့် ငှက်ကျားတို့ နှစ်ဦးကိုလည်း ဆွဲထုတ်လိုက်ရ၏။ နဖူးတွေ၊ ငယ်ထိပ်တွေလည်း ဖူးရောင်နေ၏။ ကိုယ်ပေါ်မှာလည်း ဖုန်တွေ အဖွေးသား။

"မင်း. . . မင်း တော်တော် ပြဿနာရှာတဲ့ကောင်ပါလားကွ၊ အား. . နာလိုက်တာကွာ"

"ခေါင်းကွဲသွားပြီလား မသိဘူး ဆရာ"

"သေလည်း အေးတာပေါ့ဗျာ"

"ဘာကွ၊ မင်း. . . မင်းကွာ"

"ပြန်လွှတ်လိုက်ပါ ဆရာရယ်၊ ဒီကောင့်ခေါ်ထားရတာ မြွေပွေးခါးပိုက်ပိုက်သလို ဖြစ်နေပြီ။ ကြာရင် ကျုပ်တို့ပါ အခြေမလှ ဖြစ်ကုန်မယ်ဗျ"

"ပြဿနာပဲကွာ၊ ဂိုဒေါင်ကြီးလည်း ပြိုပြီ၊ လူတွေလည်း ဒဏ်ရာတွေ ရကုန်ပြီ။ ဂျာအေး၊ မင်းကွာ ပတ္တမြားမရတဲ့အပြင် ငါတို့ကို ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးနေတာလား"

ပေတရာတစ်ယောက် ရောင်ကိုင်းနေသော သူငယ်ထိပ်တို့ ဖွတ်သပ်ကာ ဂျာအေးကို ဒေါသတကြီး ပြောဆိုနေ၏။ ငှက်ကျားခမျာမှာလည်း ရှုံ့မဲ့မဲ့။ ထိုစဉ် တိုးကြီးနှင့် ရွှေမြတို့ ရောက်လာ၏။ ပြားပြားဝပ်ပြိုကျသွားသော ဂိုဒေါင်ကြီးကို ကြည့်ကာ အံ့ဩနေကြ၏။

"ဟာ- ဘယ်လိုဖြစ်ကုန်ပြီလဲ"

"မြင်တဲ့အတိုင်းပဲကွာ၊ ဟိုကောင် လုပ်တာကွ။ ဒုက္ခပဲ၊ ဂျာအေးခေါ်မိတာ ကျားမြီးဆွဲမိသလို ဖြစ်နေပြီကွ"

"ခင်ဗျားတို့ ကျုပ်ကို ပြန်လွှတ်လိုက်စမ်းပါဗျာ၊ ခင်ဗျားတို့ လိုချင်တဲ့ ပတ္တမြားဆိုတာ ကျုပ်ဆီမှာ မရှိဘူး။ ခင်ဗျားတို့လိုချင်ရင် လောက်စာလုံးတွေတော့ ရှိတယ်ဗျ ဟဲဟဲ. . ."

"တော်စမ်းကွာ၊ မင်း နောက်တီးနောက်တောက် မလုပ်နဲ့နော်၊ ငါ ဒေါသထွက်လာရင် မင်း စိစိညက်ညက် ကြေသွားနိုင်တယ်ကွ။ ကိုင်း-ဒီနှစ်ကောင်ကို အိမ်ပေါ် ခေါ်ခဲ့စမ်းကွာ"

"ဘာလုပ်ဦးမလို့လဲဗျ"

"မင်းပါးစပ် ပိတ်ထားစမ်းကွာ"

ပေတရာတစ်ယောက် ပွစိပွစိ ပြောကာ အိမ်ကြီးပေါ် ပြန်တက်သွား၏။ အဖြစ်က တကယ်လည်း ကျားမြီးဆွဲမိသည့်အဖြစ်။ မလွှတ်ပြန်လည်း အန္တရာယ်၊ လွှတ်ပြန်လည်း အန္တရာယ် ရှိနေသည်မို့ ပေတရာတို့လူစု ချီတုံချတုံ ဖြစ်နေကြ၏။

ထိုစဉ် ငှက်ကျားတို့လူသိုက် ဂျာအေးနှင့် ချစ်စိန်ကို ခေါ်ကာ အိမ်ကြီးပေါ် တက်လာ၏။ ဧည့်ခန်းထဲသို့ အရောက်တွင် ချစ်စိန်တစ်ယောက် ကြမ်းပြင်ပေါ် တုံးခနဲ လဲကျသွားကာ တခွီးခွီးနှင့် ထ၍ အော်ဟစ်နေလေ၏။

"ဟာ- တက်. . . တက်ပြန်ပြီဟေ့"

"ခြေမ ချိုးကြဟ"

"လက်လည်းချိုး"

"ပြဿနာပါလားကွ၊ လုပ်လုပ် တော်ကြာ ငါတို့လက်ထဲ သေချင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနဲ့ သေနေကြဦးမယ်"

ငှက်ကျားတို့လူသိုက် တခွီးခွီး တဖွီးဖွီး တက်နေသော ချစ်စိန်ကို ခြေချီးလက်ချီးနှင့် သက်သာအောင် လုပ်လိုက်ကြ၏။ သုံးယောက်စလုံး ပျာယာခတ်နေ၏။ ပေတရာမှာလည်း မျက်လုံးပြူး မျက်ဆန်ပြူး၊ အချိန်အနည်းငယ် အကြာတွင် ချစ်စိန် အနည်းငယ် သက်သာလာ၏။

"တော်ပြီကွာ၊ ဒီကောင်တွေ ခေါ်ထားရတာ ပြဿနာထုပ်ကြီး ပိုက်ထားရသလိုပဲ၊ လွှတ်ပေးလိုက်ကွာ။ တစ်ခုတော့ ရှိတယ်နော်၊ ငါ့စိတ်ထဲတော့ မင်းဆီမှာ ပတ္တမြားရှိနေတယ်ပဲ ငါယုံတယ် ဂျာအေး၊ သတင်းတစ်ခုခု ကြားလို့ကတော့ ငါနဲ့ တွေ့ပြီသာမှတ်"

"ကြိမ်းလှချည်လားဗျာ၊ ကျုပ်ကို လွှတ်မပေးခင် အနီလေး ဘာလေးတိုက်. . ."

"သွား. . . သွားစမ်းကွာ၊ ရှုပ်နေတာပဲ"

ပေတရာတစ်ယောက် လက်လျှော့လိုက်ရ၏။ သူ လိုချင်သည့် ပတ္တမြား မရဘဲ ပြဿနာတွေပဲ ပိုက်မိနေသဖြင့် နောက်ဆုံး ဂျာအေးနှင့် ချစ်စိန်ကို ပြန်လွှတ်ပေးလိုက်ရလေ၏။

□□□



www.burmeseclassic.com

www.burmeseclassic.com

ဘဝကို . . .
ခပ်ပါးပါးထားသင့်သလို
အတွေးကိုလည်း . . .
ခပ်ပါးပါးပင် ထားသင့်၏။
စင်စစ် . . .
အနိစ္စတရား၏ ဖဝါးအောက်တွင်
အရာအားလုံး တည်ရှိနေပေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ဖျောက်ဆိပ်တို့ လင်မယားနှစ်ယောက် သံလုံးတို့ ဘုန်းကြီးကျောင်းတွင် သုံးလေးရက်ခန့် သောင်တင်နေ၏။ လက်ထဲ ပိုက်ဆံပြတ်နေပြီ ဖြစ်၏။ သံလုံးကတော့ သူတို့နှစ်ယောက်ကို စိတ်အေးအေး နေထိုင်ဖို့ ပြောလာ၏။ ဖျောက်ဆိပ်မှာ စိတ်မအေးနိုင်။ လင်းတကြီး မှိုင်သလို ငူငူကြီး ဖြစ်နေ၏။

အပုလေးမှာလည်း ပွစိပွစိ။ သူတို့အဖြစ်က သောင်ပြင်ထဲ အလွတ်ခံရသည့် သတ္တဝါလို ဖြစ်နေကြ၏။

"ဘယ်လိုလုပ်ကြမတုံး ကိုရင်ဖျောက်ရယ်၊ ကျုပ်တို့ ဒီကျောင်းမှာ ကပ္ပိယ လုပ်နေရမှာလား။ သင့်လည်း မသင့်တော်ပါဘူးရှင်"

"ငါလည်း သိပါတယ်ကွာ၊ ငါလည်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေတာကွ။ ခက်တာ ကိုယ့်နယ်မြေ ကိုယ့်ဒေသ မဟုတ်တော့လည်း ဘာထွက်လုပ်လို့ လုပ်ရမှန်းတောင် မသိပါဘူးကွာ။ အရေးထဲ ဟိုကောင့် ကိစ္စကတစ်မျိုး"

"ဘယ်သူတုံး"

"ဂျာအေးလေကွာ၊ ခုလောက်ဆို ဖွတ်ဖွတ်ကြေနေပြီထင်တယ်"

"ဟုတ်ပတော့၊ တော်တော် မိုက်ရိုင်းတဲ့ဟာတွေပဲ။ ဒါနဲ့ ဂျာအေးလက်ထဲက ပတ္တမြားတွေ ဘယ်ရောက်ကုန်ပလဲ၊ ဟိုကရှာလိုက်တာမှ အနံ့တော့။ ဒီလောက် ရှာတာတောင် မတွေ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ ငါလည်း စဉ်းစားနေတာပဲ။ ဂျာအေးလုပ်တာ ဟုတ်မှ ဟုတ်ရဲ့လား မသိဘူး။ ပတ္တမြား မဟုတ်ဘဲ ကျောက်စရစ်ခဲတွေများလား မသိဘူး"

"အောင်မယ်လေးတော့၊ သင်းစကားယုံပြီး ကျုပ်တို့ လိုက်လာခဲ့မိတာ အမှားကြီး မှားပြီထင်တယ် ကိုရင်ဖျောက်ရယ်။ ဟုတ်ပ့ါ ဟုတ်ပ့ါ ခုမှ ကျုပ်တွေးမိတယ်။ ဂျာအေးစကားက ဘယ်လိုမှ ယုံရတာ မဟုတ်ဘူး"

"အဲဒါ ပြောတာပေ့ါကွာ၊ မင်းကိုက လောဘဇောတိုက်နေတာကိုး။ ခု ပြန်စရာ လမ်းစရိတ်တောင် မရှိတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

"အောင်မယ်လေးတော်၊ တော်ကြီးက ကျုပ်ကို ပြန်ရန်တွေ့နေတယ် ဟုတ်လား။ ဒီမှာ ကိုရင်ဖျောက်၊ တော်ကြီးက အိမ်ဦးနတ်လေ။ စဉ်းစဉ်းစားစား လုပ်ရမှာက ဘယ်သူတုံး၊ ပြောပါဦး ကိုအတ္တရယ်"

"ဟေ- ဒါဆို တရားခံက ငါပေ့ါ"

"တော် မဟုတ်လို့ ဘယ်သူရှိမှာလဲ"

"ကောင်းရောလကွာ"

ဖျောက်ဆိပ်တစ်ယောက် ကိုယ့်ရှူး ကိုယ်ပတ် ဖြစ်နေ၏။ သူတို့နှစ်ယောက် ဇရပ်ရှေ့ မန်ကျည်းပင်ကြီးအောက်ရှိ တန်းလျားပေါ် ထိုင်ရင်း ပွစိပွစိ ဖြစ်နေကြ၏။ လက်ထဲလည်း စရိတ်တောင် မရှိတော့။ ဂျာဖျောက်ကလည်း တဂျိဂျိ။ အပုလေးခမျာ ရန်ကုန်မြို့ကြီး၏ အလှအပများကို မြင်ခဲ့ရသော်လည်း မြင်သာမြင် မကြင်ရဘဝ ရောက်နေရှာ၏။

ထိုအချိန် ကျောင်းဝင်းထဲ ဝင်လာသော ဂျာအေးနှင့် ချစ်စိန်ကို ကြည့်ပြီး သူတို့နှစ်ယောက်စလုံး မှုန်မှုန်ဝါးဝါး ဖြစ်နေကြ၏။

"ဟဲ့ဟဲ့ ဂျာ. . . ဂျာအေး၊ ဟင်- မောင်လေးလည်း ပါတယ်။ နင်တို့နှစ်ယောက် လူ. . . လူတွေမှ ဟုတ်ရဲ့လား"

"ဟာ- အစ်မကလည်းဗျာ၊ ကျုပ်တို့ လူစစ်စစ်တွေပါဗျ"

"ဟယ်- နင်တို့ လွတ်လာကြပြီ၊ ငါ ဝမ်းသာလိုက်တာဟယ်"

"ဟုတ်ပ့ါကွာ၊ မင်းတို့ ဘယ်လို လွတ်လာကြတာလဲကွ"

"ဂျာအေးလုပ်တာလေ၊ လူဆိုး ပေတရာလည်း ဝေဒနာတွေနဲ့ ဒုက္ခရောက်တော့မလို့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော- ဂျာအေး ဟုတ်လား"

ချစ်စိန်က ဂျာအေး၏ ရိုက်ချက်အပြင်းစားများကို ရှင်းပြလိုက်၏။ ဆရာကြီး ဖျောက်ဆိပ်မှာ မျက်လုံးကြီး အပြူးသား၊ ပါးစပ်ကြီး အဟောင်းသား ဖြစ်နေ၏။ တပည့်လုပ်သူ၏ အစွမ်းအစကိုလည်း ဇဝေဇဝါ ဖြစ်နေ၏။ အပုလေးမှာလည်း ဖျောက်ဆိပ်နည်းတူပင်။

"အံ့ပါ့တော်၊ ဖမ်းထားတဲ့လူတွေတောင် မျက်စိနောက်အောင် လုပ်ရဲပါလား ဂျာအေးရာ။ ဘာပဲဖြစ်ဖြစ် ငါ့မောင်ပါ လွတ်လာတာ တော်ပါသေးရဲ့ဟယ်၊ ဟဲ့- ဂျာအေး"

"ဘာတုံး မပုလေး"

"နင်လုပ်တာ ငါတို့မိသားစုတော့ သောင်ပြင်လွတ်တဲ့ သတ္တဝါတွေ ဖြစ်နေပြီဟဲ့။ ပြေးစရာ မြေမရှိ၊ စားစရာ ငွေမရှိ ဖြစ်နေပြီဟဲ့။ နင်မွေးတဲ့ မီးက လူတွေအားလုံး လိုက်လောင်နေပါလား၊ ငါတို့ မိသားစုလည်း ကပ္ပိယ မိသားစု ဖြစ်နေပြီဟဲ့"

"ဟုတ်ပါ့ကွာ၊ မင်းလုပ်လိုက်တာ အကုန်လုံး ရှုပ်ကုန်ပြီကွ။ ခု ငါတို့ လက်ထဲမှာ စရိတ်တောင် မရှိတော့ဘူးကွ"

ဖျောက်ဆိပ်တို့ လင်မယားက ဂျာအေးကို မကျေမချမ်း ပြောဆိုကြသော်လည်း ဂျာအေးကတော့ ပြုံးစိစိ။

"ဟကောင်၊ ဘာရယ်ဖြဖြ လုပ်နေသလဲကွာ။ မင်းလက်ထဲမှာ ပတ္တမြား မပြောနဲ့ ကျောက်စရစ်ခဲတောင် မ ဘူး မဟုတ်လား။ ခက်ပါ့ကွာ၊ ငါတို့ကလည်း မင်းစကား ယုံမိသကိုး"

ဖျောက်ဆိပ်တစ်ယောက် မရိုးမရွ ဖြစ်နေ၏။ လင်မယားနှစ်ယောက်စလုံး ဘာပြောလို့ ပြောရမှန်းပင် မသိကြ။ ထိုစဉ် ဂျာအေး၏ ပြာနှမ်းနှမ်းလေသံ ပေါ်လာ၏။

"မပူပါနဲ့ဗျာ၊ ဒီကိစ္စ ကျုပ်တာဝန်ထားစမ်းပါ။ ရန်ကုန်မှာ တိုက်ဝယ်မလား၊ ခြံဝယ်မလားပြော"

"ဟော- လာပြန်ပြီ။ တောင်ပြောမြောက်ပြော မလုပ်စမ်းပါနဲ့ ဂျာအေးရာ၊ မင်းကြောင့် ငါ့မိန်းမက ရူးချင်ချင် ဖြစ်နေတာကွ"

"ခက်ပါ့ ဆရာဖျောက်ရာ၊ ကျုပ်ကို တယ်လည်း အထင်သေးတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုး။ ကောင်းပြီလေ၊ ကျုပ်ကို တစ်ရက်နှစ်ရက်ပဲ အချိန်ပေးစမ်းပါဗျာ မပုလေး"

"ဘာတုံးဟဲ့၊ နင် ပေါက်တီးပေါက်ရှာတွေ မပြောနဲ့၊ ငါ မှာတောင် ရှူးချင်နေပြီဟဲ့"

"မရှူးပါနဲ့ဗျာ၊ မပုလေးက နားကပ်တွေ ဆွဲကြိုးတွေ ဝယ်ချင်တာ မဟုတ်လား"

"တော်စမ်းပါဟယ်"

လင်မယားနှစ်ယောက်စလုံးက ဂျာအေး၏ စကားကို ခါးခါးသီးသီး ဖြစ်နေကြ၏။

ထိုအချိန် ကပ္ပိယသံလုံး ရောက်လာ၏။ ဂျာအေးကို တွေ့တော့ ဝမ်းသာအားရ ဖြစ်နေ၏။

"ဂျာအေး၊ ဟာ- မင်းကို တွေ့ရတာ ဝမ်းသာလိုက်တာကွာ။ ငါ ရွာကို အရမ်း သတိရတာကွ"

"ကိုင်း- အဲဒါတွေထား၊ လောလောဆယ် ငါတို့နှစ်ယောက် ဘာမှ မစားရသေးဘူးကွ။ ထမင်းတွေ၊ ဟင်းတွေရှိရင် ကျွေးကွာ"

"ကျွေးရမှာပေါ့ကွာ၊ လာလာ"

သံလုံးနောက်ကို သူတို့နှစ်ယောက် လိုက်သွား၏။ သံလုံး ခူးခပ် ကျွေးသမျှကို ဆာဆ ာနှင့် တွယ်လိုက်ကြ၏။ ရှိသမျှ ဟင်းထမင်းကုန်မှ နှစ်ယောက်စလုံး ဘ ိ ာ်အုပ်နိုင်ခဲ့၏။ ခူးကျွေးသည့် သံလုံးပင် မျက်လုံး ပြူးသွားရ၏။

"ဟာ- တွယ်လှချည်လား"

"ဟဲဟဲ. . . ဆာနေတာကွ၊ မစားရတာ သုံးလေးရက်ဆိုတော့ ဖိတွယ်မိတာပေါ့ကွာ"

"မင်းတို့ စားပေါက်က ငါပါ ဘုန်းကြီးကျောင်းက ပြေးရမယ့်ကိန်း ပဲကွ"

"ဟဲဟဲ. . . မင်းကလည်းကွာ၊ ဆာနေတဲ့လူကို တွေ့ရတာ ကုသိုလ်ရပါသကွာ။ ကိုင်း- မင်းကို ငါ ပြောစရာရှိတယ်ကွ"

"ဟင်- ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကွာ၊ မင်းဆီမှာ ဝမ်းနုတ်ဆေးလေး ဘာလေး မရှိဘူးလားကွ"

"ဟော- မင်း ဘာလုပ်မလို့လဲ"

"ငါ ဝမ်းချုပ်နေတာ သုံးလေးရက် ရှိပြီကွ၊ ရှိရင် ပေးစမ်းကွာ"

"ဟာ- မင်းကလည်း ခုပဲစားပြီးတယ်၊ ခုပဲ ထုတ်တော့မလို့လား"

"ထုတ်ရမယ် သံလုံးရေ၊ အဝင်ရှိရင် အထွက်တော့ ရှိရမှာပေါ့ကွာ ဟဲဟဲ. . ."

"တော်တော် ဆန်းကြယ်တဲ့ သတ္တဝါပဲ"

ဂျာအေး၏ တောင်းဆိုချက်ကို သံလုံး ဝါးတားတား ဖြစ်နေ၏။ နောက်ဆုံး ဆရာတော် စားလေ့စားထရှိသော ကနစိုမ္ဘုန့်ကဲ့သည့် လေပုပ် ထုတ်ဆေးလုံးများကို ရှာဖွေပေးလိုက်ရ၏။

ချစ်စိန်သည် ဂျာအေး လုပ်ပုံကို နားမလည်နိုင်၊ ထမင်းစားပြီးသည်နှင့် ကနစိုဆေးလုံးတွေ တစ်လုံးပြီးတစ်လုံး သောက်နေသော ဂျာအေးကိုကြည့်ပြီး အံ့ဩနေ၏။ ဖျောက်ဆိပ်တို့ လင်မယားကို ပြောပြတော့လည်း လင်မယားနှစ်ယောက်စလုံး ဝါးတားတား ဖြစ်နေ၏။

"ဘယ်လိုတုံး ကိုရင်ဖျောက်၊ တော့်တပည့် ရူးများရူးနေပြီလား မသိဘူး"

"ဟုတ်ပါ့ကွာ၊ ဒီကောင် ဘာစိတ်ကူးပေါက်နေသလဲ မသိဘူး"

သူတို့လူစု အူချာချာ ဖြစ်နေစဉ် ဂျာအေးတစ်ယောက် ကြွပ်ကြွပ်အိတ်ကလေးကိုင်ကာ အိမ်သာထဲ ဝင်လိုက်ထွက်လိုက် လုပ်နေ၏။

ဆရာကြီး ဖျောက်ဆိပ်ခမျာ တပည့်ကျော် ဂျာအေး လုပ်နေပုံကို စိတ်ထဲ မသင်္ကာ၊ ထို့ကြောင့်လည်း ထိုင်ရာမှထကာ ကျောင်းအနောက်ဘက် အိမ်သာဆီသို့ လျှောက်ခဲ့၏။

"တွေ့ပြီကွ၊ တွေ့ပြီ ဟားဟားဟား"

"ဟိုက်- ဘာတွေ တွေ့နေတာလဲဟ ဒုက္ခပါပဲကွာ၊ ဂျာအေး ဟကောင် ဂျာအေး၊ အိမ်သာထဲဝင်ပြီး ဘာတွေရှာနေတာလဲ"

"တွေ့ပြီ ဆရာဖျောက်ရေ တွေ့ပြီဗျ"

"ဟေ"

ဖျောက်ဆိပ်တစ်ယောက် အိမ်သာကိုကြည့်ပြီး မှုန်ကုပ်ကုပ် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုစဉ် အိမ်သာတံခါးကြီး ပွင့်လာကာ ဂျာအေးတစ်ယောက် သွက်ကုန်းကွကွနှင့် ထွက်လာ၏။ မျက်နှာကလည်း စပ်ဖြဲဖြဲ၊ တည့်ကျော့ ဂျာအေး ရှူးများ ရှူးသွားလေပြီလား ဟူ၍ပင် ထင်မှတ်နေ၏။

ထိုစဉ် အိမ်သာပေါ်မှ လွှားခနဲ ခုန်ဆင်းလာသော ဂျာအေးတစ်ယောက် သူ့အနားသို့ အပြေးရောက်လာ၏။

"ဘာတုံးကွ"

"ဒီမှာ ကြည့်စမ်း ဆရာဖျောက်"

"ဟာ- ပတ္တမြား၊ ပတ္တမြားတွေပါလား။ မင်း ဘယ်က ရတာလဲ၊ အိမ်သာထဲ ဘယ်တုံးက ဝှက်ထားတာလဲကွ"

"ရှူး. . . တိုးတိုးပြောစမ်းပါဗျာ။ ကျုပ်က အဲဒီဟာတွေကို အိမ်သာထဲ ဝှက်ထားတာ မဟုတ်ဘူးဗျ။ ဟောဒီ ဗိုက်ထဲ ဝှက်ထားတာ"

"ဟေ- တော်တော် အတတ်ဆန်းတဲ့ကောင်ပါလားကွ"

"ဟဲဟဲ. . . ဂျာအေးပဲဗျာ၊ ဒီလောက်တော့ ခေါင်းပြေးပါတယ်ဗျ"

"ကောင်းရောလကွာ"

ဖျောက်ဆိပ်တစ်ယောက် သူ့တပည့်ကြီးကို ကြည့်ကာ အလွန့်အလွန်မှ ဆန်းကြယ်လှသည့် သတ္တဝါပါတကားဟု မှတ်ချက်ချမိလေတော့၏။ ဂျာအေးကတော့ သူ့လုပ်ရပ်ကို အတော်ကလေး ကျေကျေနပ်နပ် ဖြစ်နေပုံရလေ၏။

"ဆရာဖျောက်၊ ဒီကိစ္စကို ဘယ်သူ့မှ အသိပေးလို့ မဖြစ်ဘူးနော်၊ ဆရာဖျောက်နဲ့ ကျုပ်ပဲ သိထားမှ ဖြစ်မှာဗျ"

"ဟေ- ဟို. . . အဲဒါ သေချာရဲ့လား"

"ဟာ- သိပ်သေချာတာပေါ့ဗျာ၊ ဟိုကောင်တွေ ကျုပ်ကို ရှာတော့ မယ်ဆိုကတည်းက ပါးစပ်ထဲ မျိုချပစ်လိုက်တာဗျ"

"ဟေ- ကောင်းရောလကွာ"

"ဟဲဟဲ ဒါသုံးတာလေ"

ဂျာအေးက သူ၏ ကြီးမားလှသော ခေါင်းကြီးကို လက်ညှိုးထိုးပြလိုက်၏။ ဆရာကြီး ဖျောက်ဆိပ်မှာ ခေါင်းကြီး တညိတ်ညိတ်၊ မျက်နှာကြီး ရှုံ့မဲ့မဲ့ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဂျာအေး၏ စကားသံ ထွက်လာ၏။

"ဆရာဖျောက်"

"ဟေလကွယ်"

"ဟို- ဒီကိစ္စ ကျုပ်ပြောသလို ဘယ်သူ့မှ မသိစေချင်ဘူးဗျာ၊ မပုလေးကိုလည်း အသိပေးလို့ မဖြစ်ဘူး။ ကျုပ်တို့နှစ်ယောက် ကျိတ်ရောင်းပြီးမှ အသိပေးရင် ကောင်းမယ်ဗျ"

"ဟုတ်ပဲ့၊ ဒီစကားတော့ မှန်သကွာ"

"ဒါဆို နေဦးဗျ"

"ဘာတုံးကွ"

"ဟဲဟဲ. . . ဗိုက်ထဲက ရစ်ပြီး နာလာပြန်ပြီဗျ။ ရော့ရော့- ဒါတွေ ယူထား. . ."

"အင်- မင်းဥစ္စာ ရှုံ့စရာကြီးကွာ"

"ယူထားစမ်းပါဗျာ"

ပတ္တမြားကြီး ငါးလုံးကို သူ့လက်ထဲထည့်ကာ ဂျာအေးတစ်ယောက် အိမ်သာပေါ် လွှားခနဲ ခုန်တက်သွားပြန်၏။ ဖျောက်ဆိပ်ခမျာ ခေါင်းကြီး တခါခါ ဖြစ်နေ၏။ အတော့်ကို ပေါက်တီးပေါက်ရှာလုပ်တဲ့ကောင်ပါလား ဟု စိတ်ထဲ တွေးနေ၏။

ထိုအချိန် အိမ်သာထဲမှ အသံဗလံတွေက ပွက်လောညံနေ၏။

"ကိုရင်ဖျောက်"

"ဟေလကွယ်"

နောက်က ပေါ်လာသည့် အသံကြောင့် ဖျောက်ဆိပ် တွန့်ခနဲ ဖြစ်သွား၏။ နောက်လှည့်ကြည့်လိုက်တော့ အပုလေး ရပ်နေသည်ကို တွေ့လိုက်ရ၏။

"ဘာတုံး မိန်းမရဲ့"

"တော်ကြီးက အိမ်သာရှေ့ရပ်ပြီး ဘာလုပ်နေတာတုံး၊ ဂျာအေးကို အိမ်သာလိုက်တည်နေရတာလား"

"ဟဲဟဲ. . . ငါလည်း ထုတ်ချင်သလို ဖြစ်နေလို့ပါကွာ"

အပုလေး ရောက်လာသဖြင့် ဆရာတပည့်နှစ်ယောက် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးသွား၏။ အချိန်အနည်းငယ် အကြာတွင် ဂျာအေးတစ်ယောက် အိမ်သာထဲမှ ရှုံ့တီးရှုံ့မဲ့နှင့် ထွက်လာ၏။ လူလည်း ပုဆိုးနိုင်ပုံမပေါ်တော့။

"လုပ်ပါဦးဗျာ၊ မနိုင်တော့ဘူးဗျ။ ဟို- ဝမ်းပိတ်ဆေး ဝမ်းပိတ်ဆေး တောင်းပေးပါ ဆရာဖျောက်ရယ်"

"ဘာကွ၊ တော်တော် ပြဿနာရှာတဲ့ ကောင်ပါလားကွာ။ တိုင်းလာလာ ငါ့မှာ ဆေးနည်းရှိပါတယ်ကွာ"

ဂျာအေးတစ်ယောက် ရှုံ့မဲ့ရှုံ့မဲ့နှင့် သူတို့နောက် လိုက်လာ၏။ ဖျောက်ဆိပ်သည် ရေနွေးပူပူထဲ သံပရာသီး ညှစ်ထည့်ပြီး ဂျာအေးကို တိုက်ချလိုက်၏။ ဆေးစွမ်းက ထက်ပါဘိ။ အချိန် အနည်းငယ်အတွင်း ဂျာအေးတစ်ယောက် အနည်းငယ် သက်သာရာ ရသွားခဲ့လေ၏။

"တော်ပါသေးရဲ့ဗျာ"

"မင်းကလည်း မဆင်မခြင် သောက်တာကိုးကွ"

"နေ. . . နေကြပါဦး၊ တော့်တပည့်က ဝမ်းနုတ်ဆေးတွေ သောက်လိုက်၊ ဝမ်းပိတ်ဆေးတွေ သောက်လိုက်နဲ့ ဘယ်လိုဖြစ်နေတာတုံး"

"မသိပါဘူးကွာ၊ ဂျာအေးတို့ လုပ်လိုက်မှဖြင့် မဟာဂန္ဓဝင်တွေ ချည်းပဲဟော့။ ဘယ်လိုတုံး၊ အခြေနေကောင်းသွားပြီလား။ မကောင်းရင်လည်း ပြောကွာ"

"ဟဲဟဲ. . . ကောင်းသွားပါပြီဗျာ"

ဂျာအေးမျက်လုံးနှစ်လုံးက အထဲသို့ ချိုင့်ဝင်သွား၏။ ပါးရိုး၊ မေးရိုးတွေလည်း ငေါထွက်နေ၏။ အပုလေးသည် ဂျာအေး၏ သွပ်ချောင်ချောင် မျက်နှာကို ကြည့်ရင်း ရှုံ့ရှုံ့တွတွနှင့် ပြောလိုက်၏။

"ဟဲ့- ကောင်လေး၊ နင့်ဥစ္စာ ဟုတ်မှဟုတ်ရဲ့လားဟဲ့။ ရွာမပြန်နိုင် သင်္ချိုင်းသံကြိုးရိုက်ရမယ့်ကိန်းဆိုက်နေပြီ"

"မပုလေးကလည်းဗျာ၊ ဂျာအေးဆိုတဲ့ကောင်ဟာ ဘယ်တော့မှ မသေဘူးဗျ"

"တော်စမ်းပါဟယ်၊ တောင်ပြောမြောက်ပြော မလုပ်စမ်းပါနဲ့ ဒီမှာ ပြေးစရာ မြေမရှိရတဲ့အထဲ၊ နင်သေလည်း မြှုပ်စရာမြေမရှိဘူးဟဲ့"

အပုလေး၏ စကားတွေက နားကျိန်းစရာပင်။ သူ့ဆရာတည့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အပုလေး မမြင်အောင် မျက်နှာရိပ် မျက်နှာကဲပြကာ အချိန်းအချက် လုပ်နေကြ၏။ သို့သော် အပုလေးသည် ဖျောက်ဆိပ် မျက်လုံးကြီး ပြူးပြူးသည်ကို မြင်သွား၏။

"အလိုတော်၊ ဘယ်လိုဖြစ်နေကြတာတုံးတော့။ မျက်လုံးတွေ ပြူးပြူးနေတာ ဘာသဘောလဲ"

"ဟဲဟဲ. . . ဘာမှ မဟုတ်ပါဘူး မိန်းမရာ"

"တော်တို့နော်၊ ကျုပ်ကွယ်ရာ မဟုတ်မဟတ်တော့ မလုပ်ကြနဲ့။ ကျုပ် အခု ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေပြီ။ ပြန်စရာ အိမ်လည်းမရှိ ပြေးစရာမြေလည်း မရှိနဲ့"

"မညည်းစမ်းပါနဲ့ မိန်းမရာ၊ ဘုရားသခင်က ငါတို့ကို ဒီအတိုင်း ပစ်ထားပုံတော့ မရပါဘူးကွာ ဟဲဟဲ. . ."

"အလိုတော်၊ ဘယ်က ဘုရားသခင်တုံး။ ကိုရင်ဖျောက်၊ တော်ရော စိတ်မှမှန်ရဲ့လား"

အပုလေးတစ်ယောက် မှုန်တိမှုန်ဝါး ဖြစ်နေစဉ် ဂျာအေးက ခေါင်းညိတ်ပြလိုက်၏။ ဖျောက်ဆိပ်ကလည်း ခေါင်းညိတ်ပြလိုက်၏။ ထိုအချိန်တွင် ချစ်စိန်တစ်ယောက် ငှူငှူကြီးထိုင်ကာ စိတ်ပျက်ဖွယ်ကောင်းလှသော စကားတွေ ပြောဆိုနေ၏။

"ခက်တော့ ခက်နေပြီ အစ်မရေ၊ ကျုပ်တော့ ရေလိုက်လွဲပြီ ထင်ပါရဲ့ဗျာ။ ဟို- ပေတရာဆိုတဲ့လူ ဒုက္ခပေးတာနဲ့ လူလည်း ရန်ကုန်မှာ တလည်လည် ဖြစ်နေပြီဗျ။ ကျုပ်တော့ ရွာပဲ ပြန်ချင်သဗျာ"

"ပြန်တာတော့ ပြန်တာပေါ့ဟယ်၊ ငါတို့တောင် စရိတ်မရှိ စားစရာ မရှိလို့ ဘုန်းကြီးကျောင်း ကပ်စားနေရတာ နင်အသိပဲ မောင်လေးရဲ့"

"အေးဗျာ၊ ကျုပ်တို့တော့ ချာချာလည်နေပြီ။ ရန်ကုန်ဆိုတာကလည်း ဂိုက်ဆိုက်တွေကြီးပါ့။ ကျုပ်တော့ အလုပ်ထွက်ပြီးရွာရင် ကောင်းမယ်ထင်ပါတယ်ဗျာ"

"အလိုလေးတော်၊ နင်က ရန်ကုန်မှာ အသိရှိလို့လားဟဲ့"

"ရှိတော့ မရှိဘူးပေါ့ အစ်မရယ်၊ ဒါပေမယ့် ဟိုဟိုဒီဒီ ပြောဆိုကြည့်တာပေါ့ဗျာ။ ထိုင်နေတာထက်စာရင် လမ်းပေါ်လျှောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းနိုင်သေးတယ်ဗျ၊ သွားမယ်ဗျာ"

ချစ်စိန်၏စကားကြောင့် အပုလေးက ဖျောက်ဆိပ်တို့ မျက်စောင်းလှမ်းထိုးလိုက်၏။ ဖျောက်ဆိပ်က အပုလေးမျက်စောင်းကို အမိပွာယ်သိနေပြီးသား။ ချစ်စိန် ကျောင်းဝင်းအပြင် ထွက်သွားတော့ အပုလေးပေါက်ကွဲလေတော့၏။

"တော်တို့ မြင်တဲ့အတိုင်းပဲနော်၊ ကျုပ်မောင်လေးဟာ ဟိုခွေဒီခွေမနေတတ်ဘူး။ အလုပ်တစ်ခုခု လုပ်နေရမှ ကျေနပ်တယ်၊ တော်တို့နဲ့မှားကွာပ့ါ"

"ဟာ- မိန်းမကလည်းကွာ၊ မင်းမောင်လုပ်လို့ အိမ်ပါပျောက်သွားတာတော့ ထည့်မပြောဘူးလား"

"ဘာ- တော်ကြီးနော်၊ ကျုပ်မောင်လေးက ကျုပ်တို့ ကောင်းစားဖို့ကြံတော့ ကြံတာပဲ။ သူ့ခမျာ ကံမလိုက်လို့ ဖြစ်ရတာကိုး၊ သူ့စေတနာကိုတော့ မစော်ကားနဲ့"

"အေးပါ့ကွာ၊ ငါ မပြောတော့ပါဘူး။ ကိုင်း- မင်းမှာ ပိုက်ဆံ ဘယ်လောက်ရှိသေးတုံး၊ ရှိရင်ပေးလိုက်ကွာ"

"အလိုတော်၊ တော်ကြီး စိတ်မှကောင်းသေးရဲ့လား။ ကျုပ်လက်ထဲပိုက်ဆံလေး ငါးရာပဲ ရှိတော့တယ်လေ၊ အဲဒါ ကလေးအတွက် ချန်ထားရတာ"

"ပေးလိုက်စမ်းကွာ"

"ရှင်က ဗွတ်ကြီးပါလား။ ဘာတုံး၊ ကျုပ်တို့ ခွက်ပါဆွဲရတော့မယ့်ဘဝရောက်အောင် လုပ်တာလား"

"တိတ်စမ်းကွာ၊ ပေးပေး"

ဖျောက်ဆိပ်၏ ဗွတ်တရွက် အပြောကြောင့် အပုလေး မကျေမချမ်း ဖြစ်နေ၏။ သူ့စကားဆို အမြဲတမ်းနာခံလေ့ရှိသော လင်ယောကျ်ားယခုတော့ စိတ်မှ မှန်သေးရဲ့လားပင် ယုန်ထင်ကြောင်ထင် ဖြစ်နေ၏။ နောက်ဆုံး ချွေးခံအင်္ကျီထဲ ကျစ်ထားသည့် ငါးရာတန် တစ်ရွက်ကို အုတ်ပေးလိုက်ရ၏။

ပိုက်ဆံရသည်နှင့် ဂျာအေးနှင့် ဖျောက်ဆိပ် တပို့ဖူး သုံးလုံးခေါ်



www.burmeseclassic.com

www.burmeseclassic.com





တာ ကျောင်းအပြင်သို့ ထွက်လာ၏။

"ဘယ်. . . ဘယ်သွားကြမလို့လဲဗျ"

"ဟော့ကောင် သံလုံး၊ မင်း သောက်တတ်သလားကွ"

"ဗျာ၊ ဟို- သောက်တော့ သောက်တတ်ပါတယ်ဗျာ။ ဒါပေမယ့် ဆရာတော်ကြီး မသိအောင် ခိုးသောက်ရတာပေါ့။ ဘာတုံး၊ ခင်ဗျားတို့ သွားတွယ်မလို့လား"

"အေးကွာ၊ တစ်ခွက်နှစ်ခွက်လောက် တွယ်ချင်သကွာ။ ပြီးတော့ မင်းနဲ့ ပြောစရာလည်း ရှိသေးသကွ"

"ကိုင်း- ဒါဆို လာဗျာ"

သူတို့သုံးဦး တည်းခိုနေသည့် ဇရပ်ကြီးမှ ထွက်ခဲ့ကြ၏။ လမ်းမကြီးပေါ်တွင် လူတွေ ဥဒဟို သွားလာနေကြ၏။ သူတို့ တည်းခိုသည့် ဘုန်းတော်ကြီးမှာ ရွှေဂုံတိုင်လမ်းစုံ အနီးရှိ ဘုန်းတော်ကြီးကျောင်း ဖြစ်လေ၏။ လူတွေရော ကားတွေပါ ရှုပ်ထွေးနေသော ရွှေဂုံတိုင်လမ်းဆုံကို ကြည့်ကာ သူတို့နှစ်ယောက် မျက်စိတွေ လည်နေ၏။

သံလုံးသည် သူတို့နှစ်ဦးကို ငါးထပ်ကြီးဘုရားသို့ ခေါ်ဆောင်ခဲ့၏။ ဘုရားကုန်းမြေပေါ် တက်ခဲ့ကြကာ ဘုရားဝတ်ပြုပြီးနောက် ကန်တော်ကြီး ဘက်သို့ ထွက်ခဲ့ကြပြီး လမ်းဘေး စားသောက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ခဲ့ကြ၏။ လက်ထဲ ပိုက်ဆံက များများစားစား မပါသည်မို့ ဘီအီးနှင့် အာသာ ဖြေခဲ့ကြ၏။

ဖျောက်ဆိပ်သည် စားသောက်ရင်းက သံလုံးကို လေသံတိုးတိုးနှင့် မေးလိုက်၏။

"ဟကောင်၊ မင်းမှာ ကျောက်ပွဲစား အသိတွေ ဘာတွေ ရှိလားကွဲ"

"ဗျာ၊ ကျောက်ပွဲစား ဟုတ်လား"

"အေး- ငါ ပစ္စည်းတစ်ခု ရောင်းချင်လို့ကွ၊ ဒါပေမယ့် ဒီကိစ္စက ငါ့မိန်းမကအစ အသိမပေးနဲ့နော်"

"ဘာဖြစ်လို့လဲဗျ"

"မေးမနေစမ်းပါနဲ့ကွာ၊ ငါ မေးတာပဲဖြေ။ မင်းကိုလည်း ထိုက်သင့်သလောက် ပေးမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- ဒီကိစ္စ မပူပါနဲ့ ဆရာဖျောက်ရာ၊ ကျုပ်သူငယ်ချင်း မူဆာ ရှိပါတယ်။ ဒီကောင်က ကျောက်အရောင်းအဝယ် လုပ်နေတာဗျ"

"အဲဒီကောင်က ရိုးရဲ့လားကွ"

"သူများအပေါ် အကြောင်းကြောင်း လုပ်တတ်ပေမယ့် ကျွန်တော့် အပေါ်မှာတော့ သစ္စာရှိပါတယ်ဗျာ။ တစ်ချိန်က မူဆာက ဒီကျောင်းမှာ နေသွားခဲ့တာဗျ။ လာတုန်းက အလုပ်မရှိ အကိုင်မရှိနဲ့ အတော့်ကို ဒုက္ခ တွေ့နေတာ၊ အဲဒါ ကျွန်တော့်ကျေးဇူးကြောင့် ဒီလောက် အခြေအနေ ကောင်းသွားတာဗျ။ ဘာမှမပူနဲ့"

"အေး- ဒါဆို အဲဒီကောင်နဲ့ တွေ့ချင်တယ်ကွာ"

"ဒါဆို သောက်ပြီးရင် သွားမယ်ဗျာ"

သံလုံးတစ်ယောက် တက်တက်ကြွကြွ ဖြစ်နေ၏။ သူတို့လူစု စား သောက်ပြီးသောအခါ ကန်တော်ကြီးစောင်းကိုဖြတ်၍ ကားတက်စီးပြီး မြို့ ထဲသို့ ထွက်လာ၏။ လူတွေက အောတိုက်၊ ကားတွေကလည်း ရှုပ်ပွနေ၏။

လိုင်းကားပေါ် တက်တော့ တိုးဝှေ့နေသည့် လူတွေကြား ဖျောက် ဆိပ်ရော ဂျာအေးပါ ချာချာလည်နေ၏။ ချွေးတလုံးလုံးနှင့် အသက်ကို မနည်း လုရှူခဲ့ရ၏။ စပယ်ယာ၏ အော်သံငေါက်သံကလည်း တစ်ကားလုံး ဆူညံနေ၏။ တိုးကြဝှေ့ကြ၊ တက်ကြတွန်းကြနှင့် လူအုပ်ထဲ ပိတ်ဆို့စီးမျော နေသော ဖျောက်ဆိပ်တို့ ဆရာတပည့်နှစ်ဦးမှာ မှတ်တိုင်ရောက်မှ မနည်းကြီး တိုးထွက်ခဲ့ကြရလေ၏။

"အောင်မယ်လေးကွာ၊ လူတွေက ရွာဘုရားပွဲထက်တောင် ဆိုးပါ လား။ တိုးရခွေ့ရတာလည်း အမဲဖျက်နေသလားတောင် ထင်ရပ"

"ဟုတ်ပ့ါဗျာ၊ လေကို ရှာမရဘူး။ ကျုပ်ဖြင့် လေပြတ်ပြီး လဲမယ့် ကိန်းပဲဗျာ"

"ဟားဟားဟား. . . အဲဒါ ရန်ကုန်ရဲ့ အရသာလေကွာ"

"တော်ပါ သံလုံးရာ၊ ဒီလောက် လူတွေများတာ အံ့ပ့ါ။ အိမ်ပေါ် မနေကြဘဲ လမ်းတွေပေါ် သွားနေကြတာ အံ့စရာပဲကွာ"

"ဟုတ်ပ့ါ ဂျာအေးရာ၊ ဒီလူတွေ အလုပ်မရှိတိုင်း လမ်းလျှောက်နေ ကြသလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကလည်းဗျာ၊ ပေါက်တီးပေါက်ရှာ ပြောနေတယ်။ မှတ်ထားဗျ၊ အဲဒီလို လျှောက်ရင်းနဲ့ အလုပ်ဖြစ်နေကြတာဗျ"

"ဟေ- ကြားဖူးပေါင်ကွာ၊ အတော် အံ့စရာပဲ"

သူတို့နှစ်ယောက် ချာလည်ချာလည် ဖြစ်နေ၏။ သံလုံးနောက် မျက်ခြည်မပြတ်အောင် လိုက်ရင်း နောက်ဆုံး ရွှေဘုံသာလမ်းဘက်သို့ ရောက်ရှိလာကြ၏။

သံလုံးသည် ဆိုင်ခန်းတစ်ခုထဲဝင်ကာ အသားမည်းမည်း၊ အရပ်ရှည်ရှည်နှင့် လူတစ်ဦးကို ခေါ်လာ၏။

"ကိုကြီးဖျောက်၊ ဒါ ကျုပ်သူငယ်ချင်း မူဆာပဲဗျ။ မူဆာ ဒါ ငါ့အစ်ကိုလိုနေတဲ့ ကိုဖျောက်ဆိပ်နဲ့ ဒါက ငါ့သူငယ်ချင်း ဂျာအေးပဲကွ"

သူတို့လူစု မိတ်ဆက်လိုက်ကြပြီး လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထဲ ဝင်၍ ထိုင်လိုက်ကြ၏။ ဂျာအေးသည် လျှို့ဝှက်စွာ သိမ်းဆည်းထားသော ကျောက်တစ်လုံးကို ထုတ်ပြလိုက်၏။ မူဆာသည် လက်နှိပ်ဓာတ်မီး သေးသေးလေးနှင့် ထိုးကာ ဖင်ပြန်ခေါင်းပြန် ကြည့်နေ၏။

"ဘယ်လိုတုံးကွ"

"ဒီကျောက်က မိုင်းရှူးကဆင်းလာတဲ့ ကျောက်ပဲ ဖြစ်ရမယ်။ မဆိုးဘူးဗျ၊ ကိုကြီးဖျောက်က ရောင်းမှာလား"

"အေးကွာ၊ အဲဒီတစ်လုံး ပြကြည့်တာ။ ဈေးသိချင်တယ်ကွ"

ဖျောက်ဆိပ်၏ စကားကြောင့် မူဆာသည် ကျောက်ကို အသေအချာ ပြန်ကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်နေ၏။ ထို့နောက် ဖျောက်ဆိပ်တို့ကို ကြည့်ကာ လေသံ ခပ်တိမ်တိမ်နှင့် ပြောလိုက်၏။

"ခြောက်နဲ့ ခုနစ်ကြားတော့ ရနိုင်တယ်၊ ကံကောင်းရင် ရှစ်ကိုးလောက်တော့ ရနိုင်တယ်ဗျ"

"ဟင်- ဘာလဲကွ၊ ခြောက်ခုနစ်ဆိုတာ. . ."

"ဟာ- ကိုကြီးဖျောက်ကလည်း ဂဏန်းခြောက်လုံးကို ပြောတာဗျ"

"ဟေ- ဒါဆို ခုနစ်သိန်းလောက် ရနိုင်တယ်ပေါ့"

"ရနိုင်တယ်၊ စောင့်ရောင်းရင် ရှစ်ကိုးလောက်တော့ ရမှာပဲ"

"လောလောဆယ် အဲဒီတစ်လုံး အရင်ရောင်းမယ်ကွ။ ပွဲစားခ



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းယူလိုက်၊ ကျန်တာ တို့ယူမယ်"

"ကောင်းပြီ- ဒါဆို ခဏစောင့်၊ ကျွန်တော် သူဌေးဆီ သွားမယ်။ ဒီမှာပဲ စောင့်နေ"

"အေး"

မူဆာတစ်ယောက် ကျောက်ကြီးကို ယူကာ ဆိုင်ထဲမှ ထွက်သွား၏။ ဂျာအေးရော ဖျောက်ဆိပ်ပါ ရင်တွေ တလှပ်လှပ် ခုန်နေ၏။ စိုးရိမ်စိတ်တွေကလည်း တဖွားဖွား။ ဖျောက်ဆိပ်သည် သံလုံးကို ကြည့်ပြီး မေးလိုက်၏။

"သံလုံး၊ မင်းလူက စိတ်ချရပါတယ်နော်"

"စိတ်ချစမ်းပါဗျာ၊ မူဆာက ကျွန်တော်နဲ့ ပတ်သက်ရင်တော့ သစ္စာရှိပါတယ်"

"ငါတော့ တထိတ်ထိတ်ပဲကွာ"

သူတို့လူစု အချိန်အနည်းငယ် ကြာအောင် စောင့်ဆိုင်းနေတုန်း မူဆာ ပြန်လည် ရောက်ရှိလာ၏။ စားပွဲပေါ်သို့ ငွေထုပ်ကြီးကို ပက်ခနဲ ပစ်တင်လိုက်၏။ ငွေထုပ်ကြီးကို မြင်လိုက်ရသဖြင့် ဂျာအေးရော ဖျောက်ဆိပ်ပါ မျက်လုံးပြူးသွားကြ၏။

"အားလုံး ရှစ်တိတိရတယ်၊ ပွဲစားခနုတ်ပြီး ခုနစ်ခြောက်တိတိ"

"ဟင်- ခုနစ်သိန်း ခြောက်သောင်းပေါ့"

"ဟုတ်တယ်၊ အစ်ကိုတို့ ကျေနပ်တယ် မဟုတ်လား"

"ကျေ. . . ကျေနပ်ပါတယ်ကွာ"

"ရှိရင် ယူလာခဲ့ဦးလေ၊ ကျွန်တော့်သူဌေးက အတော့်ကို သဘောကျနေတယ်ဗျ"

"ဟုတ်လား"

ဂျာအေးရော ဖျောက်ဆိပ်ပါ ငွေထုပ်ကြီးကြည့်ပြီး ရင်တမိန့်မိန့် ဖြစ်နေ၏။ ဒီလောက်များများ ပိုက်ဆံကို မမြင်ဘူး မကြားဘူး၊ နှစ်ယောက်စလုံး ဝမ်းသာလွန်းသဖြင့် ပြောစရာစကားပင် ပျောက်နေ၏။ နောက်ဆုံး သူတို့သုံးဦး မူဆာနှင့်လမ်းခွဲကာ အကောင်းဆုံး စားသောက်ဆိုင်ထဲ ဝင်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်သည် စားပွဲဘေးရှိ ခုံပေါ်တွင် ဟန်ပါပါ ဝင်ထိုင်ကာ စားပွဲထိုးလေးတစ်ယောက်ကို ခေါ်လိုက်၏။

"ချာတိတ်၊ ဟို. . . ဝီလကီလား ဘာလားကွာ။ အဲဒါ ရှိသလား"

"ဗျာ- ဝီလကီ၊ ဘာတုံးဗျ။ အရက်လား"

"အေးလကွာ၊ ဟို- အရက်နီလေ။ မျက်နှာဖြူတွေသောက်တဲ့ အရက်လကွာ၊ ဝီလကီလား ဘာလား မသိဘူး"

"ဩော်- ဟဲဟဲ. . . ဝီစကီပါ အစ်ကိုကြီးရဲ့"

"အေးကွာ၊ အဲဒါကြီး ယူခဲ့။ ပြီးတော့ မင်းတို့ဆိုင်မှာ ဝက်ခြောက်ပေါင် ရှိတယ်မဟုတ်လား"

"ဗျာ၊ ဟာ- ဝက်ပေါင်ခြောက်ပါဗျာ"

"အေးကွာ၊ အဲဒါတွေ ယူခဲ့စမ်း။ ပြီးတော့ ဆိုဒါတွေ ရေခဲရေ ချစမ်းကွာ"

ဖျောက်ဆိပ် ထင်ရာ စွတ်ပြောနေပုံကို သံလုံးက ရယ်ကျဲကျဲ လုပ်နေ၏။ တစ်အောင့်အကြာတွင် ကျွန်းစားပွဲကြီးပေါ်သို့ စားသောက်ဖွယ်ရာ မျိုးစုံ ရောက်လာ၏။ ဂျာအေးမှာ ဝီစကီပုလင်းကြီးကြည့်ကာ နှုတ်ခမ်း တပြင်ပြင် လုပ်နေ၏။

နောက်ဆုံး သံလုံးက ကမ္ဘကထလုပ်၍ အရက်ပုလင်းဖွင့်ကာ ဖန်ခွက်ထဲ ငှဲ့ထည့်လိုက်၏။ သုံးယောက်စလုံး လက်သွက်နေကြ၏။ သောက်လိုက်ကြတာမှ တဂွပ်ဂွပ်။

"မူးတယ်၊ အရသာလည်းရှိတယ်ကွာ ဟားဟားဟား. . ."

"ဝက်ပေါင်ခြောက်ကလည်း ကောင်းပါ့ဗျာ၊ ဆရာဖျောက်"

"ဟေလကွာ၊ ဘာတုံး ဖျောက်ဆိပ်ရ။ အဲ့လေ ဂျာအေး၊ စကားများ များ မပြောနဲ့ကွ၊ တွယ်စရာရှိတာ တွယ်ကွာ။ ဂျာအေး၊ မင်းကတော့ တကယ့် သိကြားမင်းပဲ- အေ့"

"ဟာဗျာ၊ မိုးကြိုးတွေ ပစ်ချနေပါဦးမယ်"

"ဟားဟားဟား. . . လောကကြီးဟာ ခုတော့လည်း အဖော့်ကို နေချင်စရာကောင်းပါလား ဂျာအေးရ"

"အဲဒါ ပိုက်ဆံပဲလေ ဆရာဖျောက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်သပေါ့ ငါ့တပည့်ရာ၊ ပိုက်ဆံဆိုတာ လူတွေရဲ့စိတ်ကို အမျိုးမျိုး ပြောင်းပစ်လိုက်နိုင်တာတော့ အံ့သကွာ။ တောမှာ ချက်[illegible] ဘီအိုးချည်း လိုမ့်တွယ်ရတော့ အာတွေ လျှာတွေလည်း ကြမ်းတော်[illegible] ဟဲဟဲ. . ."

"ဟုတ်ပါ့ဗျာ၊ ဆရာဖျောက်"

"ဟေလကွယ်- အေ့"

"ကျုပ်တော့ ရန်ကုန်က မပြန်ချင်သေးဘူးဗျ"

"အေးကွ၊ ငါလည်း မပြန်ချင်သေးဘူး။ ဒါပေမယ့် အပုလေးက ရှိသေးတယ်ကွ၊ ငါ့မိန်းမကတော့ ပိုက်ဆံ လက်ထဲမရှိတာနဲ့ ရွာပြန်ပြေးချင်ပြီကွ။ ဟားဟားဟား. . . တော်တော် တရားကျစရာကောင်းတဲ့ မိန်းမ"

"ခွင့်လွှတ်လိုက်ပါဗျာ၊ လောလောဆယ် ကျုပ်တို့ အိမ်တစ်အိမ်ကို ငှားနေကြရင် မကောင်းဘူးလားဗျ။ သံလုံး မင်းတို့နားမှာ ငှားမယ့် အိမ်တွေ ဘာတွေ မရှိဘူးလား"

"ဟား သိပ်ရှိတာပေါ့ကွာ၊ ဝန်ထမ်းအိမ်ရာဝင်းတွေဘက်မှာ ငှားဖို့ရှိတယ်ကွ။ မင်းတို့က ဘယ်လောက်နေမှာလဲ"

"တစ်လ၊ နှစ်လပေါ့ကွာ"

"တစ်လ နှစ်လတော့ ငှားမှာမဟုတ်ဘူးကွ၊ အနည်းဆုံး ခြောက်လ လောက်မှ ငှားတာ။ ဒီတော့ ငါတို့ကျောင်းမှာပဲ နေစမ်းပါကွာ၊ ဆရာတော်ကြီးကိုလည်း ဝတ္တုလှူလိုက်ပေါ့"

"အေး- အဲဒါလည်း ကောင်းတာပဲ၊ ဒါဆို မပုလေးနဲ့ ချစ်စိန်ကို ပြန်လွှတ်လိုက်ပါလားဗျ"

"အိမ်ကျမှ မေးကြည့်တာပေါ့ကွာ၊ အရသာရှိတဲ့ အချိန်လေးမှာ မိန်းမအကြောင်း မပြောစမ်းပါနဲ့ကွာ- အေ့။ တွယ်ကြစမ်းကွာ"

နောက်ဆုံးတော့ သူတို့လူစု ဝီစကီတစ်လုံးကို တစိမ့်စိမ့် မျိုလိုက်ကြပြီး အတော်ကလေး မူးလာမှ အငှားကားနှင့် ကျောင်းဘက်ဆီသို့ ပြန်ခဲ့ကြလေတော့၏။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

ကျဉ်းမြောင်းကျပ်တည်းလှသော
ဘဝကြားမှ ရယ်မောသံသည်
ကြေဝရှာကြီး တစ်ခုလုံးကို
အချိုသကာများ ဖုံးလွှမ်းသွားစေနိုင်၏

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

အပုလေးတစ်ယောက် ဆေးပေါ့လိပ်ကြီး တဖွာဖွာနှင့် လုပ်နေစဉ် ကျောင်းဝင်းထဲ ဝင်လာသော ဂျာအေးတို့ ဆရာတပည့်ကို ကြည့်ကာ မီးဝင်းဝင်းတောက်မတတ် ခံစားနေရ၏။ ဘုန်းကြီးကျောင်းထဲ တည်းခိုနေရသည်မို့ အပုလေး ထင်သလို မြင်သလို မအော်ဟစ်ရဲ။

သူ့အနားသို့ ယိုင်ထိုးယိုင်ထိုး ရောက်လာသော ဖျောက်ဆိပ်၏ ဗိုက်ကြောကို အမိအရ ဆွဲလိမ်ပစ်လိုက်၏။

"ကိုရင်ဖျောက်"

"ဟေ့လကွယ်၊ အားလားလား. . . နာသကွာ"

"နာအောင် လိမ်တာပဲ၊ အသံမထွက်နဲ့နော်"

"မိန်းမကလည်းကွာ၊ ယောကျ်ားဆိုတာ ချိုချက်မကောင်းပါဘူး"

"ဟုတ်တယ်၊ ဆရာဖျောက်ပြောတာ မှန်တယ်ဗျ"

"ဘာမှန်တာလဲ မှင်စာရဲ့၊ ငါနော်. . . ဘုန်းကြီးကျောင်းထဲမှာမို့ မပြောချင်တာ။ အပြင်မှာဆိုလို့ကတော့ နင်တို့ ဆရာတပည့်နှစ်ယောက် မွစာကြေသွားပြီသာမှတ်"

"လွှတ်. . . လွှတ်စမ်းပါ မိန်းမရာ"

"မလွှတ်နိုင်ဘူး၊ ကျုပ်လက်ထဲ ဓာစ်ပြားတောင် မရှိတော့ဘူး။ တော်ကြီး သီလျက်နဲ့ သေရည်တွေ သောက်တာ အသည်းနာပြီး မရှိဘူးလား၊ ကျုပ်ကို တော့်မိန်းမလို့ရော ထင်သေးရဲ့လား ကိုဖျောက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- ခက်ပါ့ကွာ၊ လွှတ်စမ်းပါကွာ။ ဗိုက်ခေါက်တွေ နာလှပြီကွ"

"လွှတ်ပေးလိုက်စမ်းပါ မပုလေးရာ၊ ရော့- ဟောဒီမှာ ပိုက်ဆံ"

"အလိုတော်"

စားပွဲပေါ် ရောက်လာသည့် တစ်ထောင်တန်အုပ်ကြီးကို မြင်သည်နှင့် အပုလေးတစ်ယောက် အယောင်ယောင်အမှားမှား ဖြစ်ကုန်၏။ ဖျောက်ဆိပ် ဗိုက်ခေါက်ကို ဆွဲလိမ်ထားသည့်လက်ကို လွှတ်ကာ ပိုက်ဆံထုပ်ကြီးကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။

"ဒါ. . . ဒါ ပိုက်. . . ပိုက်ဆံတွေလား"

"ဟုတ်ပါ့ဗျာ၊ အားလုံးပေါင်း ခြောက်သိန်းတိတိ"

"အလိုတော်၊ ပိုက်ဆံတွေ များလှချည်လား။ နင်. . . နင်တို့ ဓားပြတိုက်လာကြတာလား"

"ဟာဗျာ၊ ကျုပ်တို့ အဲဒီလောက် မိုက်ပါ့မလား"

"ဟုတ်ပါ့ မိန်းမရာ၊ မင်း တော်တော့်ကို ပေါက်တီးပေါက်ရှာ ပြောပါလား။ ဒါ ငါတို့နှစ်ယောက် စွန့်စွန့်စားစား ရှာခဲ့ရတဲ့ ပိုက်ဆံကွ။ မရိုးမသား ရှာဖွေလာတဲ့ပိုက်ဆံ မဟုတ်ဘူး"

"ဟင်- ကိုကိုဖျောက်၊ တော်. . . တော်ကြီး. . ."

"ဟဲဟဲ. . . ကိုယ့်အစွမ်းအစကို ယုံစမ်းပါကွာ- အေ့"

"ကိုကိုဖျောက် ထိုင်လေ၊ မောင်လေးဂျာအေး ထိုင်လေကွယ်။ ထမင်းဆာနေကြပြီ မဟုတ်လား၊ ကိုကိုဖျောက်"

"ဟေလကွယ်"

"တော်ကြီးက ဘာတွေ စဉ်းစားနေသတုံးတော်၊ ဒါထက် ဟို- ဒီဒီပိုက်ဆံတွေက ကျုပ်တို့ပိုက်ဆံတွေလားဟင်။ ကျုပ် အကုန်လုံးယူရမှာလား ကိုကိုဖျောက်ရဲ့"

"သိပ်ဟုတ်တာပေါ့ မိန်းမရာ၊ ဒါ ငါ့တပည့် ဂျာအေး အစီက စွမ်းဆောင်ခဲ့တဲ့ ကိစ္စပဲကွ။ ဘာမှ မေးမနေ၊ တွေးမနေနဲ့ မိန်းမရေ။ အဲဒီပိုက်ဆံတွေယူပြီး သိမ်းလိုက်။ တော်ကြာ မင်းနှမောင်တွေ့လို့ မရှုံ့က တောင်းနေဦးမယ်"

"ဟုတ်ပါ့တော်၊ ကျုပ်မောင်က ပိုက်ဆံမြင်ရင် ငမ်းငမ်းတက်"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ပိုက်ထဲ ထွက်ခဲ့ကြတာ ဒီလောက်တော့ ရှိမှာပေါ့ကွာ"

"တော်ကြီးနော်၊ ကျုပ် ပိုက်ဆံ လိုချင်တာ တော်တို့ကို ကောင်းကောင်း ကျွေးဖို့ပါတော်။ ကျုပ်ကိုယ်ကျိုး တစ်စက်ကလေး မပါပါဘူး။ အဲဒီလိုတော့ မပြောပါနဲ့"

"အေးပါကွာ၊ ကိုင်း- မြန်မြန်သိမ်းလိုက်ပေတော့"

"ကျုပ်. . . ကျုပ် အိပ်မက်များ မက်နေသလားတော်"

"ဒါဆို မင်းနှာခေါင်း မင်းဆွဲကြည့်ပေါ့ မိန်းမရာ၊ ဒါဟာ တကယ့် အဖြစ်တွေပါကွ"

"အောင်မလေး၊ ကျုပ်. . . ကျုပ် ဝမ်းသာလိုက်တာတော်၊ ဒါဆို ကျုပ်တို့ ချမ်းသာပြီပေါ့"

"တိုးတိုးပြောစမ်းပါကွာ"

"တော်ကြီးနော်၊ ကျုပ်က ဝမ်းသာလို့ ပြောမိတာတော့"

အပုလေးတစ်ယောက် ဣန္ဒြေမရ ဖြစ်နေ၏။ စိတ်တွေလည်း အလွန်အမင်း လှုပ်ရှားနေ၏။ တစ်ထောင်တန် အထုပ်ကြီးကို တုန်တုန် ယင်ယင်နှင့်ကိုင်ကာ အခန်းထဲသို့ ဒရောသောပါး ဝင်သွားလေ၏။

ဖျောက်ဆိပ်သည် အပုလေး၏ နောက်ကျောကို ကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေ၏။

"အဲဒါ မိန်းမပဲကွ"

"ဘာလဲဗျ၊ မိန်းမ မဟုတ်လို့ ဂန်ဒူးကြီးလို့ ပြောမလို့လား ဟားဟား ဟား. . ."

"မင်းကလည်းကွာ၊ အဲဒါ အိမ်ထောင်တစ်ခုရဲ့ အရသာပဲ ဂျာအေး ရ။ လောကကြီးမှာ ပိုက်ဆံဆိုတဲ့ အကြောင်းတရားဟာ အိမ်ထောင်စု တစ်ခုရဲ့ အဓိက အစိတ်ပိုင်းက ပါသကွာ။ ဒီတော့ ကိုယ့်မိန်းမကို ပိုက်ဆံ ပေးလိုက်ရတာ စိတ်ထဲ အရသာရှိလိုက်တာကွာ ဟားဟားဟား"

ဖျောက်ဆိပ်တစ်ယောက် ပီတိတဖွားဖွား ဖြစ်နေ၏။ ဂျာအေး သည် ဆရာဖြစ်သူ ပြုံးဖြီးဖြီး ဖြစ်နေသည်ကို ကြည့်ကာ ကျေကျေနပ်နပ် ခံစားနေရ၏။ သူတို့နှစ်ဦးထက် ပို၍ အူမြူးနေသူက အပုလေးပင်ဖြစ်တော့သည်။ ကောင်းကောင်း မအိပ်နိုင်။ ပိုက်ဆံတွေ ထုတ်ထုတ်ပြီး ရေတွက်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်မှာလည်း အမော။

မိုးလင်းသည်နှင့် စေတနာတွေ ဖောင်နေ၏။ ဂျာအေးကိုလည်း မောင်လေး မောင်လေးနှင့် ပါးစပ်က မချတော့။ ဆရာတပည့် နှစ်ယောက်စလုံးက အပုလေး၏ အကြောင်းကို သိထားသဖြင့် ပြုံးဖြီးဖြီး ဖြစ်နေ၏။

"ကိုကိုဖျော်က်"

"ဟေလကွယ်"

"ဘာစားမတုံး၊ စားချင်တာပြောနော်။ မောင်လေး ဖျောက်ဆိပ်၊ အဲလေ- မောင်လေးဂျာအေး"

"ဘာတုံး မပုလေးရေ စကားတွေလည်း မှားကုန်ပြီ"

"ပျော်လွန်းတော့ ပြောရမယ့်စကားတောင် ပျောက်နေပြီဟဲ့။ ကဲ-ပြော၊ ဘာစားကြမှာတုံး"

"မပုလေး ကြိုက်တာချက်ပါဗျာ၊ ပြီးတော့ ဆရာတော်ကြီးအတွက်လည်း သေသေချာချာ ချက်ကြီးလှူပါဗျာ"

"လှူပါ့မယ်တော်၊ လှူပါ့မယ်"

အပုလေးတစ်ယောက် ခြင်းတောင်းကြီးတစ်လုံးဆွဲကာ ကျောင်းဝင်းထဲမှ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွား၏။ လက်ထဲ ပိုက်ဆံရှိလာတော့လည်း အပုလေးတစ်ယောက် ဟင်းရွက်တန်းတောင် မလျှောက်တော့။ ကြက်သား၊ ဝက်သား၊ ဘဲသား အသားငါးဈေးတန်းထဲ ချာလည်ချာလည် လုပ်နေ၏။

ဝယ်လိုက်သမျှ ထောင်တန်တွေ အဖွေးသား။ တောင်းထဲမှာလည်း ကြက်ခြေထောက်၊ ဘဲခြေထောက်တွေ ထိုးထိုးထောင်ထောင် ဖြစ်နေ၏။ ဈေးကထွက်တော့ ချစ်စိန်နှင့် ပက်ပင်းတိုးလေ၏။

ချစ်စိန်သည် ပါးစပ်က အလုပ်ရှာမည် ပြောသော်လည်း လမ်းပေါ် ချာလည်ချာလည် သွားနေဆဲ။ အစ်မလုပ်သူကိုတွေ့တော့ ဈေးခြင်းတောင်းထဲ ကြည့်လိုက်၏။

"ဟာ- ကြက်တွေ၊ ဘဲတွေနဲ့ပါလား အစ်မရ။ အစ်မတို့တော့ ငွေပေါက်တိုးနေပြီထင်တယ်"

"တောက်တီးတောက်တဲ့ဟယ်၊ ဟဲ့- နင်က ဘယ်တုံး"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကလေး ရမလားလို့ပေါ့ဗျာ။ အစ်မ၊ ကျွန်တော် ပိုက်ဆံလေး ပိုရင် ပေးခဲ့ဦးဗျာ"

"ရော့- ဟောဒီမှာ ပိုက်ဆံတစ်ထောင်၊ အရမ်း သုံးနဲ့နော်။ ပိုက်ဆံဆိုတာ သုံးရတာ လွယ်ပေမယ့် ရှာရတာ ခက်တယ်တဲ့၊ ကြားရဲ့လား ချစ်စိန်"

"ကြား. . . ကြားပါတယ်ဗျာ၊ ဟဲဟဲ. . ."

ချစ်စိန်တစ်ယောက် အပုလေး လှမ်းပေးသော ပိုက်ဆံတစ်ထောင်တန်ကို ယူကာ ပြုံးဖြီးဖြီးနှင့် စျေးထဲဝင်သွားလေတော့၏။ အပုလေးသည် စျေးတောင်းကြီးကို မနိုင်မနင်း ဆွဲနေရသဖြင့် ဆိုက်ကားတစ်စီး ငှားကာ ကျောင်းသို့ ပြန်ခဲ့၏။

အပုလေးတစ်ယောက် ကျောင်းပြန်ရောက်သည်နှင့် သီချင်းလေး တကြော်ကြော် ဆိုကာ ကြော်လှော်ချက်ပြုတ်နေလေ၏။ ထိုအချိန်အထိ ဂျာအေးတို့ ဆရာတပည့် အိပ်ကောင်းနေဆဲ။ အိပ်ရာမှ နိုးသည်နှင့် သူတို့အနားတွင် စားကောင်းသောက်ဖွယ်တွေ ရောက်ရှိနေ၏။

ထမင်းကြော်၊ လက်ဖက်ရည် အားလုံး အရန်သင့်။ ဖျောက်ဆိပ်သည် အပုလေး၏လုပ်ရပ်ကို ပြုံးစိစိ ဖြစ်နေ၏။ သူ့ကိုမြင်တော့ အပုလေးတစ်ယောက် အာဝဇ္ဇန်းရွှင်နေ၏။

"အို- ကိုကိုဖျောက် နိုးပြီလား၊ အစောကြီး မထနဲ့လေ။ အိပ်ရေး ပျက်နေဦးမယ်၊ အိပ်ချင် ပြန်အိပ်ဦးလေ"

"မအိပ်တော့ဘူးကွာ"

"ကိုင်း- ဒါဆို မျက်နှာသစ်၊ ဟောဒီမှာ စားဖို့ အရန်သင့်ပဲ"

"ကောင်းသပေါ့ကွာ"

သူတို့လင်မယား၏ အသံကြောင့် ဂျာအေးပါ နိုးလာ၏။ မျက်နှာသစ်ပြီး ဆရာတပည့်နှစ်ယောက် မျက်နှာချင်းဆိုင်ထိုင်ကာ စားသောက်နေကြ၏။ ထိုအချိန် အပုလေး သူတို့အနားသို့ ရောက်လာ၏။

"ကိုကိုဖျောက်"

"ဟေလကွယ်၊ ဘာတုံး မိန်းမရဲ့"

"ဟို- ကျုပ်တို့ အရပ်ထဲ အိမ်ငှားနေရအောင်တော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ- ဘာဖြစ်လို့တုံး"

"အို- ရဟန်းသံဃာကျောင်းဆိုတာ ကြာကြာမနေသင့်ဘူးလေ၊ ကျုပ်က နေသာနေရတယ် စိတ်က မရဲဘူးတော့"

"အေးပါကွာ၊ ဒါဆို မင်းက ရွာမပြန်တော့ဘူးလား"

"ကျုပ် ရန်ကုန်မှာ နေချင်သေးသတော်၊ ရန်ကုန်ဆိုတာ ကျုပ်တို့ အိပ်မက်ထဲ ထည့်တောင် မမက်ဘူးတဲ့ မြို့ကြီးပါတော်။ ဒီတော့ ရောက်တုန်းရောက်ခိုက် လေးငါးလခြောက်လလောက် နေရအောင်ရှင်။ ပြီးတော့ အလုပ်ကလေး အကိုင်ကလေး ကောင်းရင်လည်း လုပ်ကြတာပေါ့"

"ဟုတ်သားပဲ ဆရာဖျောက်ရဲ့၊ ကျုပ်တို့ ဒီမှာ ဈေးကလေး ဘာလေး ရောင်းရင် ကောင်းမယ်ထင်တာပဲဗျ"

"ဟုတ်ပ့ါတော်၊ ကျုပ်မောင်လေးက ဉာဏ်တအားပြေးတာ။ မပူနဲ့ မောင်လေးရေ၊ အစ်မက မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ထမင်းကြော် အကုန် ချက်တတ် ပြုတ်တတ်တာကွယ့်"

"ဒါဆိုလည်း အိမ်ကလေး ဘာလေး ရှာကြတာပေါ့ကွယ်"

မိန်းမစကားကျတော့ ဖျောက်ဆိပ် မပယ်နိုင်တော့။ သို့နှင့် သူတို့ လူစု သုံးလုံး၏ အကူအညီနှင့် ဗဟန်းဘက်တွင် အိမ်ကလေးတစ်လုံးကို ခြောက်လငှား၍ နေထိုင်ခဲ့ကြ၏။ အပုလေးက သူ စီစဉ်ထားသည့်အတိုင်း ခွက်တွေ၊ ပလုံးတွေ၊ အိုးတွေဝယ်ကာ မုန့်ဟင်းခါးရောင်းရန် စီစဉ်လေ၏။

ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ယောက် နားရသည် မရှိ။ ဗဟန်း ဈေးဘက်တွင် နေရာကောင်းကောင်း ရှာ၍ မုန့်ဟင်းခါး ရောင်းလေတော့၏။ သူတို့နှင့်အတူ ချစ်စိန်ပါ ပါလာသော်လည်း ချစ်စိန်က ဘာတစ်ခုမှ ဝိုင်းမလုပ်။ အရက်လေးသောက်လိုက်၊ ဟိုဟိုဒီဒီ လျှောက်လည်လိုက်၊ လမ်းထိပ်တွင် ကျားထိုးလိုက်နှင့်သာ အချိန်ကုန်နေ၏။

အပုလေးကလည်း မောင်ဖြစ်သူ ဘာလုပ်လုပ် ဘာတစ်ခုမှမပြော။ ချစ်စိန်သည် အစ်မလုပ်သူ၏ အခြေအနေကို အကဲခတ်နေ၏။ အပုလေး ကလည်း သိုသိုသိပ်သိပ် မနေတတ်။ ပိုက်ဆံ လက်ထဲရောက်လာတော့ ပုလဲနားကပ် ပြူးပြူးကြီးတစ်ရန် ပန်ခဲ့၏။ ဆွဲကြိုးကြီးတစ်ကုံးလည်း ဆွဲခဲ့ ၏။ ထိုမြင်ကွင်းကို ကြည့်ပြီး ချစ်စိန် သံသယ ဖြစ်နေ၏။ ဖျောက်ဆိပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့် ဆိုင်မှာမရှိစဉ် ကပ်၍ မေးခဲ့၏။

"အစ်မ၊ ခင်ဗျားတို့လင်မယား ခုတစ်လော တယ်လည်း အဆင်ပြေ ဖြစ်နေပါလားဗျ"

"ဩော်- ငါ့မောင်ကလည်း၊ နင့်ယောက်ဖကြီးက အစွမ်းအစ ကောင်းတယ်လေ မောင်လေးရယ်။ မုန့်ဟင်းခါးစားဦးမလား"

"မစားတော့ဘူးဗျာ။ ကျုပ်မှာ အသုံးပြတ်နေပြီ အစ်မရဲ့၊ ပိုက်ဆံလေး ဘာလေး ပေးပါဦး"

"ပေးရမှာပေါ့ ငါ့မောင်ရယ်၊ ဒါထက် ငါ့မောင် ရွာမပြန်တော့ဘူး လားကွယ့်။ အိမ်ကမိန်းမ မျှော်နေရော့ပေါ့"

"မပြန်ချင်သေးဘူးဗျာ၊ ကျုပ် ဒီမှာနေရတာ ပျော်တယ်။ အစ်မ ကျုပ်ကို အရင်းအနှီးလေး ဘာလေး ထုတ်ပေးဗျာ၊ ဒီမှာ လုပ်စားကိုင်စား လို့ ကောင်းတဲ့နေရာဗျ"

"ဟော- ဘာလုပ်မှာလဲ"

"ခက်ပါ့ အစ်မရာ၊ ဒီမှာ နှစ်လုံးထီ ဒိုင်ဖွင့်လိုက်ရင် အလုပ်ဖြစ် မှာဗျ"

"အလိုတော်၊ ပြဿနာ မရှာစမ်းပါနဲ့ ငါ့မောင်ရယ်။ ပြီးတော့ မင်းယောက်ဖကြီးကလည်း အဲဒီအလုပ်ကို ကြိုက်တာမဟုတ်ဘူးကွယ့်၊ အေးအေးလူလူ ထိုင်စားစမ်းပါ ငါ့မောင်ရယ်"

"အိုဗျာ၊ အစ်မကလည်း အစ်မယောက်ျားက ခပ်ထုံထုံပါဗျာ၊ အခြေအနေဆိုတာ တရားသေ သတ်မှတ်ထားလို့ မရဘူးဗျ၊ ပြောင်းလဲ သင့်တဲ့အပိုင်းကို ပြောင်းပစ်ရတယ်။ ဒီမှာက ရေခံမြေခံက ကောင်းပါ့ဗျာ၊ ကျုပ်မှာ အဆက်အသွယ်တွေ အများကြီးဗျ။ ရင်းပစ်လိုက်ရင် လေးငါး ဆယ်ဆ ဝင်လာနိုင်တယ်ဗျ"

"မလုပ်စမ်းပါနဲ့ ငါ့မောင်ရယ်၊ အစ်မတို့ရှာတာကိုပဲ ထိုင်စားစမ်း ပါကွယ်"

"ခက်ပါ့ အစ်မရာ။ ဘာလဲ၊ အစ်မတို့က အိတ်ဖောင်းလို့စိတ် ပြောင်းသွားတာလား။ အစ်မနော်၊ အစ်မယောက်ျား ဘာတွေ လုပ်နေ တယ်ဆိုတာ သိရဲ့လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်- နင် ဘယ်လိုပြောလိုက်တာလဲဟဲ့"

"ဟားဟားဟား ချစ်စိန် မသိတာ ဘာမှ မရှိပါဘူးဗျာ။ အစ်မ၊ ကျုပ် အကုန်သိတယ်နော်။ ပတ္တမြားကြီးတွေ ပျောက်သွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဟိုလူတွေက ကျေနပ်သေးတာ မဟုတ်ဘူးဗျ"

"အလိုတော်၊ မင်း. . . မင်း ဘယ့်နှယ်စကားတွေ ပြောနေသတုံး ငါ့မောင်ရယ်။ မဟုတ်တာတွေ မပြောပါနဲ့ကွယ်၊ မင်း ဘယ်လောက် လိုချင်သလဲပြော"

အပုလေးတစ်ယောက် မောင်ဖြစ်သူစကားကြောင့် စိုးရိမ်ပူပန်လာ၏။ မဟုတ်မဟတ်တွေ လျှောက်ပြောမှ သူတို့အားလုံး ဒုက္ခတွေ့မှာကို ရင်ထိတ်နေ၏။ ထို့ကြောင့်လည်း ချစ်စိန် တောင်းသမျှကို ကျိတ်ပေးလိုက်ရ၏။ ချစ်စိန်က စိတ်ထဲ မတင်းတိမ်နိုင်။ ဖျောက်ဆိပ်တို့ မရှိလျှင် အစ်မဖြစ်သူကို ထင်ရာမြင်ရာတွေ ပြော၍ ပိုက်ဆံ မရမက တောင်းတတ်၏။

ထိုအခြေအနေကို ရိပ်မိလိုက်သူက ဂျာအေး။ ချစ်စိန်၏ ပြောင်းလဲနေသော အခြေအနေကို ဂျာအေး ရိပ်မိနေသဖြင့် ဖျောက်ဆိပ်ကို တီးတိုးပြောပြလိုက်၏။

"ဒီလိုရှိလားကွ"

"ဟာ- ကျုပ်တို့ ကွယ်ရာမှာ ချစ်စိန်က အပုလေးကို ငွေညှစ်နေတဲ့ပုံဗျ"

"မဟုတ်သေးပါဘူး၊ ဒီကောင် အတော့်ကို ရိုင်းလှပါလားကွ"

"အဲဒါပြောတာဗျ၊ ချစ်စိန်ဟာ ကျုပ်တို့လုပ်ရပ်ကို ရိပ်ဖမ်းသံဖမ်း သိနေပုံဗျ"

"မဖြစ်နိုင်တာပဲ ဂျာအေးရာ၊ ဒီကိစ္စ ဘယ်သူမှ အသေအချာ သိတဲ့ကိစ္စလည်း မဟုတ်ဘူးကွ။ ဒီကောင် ထင်ရာမြင်ရာတွေ စွတ်ပြောတာ ဖြစ်မှာပေါ့"

"ဆရာဖျောက်ကလည်း ထုံပ့ါဗျာ၊ ချစ်စိန်ကို လျှော့မတွက်နဲ့နော်။ ဒီကောင်ဟာ မပုလေးရဲ့အသွင်အပြင်ကိုကြည့်ပြီး ရိပ်မိတာ ဖြစ်ရမယ်"

"ဟေ- အဲ. . . ဟုတ်သားပဲ။ ခက်ပါ့ကွာ၊ မိန်းမတွေဟာ လက်ထဲ ပိုက်ဆံရောက်လာရင် ဣန္ဒြေကို မရဘူးကွ။ ရွှေတွေငွေတွေ ဟယ်မဝတ်

www.burmeseclassic.com



ပါနဲ့ဆိုလည်း ပြောမရဘူး။ အဲဒါပြောတာပေါ့၊ လောကမှာ ကြောက်စရာ အကောင်းဆုံးက မိန်းမကွ။ ငါကလည်း ငါ့မိန်းမဘာပြောပြော ခေါင်းညိတ်မိတာ ခက်သကွ။ ဒီကောင့်ကို ငါတို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ။ ဒီကောင် ငါတို့အတွက် အန္တရာယ်ရှိတယ်နော်"

"စိတ်မပူပါနဲ့ ဆရာဖျောက်ရာ၊ ဒီကိစ္စ ကျုပ်တို့ အသေအချာ စီစဉ်ကြတာပေါ့"

ဖျောက်ဆိပ်ရင်ထဲ အတော့်ကို မကျေမချမ်း ဖြစ်သွားရ၏။ အိမ်ပေါ်လည်း လာနေသေး အလုပ်လည်း မည်မည်ရရ မလုပ်။ ထို့ပြင် သူတို့ လင်မယားကြား ပြဿနာဖြစ်အောင် မွှေနှောက်နေသော ချစ်စိန်ကို ဒေါသထွက်နေမိ၏။

အိမ်ရောက်ပြန်တော့လည်း အပုလေးက သူ့ကို တိုးတိုးကျိတ်ပြီး မေးလာပြန်၏။

"ကိုရင်ဖျောက်"

"ဘာတုံးဟ၊ ဘာမေးခွန်းထုတ်ဦးမလို့လဲ"

"တော်ကလည်း ဒေါသချည်းပဲကိုး၊ ကျုပ်ပြောတာ နားထောင်ပါဦးတော်"

"ပြောလကွာ၊ ဘာပြောချင်သတုံး"

"ဒီလို ကိုရင်ဖျောက်ရဲ့၊ ကျုပ်တို့ အခုလို ငွေလေးကြေးလေး ရှိလာတာကို မောင်လေးက တစ်မျိုးမြင်နေတယ်တော့"

"ဘယ်လိုကွ၊ ဒီကောင် ဘယ်လိုဖြစ်နေသတုံး။ ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားနေတာတောင် ကောင်းကောင်း မနေချင်ပါလားကွ။ မိန်းမ၊ မင်းမောင်ကို ကြည့်ပြောနော်။ ဖြစ်နိုင်ရင် ဘာစကားမှ ဝင်ပြောတာ မကောင်းဘူးကွ၊ သူ့နေရာနဲ့သူတော့ နေသင့်သကွာ"

"ဟုတ်ပါတယ်တော်၊ ကျုပ်လည်း ပြောတာပဲ။ ခုလည်း ကျုပ်ဆီ ချိတ်ဆံတောင်းလိုက်တာ ခဏခဏပဲ"

"မင်း သိပ်အလိုမလိုက်နဲ့နော်၊ ဘာလုပ်လုပ် အတိုင်းအတာတော့ ရှိသင့်တယ်ကွ"

"ကျုပ် သိပါတယ်တော်၊ ဒါကြောင့် သူ့ကို ရှာပြန်လွှတ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တော့။ ရွာကမိန်းမလည်း သတိရပုံမပေါ်တော့ဘူး ထင်ပါရဲ့တော်။ ဒါထက် ကိုရင်ဖျောက်"

"ဟေလကွယ်"

"ကျုပ် အလုပ်ကလေး အကိုင်ကလေး တိုးချဲ့ချင်သတော်"

"ဟာ- ဒီအလုပ်တောင် မင်း နိုင်တာမှ မဟုတ်ဘဲကွာ၊ ငါတော့ မကွေးဘဲ ပြန်ချင်ပြီ။ ဒီမှာနေရတာ မျက်စိရှုပ် နားရှုပ်နဲ့"

"အလိုတော်၊ တော်က ဘာစိတ်ကူးပေါက်လာပြန်ပြီတုံး။ ဒီမှာ စီးပွားဖြစ်နေတာကို ဖျက်ပစ်ချင်တာလား။ ဒီမှာ ကိုရင်ဖျောက်၊ တော်တို့ လက်ထဲမှာ ဟိုပစ္စည်းတွေ ရှိသေးတယ် မဟုတ်လား။ အဲဒါတွေ ရောင်းပြီး တိုက်ကလေး တာကလေး ဝယ်ကြရင် မကောင်းဘူးလားတော်"

"ဟေ- ဘာ. . . ဘာပစ္စည်းတုံးဟ"

"တော်ကလည်း၊ ကျုပ် မသိတာမှတ်လို့။ သတိလည်းထားကြ ဦးနော်၊ ဟိုလူတွေက ကျေနပ်မှာ မဟုတ်ဘူးလို့ ကျုပ်မောင်က ပြောနေ တယ်တော့"

"ဘာကွ- မိန်းမ၊ မင်း ဒီကိစ္စ ဘာမှ ဝင်မပါနဲ့ကွာ။ မင်း ဘာဖြစ်လို့ ငါတို့ကို မဟုတ်တာတွေ ပြောနေသတုံး၊ မင်းမောင်ကိုလည်း ပြောထား စမ်း။ မဆိုင်တာ ဝင်မပြောနဲ့ကွာ"

ဖျောက်ဆိပ် ပေါက်ကွဲနေ၏။ မိန်းမဆီမှ ထွက်လာသော စကား သံကို ကြည့်လိုက်သည်နှင့် ချစ်စိန်၏ ရိုက်ချက်မှန်း သိနေ၏။ ဂျာအေးနှင့် တွေ့တော့ ဖျောက်ဆိပ်က ရိပ်ဖမ်းသံဖမ်း ပြောပြလိုက်၏။ ဂျာအေးက တော့ အေးတိအေးစက်ပင်။ ခွက်ထဲက အရက်ကို တစ်ငုံနှစ်ငုံ မော့ လိုက်ပြီး ငါးကြော်ကြီးတစ်ကောင်ကို တကြွပ်ကြွပ် ဝါးနေ၏။

ထိုအချိန် သူတို့သောက်နေသည့် ဆိုင်ထဲသို့ ချစ်စိန် ရောက်လာ ၏။ မျက်နှာက ခပ်ထေ့ထေ့ အမူအရာ။

"ဘယ်လိုတုံးဗျ၊ အဖြူတွေ တွယ်နေကြပါလား ကိုကြီးဖျောက်ရဲ့ အနီလေး ဘာလေး တွယ်ကြစမ်းပါဗျာ"

"တော်စမ်းကွာ၊ အဲဒီကိစ္စ မင်း ဝင်ပြောစရာ မလိုဘူးကွ"

"ဟားဟားဟား ကိုကြီးဖျောက်ကလည်းဗျာ၊ ဘာလို့လုပ် အခု



www.burmeseclassic.com

www.burmeseclassic.com



အနေ အချိန်အခါကို ကြည့်သင့်တာပေါ့ဗျာ။ ခုချိန်မှာ ဝိစကီလေးသောက်ပြီး ဇိမ်လုပ်ရမယ့်အချိန်ဗျ။ မှာစမ်းပါဗျာ၊ ကျွပ်လည်း တစ်ခွက်တစ်လေလောက် တွယ်ချင်တယ်"

"ဟင်"

ချစ်စိန်၏ စကားကြောင့် ဖျောက်ဆိပ် မျက်လုံးကြီး ပြူးလာ၏။ ဂျာအေးက ဖျောက်ဆိပ်ကို လက်လှမ်းကုတ်လိုက်၏။

"ချစ်စိန်"

"ဘာတုံးကွ"

"မင်း အနီသောက်ချင်သလား"

"ဟာ- ဂျာအေးကလည်းကွာ၊ ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား လုပ်နေပြန်ပြီ။ မှာစမ်းကွာ၊ မင်းလက်ထဲမှာ ဘာရှိတယ်ဆိုတာ ငါသိပါတယ်ကွာ ဟဲဟဲ. . ."

"ဟုတ်ပြီ၊ မင်း သောက်ချင်တဲ့ ဝိစကီကို ငါ တိုက်မယ်။ ဒါပေမယ့် မင်း တစ်ခု လုပ်ပေးရမယ်ကွ"

"ဘာလုပ်ပေးရမှာလဲ"

"ဟောဒီ ခြေထောက်ကို နှိပ်ပေးစမ်းကွာ၊ ပြီးရင် ဇက်ကြောပါ ဆွဲပေးစမ်း"

"ဘာကွ၊ မင်းကများ"

"ဟာ- မင်း သောက်ချင်တာ ငါ ဝယ်တိုက်မယ်ကွာ၊ ငါခိုင်းတာတော့ မင်း လုပ်ရမှာပေါ့ကွ"

"မင်း မိုက်ရိုင်းလှချည်လားကွ"

"ဟ- ဒါ မိုက်ရိုင်းတာ မဟုတ်ဘူး၊ အပေးအယူလေကွာ။ မင်း လိုချင်ပြီဆိုရင်တော့ တစ်ခုခု ပေးရမှာပေါ့ကွ"

"ဘာ"

"ဟဲဟဲ. . . ဒါဟာ သဘာဝကျတဲ့ ဖြစ်စဉ်ပါကွာ"

"ဟကောင် ဂျာအေး၊ မင်းကွာ ငါ့ကို အတော် စော်ကားတာပဲ သိကွာ ချတာလား"

"သိက္ခာ၊ ဘာတုံး ချစ်စိန်ရ။ သိက္ခာတွေ ဘာတွေ လုပ်မနေစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့ကွာ၊ လောကကြီးမှာ လိုချင်တာရဖို့အတွက် ရင်းသင့်ရင် ရင်းရမှာ ပေါ့ကွာ"

"တော်စမ်းပါ ဂျာအေးရ"

ချစ်စိန်တစ်ယောက် ဂျာအေး၏ ရိုက်ချက်ကြောင့် ဆန့်ငင်ဆန့်ငင် ဖြစ်သွား၏။ ပါးစပ်ကြီး ဆူပွဆူပွနှင့် ဖြစ်နေ၏။ ဖျောက်ဆိပ်သည် ဂျာအေး၏ ရိုက်ချက်ပြင်းပြင်းကို အံ့သြနေ၏။ ထိုစဉ် ချစ်စိန်၏ စကားသံ ထွက်လာ၏။

"ဟော့ကောင် ဂျာအေး၊ ငါ ပေတရာနဲ့ အမြဲတွေ့နေတာကွ။ မင်း လက်ထဲက ပစ္စည်းကိစ္စကို ငါ အချိန်မရွေး ပြောပြလိုက်လို့ ရတယ်နော်"

"ဟေ- ချစ်စိန်၊ မင်း မဟုတ်တာတွေ မပြောနဲ့ကွ"

"ကိုကြီးဖျောက်ကလည်းဗျာ၊ ခင်ဗျားတို့ ဆရာတပည့် ဘာတွေ လုပ်တာကအစ ကျုပ် သိပါတယ်ဗျာ။ ဟဲဟဲ ချစ်စိန်ကိုတော့ လျှော့မ တွက်စမ်းပါနဲ့ဗျာ"

ချစ်စိန်၏ စကားတွေက ပို၍ လွန်ကျွံလာ၏။ ဖျောက်ဆိပ် ပို၍ ပို၍ မျက်လုံးပြူးလာ၏။ ထိုအချိန်တွင် ဂျာအေးသည် ရမ်တစ်လုံး မှာ လိုက်ပြီး ချစ်စိန်ရှေ့ ချပေးလိုက်၏။ ဂျာအေး လုပ်ရပ်ကို ချစ်စိန် ကြောင် စီစီ ဖြစ်နေ၏။

"မင်း ကြိုက်သလောက် သောက်စမ်းကွာ၊ ဟောဒီမှာ အမြည်းစား။ စကားတွေ သိပ်မပြောနဲ့ ချစ်စိန်ရ၊ ပေတရာ မကလို့ ပေတရာ့ဘိုးအေ လာလည်း ငါ မမှုဘူးကွ။ အရေးကြီးတာ မင်း ဒီကို သောက်ဖို့လာတာ မဟုတ်လား၊ ဒီတော့ သောက်စမ်းကွာ။ တစ်ခုတော့ရှိတယ်၊ သောက်မယ် ဆိုရင်လည်း ပုလင်းလဲအောင် သောက်မှ ငါ ကြိုက်တယ်"

"ဟင်- ဟိုဒင်းကွာ"

"ဟိုဒင်းတွေ ဘာတွေ လုပ်မနေနဲ့ကွာ၊ အရေးကြီးတာ သောက်ဖို့ ပဲ။ ကိုင်း- ငါ ထည့်ပေးမယ်"

"ဟဲဟဲ. . . မင်းက အတော့်ကို အလိုက်သိတာပဲကွ"

"ဒါပေါ့ ချစ်စိန်ရာ၊ ငါက ကွေးနေတဲ့မျဉ်းကို ဘယ်တော့မှ ဖြောင့် မပေးချင်ဘူး။ ဆက်ကွေးပြီး ကောက်သွားအောင် လုပ်ပစ်လိုက်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သောက်စမ်းပါကွာ"

ဂျာအေးသည် ပုလင်းအဖုံးကိုဖွင့်၍ ချစ်စိန်၏ ခွက်ထဲကို သောင်း ထည့်လိုက်၏။ ရေခဲတုံး သုံးလေးတုံးပါ ထည့်ပေးလိုက်၏။ အမြည်းကို လည်း ဝက်ခေါက်၊ ဝက်အူချောင်း၊ ဝက်ခြေထောက်စွပ်ပြုတ် စသည်ဖြင့် ဝက်သားတွေချည်းပဲ မှာလိုက်၏။

ချစ်စိန်ကလည်း ရေခဲတုံးလေးတွေ မျောနေသော ဖန်ခွက်ကို ကြည့်ကာ ပါးစပ်တပြင်ပြင် လုပ်နေ၏။

ဂျာအေး ထည့်သမျှကို တဂွပ်ဂွပ်နှင့် တွယ်လိုက်၏။ အမြည်းတွေ လိမ့်စားပစ်လိုက်၏။ ချစ်စိန်၏သဘောက ရတုန်းတွယ်ထားမှသဘော၊ ဝက်သားတွေကို အမိအရတွယ်ရင်း ခွီးခနဲ ထသီးလေတော့၏။

"ဖူး. . . ခွီး အီးအီး"

"ဘာဖြစ်သတုံးကွ"

"ဖူးဖူး. . . ခွီးခွီး"

"ဟာ- ဝက်တက်တက်ပြီဗျ"

"ဟေ- ဟို. . . ဟိုဟာ"

"လာစမ်းပါ ဆရာဖျောက်ရာ"

ချစ်စိန်တစ်ယောက် ခုံပေါ်မှ ကျွမ်းပြန်ပြုတ်ကျကာ မြေပြင်ပေါ် တခွီးခွီး တက်နေ၏။ ထိုအချိန် ဂျာအေးသည် ဖျောက်ဆိပ်ကို ဆွဲကာ ဆိုင်ထဲမှ ထွက်သွား၏။ ချစ်စိန်၏ ရုတ်တရက် ပေါ်ပေါက်လာသော အခြေအနေကြောင့် တစ်ဆိုင်လုံး ပြောင်းဆန်နေ၏။

ခြေချိုးသူချိုး၊ နှာနှပ်သူနှပ်နှင့် အလုပ်ရှုပ်နေ၏။ တက်လိုက်တာ မှ တခွီးခွီး တဖူးဖူး။ ပါးစပ်နှင့် နှာခေါင်းပေါက်ကပါ အရက်တွေ ထွက် လာ၏။ မျက်ဖြူကြီး လန်လန်တက်သွားသဖြင့် ဆိုင်ရှင်ကိုယ်တိုင် ထိတ် လန့်နေ၏။ နောက်ဆုံး နီးရာဆေးခန်း ဆွဲခေါ်ပြီး ပြလိုက်မှ ချစ်စိန် သတိ ရလာခဲ့၏။

သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းတောင် မသိတော့။ တစ်ကိုယ်လုံး ပေကျံနေ၏။ နောက်ဆုံး အိမ်ဘက်သို့ ကုပ်ချောင်းချောင်းနှင့် ပြန်လာရ



www.burmeseclassic.com

www.burmeseclassic.com



ခုံးခိုချောင်တွင် ချက်ပြုတ်နေသော အစ်မဖြစ်သူကို တွေ့လိုက်ရ၏။

"အစ်မယောကျ်ား အတော့်ကို ရက်စက်တယ်ဗျာ"

"ဟဲ့- ဘာ. . . ဘာဖြစ်လာသတုံး"

"ဟိုဗျာ၊ ဂျာအေးနဲ့ အစ်မယောကျ်ား ကျုပ်ကို အရက်တွေ အတင်းတိုက်၊ ဝက်သားတွေ အတင်းကျွေးတာ လူကို သေလုမြောပါးပဲ"

"ဟင်- ဒီ. . . ဒီလို မဟုတ်တန်ကောင်းပါဘူးကွယ်"

"အစ်မနော်၊ ကျုပ်က အစ်မမောင်ပါဗျ။ ယောကျ်ားဆိုတာ အစားရှာလို့ ရပေမယ့် မောင်ဆိုတာ အစားရှာလို့ မရပါဘူးဗျာ။ ကျုပ် ပြန်မယ်"

"အလိုတော်"

ချစ်စိန်တစ်ယောက် မချိမဆံ့ ခံလိုက်ရသဖြင့် အတော့်ကို မကျေမချမ်း ဖြစ်နေ၏။ အပုလေးမှာ မောင်ဖြစ်သူကို ချော့မော့ပြောဆိုနေ၏။ ထိုအချိန် ဂျာအေးနှင့် ဖျောက်ဆိပ်တို့ ရောက်လာ၏။ ဂျာအေးကို မြင်တော့ ချစ်စိန် ရဲရဲမကြည့်ဝံ့။

အပုလေးမှာလည်း လင်ယောကျ်ားနှင့် မောင်ဖြစ်သူကြား ဗျာများနေ၏။ ချစ်စိန်သည် စကားတစ်ခွန်းမှ မပြောဘဲ အိပ်ခန်းထဲဝင်ကာ အိပ်ပစ်လိုက်၏။

"ကိုရင်ဖျောက်"

"ဟေလကွယ်"

"ကျုပ်မောင်ကို တော်တို့ ဘာလုပ်လွှတ်လိုက်တာလဲ"

"ဘာလုပ်လို့လဲကွာ၊ မင်းမောင်ကိုယ်တိုင် သောက်ချင်တယ်ပြောလို့ တိုက်လွှတ်လိုက်တာပဲ။ ခက်ပါ့ကွာ"

"တော်ကြီးနော်၊ ကျုပ်မောင်ကို မတရားမလုပ်နဲ့"

"မင်းမောင်က ထင်ရာစွတ်လုပ်ပြီး ဆိုင်မှာတက်နေတာကွ။ ကိုင်း- ဒီကိစ္စထားစမ်းပါ၊ ထမင်းဟင်းထည့်ကွာ။ ငါတို့ ဆာပြီ"

"အသင့်ပါပဲတော်"

ဖျောက်ဆိပ်၏ ခပ်ဆတ်ဆတ် ပြောလိုက်သောလေသံကို အပုလေး အမှတ်မထားနိုင်တော့။ ဆိုင်ကလေးကလည်း အရောင်းသွက်လှသည်မို့ အပုလေးတစ်ယောက် အပျော်ကြီး ပျော်နေ၏။ ကိုယ်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွှေတွဲလွဲ ငွေတွဲလွဲ ဖြစ်လာပြီမို့ အပုလေးဆီမှ စကားလုံး ခံကြမ်း ကြမ်းတွေ ထွက်မလာတော့။

တစ်ချိန် အပုလေးတစ်ယောက် ဈေးထဲသွားနေသဖြင့် ဖျောက်ဆိပ်မှာ မုန့်ဟင်းခါးဆိုင်တွင် ထိုင်ကာ ဈေးရောင်းနေ၏။ ဂျာအေးက လည်း ပန်းကန်ဆေး ခွက်ဆေး လုပ်နေ၏။ ထိုအချိန်က ဆိုင်ရှေ့သို့ လူတစ်ယောက် ရောက်ရှိလာ၏။

"ဘယ်လိုတုံး ဖျောက်ဆိပ်ရ၊ ဆန်နီကြီးဈေးသည် ဖြစ်နေပြီလား ကွ ဟဲဟဲ. . ."

"ဟင်- ကိုပေတရာ"

"ဟုတ်ပ့ါကွာ၊ မင်းတို့လင်မယား အတော့်ကို စီးပွားဖြစ်နေပြီ ကြား တယ်ကွ"

"ခင်ဗျား ဘာလာလုပ်တာလဲ။ ကျုပ်တို့ ကောင်းရောင်းကောင်း ဝယ် လုပ်စားနေကြတာဗျ"

"ဟားဟားဟား. . . ဖျောက်ဆိပ်ရာ၊ မင်း ဘာတွေလုပ်နေတယ် ဆိုတာ ငါသိပါတယ်ကွာ"

သူတို့နှစ်ယောက် စကားပြောနေစဉ် ဂျာအေး ရောက်လာ၏၊ ပေတရာကို မြင်တော့ ဂျာအေး ပြုံးဖြီးဖြီး လုပ်လိုက်၏။

"ဘယ်လိုတုံး ကိုပေတရာရဲ့၊ မမြင်ရတာ ကြာပြီနော်"

"တော်စမ်းပါကွာ၊ မင်း အတော့်ကို ပေါက်တီးပေါက်ရှာ ပြောတာ ပဲ၊ ငါ ဒီအလုပ်တွေ မလုပ်တော့ပါဘူးကွာ၊ ငါက ဘုရားနဲ့ တရားနဲ့ ဖြစ် နေပြီကွ ဟဲဟဲ. . ."

"ဟုတ်လား၊ ကြည့်လည်း ပြောပါဦး ကိုပေတရာရဲ့။ ကျားပါးစပ် က ငါးပါးသီလ ရွတ်သလို ဖြစ်နေပြီဗျ"

"တော်စမ်းပါကွာ၊ ဒါထက် ချစ်စိန်တစ်ယောက် မမြင်ပါလား။ ဒီကောင်နဲ့ ငါ ခဏခဏ တွေ့တယ်ကွ"

"တွေ့ချင်ရင်တော့ ဆိုင်လိုက်သွားပေါ့ဗျာ"

ဖျောက်ဆိပ် ပေတရာကို စကားသိပ်မပြောချင်။ ပေတရာ စကား တွေ ဖောင်နေအောင် ပြောနေသော်လည်း မျက်လုံးတွေက ရှိုးသားသူ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ခပ်တန်းတန်း ခပ်မာမာ လုပ်ပစ်လိုက်၏။ ပေတရာသည် သူတို့ကို ထင်ရာမြင်ရာတွေ ပြောဆိုပြီး ထွက်သွား၏။

ဖျောက်ဆိပ်သည် ပေတရာ့ ကျောပြင်ကို ကြည့်ပြီး စိတ်ထဲ တနုံ့နုံ့ ဖြစ်နေ၏။

"ဂျာအေးရေ၊ ဒီကောင် ဒီကိုရောက်လာတာ မရိုးဘူးကွ။ ပြီးတော့ ဒီကိစ္စရဲ့ လက်သည်က ချစ်စိန်ကွ၊ ငါ့ယောက်ဖ နောက်ကွယ်ကနေ ပြဿနာရှာနေတာ ဖြစ်နိုင်တယ်"

"သိပ်ဖြစ်နိုင်တာပေါ့ ဆရာဖျောက်ရာ၊ အပြင်ရန်သူထက်ကို အတွင်းရန်သူက ပိုဆိုးတယ်ဗျ။ ပေတရာ ဒီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာလည်း မရိုးသားဘူးဗျ။ ကျုပ်တော့ မကွေးပဲ ပြန်ချင်ပြီဗျာ"

"အေးကွာ၊ ဒီကောင် ရောက်လာတာ အန္တရာယ်ကို ဖိတ်ခေါ်လိုက်တာနဲ့ အတူတူပဲကွ"

"ဆရာဖျောက်"

"ဟေလကွာ"

"ဆရာဖျောက်တို့ လင်မယား ပြန်နှင့်ဗျာ၊ ကျုပ် ဒီမှာ ခဏနေခဲ့ဦးမယ်"

"ဟာ- အဲဒီလိုတော့ ခွဲခြားခွဲခြား မလုပ်စမ်းပါနဲ့ ဂျာအေးရာ။ မင်း တစ်ခုခုဖြစ်သွားမှာကိုလည်း ငါ မလိုလားဘူးကွ။ ဘာမှ စဉ်းစား မနေနဲ့၊ မင်းပါလိုက်ခဲ့ပေတော့။ မကွေးပြန်ရောက်မှ ဟိုကောင့်ပြဿနာလည်း ဝေးသွားမယ်ကွ"

"ဒါဆိုလည်း သဘောပဲဗျာ"

နောက်ဆုံးတော့ ဖျောက်ဆိပ်တစ်ယောက် သူတို့နှစ်ယောက် တိုင်ပင်ထားသည့်ကိစ္စကို အပုလေးအား ပြောပြလိုက်၏။ အပုလေးခမျာ စီးပွားဖြစ်နေသည်မို့ ပြန်ချင်ပုံမရ။ သူ့စိတ်ကူးက တိုက်တွေတာတွေ ဝယ်ဖို့တောင် စိတ်ကူးနေသည်မို့ အခက်တွေ့နေ၏။

"ဘယ်လိုဖြစ်တာတုံး ကိုရင်ဖျောက်ရယ်၊ စီးပွားဆိုတာ ရှာလို့ရတဲ့အချိန် ရှာရတာတော့။ ကံဆိုတာ အမြဲကောင်းနိုင်တာ မဟုတ်ဘူး"

"ငါသိပါတယ် မိန်းမရာ၊ ဒါပေမယ့် အန္တရာယ်များလို့ပဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



ပေတရာ ငါတို့ဆိုင် ရောက်လာကတည်းက ငါတို့ဆိုင်ကို ဒီကောင်လေး စောင့်ကြည့်နေတာ သေချာတယ်ကွ"

"အလိုတော်၊ ဟို. . . ဟိုလူ လာသွားတယ်"

"ဟုတ်ပ။ အဲဒါကြောင့် ပြောနေရတာပေါ့ကွာ။ ပြီးတော့ အဲဒီ ပေတရာနဲ့ မင်းမောင်နဲ့ကလည်း အချိတ်အဆက်တွေ ရှိနေတယ်ကွ"

"ဟင်- ဒုက္ခပါပဲ"

"အေးလေ၊ မင်းမောင် လုပ်ပုံက မစားရတဲ့အမဲ သဲနဲ့ပက်ချင်တဲ့ အကြံကွ"

"အိုတော်၊ ကျုပ်မောင်က အဲဒီလောက် မဟုတ်ပါဘူး"

"ခက်ပါ့ မိန်းမရာ၊ လောဘစိတ်က မင်းမောင်ကို ဒုက္ခပေးနေပြီ ကွ။ သူက ငါတို့ အဆင်ပြေတာကြည့်ပြီး မကျေမချမ်း ဖြစ်နေပုံပဲ၊ အမှန်တော့ ငါ ဒီစကားကို မပြောချင်ပါဘူး မိန်းမရာ၊ လောဘဖုံးနေရင် အစ်ကိုတွေ၊ အစ်မတွေ၊ သွေးသားတွေလည်း မမြင်တော့ဘူး မိန်းမရ"

ဖျောက်ဆိပ်၏ စကားကြောင့် အပုလေး တွေဝေသွား၏၊ ပြော လာသည့်စကားတွေကိုလည်း မျက်စိမှိတ် ငြင်းဆန်လို့မရ။ မောင်ဖြစ်သူ၏ လုပ်ရပ်က တစ်နေ့တခြား ပို၍ ဆိုးလာ၏။ သူတို့အလစ်တွင် ပိုက်ဆံတွေ အတင်းယူသုံးတတ်လာ၏။

တောင်းလိုက်သည်မှာလည်း မပေးလျှင် ပြဿနာ အကြီးအကျယ် ရှာတော့မည့်ပုံ။ သော ်လိုက်သည့် အရက်တွေကလည်း မွန်ထူနေ၏၊ အပုလေးသည် မောင်လေးတစ်ယောက်တည်း ရှိသည်မို့ ငယ်ငယ် ကတည်းက အလိုလိုက်ခဲ့၏။

ထို့ပြင် ဝက်ရူးပြန်ရောဂါ ရှိနေသည်မို့ မောင်ဖြစ်သူ၏ အကြိုက် ကို အမြဲ လိုက်ခဲ့၏။ ယခုတော့ ချစ်စိန်က ဖျောက်ဆိပ်တို့ ကွယ်ရာတွင် သူ့အပေါ် ပို၍ ဆိုးရွားလာ၏။ တိုးတိုးတိတ်တိတ် ဆုံးမ၍လည်း မရ။ တစ်လောကလည်း သူ့ဆွဲကြိုးကြီးယူကာ ပေါင်ပြီး ဖဲရိုက်ပစ်လိုက်၏။

ထိုအခြင်းအရာကြောင့် ဖျောက်ဆိပ် မသိအောင် တိုးတိုးတိတ် တိတ် မေးပြီး ပြန်ရွေးထားရ၏။

ထိုသို့ ဆိုးရွားသည့်အဖြစ်ကြောင့် အပုလေးလည်း စိတ်အညစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ညစ်နေ၏။ ဘယ်လိုမှ ပြောမရသည်မို့ တစ်ယောက်တည်း ကျိတ်၍ ခံစားနေရ၏။ ယခုတော့ ဖျောက်ဆိပ်က အညာပြန်တော့မည် ပြောလာသဖြင့် ခေါင်းမညိတ်ချင်ဘဲ ညိတ်လိုက်ရလေ၏။

"ဒါဆိုလည်း ကိုရင်ဖျောက် သဘောပေါ့တော်၊ ကျုပ်လည်း ချစ်စိန့်ကို ဘယ်လိုမှ မပြောသာတော့ဘူး။ ဒီကောင်လေးက အတော့်ကို ဆိုးနေပြီတော့"

"ငါသိပါတယ်ကွာ၊ ငါ့ကွယ်ရာမှာ မင်း အခံစားကြီး ခံစားနေရပြီ မဟုတ်လား။ မှတ်ထားကွ၊ ဘယ်နေရာမှာမဆို သူ့အတိုင်းအတာနဲ့ သူ တော့ ရှိသင့်တာပေါ့ကွာ။ အတိုင်းအတာ လွန်ကျွံလာရင် မကောင်းဘူး မိန်းမရ၊ ဒီတော့ ငါတို့ အညာပဲ ပြန်ကြတာပေါ့ကွာ။ ဟိုမှာ ဈေးဆိုင် ကလေးဖွင့်ပြီး ရိုးရိုးအေးအေး စီးပွားရှာကြတာပေါ့"

"တော်ပြောတာကို ကျုပ် သဘောပေါက်ပါတယ်၊ တော်တို့ ပြန်ချင်ပြီဆိုလည်း ပြန်ကြတာပေါ့"

"ဒါပေါ့ကွာ"

နောက်ဆုံးတော့ အပုလေးတစ်ယောက် ဖျောက်ဆိပ် ပြောသမျှကို လိုက်လျောခဲ့ရ၏။ သို့နှင့် သူတို့လူစု ရှိသမျှ အိုးခွက်ပန်းကန်တွေ ရောင်းချပစ်လိုက်၏။ ဆိုင်လည်း ပိတ်ပစ်လိုက်၏။ သူတို့လုပ်ကိုင်ပုံကြည့်ပြီး ချစ်စိန် အံ့အားသင့်နေ၏။

"ဟာ- အမေ ဘာဖြစ်လို့ ဆိုင်ပိတ်လိုက်တာလဲဗျ"

"ငါတို့ အညာကိုပြန်တော့မယ် ချစ်စိန်၊ နင် ဒီမှာ နေချင်သပဆိုသည်း နေခဲ့ပေါ့။ ငါတို့ကတော့ ပြန်တော့မယ်"

"ဟာ- အစ်မဏာလည်း ဒီမှာ အလုပ်ဖြစ်နေတာကိုဗျာ၊ ဘာဖြစ်လို့ ဆိုင်ပိတ်ပစ်ရမှာလဲ။ ပြန်ဖွင့်ပါဗျာ၊ ကျုပ်က ရန်ကုန်က ပြန်ချင်သေးတာ မဟုတ်ဘူးဗျ"

"အို- မင်းပျော်ရင် နေခဲ့ပေါ့ မောင်လေးရယ်၊ အစ်မတို့တော့ ပြန်မှဖြစ်မယ်"

"ဗျာ- ဒါဆို ကျုပ်ကို အရင်းအနှီးပေးခဲ့ဗျာ"

"အလိုတော်၊ ဘယ်လိုပြောလိုက်တာလဲဟဲ့။ မင်းအကြွေး ငါ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတဲ့အတိုင်းပဲ။ မရှိဘူး၊ ပိုက်ဆံတွေ အားလုံး ကိုရင်ချောတော် ...တယ်။ လိုချင်ရင် သူ့ဆီသာ သွားတောင်းပေတော့"

"ဪ- အစ်မက ဒီလိုကိုး။ ကောင်းပြီလေ၊ တောင်းဆိုသည့်အတိုင်း တောင်းရတာပေါ့ဗျာ"

ချစ်စိန်၏အသွင်က အပိုင်တွက်ထားပုံရ၏။ မျက်နှာက ပြုံးဆဲ ထေ့။ အပုလေးခမျာ သူ့မောင်ကို သူ စိတ်မချနိုင် ဖြစ်နေ၏၊ ထိုအခိုက်တွင် ထုပ်ပိုးပြင်ဆင်နေသော ဖျောက်ဆိပ်တို့ဆီ ချစ်စိန် ရောက်လာ၏။

"ကိုကြီးဖျောက်"

"ဟေလကွာ"

"ခင်ဗျားတို့ အညာပြန်မလို့ဆို"

"ဟုတ်တယ်လေ၊ ဘာဖြစ်သတုံးကွ"

"ကျုပ်တော့ မပြန်ချင်သေးဘူးဗျ"

"မပြန်ချင်လည်း နေခဲ့ပေါ့ ချစ်စိန်ရာ၊ မင်းကို ဘယ်သူကမှ ခွတ် မခေါ်ပါဘူး။ ငါတို့ကတော့ ဒီမှာ နေရတာ မျက်စိလည်းရှုပ်၊ နားလည်းရှုပ်ပါ့ကွာ။ ဒါကြောင့် ငါတို့ ပြန်ဖို့ပြင်တာကွ"

"ကောင်းပြီလေ၊ ဒါဆိုရင် ကျုပ် ဒီမှာ လုပ်ကိုင်စားဖို့ ပိုက်ဆံ အရင်းအနှီးတော့ ပေးခဲ့ဦးဗျာ"

"ဘာကွ- အရင်းအနှီး"

"ဟုတ်တယ်လေဗျာ၊ မြွေမြွေချင်း ခြေမြင်ပြီးသားပါ ကိုကြီးဖျောက်ရာ။ အတွင်းသိ အစဉ်းသိတွေ အချင်းချင်း ကြားကောင်းအောင် ပြောမနေစမ်းပါနဲ့"

"ဟကောင်- ချစ်စိန်၊ မင်းစကားက ဘာတွေတုံးဟ၊ မင်းပြောတာ ငါ ဘာတစ်ခုမှ နားမလည်ပါလားကွ"

"မသိချင်ယောင် မဆောင်စမ်းပါနဲ့ဗျာ၊ ခင်ဗျားတို့ လက်ထဲမှာ ပေတရာဆီက ယူထားတဲ့ ပတ္တမြားကြီးလေးလုံး ရှိတယ်ဆိုတာ ကျုပ် အသိဆုံးဗျ။ ပေတရာက ကျုပ်သူငယ်ချင်း ဖြစ်နေပြီဆိုတာ ခင်ဗျားအသိပဲ။ ဒီကိစ္စ ကျုပ် ဖွလိုက်ရင် ခင်ဗျားတို့ အားလုံး ပြေးပေါက်မရှိဘဲ ဖြစ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ မင်း ဘာမဟုတ်တာတွေ ပြောနေသတုံး။ ရိုင်းပ့ါ ချစ်စိန်ရာ၊ မင်းစကားတာ အသားထဲက လောက်ထွက်တဲ့စကားတွေပါလားကွ"

"ဒါတော့ ခင်ဗျား ထင်ချင်သလို ထင်ပေ့ါဗျာ။ ကမ္ဘာမီးလောင် သားကောင်ချနင်း ဆိုတဲ့ စကားပုံတောင် ရှိတယ်မဟုတ်လားဗျ။ ဒီတော့ ကျုပ်လိုချင်တာကို ပေးခဲ့ဗျာ၊ ဒါဆို ခင်ဗျားတို့ အေးအေးဆေးဆေး ပြန်နိုင်တာပေ့ါ"

"ဟင်"

ချစ်စိန်၏ စကားတွေက အနှောင့်အသွားမလွတ်။ ထိုအချိန်တွင် ဂျာအေးသည် ဆွဲအိတ်ထဲမှ စက္ကူဘူးလေး တစ်ဘူးကို ထုတ်ကာ ချစ်စိန်ကို လှမ်းပေးလိုက်၏။ ဖျောက်ဆိပ်သည် ဂျာအေးကို ကြောင်စီစီ လှမ်းကြည့်နေ၏။ ထိုအချိန်တွင် ချစ်စိန်တစ်ယောက် စက္ကူဘူးကို ဖွင့်ကြည့်လိုက်၏။

"ဟာ- ပတ္တမြားကြီးပါလား"

"ဟုတ်တယ်၊ မင်းလိုချင်တယ်ဆို"

"ဟင်- ဒါဆို ဒါ ငါ့ကို ပေးတာပေ့ါ ဟုတ်လား"

"အေး- မင်း ယူသွားပေတော့၊ ဒါပေမယ့် ဟိုဟိုဒီဒီတော့ လျှောက်မရောင်းနဲ့။ သုံးလေးရက်လောက် သိမ်းထားပြီးမှ ထုတ်ရောင်း၊ အဲဒီကျောက်ကိစ္စက ပြဿနာတွေ ရှိနေတယ်ကွ"

"ဟင်- ဟုတ်လား၊ ဒါဆို ငါ သိမ်းထားရမှာပေ့ါ"

"အေး- အသေအချာ သိမ်းထားကွ၊ ရရင် ခြောက်သိန်းနဲ့ ခုနစ်သိန်းကြား ရှိလိမ့်မယ်၊ အဲဒီဈေးရမှ ရောင်းကွာ၊ မတန်မရာတော့ မရောင်းလေနဲ့"

"စိတ်ချပါကွာ၊ မင်း ငါ့ကို တကယ် ပေးတာနော်"

"တကယ် ပေးတာပေ့ါကွာ၊ မင်း လိုချင်နေတာပဲဟာ ပေးလိုက်တာ အေးရောပေ့ါ"

"ဟင်- ဝမ်းသာလိုက်တာကွာ"

ချစ်စိန်တစ်ယောက် ပတ္တမြားကြီးကို ကြည့်ရင်း ရင်တွေ သိမ့်သိမ့်ခုန်နေ၏။ ခုနစ်သိန်း၊ ရှစ်သိန်းတန် ပတ္တမြားကြီးကို တစ်ခါမှ မမြင်ဖူးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူ့ကို ဘုရားသခင်က ပေးသနားလေပြီဟု တွေးကာ ဝမ်းသာ အူမြူးနေ၏။ ဂျာအေးက ခုလို ရှောရှောရှူရှူ ပေးလာလိမ့်မည် မထင်။ ထိုစဉ် ပိုရှ် အံ့ဩနေသူမှာ ဖျောက်ဆိပ်။

"ဟကောင်၊ မင်း ဘာဖြစ်လို့ ပေးရတာလဲကွ။ ဘာလဲ၊ မြွေအောက်ကို အတောင်တပ်ပေးလိုက်တာလားကွ"

"ဘယ်လိုပြောလိုက်တာလဲ ယောက်ဖကြီးရ၊ ကျုပ်လိုလူရဲ့ သဘောထား အမှန်ကို ဂျာအေးက သိသွားလို့ ဖြစ်မှာပေါ့ဗျာ ဟဲဟဲ"

"ဂျာအေး၊ မင်းကွာ. . ."

"ဆရာဖျောက်ကလည်း၊ သူလည်း ကျုပ်တို့လုပ်ငန်းမှာ အနှံခံ လိုက်ရတာပဲဗျာ။ ဒီတော့ သူလည်း ဝေစုရသင့်တယ်ထင်လို့ ပေးလိုက်တာပါ"

"ကိုင်း- ကြားပြီလား ဟဲဟဲ. . ."

ချစ်စိန်တစ်ယောက် သူ့လက်ထဲ ပတ္တမြားကြီး ရောက်လာသော အခါ စိတ်က မာဆတ်ဆတ် ဖြစ်လာ၏။ အသွင်ကလည်း ဘာမှ မမြင် တော့သည့် အသွင်ပင်။ ဂျာအေးကတော့ ပတ္တမြားကြီး ပေးလိုက်ရသည် ကို တစ်စက်ကလေး မတုန်လှုပ်။ အပုလေးမှာလည်း မကျေမချမ်းဖြစ်ကာ ပါးစပ်က ပွစိပွစိ လုပ်နေ၏။

ထိုအချိန် ချစ်စိန် အိမ်ပေါ်မှ ဆင်းသွားလေ၏။ သူတို့လူစု အထုပ်အပိုးများ ပြင်ဆင်ကာ ကားဂိတ်ဆီသို့ ထွက်ခဲ့ကြ၏။ ဖျောက်ဆိပ် တို့လင်မယား မျက်နှာကြီးတွေ မှုန်ကုပ်ကုပ်လုပ်ကာ ဂျာအေးကို မကျေ မချမ်း ဖြစ်နေ၏။ အဝေးပြေးကားဂိတ်သို့ အရောက်တွင် ကားလက်မှတ် ဖြတ်လိုက်ကြပြီး စားသောက်ဆိုင်ထဲ ဝင်ခဲ့ကြ၏။

ထိုအချိန်အထိ လင်မယားနှစ်ယောက် စကားတစ်ခွန်းမှ မပြော သေး။ ဂျာအေးကတော့ ထုံးစံအတိုင်း စပ်ဖြဲဖြဲ။

"ကိုင်း- ဘာစားကြမှာလဲဗျ၊ ကျုပ်တော့ ဘီယာလေး တွယ်ချင်သ သဗျာ။ ဘီယာလေး တွယ်လိုက်ရရင် အညာက ထန်းရည်ကို လွမ်းသတိ ရသဗျာ"

"တိတ်စမ်း၊ နင် တော်တော် ဝေသန္တရာလုပ်၊ ငါ့ဟောင်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တို ငါအသိဆုံး"

"ဗျာ- ဘယ်လိုဖြစ်တာလဲ မပုလေးရယ်၊ ပေးကမ်းခြင်းသည် အောင်မြင်ရာတဲ့ဗျ။ နေရာတကာ မယူချင်စမ်းပါနဲ့ဗျာ၊ ဘာလုပ်မှာလဲ။ အဲဒီ ကျောက်ကြီးလည်း အနိစ္စ၊ မပုလေးလည်း အနိစ္စ၊ ဆရာဖျောက် လည်း အနိစ္စ၊ ကျုပ်လည်း အနိစ္စ။ အနိစ္စတွေကြားမှာ စိတ်မဖွစမ်းပါနဲ့ ဗျာ။ ဆရာဖျောက် ဝိုင်းပြောပေးပါဦး"

"တော်စမ်းပါကွာ၊ အမှန်ဆို ချစ်စိန်ကိစ္စကို ငါတို့လင်မယားနဲ့ တိုင်ပင်သင့်တာပေါ့ ဂျာအေးရာ။ ဒီကောင့်ကို မင်းက အဆိပ်ပင် ရေ လောင်းလိုက်တာကွ"

"ဟုတ်ပ့ါတော်၊ ခုမှ တော်တော် သဘောကောင်းနေတယ် ဟုတ် လား"

"ကိုင်း- တော်ကြပါတော့ဗျာ၊ ဆရာဖျောက် ဘီယာလေး ဘာလေး တွယ်ရအောင်။ မပုလေးက ကြက်ကြော်စားဗျာ"

"ဟဲ့- နင်တို့ ခရီးသွားမယ့်ဟာ ဘယ့်နှယ် အရက်တွေ သောက် နေကြသလဲ။ ကိုရင်ဖျောက်၊ တော်က လူကြီးနော်"

"မိန်းမကလည်းကွာ၊ ဘီယာဆိုတာ အရက်မှ မဟုတ်တာ။ ဆီးရွှင် တယ်၊ မျက်စိကောင်းတယ်၊ စားဝင်အိပ်ပျော်သကွာ။ ကိုင်း- ဂျာအေးရေ တစ်ဂျားလောက် မှာကွာ။ ကားမထွက်ခင် မြန်မာဘီယာလေး တွယ်သွား ဦးမယ်၊ နောက် သောက်ချင်တယ်ဆိုလို့တောင် သောက်လို့ရမှာ မဟုတ် ဘူးကွ"

"အဲဒါပြောတာပေါ့ ဆရာဖျောက်ရယ်"

စားပွဲထိုးလေး လာသည်နှင့် ဂျာအေးက ဘီယာတစ်ဂျားနှင့် ကြက် ကြော်တစ်ပွဲ မှာလိုက်၏။ အပုလေးမှာ စူပွစူပွ။ သို့သော် ကြက်ကြော်အနံ့ ရလိုက်သည်နှင့် ဆာသလိုလို ဘာလိုလို ဖြစ်လာ၏။ ကြက်ကြော်ကလည်း ရွှေကြည်မှုန့်နှင့် လုံး၍ ကြော်ထားသဖြင့် ရနံ့ကလည်း စွဲမက်ဖွယ်ရာပင်။

ထို့ကြောင့်လည်း ကြက်ကြော်ကြီးကို ဓားနှင့်လှီးလိုက်၊ အချဉ်နှင့် တို့လိုက်နှင့် အပုလေး အရသာတွေ့နေ၏။ ခါးထစ်ခွင် ချီထားသော ဂျာဖျောက်ကလည်း မလွယ်။ လက်ညှိုးတထိုးထိုး ပါးစပ်တပြင်ပြင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ကြက်ပေါင်တစ်ချောင်း ပေးထားလိုက်တော့ ဂျာဖျောက်တစ်ယောက် သွားလေးသုံးချောင်းနှင့် တဒုတ်ဒုတ် တဂွပ်ဂွပ် ကိုက်နေ၏။

ထိုအချိန် ဆရာတပည့်နှစ်ယောက် ဘီယာလေးသောက်လိုက်၊ ကြက်ကြော်လေး မြည်းလိုက်နှင့် ဇိမ်အကျကြီး ကျနေ၏။

"ကိုကြီးဖျောက်"

"ဟေလကွာ"

"လောကကြီးမှာ လောဘဆိုတဲ့ စိတ်အတွေး မရှိရင် အတော့်ကို ကောင်းမှာပဲဗျာ"

"ဟာ- အဲဒီလိုတော့ မဖြစ်နိုင်ဘူးကွ၊ ဒီစိတ်ကုန်တဲ့လူဟာ ဘုရား ရဟန္တာအဆင့်လောက် ရှိပြီကွာ။ ဒါပေမယ့် အတော့်ကို မဖြစ်နိုင်တဲ့စိတ် ပါကွာ။ လောဘနည်းနည်း ရှိတာနဲ့ များများရှိတာပဲ ကွာပါတယ်ကွာ။ အေး- တစ်ခုရှိတာပေါ့ကွာ၊ ပညာရှိ ပုဂ္ဂိုလ်တွေကတော့ အလိုလောဘကို နည်းနိုင်သမျှ နည်းအောင် နှိပ်ကွပ်ကြတာပေါ့။ နေပါဦး၊ မင်းက ဘာသဘောနဲ့ မေးတာတုံး"

"ဩော်- လောဘစိတ်ကြောင့် ကိုယ့်သွေးသားတောင် ရန်သူလုပ်ချင်တဲ့ လူစရိုက်ကို ကျွန်တော် ရွံလွန်းလို့ပါဗျာ"

"ဒီလိုပေါ့ ဖျောက်ဆိပ်ရာ၊ အဲလေ- ဂျာအေးရာ ဟဲဟဲ. . ."

"ဘယ်လိုတုံးတော်၊ ကိုယ့်နာမည်တောင် ကိုယ်မေ့နေပြီလား၊ ကြည့်လည်း သောက်ကြပါဦး၊ တော်တို့ မူးသွားလို့ ကျုပ်တစ်ယောက်တည်း ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေပါဦးမယ်"

"မိန်းမကလည်းကွာ၊ ငါ အားလုံး သတိရနေပါတယ်ကွာ။ ငါ့မိန်းမ နာမည် အပုလေး၊ ပိုက်ဆံမြင်ရင် အကုန် မေ့တတ်တယ် ဟဲဟဲ။ ဆွေမျိုး ထိရင် မခံဘူး ဟူးဟူး. . ."

"တော်. . . တော်ကြီးနော်၊ ကျုပ်ကို အဲဒီလို မပြောနဲ့၊ ကျုပ် တော်တို့နဲ့ မလိုက်ဘဲ နေလိုက်မှာ"

"ဟာ- မိန်းမကလည်းကွာ၊ ငါ သတိရှိနေသေးပါတယ်[illegible]"

သူတို့လူစု စားသောက်ပြီးသွားကြသည်နှင့် [illegible] ပေါ်သို့ အပြေးအလွှား တက်ခဲ့ကြ၏။ အပုလေးမှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



သော ရန်ကုန်မြို့ကြီးကို နောက်ဆုံးကြည့်ခြင်းဖြင့် အစွမ်းကုန် ငေးမော နေ၏။ ထိုအချိန်တွင် သူတို့ လိုက်ပါလာသော ကားကြီးသည် ရန်ကုန် ဂိတ်စခန်းမှ ထွက်သွားလေတော့၏။

□□□



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ခြေတစ်လှမ်းအတွက်
နောက်ခြေတစ်လှမ်းသည်
အားဖြစ်နိုင်သလို
ကြောက်စရာကောင်းလှသည့်
မြွေတစ်ကောင်လည်း
ဖြစ်သွားနိုင်ပေ၏။ ၁၄၄

www.burmeseclassic.com

www.burmeseclassic.com

# နီဂုံး

ချစ်စိန်တစ်ယောက် ပတ္တမြားဘူးကြီးကို ကြည့်ကြည့်ပြီး ဝမ်းသာလုံးဆို့နေ၏။ ပိုက်ဆံ ခုနစ်သိန်းလောက်ရလျှင် အကောင်းဆုံး ဟိုတယ်တက်ကာ မိန်းမလှလေးတွေနှင့် ကဲပစ်လိုက်မည်ဟု စိတ်ထဲမှ ကြုံးဝါးနေ၏။

သို့သော် ပစ္စည်းကို အရမ်း ထုတ်မရောင်းရဲ၊ ဂျာအေး ပြောသလို ပြဿနာတွေ ဖြစ်မှာလည်း စိုးရိမ်နေ၏။ သူ့အပေါ် ယုံယုံကြည်ကြည် ပေါင်းသင်းလာသည့် ပေတရာ အားကိုးနှင့် ရန်ကုန်တွင် တွင်ကျယ်နေရခြင်း ဖြစ်၏။ ပထမတော့ ပေတရာက သူ့ကို ကောင်းကောင်းကြီး ဒုက္ခပေးခဲ့ဖူး၏။ နောက်ဆုံး သူ့အပေါ် ပေတရာ ကောင်းကောင်းကြီး နားလည်သွားရာမှ ယခုတော့ သူငယ်ချင်းတွေပင် ဖြစ်နေလေပြီ။ ယခုလည်း ပေတရာ အလာကို သူ မျှော်နေ၏။

အချိန် အနည်းငယ်အကြာတွင် ပေတရာနှင့် ငှက်ကျားတို့နှစ်ယောက် ရောက်လာ၏။ သူတို့ကိုတွေ့တော့ ချစ်စိန် ဝမ်းသာအားရ ဖြစ်နေ၏။ ဘူးကြီး တပြုပြုနှင့် ခုန်ဆွခုန်ဆွ ဖြစ်နေ၏။

"မင်းဥစ္စာ သေချာတယ်နော်"

"သေချာပါတယ်ဗျာ"

"သေချာရင်တော့ ငါ့သူဌေးဆီ ခေါ်သွားမယ်ကွာ၊ ငါ့သူဌေး တောင်ပေါ်က ဆင်းလာတာ မကြာသေးဘူးကွ။ နာမည်က ဆရာကြီး

www.burmeseclassic.com



ကျားဆိုးတဲ့၊ ဂျာအေးတို့လူစုနဲ့ ငြိခဲ့တာကွ"

"ဟုတ်လား၊ ဒါ. . . ဒါဆို ကောင်းပါ့မလားဗျာ"

"မပူစမ်းပါနဲ့ကွာ၊ ဒီကိစ္စ ငါပိုင်ပါတယ်။ သူက ပတ္တမြားမြင်ရင် ငမ်းငမ်းတက်ကွ။ ကိုင်း- ယူခဲ့တော့ကွာ၊ ခုချိန်ဆို ဆရာကြီး ငါတို့ကို စောင့်နေပြီပေါ့"

"သွားကြမယ်လေ"

"အေးပါကွာ၊ သွားကြတာပေါ့"

ချစ်စိန်တစ်ယောက် ငွေခုနစ်သိန်း ရှစ်သိန်း ရတော့မည်မို့ အလွန့်အလွန်မှ ဝမ်းသာအားရ ဖြစ်နေ၏။ အဝတ်အစား ကပျာကယာလဲပြီး ကျောင်းထဲမှ ထွက်ခဲ့၏။ လမ်းပေါ်ရောက်သည်နှင့် တက္ကစီငှားလိုက်၏။

ချစ်စိန်၏ အသွင်က တက်ကြွနေ၏။ မျက်လုံးထဲ ပိုက်ဆံထုပ်ကြီးများကိုသာ တရေးရေး မြင်ယောင်နေ၏။

ပေတရာကတော့ သူ့အတွေးနှင့်သူပင်။ အမှန်မတော့ ချစ်စိန်ကို တစ်ဖက်လှည့်ပြီး သိမ်းသွင်းခဲ့ခြင်းသာ ဖြစ်၏။ ချစ်စိန်ဆီမှ ကျောက်ကြီးတစ်လုံး ပြန်ရမည်ဆိုလျှင် သူ့ဆရာရှေ့ သူ မျက်နှာပြနိုင်မည် ဖြစ်လေ၏။ ထို့ကြောင့်လည်း ချစ်စိန်ကို မရရအောင် လုံးခဲ့ခြင်း ဖြစ်လေ၏။

သူတို့ စီးနင်းလာသော တက္ကစီကားလေးသည် လမ်းမကြီးပေါ်တွင် တရိပ်ရိပ် ပြေးလွှားနေ၏။ ချစ်စိန်သည် မြင့်မားမိုးမတ်သော ဟိုတယ်ကြီးများ၊ ဈေးဆိုင်ကြီးများကို တမော့မော့ ကြည့်ရင်း သွားရည်ယိုနေ၏။

ထိုအချိန် တရိပ်ရိပ် မောင်းနှင်နေသော ကားလေးသည် မြို့ပြင်သို့ ရောက်ရှိလာကာ ခြံကြီးတစ်ခြံထဲသို့ ခေါင်းထိုးဝင်ခဲ့လေ၏။ ကားရပ်လိုက်သည်နှင့် သူတို့လူစု ကားပေါ်မှ ဆင်းလိုက်ကြ၏။ ခြံကြီး၏ အလယ်တွင် ဆင်ဝင်ပါသော တိုက်ကြီးတစ်လုံး တည်ရှိ၏။ ထည်ဝါခမ်းနားစွာ တည်ဆောက်ထားသဖြင့် မြင်ကွင်းက အဟိတ်အဟန့် ရှိလှပေ၏။

သူတို့လူစု ဆင်ဝင်အောက် ရောက်လာသည်နှင့် အိမ်ကြီး၏ အိမ်ရှေ့ဘာဂျာတံခါး ပွင့်လာ၏။ ချစ်စိန်ခမျာ တွန့်နေ၏။ တိုက်ကြီး၏ အရှိန်အဝါကြောင့် သူ့ကိုယ်သူ မဝံ့မရဲ ဖြစ်နေ၏။ အိမ်ကြီး၏ ညှိခန်းထဲ ဝင်လိုက်တော့ ပို၍ပို၍ သေးကျုံ့သိမ်ဝင်သွားသလားပင် ခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံအဝင်းတော်ဇောကအစ ဖိတ်ဖိတ်လက်နေ၏။ မျက်နှာကြက်တွင် ဆီးခရောင်မီးဆိုင်းကြီးများ ချိတ်ဆွဲထားသည်ကို တွေ့လိုက်ရ၏။ ထိုင်စရာ ထိုင်ခုံဆိုဖာကြီးများကလည်း အိနေ၏။ ထိုင်ခုံများ အလယ်ဗဟိုတွင် ကျောက်သလင်း စားပွဲကြီး ခင်းထားပြီး စားပွဲပေါ်တွင် အဖြူရောင် ကြွေပန်းအိုးလေး တင်ထား၏။ ပန်းအိုးထဲတွင် အနီရင့်ရောင် နှင်းဆီပွင့်များက ဝေဆာနေ၏။

သူတို့လူစု ညှော်ခန်းထဲတွင် ဝင်၍ ထိုင်လိုက်ကြ၏။ တစ်အောင့်အကြာတွင် အိမ်ကြီး၏ ကျွန်းလှေကားပေါ်မှ ညဝတ်အင်္ကျီ အပြာနု ဝတ်ဆင်ထားသော ကျားဆိုး ဆင်းလာ၏။ ပါးစောင်တွင်လည်း ငါးသုံးလုံးစီးကရက်တစ်လိပ် ခဲထား၏။ ဆံပင်ကို ကော့စမိတ်များများထည့်ကာ ဖြီးသင်ထားသဖြင့် ကော့ရှွန်းတောက်ပြောင်နေ၏။

သူသည် ညှော်ခန်းထဲသို့ တစ်လှမ်းချင်း လျှောက်လာကာ ချစ်စိန်ရှေ့ ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်၏။ ပေတရာသည် ကျားဆိုးကို စကားတွေ ရွှန်းရွှန်းဝေအောင် ပြောဆိုရင်း ချစ်စိန်နှင့် မိတ်ဆက်ပေးလိုက်၏။ ချစ်စိန်သည် ဘူးကြီးကို တပိုက်ပိုက်လုပ်ရင်း မျက်နှာပြုံးဖြီးဖြီး ဖြစ်နေ၏။

"မောင်ရင်က ခုနစ်သိန်းလောက် လိုချင်တာလား"

"ဟဲဟဲ ဒါထက် ပိုရရင်လည်း လိုချင်ပါတယ် သူဌေးရယ် ဟီးဟီး"

"ဟာ- ပစ္စည်းကောင်းရင် ပေးရမှာပေ့ါလေ"

"ဟင်- တကယ်လား၊ ဝမ်းသာလိုက်ပါဘိ သူဌေးမင်းရယ်။ ကျွန်တော့်ပစ္စည်းက အမှန်အကန်ပါ။ အနာအဆာလည်း ကင်းပါတယ်။ အရောင်လည်း ကောင်းပါတယ် ခင်ဗျ။ ကျွန်တော် ဖွင့်တောင် မကြည့်ဝံ့ပါဘူး ခင်ဗျာ"

"ဘာဖြစ်လို့လဲ"

"ဩော်- ပျောက်ရှသွားမှာစိုးလို့ပါ၊ ဖြစ်နိုင်ရင် ဆယ်သိန်းလောက်ရရင် ရောင်းချတာဗျ။ နိုင်ငံခြားမှာ သွားရောင်းရင် ဒါထက် ရမယ်မှန်းသိပေမယ့် သူဌေးကိုပဲ ကျွန်တော် ရောင်းလိုက်ချင်လို့ပါ ခင်ဗျာ"

"ကောင်းတာပေ့ါကွာ။ ကဲ- မင်းပစ္စည်းပြ၊ ကျုပ်ကြည့်မယ်။ ကြိုက်တာနဲ့ ချက်ချင်း ဆယ်သိန်းထုတ်ပေးလိုက်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးကြီးလှပါဘိဗျာ"

ချစ်စိန် ဝမ်းသာလွန်းလှသဖြင့် လက်တွေတောင် တုန်နေ၏။ ပိုက်ထားသည့် ဘူးကြီးကို ကျောက်စားပွဲပေါ် တင်လိုက်၏။ ကျားဆိုးသည် စားပွဲပေါ်မှ ဘူးကြီးကို သူ့ရှေ့ ဆွဲယူရင်း ဖွင့်ကြည့်လိုက်လေ၏။

"ဟိုက်- ပုရွက်ဆိတ်တွေဟ"

"ဗျာ"

"ဟာ- ဘာကြီးလဲ"

"သကြားလုံးကြီးကွ"

"ဗျာ၊ ဟာ- ဟိုဒင်း. . ."

"ဟကောင်- မင်း. . . မင်း"

"ခင်ဗျာ၊ ဟို. . . ဟိုဒင်းလေ ဟိုဟာတွေ. . ."

"တိတ်စမ်း၊ ဒီကောင် ငါ့ကို လာပြဿနာရှာတာကွ၊ ဖမ်းလိုက်စမ်း"

"မ. . . မလုပ်ကြပါနဲ့ဗျာ"

"တိတ်စမ်း၊ ဘယ်မှာလဲ မင်းပတ္တမြား။ သကြားလုံးကြီး ထည့်လာပြီး မင်းက ငါ့ကို အပီလာလိမ်တာပေါ့ ဟုတ်လား။ ဟားဟားဟား ချစ်စိန်ရာ၊ ကျားဆိုးက ဒါမျိုးကိစ္စကို အံတိုနေပြီကွ"

"မ. . . မဟုတ်ရပါဘူးဗျာ။ ဒါ ကျွန်တော့်ကို ဂျာ. . . ဂျာအေးပေးသွားတာပါ သူ့ငွေးမင်းရယ်။ ကျွန်တော် ဘာမှကို မသိရပါဘူးဗျာ။ ဟို- ကျွန်တော်က ပတ္တမြားကြီး ထည့်ထားတယ်ထင်ပြီး ယူထားမိလိုက်တာပါဗျာ"

"ဘာကွ၊ မင်း တော်တော် တုံးတဲ့ကောင်ပဲ။ ဂျာအေး ဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ် ခင်ဗျာ၊ ကို. . . ကိုပေတရာတို့ကို မေးကြည့်ပါ ခင်ဗျာ။ ကျွန်တော်က ကိုဖျောက်ဆိပ်ရဲ့ ယောက်ဖပါ ခင်ဗျာ၊ လူရိုးလူအေးတစ်ယောက်ပါ။ အဲဒါ ကိုဖျောက်ဆိပ်တပည့် ဂျာအေးက ပေးခဲ့လို့ ခုလို လာရောင်းတာပါ ခင်ဗျာ"

"တော်စမ်းကွာ၊ ငါ့ကို သက်သက် အရှက်ခွဲတာပဲ၊ ဟားဟားဟား မင်း အများကြီး ငယ်ပါသေးတယ် ချစ်စိန်ရာ၊ ဒီမှာကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အား သွား. . . သွားတွေ မကောင်းဘူးလား"
"ဘာတွေ အဲ့တိုနေပြီ ပြောတာ"
"ဪ- ဒီလိုလား၊ ဟဲဟဲ. . . ဟုတ်ပါတယ်။ သူဌေးက အမဲသား၊ ဝက်သားတွေ လိုမ့်စားတာကိုး။ အရိုးတွေပါ ကိုက်တယ်ထင်တယ်"
"ဟော့ကောင် အရှူး"
"ခင်ဗျာ"
"မင်း ဘာမဟုတ်တရုတ်တွေ လျှောက်ပြောနေတာလဲကွ။ ကိုင်း- ပြောစမ်း၊ ဂျာအေးတို့ ဘယ်မှာရှိသလဲ။ ခုချက်ချင်း ငါကိုယ်တိုင် လိုက်မယ်။ ဒီကောင့်မှာ ငါ့ဆီက ယူသွားတဲ့ ပတ္တမြားတွေ ရှိမှာသေချာတယ်"
"ဟင်- ပတ္တမြား"
"ဟုတ်တယ်၊ မင်း ကြောင်စီစီ မလုပ်နဲ့။ ဂျာအေးတို့လူစု ဘယ်မှာရှိသလဲဆိုတာ ငါ့ကို လမ်းပြပေတော့"
"ဟာ- သူတို့ မကွေးကို ပြန်သွားကြပြီ သူဌေးမင်းရယ်၊ ခုလောက်ဆို မကွေးတောင် ပြန်ရောက်နေကြပြီ ထင်ပါတယ် ခင်ဗျာ"
"ဘာကွ- မရဘူး၊ မကွေးမကလို့ ငရဲပြည်ရောက်ရောက် လိုက်မယ်။ ကိုင်း- သွားမယ်ဟော့၊ ဒီကောင့်ကို တွေ့တာနဲ့ အပြတ်ရှင်းပစ်ကြ"
"ဟုတ်ကဲ့"
ကျားဆိုးတို့လူစု စားပွဲပေါ်မှ ဘူးကို ချစ်စိန်ဘက် ပတ်ထုတ်လိုက်၏။ ချစ်စိန်သည် ဘူးကိုဖွင့်ကြည့်ရင်း ငိုချင်သလို ရယ်ချင်သလို ဖြစ်နေ၏။ သူ မြင်ခဲ့စဉ်က အရည်အသွေး ကောင်းလှသော ပတ္တမြားကြီး ဖြစ်၏။ ယခုတော့ ပုရွက်ဆိတ်တွေ စားထားသဖြင့် အရည်ပျော်နေသော သကြားလုံးညိုညိုကြီးကို တွေ့လိုက်ရသဖြင့် ရှုံ့ရှုံ့မဲ့မဲ့ကြီး ဖြစ်နေ၏။
ဂျာအေး၏ဦးနှောက်ကို သူ လိုက်မမီတော့။ ဂျာအေးနှင့် ထိပ်တိုက်တွေ့လိုက်တိုင်း သူပဲ ခံခဲ့ရ၏။ ယခုလည်း သူ့အဖြစ်က မရှုနိုင်မကယ်နိုင် ဖြစ်နေရ၏။
နောက်ဆုံး ကျားဆိုးတို့ခေါ် ရာနောက်သို့ ဒရောသောပါး လိုက်ခဲ့ရလေ၏။ တစ်လမ်းလုံး ငိုရမလို ရယ်ရမလို ဖြစ်နေ၏။ မျက်စိထဲ၌ကား ဆံဆယ်သိန်းထုပ်ကြီး မြင်ယောင်ကာ တခွီးခွီး တက်နေသဖြင့် ကျားဆိုးတို့



www.burmeseclassic.com

www.burmeseclassic.com



လူသိုက် ပြောင်းဆန်နေ၏။

"ဟာ- ဘာဖြစ်တာလဲဟ"

"အဲ အဲဒါ ဝက်ရှူးပြန်တာဗျ"

"ဟေ- ဒုက္ခပဲကွာ၊ ဆောင့်သာကန်ပစ်ကွ"

"ကိုင်းဟာ"

"ဖုံး. . . ခွပ် ဒုံး ခွပ်"

"အောင်မယ်လေးဗျာ၊ ခွီး. . . ဖူး"

"ဒုတ်. . . ဂျွပ်"

အသံဗလံတွေ ပွက်လောညံနေ၏။ ပေတရာတို့လူစု ချစ်စိန်ကို ကောင်းကောင်းကြီး ပညာပေးနေ၏။ တံတောင်နှင့် ထောင်းလိုက်၊ ဇက်ပိုး ဖြတ်ရိုက်လိုက်၊ ကျောပြင်ကို ထုလိုက်၊ ရင်ဘတ်ကို ထုလိုက်နှင့် ပြောင်းဆန်နေ၏။

နောက်ဆုံး တစ်ကိုယ်လုံး နာကျင်လွန်းလှသဖြင့် အော်ဟစ်လည်း ကျသွား၏။ လူလည်း မထနိုင်တော့။ ကားနောက်ခန်းတွင် ပက်လက်ကလေး လှဲနေရ၏။ တစ်ကိုယ်လုံးလည်း ဖူးရောင်နေ၏။ ကားဆောင့်တာပင် မခံနိုင်တော့။

ထိုအချိန်တွင် သူတို့ စီးနင်းလာသော ကားကြီးသည် အဝေးပြေး လမ်းမကြီးပေါ်တွင် တဝေါဝေါ ခရီးနှင်နေ၏။ ကျားဆိုးတို့လူသိုက်မှာ ဂျာအေးကို အကြီးအကျယ် မကျေမနပ် ဖြစ်နေ၏။

"မင်းတို့ တော်တော် ညံ့တာပဲကွ၊ ဘာမဟုတ်တဲ့ အညာသားတစ်ယောက်ကို ကြောက်နေတာတော့ အံ့ဩသကွာ"

"ဟာ- ဆရာကလည်း၊ ဂျာအေးဟာ တစ်ခါတစ်ခါ မျောက်တစ်ကောင်လိုပဲဗျ။ တစ်ခါတစ်ခါကျတော့လည်း စွန်တစ်ကောင်လို ပြင်တယ်ဗျာ။ တစ်ခါတစ်ခါကျတော့ ကျားပေါက်တစ်ကောင်လို. . ."

"တော်စမ်း၊ ဘာကောင်ဖြစ်နေနေ မင်းတို့လက်ထဲမှာ သေနတ်ရှိနေသားပဲကွ။ ပေတရာ"

"ခင်ဗျာ"

"မင်းဟာ ငါ့တပည့်ထဲမှာ အချာတကာ့ အချာဆုံးပဲ မင်းကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ချာပါတီဘွဲ့ ပေးဖို့ကောင်းတယ်ကွ"

"ဟီးဟီး. . . အဲဒီလိုတော့ မပြောပါနဲ့ ဆရာရယ်၊ ကျွန်တော် အချိုသပ်ပြီး လုံးခဲ့တာပါ။ ဒါကြောင့်လည်း ချစ်စိန် ကျွန်တော့်ဘက် ပါလာခဲ့တာပေါ့"

"ဟေ- အဲဒီကောင်က ဝက်ရူးကွ၊ ဒါကြောင့် မင်းကို ဝက်ကြည့် ကြည့်ပြီး လိုက်လာတာ ဖြစ်မှာပေါ့"

"ခင်ဗျာ၊ ဟို. . . ဟိုဒင်း"

"တော်စမ်း၊ ငါ့ဒေါသတွေ မင်းပေါ် သာပုံချလိုက်ရင် မင်းတစ်ကိုယ်လုံး ပြာကျသွားနိုင်တယ်ကွ"

"အင်"

ကျားဆိုး၏ ကြောက်စရာကောင်းလှသော အသံကြီးအောက်တွင် ပေတရာတစ်ယောက် နေစရာမရှိ ဖြစ်နေ၏။ လုပ်ခဲ့သမျှ အလွဲလွဲအချော်ချော် ဖြစ်ခဲ့သည်မို့ သူ့ကိုယ်သူလည်း မကျေမချမ်း ခံစားနေရလေ၏။

ထိုအချိန်တွင် ဂျာအေးတို့လူစု မကွေးသို့ အေးအေးလူလူ ပြန်ရောက်ခဲ့ပြီ ဖြစ်၏။ အပုလေးမှာ အခြေအနေကောင်းများကို လက်လွှတ်ရပြီဖြစ်၍ နှမြောတသ ဖြစ်နေ၏။ ဖျောက်ဆိပ်မှာလည်း စိတ်ထဲ မချိတင်ကဲ ခံစားနေရ၏။

ဂျာအေးသည် သူတို့နှစ်ယောက်ကို ကြည့်ပြီး စပ်ဖြီးဖြီး ဖြစ်နေ၏။

"ဘယ်လိုဖြစ်နေကြတာတုံးဗျာ"

"ဘာဖြစ်ရမှာလဲဟဲ့၊ ရန်ကုန်မှာဆို ငါတို့ အကြီးအကျယ် သူဌေးဖြစ်ပြီပေါ့။ ခုတော့ လက်ထဲလည်း ပိုက်ဆံက နည်းနေပြီ၊ အိမ်ငှားလိုက်ရင် တစ်ပြားမှတောင် ကျန်တော့မှာ မဟုတ်ဘူး"

"ဟုတ်ပ့ါကွာ၊ ရေခံမြေခံကောင်းရဲ့သားနဲ့ စွန့်လွှတ်ခဲ့ရတာတော့ နာလှသကွာ"

"ကိုင်းဗျာ၊ ဘာမှ ပြောမနေကြပါနဲ့။ ပြီးတာတွေ မေ့ပစ်လိုက်ပါတော့။ လောလောဆယ် မပုလေးက ရေနံချောင်းကို ပြန်ပေတော့"

"အလိုတော်၊ နင်က ငါ့ကို မောင်းထုတ်တာလား"

"ဟာ- ခက်ပ့ါဗျာ၊ ရော့- ပျောဒီမှာ အားလုံး ဆယ်သိန်းတိတိ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

"ဟိုက်- ဘာတုံးဟ"

ဂျာအေးက သူ့ကျောပိုးအိတ်ကြီးကို စားဖွဲခဲ့ပေါ် ဗုန်းခနဲ ချ လိုက်၏။ လင်မယားနှစ်ယောက်စလုံး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေကြ၏။ သူ့စကားကိုလည်း မယုံတစ်ဝက် ယုံတစ်ဝက်။

ထိုစဉ် ဂျာအေးသည် ကျောပိုးအိတ်ဇစ်ကို ဖွင့်ကာ စားပွဲပေါ် မှောက်ချလိုက်၏။

"ဟယ်- ပိုက်ဆံတွေပါလား"

"ဟိုက်- ဂျာ. . . ဂျာအေး"

"ဘာမှ မေးမနေနဲ့ဗျာ၊ မပုလေး ဟောဒီ ပိုက်ဆံဆယ်သိန်းကို ယူပြီး ပြေးပေတော့"

"ဟင်- ဒါဆို နင်က ဘာလုပ်မှာလဲ"

"ကျုပ်နှင့် ဆရာဖျောက် ဒီမှာ နေခဲ့မယ်ဗျာ၊ ပြဿနာလေးတွေ ရှင်းစရာရှိသေးတယ်ဗျ။ ဆရာဖျောက်က ကျုပ်နဲ့ နေခဲ့ဗျာ။ ဟိုကောင် ချစ်စိန်တို့ပြဿနာ မပြီးနိုင်သေးဘူးဗျ၊ ချစ်စိန်နဲ့အတူ ပေတရာတို့ပါ ပါရင် ပါလာနိုင်တယ်"

"ဟင်- မင်းက ဘယ်လိုသိသလဲကွ"

"ဟာ- ဒါ သိပ်သေချာတဲ့ အချက်ပေါ့ ဆရာဖျောက်ရာ၊ ချစ်စိန်က ပေတရာကို ဆရာတင်ထားတာဗျ။ ဒီတော့ ကျွန်တော် ပေးခဲ့တဲ့ သကြားလုံးကြီးကို ပြဿနာလုပ်ပြီး လိုက်ချလာမှာ ကျိန်းသေတယ်"

"ဟေ"

"ဘုရားရေ- မောင်လေး ဂျာအေးရယ်၊ မောင်လေး တစ်ခုခု ဖြစ်သွားမှ အစ်မတို့ ရင်ကျိုးရချည်ရဲ့ကွယ်"

"အို- ကျုပ်အတွက် မပူနဲ့ဗျာ၊ မပုလေးသာပြန်။ ကျွန်တော်တို့ ကိစ္စ ကျွန်တော်တို့ရအောင် ရှင်းမယ်"

"ဟုတ်တယ် မိန်းမ၊ ဂျာအေး စီစဉ်တဲ့အတိုင်း မင်းသွားပေတော့ ကွာ။ ပိုက်ဆံကိုလည်း ကျစ်ကျစ်လျစ်လျစ် ထည့်သွားတော့ နောက်မှ ငါတို့ လိုက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပ့ါမလား ကိုရင်ဖျောက်ရယ်၊ တော်တို့ တစ်ခုခု ဖြစ်သွားမှာ ကို စိုးရိမ်လှသတော်"

"ဟာ- မစိုးရိမ်ပါနဲ့၊ ကိုင်း- သိမ်းစရာရှိတာ သိမ်းပေတော့။ ဒီည နေပဲ ရေနံ့ချောင်းကို သွားပေတော့ဗျို့"

"အေး. . . အေးပါကွယ်"

အပုလေးတစ်ယောက် ငွေထုပ်ကြီးကြည့်ကာ အလွန့်အလွန်မှ အံ့ဩနေ၏။ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ငိုရမလို ရယ်ရမလို ဖြစ်နေ၏။

"ကိုရင်ဖျောက်ရယ်၊ ဂျာအေး လုပ်လိုက်တာ ကျွန်မတို့တော့ အတောင်ပေါက်သွားသလားတောင် အောက်မေ့မိပါသရှင်"

"ဟုတ်ပ့ါကွာ"

"ကိုင်း- ပြောမနေနဲ့တော့ဗျာ၊ သွားဖို့ပြင်ပေတော့"

အပုလေးတစ်ယောက် အိမ်ထဲသို့ ကွေးနေအောင် ကရင်း ဝင်သွား၏။ အထုပ်အပိုးတွေ ပြင်ရင်း သီချင်းတွေ တကြော်ကြော် ဆိုနေ၏။ ပြီးသည်နှင့် အပုလေးကို သူတို့နှစ်ဦး ဈေးကားဂိတ်သို့ လိုက်၍ ပို့ဆောင်လိုက်ကြ၏။

အပုလေးသည် ကားပေါ် တက်တာတောင် ကွေးတိကွေးကောက် ကပြီး တက်သွား၏။ ဖျောက်ဆိပ်သည် သူ့မိန်းမကို ကြည့်ရင်း ခေါင်း တခါခါ လုပ်နေ၏။

"အဲဒါပဲကွ၊ ငါ့မိန်းမက ပိုက်ဆံမြင်ရင် ရူးသလိုလို ကြောင်သလိုလို ဖြစ်သွားနိုင်တာကွာ ဟားဟားဟား"

"ဒီလိုပေါ့ ဆရာဖျောက်ရာ"

"ကိုင်း- ငါတို့ ဘာလုပ်ကြမလဲ၊ ဟိုကောင်တွေ လိုက်လာမှာတော့ သေချာပြီကွ။ မင်းကလည်း ပြဿနာမရှိ ပြဿနာရှာတဲ့ကောင်ပဲကွာ။ အေးလေ၊ ငါ့ယောက်ဖကိုယ်တိုင်က လောက်ကောင် ဖြစ်နေတာကိုး"

"အဲဒါပဲ ဆရာဖျောက်ရဲ့၊ အဓိက ချစ်စိန်ဟာ ပေတရာတို့နဲ့ တည်ကြက်ဖြစ်နေတယ်။ ဒါကို ကျွန်တော်သိလို့ တမင် ဖွပေးခဲ့တာဗျ"

"ကောင်းရောလကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း- ကျုပ်တို့ အိမ်ပြန်ကြမယ်ဗျာ။ တစ်ခုတော့ရှိတယ် ဆရာဖျောက်၊ ကျုပ်တို့နှစ်ယောက် ပုံစံတွေ ပြောင်းပစ်လိုက်မှ ဖြစ်မယ်ဗျ"

"ဟေ- ပုံစံ၊ ဘာတုံးကွ"

ဂျာအေးစကားကို ဖျောက်ဆိပ် မှုန်ဝါးဝါး ဖြစ်နေ၏။ ထိုစဉ် ဂျာအေးက စပ်ဖြီးဖြီး လုပ်ရင်း ပြောလိုက်၏။

"ဩော်- ခက်ပါ့ဗျာ၊ သူတို့ ကျုပ်တို့ဆီ ရောက်လာမှာ သေချာတယ်ဗျ။ ဒီတော့ သူတို့ မမှတ်မိအောင် ကျုပ်တို့ ရုပ်ပြောင်းရုပ်လွှဲ လုပ်ထားသင့်သဗျ"

"ဟေ- ရုပ်ပြောင်းရုပ်လွှဲ၊ မင်းဥစ္စာ ကောင်းမှ ကောင်းရဲ့လားကွာ။ ရှုပ်ကုန်ပါဦးမယ်ကွ"

"အိုဗျာ၊ ဒါမှ သူတို့ပစ်မှတ် ပျောက်သွားမှာဗျ။ ပြီးတော့ ကျုပ်တို့ သူတို့ထဲကို ထိုးဖောက်လို့ ရမှာပေါ့ဗျာ"

"အေး- ဒါလည်း ဟုတ်သားကွ၊ ဒါဆိုလည်း မင်း ကြိုက်သလိုသာ လုပ်ပေတော့ကွာ"

"ကိုင်း- ကျုပ်တို့ ဇာခြည်လေးဆီ သွားရအောင်ဗျာ"

"ဟေ- ဘယ်က ဇာခြည်လဲကွ"

"ဩော်- ဆရာဖျောက်ကလည်း၊ ကျုပ်တို့ ရုပ်ကွက်ထိပ်မှာ မိတ်ကပ်ပြင်ဆိုင်ဖွင့်ထားတဲ့ ဇာခြည်လေဗျာ"

"ဩော်- ဂန်ဒူးဇာခြည်ကို ပြောတာကိုး၊ သွားမယ်ကွာ"

နောက်ဆုံးတော့ သူတို့ ဆရာတပည့်နှစ်ယောက် ရပ်ကွက်ထဲ ပြန်လာခဲ့ပြီး ဂန်ဒူးဇာခြည်ဆိုင်ထဲ ဝင်ကာ ရုပ်ပြောင်းရုပ်လွှဲ လုပ်လိုက်ကြ၏။ ဂန်ဒူးဇာခြည်ကလည်း ရုပ်ရှင်ထဲလိုက်၍ ရုပ်ပြောင်းရုပ်လွှဲ လုပ်ပေးနေရသဖြင့် မိတ်ကပ်အိတ်စပတ်ဟု ဆိုရချေမည်။

သူတို့နှစ်ဦးကိုလည်း ဆံပင်အတုကြီးတွေ စွပ်ကာ အဘိုးကြီးနှင့် အဘွားအိုများအဖြစ် ဖန်တီးပစ်လိုက်၏။ ဖျောက်ဆိပ်အသွင်က တကယ့် အဘွားအိုကြီးအသွင်။ ဆံပင်အတုဖြူဖြူ၊ မျက်ခုံးမွေးဖြူဖြူနှင့် သနပ် အသွင်ကြည့်ပြီး ရယ်မောမိ၏။ ဂျာအေးအသွင်ကလည်း တကယ့်အဘိုးအို ပေါက်စအသွင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကျားဆိုးတို့လူသိုက် မောင်းလာသော ကားကြီးသည် မကွေးမြို့ နယ်နိမိတ်ထဲ ရောက်ရှိလာရာ လီဗာကို အရှိန်ကုန်မြင့်၍ မောင်းနှင်ခဲ့၏။ လမ်းမပေါ်တွင် တရိပ်ရိပ် ပြေးလွှားနေပေ၏။ ကျားဆိုးတို့လူစု ဝီစကီကို လမ်းတစ်လျှောက်လုံး သောက်ခဲ့ကြသဖြင့် မူးရူးနေ၏။ ချစ်စိန်မှာလည်း အကျန်သောက်ပြီး မူးရူးနေ၏။ ထိုသို့ မူးမူးရူးရူးနှင့် မောင်းနှင်ခဲ့ကြရာ ချောင်းကူးတံတား အဖြတ်တွင် အရှိန်လွန်ပြီး ကားကြီးပါ ချောင်းထဲ ထိုးကျသွားလေတော့၏။

အော်ကြဟစ်ကြနှင့် ကမ္ဘာကြီးပျက်သွားသလားပင် အောက်မေ့ရ၏။ သူတို့အဖြစ်ကြောင့် ချောင်းစပ်တွင် နေထိုင်သော ရွာသားများ ထွက်လာ၏။ ကျားဆိုးတို့လူသိုက်မှာ ဘာဖြစ်လို့ ဖြစ်မှန်းပင် မသိလိုက်။

ဝါးတစ်ရိုက်သာသာ အနက်ရှိသော ချောင်းထဲသို့ ကားက ကျွမ်းစိုက်၍ ပြုတ်ကျသွား၏။ ကားကျရာ ချောင်းဆီသို့ ရွာသားများ ရောက်လာကြကာ မရမက ကယ်တင်ကြ၏။ သို့သော် ချောင်းက ရေစီးသန်လွန်းလှသဖြင့် အခက်တွေ့နေကြ၏။

ထိုးဝါးတွေ၊ ဖောင်တွေ၊ ကြိုးတွေနှင့် အလုပ်ရှုပ်နေ၏။ ထိုစဉ် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများပါ ရောက်လာပြီး ကျားဆိုးတို့လူစုကို ကားထဲမှ မရမက ဆွဲထုတ်နိုင်ခဲ့ကြ၏။

သူတို့အားလုံး အသက်မသေကြသော်လည်း ငါးယောက်စလုံး ဒဏ်ရာတွေက တင်းကြမ်း။ ကျားဆိုးနှင့် ပေတရာတို့ နှစ်ဦးမှာ ကျောရိုးကြီး ကျိုးသွား၏။ ချစ်စိန်နှင့် စိန်ကုလားတို့ နှစ်ဦးမှာ ခြေထောက်နှစ်ဖက်စလုံး သွင်သွင်ကျိုးသွားရှာ၏။

ဒရိုင်ဘာ ဝင်းထိန်ခမျာမှာတော့ ဇက်ကျိုးသွားရှာ၏။ ထို့အပြင် ပို၍ ထူးခြားသည်မှာ ကျားဆိုးသည် ဆိုင်ရာက အလွန့်အလွန်မှ အလိုရှိနေသော ဓားပြခေါင်းဆောင်ကြီးတစ်ဦးပင် ဖြစ်လေ၏။

နောက်ဆုံးတော့ သူတို့ကို ဆေးရုံပေါ် ခေါ်လာခဲ့ပြီး ကျောက်ပတ်တီးများ စည်းပေးကာ ခုတင်ပေါ်တွင် လက်ထိတ်ကြီးနှင့် နေရရှာ၏။ အဆစ်ပါသွားသူမှာ ချစ်စိန်ပင်။ ခြေထောက်နှစ်ချောင်းစလုံး ဒုဥ်သွင်ကျိုးသွားသည့်အပြင် လူပါ ဓားပြစာရင်းထဲ အချောင်သက်သာ ပါသွား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ငိုကြီးချက်မ ဖြစ်နေလေ၏။

နောက်ဆုံး အစ်မဖြစ်သူထံ အကြောင်းကြားပေးပါရန် ဆိုင်ရာသို့ ပြောလာသဖြင့် လုံခြုံရေးအမှုထမ်းတစ်ဦးက ဂျာအေးတို့ကို သတင်းလာပို့လေ၏။ ထိုသတင်းကြောင့် သူတို့နှစ်ယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်နေကြ၏။

"ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးသွားကြပြီ ဆရာဖျောက်ရေ"

"ဟုတ်ပါ့ကွာ၊ အတော့်ကို အံ့သြစရာပဲဟေ့"

"ကျုပ်တို့က သူတို့ဆီက ပတ္တမြားတွေ ယူခဲ့မိတာဆိုတော့ ရောင်းလို့ရရင် သူတို့လည်း ရသင့်တာပေါ့"

"အေးပေါ့ကွာ။ ဘာလဲ၊ မင်းက သွားပေးမလို့လား"

"ဒါပေါ့ဗျာ၊ ခုချိန်မှာ သူတို့လူစု ဆေးဖိုးဝါးခလိုမှာ အမှန်ပဲဗျ။ ဒီတော့ ကျုပ်တို့ စေတနာထားသင့်တာပေါ့"

"အဲဒီ ဆုံးဖြတ်ချက် ကောင်းပါတယ်ကွာ"

"ကိုင်း- ဒါဆိုလည်း ရောင်းလို့ရတဲ့ ပိုက်ဆံတစ်ဝက်ကို သူတို့ဆီ သွားပေးရအောင်ဗျာ"

"သွားလေ"

နောက်ဆုံးတော့ ဂျာအေးတို့ ဆရာတပည့် ရုပ်ဖျက်ကာ ဆေးရုံပေါ် ရောက်ရှိလာပြီး ကျားဆိုးတို့လူသိုက်အတွက် ဆေးကုသရန် ပိုက်ဆံတွေ လှူဒါန်းလိုက်၏။ ချစ်စိန်ကိုလည်း ပေးတန်သလောက် ပေးလိုက်၏။ ချစ်စိန်ခမျာ စေတနာ ရက်ရောလှသော အဘိုးအို၊ အဘွားအို လင်မယား၏ စေတနာပေါက်မှုကို နားမလည်နိုင်အောင် ဖြစ်နေ၏။

ထိုအချိန်တွင် ဂျာအေးတို့ ဆရာတပည့်နှစ်ဦး အဘိုးအို၊ အဘွားအို လင်မယားဟန်ဆောင်၍ ဆေးရုံကြီးပေါ်မှ ပြုံးဖြီးဖြီးနှင့် ဆင်းသက်ခဲ့ကြလေတော့၏။

ပေါ်ဦးရစ်



www.burmeseclassic.com